
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

စိန်သရဖူ
စာပေ
အမှတ် ၇၂၊ ပထမထပ်၊
၂၃ လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်ရေခံ – မင်းမြင့်ခိုင်
ပုံနှိပ်ခြင်း – ပထမအကြိမ်
အုပ်ရေ – (၅၀၀)
တန်ဖိုး – ၃၀/– ကျပ်
ထုတ်ဝေသည့်ကာလ – ၂၀၀၁၊ နိုဝင်ဘာလ

မျက်နှာဖုံးရှင် – နန်းရွှေရည်ဦး

BURMESE CLASSIC .com

# မောင်လှမျိုး

( ချ င် း မော င် း မြ )

# နှလုံးသားခုံရုံးသို့တင်သွင်းသောအစီရင်ခံစာ

www.burmeseclassic.com

www.burmeseclassic.com

ရှိသိပ်ပါများလို့
အ,သွားရတဲ့
လူတစ်ယောက်ပါ ။

www.burmeseclassic.com

www.burmeseclassic.com

၁

[ ၁. ]

"သူဇာချို့မှာ ချစ်သူရှိနေခဲ့တာ မင်း သိတယ်
နော်၊ မင်းစိုး"

ကျွန်တော် ခေါင်းမညိတ်။

သော်ကပြောမည့်စကားကိုသာ ဆက်၍ နားစွင့်နေဖြစ်သည်။

"ချစ်သူရှိနေတဲ့ ကောင်မလေးတစ်ယောက်
ဘေးမှာ သူ့ကို ချစ်တဲ့ ကောင်လေးတစ်ယောက်က
သူငယ်ချင်းယောင်ဆောင်ပြီး အနားမှာ အချိန်ပြည့်
ခစားနေတာ ပတ်ဝန်းကျင်မှာ မြင်လို့မကောင်းဘူး
မင်းစိုး၊ ကြာကူလီရိုက်ဖို့ ချောင်းနေတယ်လို့ မင်းကို
စွပ်စွဲကြလိမ့်မယ်"

သော်က၏ စကားအသုံးအနှုန်း ကြမ်းတမ်းသည်ဟု ကျွန်

www.burmeseclassic.com

www.burmeseclassic.com



တော်ထင်၏။ စေတနာစကား။ သတိပေးစကား။ ကောင်းကျိုးလိုရာစကားဟု သိပြန်သဖြင့် ကျွန်တော် နှုတ်မတုံ့ပြန်ဖြစ်သေး။

အခင်း၊ အခက်၊ အဖြေ၊ အဖျော့တို့ဖြင့် ငြင်းချက်တွေ ရှည်လျားစွာထုတ်မှ နားရှင်းကြည်လင်မည့်ကိစ္စမျိုးမို့ ရုတ်တရက် ချက်ချင်း ကျွန်တော် မည်သည့်စကားမျှ မဆိုမိခြင်း ဖြစ်၏။ ဆိုဖြစ်ပြောဖြစ်လျှင်လည်း အကြောင်းအရာပေါင်း၊ စကားလုံးပေါင်းတို့ကိုသာ သူတို့ ပြန်ကြားရပေမည်။

ထို့ကြောင့် နားကို နီးကပ်စွာစွင့်လျက် အကြည့်အငေးကို ခပ်ဝေးဝေးသို့ ပို့ထားလိုက်မိသည်။ ဝင်းထွဋ်က သော်ကကိုတစ်ချက်၊ ကျွန်တော့်ကိုတစ်ချက် တစ်လှည့်စီကြည့်ပြီး…

"အခု သူတို့ သမီးရည်းစားနှစ်ယောက် အဆင်မပြေဘူးဆို… ဟုတ်လား"

ဦးခေါင်းကို လှုပ်ရုံမျှ ကျွန်တော် ညိတ်ပြမိ၏။

ဝင်းထွဋ်က…

"သူတို့အဆင်မပြေတာကို မင်း ဝမ်း,မသာဘူးလား"

"မင်းစကားကို မဆက်နဲ့တော့ကွာ ဝင်းထွဋ်"

ဒေါသတကြီး ဟန့်တားမိသည်မဟုတ်။ တိုးညင်းစွာသော ပြတ်တောက်လေသံ။ ဝင်းထွဋ်က မနာခံ။

"မဆုံးသေးတဲ့ စကားဆိုရင်တော့ ဆက်ပြောရမှာပဲ မင်းစိုး။ စကားတစ်ခွန်းမှာလည်း အဆုံးသတ်





ရှိတယ်၊ ဇာတ်လမ်းတစ်ခုမှာလည်း အဆုံးသတ်ရှိတယ်။

အခု မင်းအဖြစ်က အစရှိပြီး အဆုံးမရှိဘူးဖြစ်နေတယ်၊ မင်းဘက်က နာလွန်းလို့ သူဇာချို့ကို မကျေနပ်လွန်းလို့ ပြောနေတာ မဟုတ်ဘူး။ ဇာတ်မျောကြီးဖြစ်နေလို့၊ တစ်ဖက်ဖက်ကို ကွေ့ချလိုက်ဖို့ ပြောနေတာ"

သော်က,က…

"ဟုတ်တယ် မင်းစိုး၊ ကိုမောင်မောင်ဌေးဘက်ကိုလည်း ငဲ့ဦး"

မောင်မောင်ဌေးဆိုသည်မှာ သူဇာချို၏ ချစ်သူ။

"မင်းကိုယုံလို့၊ ခင်လို့၊ သူဇာချို့ကို ယုံလို့၊ ချစ်လို့ ဘာမှ မပြောဘူးဆိုပေမယ့် သံသယဝင်ခဲ့ရင် မကောင်းဘူး။

မပတ်သက်ဖို့ ပြောနေတာ မဟုတ်ဘူးနော် မင်းစိုး၊ တစ်ခုခုလုပ်ဖို့ ပြောနေတာ၊ အခု အားလုံးရဲ့ အမြင်မှာ ကိုမောင်မောင်ဌေးနဲ့ သူဇာချိုနဲ့ သိပ်အဆင်မပြေကြဘူး၊ သူဇာချိုက မင်းဘက်ကို ယိုင်နေပြီ၊ အဲဒီလို ထင်နေကြတယ်၊ အဲဒါ မင်း ဘယ်လိုလုပ်မလဲ၊ ဘာလုပ်မလဲ"

"ဘာလုပ်စရာလိုလို့လဲ"ဟု ကျွန်တော် မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သော်က ဘာပြန်ဖြေရမည်မသိ။ ဝင်းထွဋ်က…

''ကဲ ပြတ်ပြတ်သားသားပဲ ပြောမယ်ကွာ၊ တိုက်ရိုက်ပဲ ပြောတော့မယ်၊ မင်း စိတ်တော့ မဆိုးနဲ့''

''အင်း… မဆိုးဘူး''ဟု ကျွန်တော် ပြောလိုက်၏။

ဝင်းထွဋ်က…

''သူဇာချိုနဲ့ ကိုမောင်မောင်ဌေးနဲ့ အဆင် မပြေကြဘူး၊ အခြေအနေက ပြတ်စဲတော့မယ့် အခြေအနေ ဖြစ်နေတယ်။

အဲဒီတော့ သူတို့နှစ်ယောက်ကြားမှာ မင်း ဝင်ပြီး ရင်ကြားမစေ့နဲ့၊ ခပ်ဝေးဝေးနေ၊ ဒါမှမဟုတ် မင်းကိုယ်တိုင် သူဇာချိုကို ရည်းစားစကား ပြောပစ်လိုက်''

''ဘာဖြစ်လို့ ပြောရမှာလဲကွ၊ မင်းကလည်း''

''မင်းအတွက်ကြောင့် သူတို့နှစ်ယောက် ပြဿနာတက်တယ်လို့ ထင်နေကြတယ်''

ကျွန်တော်က…

''ထင်တယ်ဆိုတာ မြင်တာမှမဟုတ်ဘဲ၊ မြင်တယ်ဆိုတာတောင် မြင်တဲ့အတိုင်း အစစ်အမှန် ဟုတ်ချင်မှဟုတ်မယ်၊ ငါ အနေသာကြီးပါကွာ။

ဒါပေမဲ့ နှစ်ယောက်စလုံးနဲ့ ဝေးဝေးတော့



မနေချင်ဘူး၊ ဝင်ပြီး ဖြန်ဖြေသင့်ရင် ဖြန်ဖြေရမှာပေါ့''

သော်က ခေါင်းခါ၏။

''သူဇာချို့သူငယ်ချင်းတွေကရော ငါတို့ကရော မင်းအပေါ် သူဇာချို သံယောဇဉ် ပိုနေတယ်…လို့ ယူဆကြတယ်၊ ကိုမောင်မောင်ဌေးကို စိတ်ကုန် နေပြီလို့ သိနေကြတယ်''

ကျွန်တော်က…

''ဘာဖြစ်လို့ စိတ်ကုန်ရမှာလဲ၊ ကိုမောင်မောင် ဌေးကို သူကိုယ်တိုင် ရွေးထားတာပဲ။

သူကိုယ်တိုင် ချစ်ခဲ့တာပဲ။

ချစ်ပြီးရင် မမုန်းသင့်ဘူး၊ ရွေးပြီးရင် မပယ် သင့်ဘူး။ နှစ်ဦးနှစ်ဖက် နစ်နာတယ်၊ ကိုမောင် မောင်ဌေးမှာ ဘာအပြစ်ရှိလို့လဲ။

ကြာပါတယ်ကွာ ငါ အခု သူဇာ့ဆီ လိုက်ခဲ့ မယ်၊ သူဇာနဲ့ တွေ့မယ်''

''ဒီနေ့ သူ အတန်းမတက်ဘူး၊ ကိုမောင် မောင်ဌေးကို ရှောင်နေတာဖြစ်မယ်၊ ကိုမောင် မောင်ဌေး လာရှာတာလည်း နှစ်ခါ သုံးခါရှိပြီ၊ ငါတို့ထင်တာ မင်းဆီကို သူဇာချို လာတယ်လို့ ထင်နေတာ၊ မလာဘူးလား…''

ကျွန်တော် ခေါင်းခါပြလိုက်၏။ ပြီးနောက်…

www.burmeseclassic.com

www.burmeseclassic.com



"ငါ ကိုမောင်မောင်ဌွေးနဲ့ သွားတွေ့ရင် ကောင်းမလား"

"ဘယ်ကိုသွားတွေ့မှာလဲ"ဟု ဝင်းထွဋ်မေး၏။

"သူ့အိမ်ကိုပေါ့၊ ဒါမှမဟုတ် သူ့အလုပ်ကိုပေါ့"

"သွားတွေ့ပြီး ဘာလုပ်မှာလဲ"

"သူဇာနဲ့သူနဲ့ ဘာပြဿနာဖြစ်သလဲပေါ့ကွာ၊ သွားမေးမှာပေါ့"

သော်က,က ပြုံးလျက်

"မင်းနဲ့ပတ်သက်ပြီး ပြဿနာဖြစ်တယ်ဆိုရင် မင်း ဘယ်လို ဖြေရှင်းမလဲ"

ကျွန်တော် မဲ့ခနဲ ပြုံးလိုက်ပြီး

"ကိုမောင်မောင်ဌွေးနဲ့ ငါနဲ့က သူငယ်ချင်း အပေါင်းအသင်းလို တရင်းတနှီး မနေဖြစ်ပေမယ့် ငါ့အပေါ် သူ ဘာသံသယမှ ရှိမှာမဟုတ်ဘူး၊ ငါ့ကို ခင်ပြီးသား၊ ယုံပြီးသား"

သော်က,က...

"သူ့မှာလည်း သဝန်တိုခွင့် ရှိတယ်နော... မင်းစိုး၊ ငါတို့ သင်္ချာဆောင်ဘက်ကို မင်းလာတယ် ဆိုရင် သူဇာချို့နဲ့ လာတွေ့မှန်း အားလုံးသိတယ်၊ မင်းတို့ တောင်ငူဆောင်ဘက်ကို သူဇာချိုလာရင် မင်းဆီကိုလာတယ်ဆိုတာ ငါတို့အသိ။





သူငယ်ချင်းလို သွားလာနေတာပါ...လို့ ဘယ်လောက်ပြောပြော သူချစ်သူ သူ့ရည်းစား ကတော့ နည်းနည်းပါးပါး ဝန်တိုမိမှာပဲ"

ရိုသွဲ့သွဲ့လေသံဖြင့် ပြုံးလျက်ပြောမှန်း သိပါလျက် ကျွန်တော်က

"ကိုမောင်မောင်ဌွေး အဲဒီလောက် မသေး သိမ်ဘူး၊ သူဇာလည်း ဝန်တိုခံရလောက်တဲ့အထိ အနေအထိုင်မဖွာဘူး၊ ငါလည်း နှုတ်မဖွာဘူး၊ ပတ်သက်ဆက်နွယ်ခဲ့ကြတာ မနေ့တစ်နေ့ကမှ မဟုတ်ဘဲကွာ"

ဝင်းထွဋ်က ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်ကာ

"ဒါဆိုရင် သူဇာချို့နဲ့ မင်းနဲ့က ဘာလဲ၊ ဒီတစ်သက် မင်းက သူဇာချိုရဲ့ သရဖူလား၊ ဗိနပ်လား၊ သူဇာချိုကရော မင်းရဲ့ တစ်သက်လုံး သူငယ်ချင်းပဲလား ပြော၊ ရင်ထဲမှာ ရှိတဲ့အတိုင်းပြော"

သေနာပတိကြီးတစ်ဦး၏ ရှေ့မှောက်သို့ ဒူးထောက်၍ ရောက်ရှိလာရသော သံ့ပန်းတစ်ယောက်၏ ဦးခေါင်းကဲ့သို့ ကျွန်တော့် ဦးခေါင်းငိုက်စိုက်ကျသွားရချေသည်။

အမေးစကားဆိုသူက အဖြေမှန်ကို သိထားပါလျက် ဖြေရ ပည့်သူသည် အဖြေစကားကို မျိုထားခဲ့မိ၏။ မျိုချထားခဲ့သည်မှာ ကြာလွန်းလွန်းခဲ့ပြီ။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

ငါးမရ၍ ရေချိုးပြန်ခဲ့ရသူ ကျွန်တော်မဟုတ်ပါ။

သို့သော် သူဇာချို့အား ချစ်ခွင့်မပိုင်သဖြင့် ခင့်မင်မှုစည်းဝိုင်း အတွင်း၌ အနေခိုင်ခဲ့သည်မှာ ကာလများစွာ လွန်ခဲ့ပေပြီ။

အခြေအနေကြောင့် ဟန်ဆောင်နေရခြင်းမျိုးထက် 'မျိုသိပ် သိမ်းဆည်းထားခဲ့ရသည့် ဒဏ်ရာ၊ ဝေဒနာသည် လွန်စွာပြင်းထန် လွန်းလှ၏။ မျိုသိပ်ဖန်များလှသောအခါ ဝေဒနာကို ဝေဒနာဟုပင် မထင်ချင်တော့။ ရင်နှင့်သည် ပျော့ပျောင်းခဲ့ပါလျက် အနာဖေး ထပ်ခဲ့သည်။ အသားမာ တက်ခဲ့သည်။

ကြာသော်…

''ဝေဒနာသည်''ဟုပင် မည်သူမျှ မထင်မြင်တော့တော့။ ကိုယ့်ကိုယ်ကိုပင် နေပျော်ပြီဟု ထင်လာသည်။ ပင်ယံမြင့်ငှ၍အစွန်

www.burmeseclassic.com

www.burmeseclassic.com



အဖျားရှိ ပန်းပွင့်နုနုကို ခူးဆွတ်ယူပိုင်လိုပါလျက် ခူးခွင့်မရှိ။ ရနံ့တို့ ဖိတ်စင်ပြိုကျလာလိုလာငြား ရှူရှိုက်မိန်းမူးခွင့်လည်း မရှိ။ မျှော်လင့် ရူးမူးခွင့်လည်း မရှိ။

ပွင့်ဖတ်၊ ဖူးငုံ၊ ဝတ်မှုန်တို့နှင့် မည်သို့မျှ ထိုက်တန်ခွင့် မပေးပြီဖြစ်သော အခြေအနေကြောင့် ပင်ယံမြင့်၏ အေးရိပ်၌ မေး မှိတ်တွယ်မှီနေဖြစ်ခဲ့သည်။

လေအသင့်မှာ ကြွေလွင့်လို ကြွေလွင့်ငြား၊ လေအခမှာ ကြွေကျလို ကြွေကျငြား၊ သူ့အပါး၌ (ကျွန်တော်) နေပျော်ခဲ့ခြင်း မဟုတ်ပါ။ မရတော့ပြီကို သိပါလျက် ကရုဏာ သက်လိုသက်ငြား သူ့အနား၌ (ကျွန်တော်) ခစားနေခဲ့ခြင်း မဟုတ်ပါ။

မိုးဒဏ်၊ လေဒဏ် ပြင်းထန်ခဲ့သည်ရှိသော်...

နူးညံ့သော ပန်းနုပွင့်ဖတ်ပေါ်သို့ ညစ်နွမ်းထိရှစရာ ဘယ် အရာဖြစ်ဖြစ် မညစ်၊ မနွမ်း၊ မထိရှလေအောင် ကွယ်ကာ စွမ်းဆောင် နေလိုခြင်းဆန္ဒကြောင့် သူ့အပါး၌ အပြုစားခံထားရသူ တစ်ဦးပမာ နေပျော်စွာ ရှည်ကြာခဲ့ခြင်း ဖြစ်သည်။

ချစ်သူတစ်ယောက်ကို ငေးကြည့်သော အကြည့်မျိုးဖြင့် ကြည့်ငေးခွင့် မရှိသော်လည်း ကောင်းကျိုးကို လိုလားသူတစ်ဦး၏ မျက်လုံးမျိုးဖြင့်တော့ သူမသိအောင် ကျွန်တော် ငေးကြည့်နေခဲ့ဖူး သည်။

တွယ်တာချစ်စကားပြောကြားဖို့ မသင့်သော်လည်း ရင်ငြိမ်း ဖွယ် ခင်မင်စကားမျိုးကိုတော့ စိတ်, လိပ်ပြာလုံခြုံစွာဖြင့် သူ့အား





ကျွန်တော် ပြောဆိုချွေးသိပ်ခဲ့ဖူးသည်။

ဘဝတွင်...

သူဇာချိုကို မတွေ့မမြင်ခဲ့ဘူးသည့် ကာလအထိ ကျွန်တော် ကိုယ့်ကိုယ်ကို ချစ်ခဲ့ဖူးသူ ဖြစ်သည်။ သူဇာချို့ကို တွေ့မြင် ရင်ငြိမ်း ခဲ့ရသည့် အချိန်နာရီတို့၏ နောင်းပိုင်းတွင်မူ ကိုယ့်ကိုယ်ကိုချစ်သော စိတ်ထက် သူဇာချိုကို ပို၍ ချစ်သက်ဝင်ခဲ့မိ၏။

တစ်ဘဝမှာ တစ်ခါ၊ တစ်ခါမှာ တစ်ယောက်၊ ချစ်ခြင်း မေတ္တာ အစေ့အညှောက်လေးပေါ်သို့ အခြေအနေဟူသော သံမဏိ ဖက်ကြမ်းတစ်ရွက်က အုပ်မိုးဟန့်တားခဲ့လေသည်။

ထိုအကြောင်းမျှကြောင့်...

''အသည်းကွဲသူ''ဟု ကိုယ့်ကိုယ်ကို မထင်။ ရင်ကွဲလုပြီ ဟု ကိုယ့်ကိုယ်ကို မခံစား။ ကာလ တပ်ပါးပါး၏ ကံတရားဟူသော တွေးမှတ်တည်ကြည်စေခဲ့ရသည်။ ရင်နှင့်ခြင်းပြင်းစွာ ခံစားရပါလျက် ချစ်ခြင်းမေတ္တာသက်ကို ဖက်ရွက်အောက်မှ ရုန်းထွက်စေနိုင်ခဲ့သည်။ လိုလားရာမြေပြင်၌ တွယ်ငင်ခွင့် မရသော်လည်း ခပ်လှမ်းလှမ်းမြေပြင် တွင် သင့်တင့်လျောက်ပတ်စွာ နေပျော်စေခဲ့သည်။ ဒါကို သူငယ်ချင်း တစ်ယောက်မှတစ်ပါး မည်သူမျှ မသိ။

သူဇာချိုလည်း မသိ။

www.burmeseclassic.com

www.burmeseclassic.com



"နင်တို့ ဘာဖြစ်ကြတာလဲ"ဟု သူဇာချို့ကို ကျွန်တော် မေးသည်။ "ထုံးစံအတိုင်းပဲပေါ့"ဟု သူဇာချို ဖြေပြောပြော၏။

မောင်မောင်ဌေးဟု ခေါ်သော သူဇာချို၏ ချစ်သူသည် စီးပွားရေးသမား။ အပေါင်းအသင်းများသူ၊ ငွေကြေးပြည့်စုံသူတစ်ဦး ဖြစ်၏။ သူဇာချိုထက် အသက် လေးငါးနှစ်ခန့်ကြီးသူဖြစ်ပြီး သူဇာချိုအား ချစ်မြတ်နိုးလွန်းခဲ့သူ ဖြစ်သည်။

သို့သော် ကိုမောင်မောင်ဌေး အပေါင်းအသင်းများသည်ကို သူဇာချို ဘဝင်မကျ။ အသောက်အစားဖက်သည်ကို မလိုလား။ အထူးသဖြင့် မိန်းကလေးအချို့နှင့် ရောနှောခေါ်ပြော၊ ပြုံးရယ်ခြင်း အပြုအမူမျိုးကို သူဇာချို အဓိကထား၍ တားမြစ်ခဲ့လေသည်။

ကိုမောင်မောင်ဌေးမှာ ပွေသူ၊ ရှုပ်သူ မဟုတ်သော်လည်း ပြန်မပြောနားမထောင်တတ်သူဟု ကြားသိရသည်။ မည်သူ့အပေါ်တွင်ဖြစ်စေ စိမ်းစိမ်းပြတ်ပြတ်၊ ခက်ခက်ထန်ထန် ပြုမူပြောဆိုလေ့ ရှိသူမဟုတ်။

ထို့ကြောင့်…

သူဇာချို၏ တားမြစ်ချက်တိုင်းကို ရာနှုန်းပြည့် လိုက်နာနိုင်မှု နည်းပါးခဲ့ခြင်း ဖြစ်နိုင်သည်။

"နင်ကလည်းဟာ ကိုမောင်မောင်ဌေးက ကျောင်းသား မဟုတ်တော့ဘူးလေ၊ အပြင်လောက ကို ရောက်နေပြီ၊ စီးပွားရေးလုပ်နေပြီ၊ မေးတူး ခေါ်ပြောတွေတော့ ရှိမှာပေါ့၊ နင်ကိုက သဝန်တို





လွန်းပါတယ်ဟာ…"

ကျွန်တော့်စကားကြောင့် သူဇာချို၏ မျက်တောင်ကော့ မျက်စောင်းနှမှာ ဒေါသရောင် လဲ့သွားသည်။

"သဝန်တိုတာ မဟုတ်ဘူးဟဲ့၊ သူ သွားချင် ရာသွား၊ လာချင်ရာလာ၊ ပြီးမှ ငါ့ဆီကို လမ်းကြုံ ဝင်သလို ဖြစ်ဖြစ်နေတယ်၊ ငါ ဘယ်လောက် အောက်လဲ"

ကျွန်တော် သက်ပြင်းချဖြစ်သည်။

"နင် မှားနေပြီထင်တယ် သူဇာ၊ မိဘလုပ်စာ ထိုင်စားနိုင်တဲ့သူတွေလို ရည်းစားဆီ အချိန်မှီရောက်၊ အချိန်တိုင်းရှိနေဖို့ ဘယ်ဖြစ်နိုင်မှာလဲ။

အလုပ်အားမှ လာမှာပေါ့၊ ဒါမှမဟုတ် မအားတဲ့ကြားထဲက အချိန်လုပြီး လာရတာနေမှာပါ"

မျက်စောင်းမထိုးတော့သော်လည်း မျက်စောင်းထိုးသကဲ့သို့ မျက်ဝန်းကို ထောင့်ကပ်ကြည့်ပြန်၏။ ပြီးမှ…

"ကိုမောင်မောင်ဌေးဘက်က နင် ရှေ့နေလိုက် နေတာလား မင်းစိုး"

"ရှေ့နေလိုက်နေတာ မဟုတ်ဘူး၊ မှန်မယ် ထင်တဲ့အတွေးမျိုးနဲ့ တွေးပေးနေတာ"

"နင်တွေးတာတွေ မှားတယ်"ဟု သူဇာချို ပြော၏။ ကျွန်တော်က…



www.burmeseclassic.com

www.burmeseclassic.com



"အေး… မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ နင်နဲ့ ကိုမောင်မောင်ဌေးနဲ့ ပြဿနာဖြစ်တာကို ငါ မကြားချင်ဘူး၊ မမြင်ချင်ဘူး"

မျက်နှာထားကို တည်တင်းလျက် ပြောမိသည်။

"သူ့မှာ အပြစ်တွေ အများကြီးပဲ မင်းစိုး။ ငါ စိတ်ကုန်တယ်"

"စိတ်ကုန်တယ်ဆိုတာ ဘာစကားလဲ သူဇာ၊ နင့်စကားအသုံးအနှုန်းက သိပ်ကြမ်းတယ်။ စိတ်ကုန်တယ်လို့ပြောရလောက်အောင် ကိုမောင်မောင်ဌေးရဲ့ အပြစ်တွေက သိပ်ကြီးမားနေလို့လား"

ကျွန်တော့်ကို ဖြေဆိုခြင်းမဟုတ်ဘဲ သူတစ်ကိုယ်တည်း ခေါင်းခါနေလေသည်။

"နင့်ကိုကြည့်ရတာ တော်တော်ဒေါသဖြစ်နေပုံပဲ"

နှုတ်တုံ့ပြန်ခြင်း မပြု။

"ငါ မပြောတတ်ဘူးမင်းစိုး၊ ဒါပေမဲ့ ငါ့ မကျေနပ်စိတ်မျိုးကို မိန်းကလေးချင်းပဲ သိလိမ့်မယ်၊ နင် မသိနိုင်ဘူး"

သူ့မျက်နှာကို ကြည့်လျက် ကျွန်တော် ပြုံးလိုက်သည်။ ပြုံးလျက်…





"နင့်ကို ဂရုစိုက်ချိန်နည်းတယ်လို့ နင် ဆိုလိုတာ မဟုတ်လား"

မဖြေ။ မပြော။ မလှုပ်။

"ပြောလေ သူဇာ၊ ဖြေလေ၊ နင် ကိုမောင်မောင်ဌေးကို ချစ်တယ်မဟုတ်လား။ ချစ်လို့ ဒီလိုစိတ်ဖြစ်တာပေါ့၊ ဟုတ်တယ် မဟုတ်လား"

"လာမမေးနဲ့"

မျက်ခုံးတွန့်လျက် တားဆီးသည်။

"ကဲ မမေးတော့ဘူး၊ ဒါပေမဲ့ လတ်တလော ဘာပြဿနာတက်တယ်ဆိုတာ ငါ သိချင်တယ်၊ အဲဒါတော့ နင် ပြောပြသင့်တယ်"

"သူ့ဘေးနားမှာ အေမိအောင်ဆိုတဲ့ အမျိုးသမီးတစ်ယောက် ရောက်နေပြီ"

"အေမိအောင်ဆိုတာ သူ့အဒေါ်လား"

"မင်းစိုး နင် ငါ့ကို မနောက်နဲ့နော်"

ကျွန်တော် ရယ်မောလျက်…

"မနောက်ပါဘူး၊ အေမိအောင်ဆိုတာ ဘယ်သူမှန်းမှ မသိဘဲ"

"ကွန်ပျူတာစင်တာတစ်ခုကို အဲဒီအမျိုးသမီးနဲ့ အတူတူတွဲလုပ်နေတယ်၊ သူက ကွန်ပျူတာ အရောင်း အဝယ်လုပ်တယ်၊ အဲဒီအမျိုးသမီးက ကွန်ပျူတာ



www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းကျင်သူ''

''ဩော်… လက်စသတ်တော့ စိတ်မချနိုင်ဖြစ်နေတာကိုး''

''စိတ်မချတာ မဟုတ်ဘူး၊ မကြိုက်တာ''

''အဲဒီတော့''

''အဲဒီတော့ ငါက အဲဒီ အေမိအောင်နဲ့ မတွဲဖို့ ပြောတယ်၊ သူ ငြင်းတယ်၊ အဲဒါကြောင့် ငါ ရှောင်နေတာ''

အတန်ကြာသည်အထိ ကျွန်တော် စကားသံမပြု။ ပြီးမှ…

''နင် မှားနေတယ် သူဇာ''

''မမှားဘူး''

ကျွန်တော် လက်ကာလိုက်၏။ ပြီးနောက်

''နင်နဲ့ငါ သူငယ်ချင်းဖြစ်ကာစမှာ နင်ပြောတဲ့ စကားတစ်ခွန်းကို မှတ်မိသေးလား သူဇာ''

မျက်နှာထားတင်းမာခြင်း မရှိတော့ချေ။

''သူငယ်ချင်းဆိုတာ တစ်ယောက်အလိုကို တစ်ယောက် လိုက်လျောတာထက် တစ်ယောက်အမှားကို တစ်ယောက် ထောက်ပြနိုင်ရင် ပိုကောင်းတယ်ဆိုတာလေ။

အခု ငါ နင့်အမှားကို ထောက်ပြနေတာ၊





နင် လက်ခံသင့်တယ် သူဇာ၊ ကိုမောင်မောင်ဌေးအလုပ်ကို နင် တားလိုက်တာဟာ သူ့ကို အနှောင့်အယှက်ပေးရုံတွင် မကဘူး၊ တစ်ဖက်အမျိုးသမီးရဲ့ အကျင့်သိက္ခာကိုပါ အထင်သေးရာ ရောက်နေတယ်၊ အဲဒါကြောင့် နင့်စိတ်ကို လျှော့လိုက်ပါ သူဇာ''

အောက်နှုတ်ခမ်းလေးကို ထိရုံမျှ ဖိကိုက်သည်။ ပြီးနောက်

''ငါမကျေနပ်တာ အဲဒီတစ်ခုတည်း မဟုတ်ဘူး မင်းစိုး၊ အများကြီးပဲ။

ကျောင်းပြ ရတာကအစ ကြိုမယ်ဆိုပြီး လာမကြို၊ ဖုန်းဆက်တဲ့အခါမျိုးတောင် အလုပ်များနေတယ်ဆိုတာ အရင်ပြောတယ်။

ငါ့မှာ သူ့အားလပ်ချိန်မှ လာတွဲတဲ့ ရည်းစားတစ်ပတ်နွမ်းဖြစ်နေပြီ ဘာမှ အလေးအနက်မထားဘူး''

စကားသံ တုန်ယင်သွား၏။ နှုတ်ခမ်းကို ဖိကိုက်ပြန်သည်။ မျက်ရည်ထိန်းထားသည်ကို မြင်၏။

''ဘာပဲဖြစ်ဖြစ်ပေါ့ သူဇာရယ်၊ အခုလောလောဆယ် ပွင့်လွှတ်စိတ်၊ နားလည်စိတ်ကို ပိုပြီးထားလိုက်ပါလားဟာ၊ နော်… သူဇာ''

''မင်းစိုး''

''ပြောလေ သူဇာ''



www.burmeseclassic.com

www.burmeseclassic.com



"ငါက နင့်စကားကို အမြဲတမ်း လိုက်နာနေရမှာလား"

သူ့မျက်နှာကို ကြည်လင်စွာ ပြုံး၍ကြည့်ရင်း ကျွန်တော်က

"အင်းပေါ့၊ အမြဲတမ်း လိုက်နာနေရမှာပေါ့၊ အမြဲတမ်း နားထောင်ရမှာပေါ့။

ငါဟာ နင့်သူငယ်ချင်းဖြစ်နေသမျှ နင်က ငါ့သူငယ်ချင်း ဖြစ်နေသမျှ ငါ့စကားကို နင် နားထောင်ရမှာပေါ့၊ နင့်စကားကိုလည်း ငါ နားထောင်မှာပေါ့။

မှားတဲ့ဘက်ကို ငါ ဘယ်တော့မှ တွန်းမပို့ပါဘူး သူဇာရယ်၊ ငါ့ကို ယုံပါ"

တစ်ချက်မျှ ငဲ့ကြည့်ပြီး မျက်နှာလွှဲသွား၏။

ထိုအခါကျမှ ပြုံလာရသော သူ့မျက်ရည်တို့ကို ကျွန်တော် မည်သို့မျှ တားဆီးနိုင်အား မရှိခဲ့။

꧁꧁꧁

[ ၃ ]

"မင်း မဆိုးပါဘူး"ဟု ကျွန်တော့်ကို သော်က ပြောသည်။

"ဘာကိုလဲ"ဟု ကျွန်တော် မေးလိုက်၏။

"ပွဲလန့်တုန်း ဖျာခင်းဖို့ မကြိုးစားလို့"

ထိုစကားအသုံးအနှုန်းကို ကျွန်တော် ဘဝင်မကျချင်။

"ပွဲလန့်တုန်း ဖျာခင်းရအောင် ကိုမောင်မောင်ရွေးနဲ့ သူဇာတို့က အကြီးအကျယ် ပဋိပက္ခ ဖြစ်နေတာမှ မဟုတ်တာ၊ ဖြစ်လေ့ဖြစ်ထရှိတဲ့ သာမန်ပြဿနာမျိုး၊ ပြီးတော့ ပွဲလန့်ရင် ဖျာခင်းလိမ့်မယ်လို့ မင်း ငါ့ကို ထင်နေပုံရတယ်၊ ဟုတ်လား သော်က"

"ငါတစ်ယောက်တည်း ထင်နေတာ မဟုတ်



www.burmeseclassic.com

ဘူး''

ဟု သော်က ပြော၏။ ကျွန်တော့်နံဘေးရှိ ဝင်းထွဋ်ကို ကျွန်တော် ကြည့်လိုက်မိသည်။

''မင်းနဲ့ သူဇာချိုနဲ့ ငြိကြတော့မယ်လို့ တော်တော်များများ ထင်နေကြတယ် မင်းစိုး။ အားလုံးကလည်း အဲဒီလိုပဲ ဖြစ်စေချင်ကြတယ်၊ သူဇာချို တော်တော်စိတ်ညစ်နေပုံရတယ်… တဲ့''

သက်ပြင်းမချမိအောင် နေရသည်။ ပြီးမှ သော်ကကိုရော၊ ဝင်းထွဋ်ကိုပါ လှည့်မကြည့် ငဲ့မကြည့်ဘဲ…

''ငါ တတိယနှစ် နှစ်စကတည်းက သူဇာချို့ကို ချစ်နေခဲ့မိတယ်ဆိုတာ မင်းတို့နှစ်ယောက်စလုံး သိတယ်နော်''

''အင်း''ဟု ဝင်းထွဋ် အသံပြု၏။

မျက်နှာမူထားရာ အင်းလျားကန်ရေပြင်မှ ကျွန်တော် မျက်နှာမလွှဲ။

''အေး နောက်ထပ် သိစရာတစ်ခု ထပ်ပြောမယ်၊ သူဇာ့ဘေးမှာ ကိုမောင်မောင်ငွေး ရှိနေသ၊ ချစ်တယ်ဆိုတဲ့ အရိပ်အယောင်မျိုး၊ အမူအရာမျိုး၊ ငါ့ဆီမှာ သူဇာချို မတွေ့စေရဘူး''

သော်က ပြုံးဟန်ပြုသည်။ မျက်နှာထား တည်နေသော





ကျွန်တော့်ကို ပိုမို၍ တင်းမာစေသော အပြုံးမျိုး။ ထိုအပြုံးဖြင့် ကျွန်တော့်ရှေ့တည့်တည့်တွင် မျက်နှာမူလျက်…

''ကိုမောင်မောင်ငွေး ရှိနေသမျှ မပြုမူဘူးဆိုတာ ငါတို့လည်း သိတယ်၊ သူဇာချို့သူငယ်ချင်းတွေလည်း သိတာပဲ။

ကိုမောင်မောင်ငွေး သူဇာချို့ဘေးက လွင့်သွားအောင် မင်းကိုယ်တိုင် လုပ်စေချင်နေကြတာ၊ ရှင်းပြီလား ငါပြောတာ''

ကျွန်တော် ခေါင်းမညိတ်။ သော်က စကားဆက်၏။

''အခု မင်းက ရွှေပြည်အေးတရား ဟောနေတယ်၊ သူဇာချို ကိုယ်တိုင်က အဲဒီရွှေပြည်အေးတရားကြီးကို နာချင်တာမှ မဟုတ်ဘဲ''

''မြှောက်ပေး၊ ပင့်ပေးဖို့ ပြောနေတာလား သော်က၊ မီးလောင်ရာ လေပင့်ခိုင်းတာလား''

''ငါ မပြောတတ်ဘူး မင်းစိုး။ အေး ငါရော သူငယ်ချင်းတွေရော ပြောတတ်တာတစ်ခုတော့ ရှိတယ်၊ သူဇာချို ကိုမောင်မောင်ငွေးကို စိတ်ကုန်နေတယ်၊ ငါတို့အားလုံးက သူဇာချို့ကို စိတ်ပျော်စေချင်ကြတယ်၊ အဲဒါပဲ မင်းစိုး''

''ကိုမောင်မောင်ငွေးမှာ ဘာအပြစ်မှ မရှိဘူးကွ၊ အဲဒါကို သူဇာက သိအောင်မကြိုးစားဘူး



www.burmeseclassic.com

www.burmeseclassic.com



ဒေါသသံ။

ဝင်းထွဋ်က

"မင်း အခုလို ကိုမောင်မောင်ဌေးဘက်က ရပ်နေသလို ဖြစ်နေတာကိုက ငါတို့အတွက် အံ့ဩစရာဖြစ်နေတယ်"

"မအံ့ဩနဲ့ ဝင်းထွဋ်၊ ကိုမောင်မောင်ဌေးက လူဆိုး ဓါးပြကြီး ဖြစ်နေရင်တောင်မှ သူဇာချို သူ့ကိုပဲ လက်ထပ်ရမယ်"

"မင်းစကားက ဘာအဓိပ္ပာယ်လဲကွာ"

ကန်ရေပြင်တွင် တစ်စုံတစ်ခု ကျရောက်ခြင်းမရှိဘဲ လှိုင်းကြက်ခွပ်တွေ ထ,နေ၏။ လေပြေပါးပါး ရှပ်ပြေးသွားဟန်တူသည်။

"ဖြေလေကွာ မင်းစကားက ဘာအဓိပ္ပာယ်လဲ"

ကျွန်တော် ခေါင်းခါလိုက်သည်။

တစ်ခွန်းတစ်ပါဒမျှဖြင့် ပြည့်စုံထင်ရှားစေမည့် အနက်အဓိပ္ပာယ်မဟုတ်သောကြောင့် ဖြေဆိုဖို့ကို ကျွန်တော် ငြင်းပယ်လိုက်ခြင်းဖြစ်၏။

ကြီးမြတ်လေးနက်သည့် ကိစ္စတိုင်း၏ အတိမ်အနက်ကို ဖော်ကျူးရန်အတွက် စကား,ဝေါဟာရ တစ်ခွန်းတစ်ပါဒမျှဖြင့် လုံလောက်မည်…ဟု ကျွန်တော်မထင်။





"ချစ်ခြင်း"ဟူသည်ကား လောက၏ အကြီးမြတ်ဆုံး ဘာသာစကား။

ꩤ

အင်းလျားကန်ဘောင်မှ ထ,ခဲ့ကြပြီး ကျောင်းထဲသို့ အဝင်တွင် စကားလမ်းကြောင်း ပြောင်းခဲ့ကြ၏။ ပြောင်းခဲ့သည့် စကားလမ်းကြောင်း၌ပင် ကျွန်တော့်အတွက် သောက,မကင်း။

"မင်းအစ်ကို ကိုတင်စိုးရဲ့ မင်္ဂလာဆောင်ကို မင်း သွားခွင့်မရဘူးဆို"

သော်ကာထံမှ ဝင်းထွဋ်ရဲ့ ကြားသိဟန်တူ၏။

"ဟုတ်တယ် သွားခွင့်မရဘူး"ဟု ကျွန်တော် ဖြေလိုက်၏။

"မင်း သွားချင်လား၊ ငါတို့ မင်းအိမ်ကို တခြားတစ်နေရာ သွားမယ်ဆိုပြီး၊ လာခေါ်ပေးမယ်"

"အဲဒီ မင်္ဂလာဆောင်တဲ့နေ့ အဖေက ငါ့ကို အပြင်ထွက်ခွင့် ပြုမှာမဟုတ်ဘူး"

"မင်းအဖေကရော ဘာပြောလဲ"

"အဖေက ဘာမှမပြောပါဘူး၊ မပြောဘူးဆိုတာက အိမ်မှာ အဖေနဲ့ ငါနဲ့က သိပ်မရင်းနှီးဘူး။ အမေနဲ့ပဲ ရင်းနှီးတယ်။

ငယ်ငယ်လေးကတည်းက ရှိစေရာရှိရင်



www.burmeseclassic.com

အမေကပဲ ရိုက်တယ်၊ ဆုံးမစရာရှိရင် အမေကပဲ ဆုံးမတယ်၊ ကြီးလာတော့ အမေ့ အဆူအပြောပဲခံ၊ အမေ့အကြံဉာဏ်ယူ၊ ကိစ္စဝိစ္စတိုင်ပင်စရာရှိရင် တောင် အမေနဲ့ပဲ တိုင်ပင်ဖြစ်တော့တယ်။

အဖေနဲ့က မေးတစ်ခွန်း၊ ဖြေတစ်ခွန်းပဲ နေလာခဲ့တာ၊ အဖေ စကားနည်းတာလည်း ပါ,ပါ တယ်''

''မင်းအစ်ကိုမင်္ဂလာဆောင်ကိုသွားဖို့ မင်း အမေကို မင်း နားမချဘူးလား''

''ပြောတယ် မရဘူး၊ ဘယ်ဆွေမျိုးသားချင်း ကိုမှလည်း မသွားနိုင်ဘူး၊ ငါ့ကိုလည်း မသွားရဘူး တဲ့။

မနေ့ညက ငါ အတိုက်အခံပြောတယ်၊ ဘယ်သူမှမသွားချင်နေ၊ သားသွားမယ်လို့ အမေ့ရှေ့ မှာရော အမေ့ရှေ့မှာရော ငါ ပြောပစ်လိုက်တယ်။

အမေက ငါ့လက်ထဲကို ဓါးတစ်လက် လာပေးတယ်၊ သား သွားချင်ရင် အမေ့ကိုသတ်ပြီးမှ သွား…တဲ့၊ အဲဒါနဲ့ပဲ အမေ့ကို ငါ အရှုံးပေးလိုက် ရတယ်''

သော်က,က…

''မင်းအစ်ကိုကလည်းကွာ ခေတ်ပညာတတ်





တစ်ယောက်ဖြစ်ပြီး စဉ်းစားဉာဏ်မရှိဘူး၊ မှားတယ်''

အဓိပတိလမ်းမကြီး၏ အဝေးတစ်ဆုံးသို့ ငေးကြည့်ရင်း ကျွန်တော်က…

''မှားတယ် မှန်တယ်ဆိုတာ ဆင်ခြင်သူရဲ့ စိတ်နှလုံးနဲ့ပဲဆိုင်တယ် သူငယ်ချင်း၊ ငါ့အမေက ငါ့အစ်ကိုရဲ့ မင်္ဂလာဆောင်ကို လုံးဝအသိအမှတ်မပြု တဲ့အကြောင်း သတင်းစာထဲက ထည့်ဖို့စီစဉ်နေ တယ်၊ ငါ တားလို့မရဘူး။

အဲဒီ ငါ့အမေရဲ့ အစီအစဉ်ကိုရော မှန်တယ် လို့ မင်း ပြောချင်သလား''

''မင်းအမေလည်း သားကိုချစ်တဲ့စိတ်နှလုံးနဲ့ ဆုံးဖြတ်တာ နေမှာပေါ့''ဟု သော်က ဖြေ၏။

ကျွန်တော်က…

''မှန်တယ်လို့ မင်း ဆိုလိုတာလား''

''အင်းလေ''

''အသိဉာဏ်နဲ့ ဆုံးဖြတ်မယ်ဆိုရင်တော့ အဲဒီလို မလုပ်သင့်ဘူးထင်တယ်''

''အသိဉာဏ်နဲ့ ဆုံးဖြတ်တဲ့အရာတိုင်းလည်း မှန်ချင်မှမှန်မယ်၊ နှလုံးသားနဲ့ဆုံးဖြတ်တဲ့ အရာတိုင်း လည်း မှားချင်မှမှားမယ်။

တကယ့်တကယ်က စာနာတရားထားတတ်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရင် အကောင်းဆုံးပဲ၊ ဘယ်ကိစ္စပဲဖြစ်ဖြစ် ပညာ ဉာဏ်ရော စိတ်နှလုံးရော မျှမျှတတထားပြီး ဆုံးဖြတ်ရင် အားလုံးအဆင်ပြေသွားလိမ့်မယ်''

သင်္ချာဆောင်များအနီးရှိ ကုံကော်ပင်တန်းရှေ့သို့ ရောက်လာခဲ့ကြသည်။ သော်ကနှင့် ဝင်းထွဋ်တို့ အတန်းတက်ကြပေလိမ့်မည်။ ကျွန်တော် တစ်ယောက်တည်း တောင်ငူဆောင်ဘက်သို့ ထွက်လာခဲ့၏။ အတန်းတော့ မတက်ချင်သေး။

❀❀❀



[ ၄ ]

တယ်လီဖုန်း လေးငါးခုကို အဆက်အသွယ်ပြု မေးမြန်းပြီးသော အခါကျမှ ကိုမောင်မောင်ဒွေးနှင့်ကျွန်တော် စကားပြောခွင့်ရသည်။ သူရှိရာသို့ ကျွန်တော်လာမည်ပြောသောအခါ သူ အားနာတာ းဆို၏။ အားနာစရာမလိုကြောင်း ကျွန်တော်ပြောသည်။

ထို့နောက် စားသောက်ဆိုင်တစ်ဆိုင်တွင် တွေ့ဆုံကြရန် ျိန်းဆိုလိုက်သည်။

❀

''ကိုယ်က ချို့ကို အရမ်းချစ်တာ၊ တောင်ကြီးမှာ နေတုန်းကတည်းက သူ့ကို ကိုယ်ချစ်နေတာ။

www.burmeseclassic.com

www.burmeseclassic.com



ချို ဆယ်တန်းအောင်တဲ့နှစ်က ကိုယ် ဖွင့်ပြောတယ်၊ ချို လက်မခံဘူး။

အဲဒီနောက်ပိုင်း ကိုယ် ရန်ကုန်မှာ စီးပွားရေး လုပ်တယ်၊ အလုပ်အားတာနဲ့ ကိုယ် တောင်ကြီးကို တက်တာပဲ၊ ချို့ကို အမြဲတမ်း သွားတွေ့တယ်၊ ချစ်တဲ့အကြောင်း၊ မြတ်နိုးတဲ့အကြောင်း ပြောတာပေါ့၊ စက္ကန်းရိုးယားအောင်ပြီးတဲ့အထိ ကိုယ့်ကို သူ လက်မခံသေးဘူး။

သူ တတိယနှစ်တက်တော့၊ ရန်ကုန်ကို တစ်မိသားစုလုံး ပြောင်းလာကြတယ်။ တစ်မိသားစုလုံးဆိုတာက ချိုရယ် သူညီမရယ် သူ့အဘွားရယ်''

သူဇာချိုတွင် မိဘနှစ်ပါးမရှိတော့ကြောင်း ကျွန်တော် သိထားပြီးဖြစ်သည်။

''ရန်ကုန်အိမ်ကို ကိုယ်တရားဝင် ဝင်ထွက်တယ်၊ တတိယနှစ် စတက်မယ့်နေ့မှာ ကိုယ် သူ့ကို အဖြေတောင်းတယ်၊ ကျောင်းပြီးမှ အဖြေပေးမယ်လို့ ပြောပြန်ရော၊ ကိုယ်က အလုပ်များတဲ့အကြောင်း၊ အချိန်တိုင်း တွေ့နေမြင်နေချင်တဲ့အကြောင်း၊ နောက်ထပ်ကြာကြာ မစောင့်ဆိုင်းရလောက်အောင် ချစ်နေတဲ့အကြောင်း ပြောတတ်သမျှ ပြောပြတယ်၊





အဲဒီတော့မှ ချိုက အဘွားနဲ့တိုင်ပင်လိုက်ဦးမယ်လို့ ပြောတယ်၊ နောက်နေ့ကျတော့ ကိုယ့်ကိုဖုန်းဆက်ပြီး အဖြေပေးတယ် ချစ်တယ်တဲ့၊ လက်ထပ်ဖို့ကျတော့ ကျောင်းပြီးမှ စဉ်းစားမယ်တဲ့''

ကလေးငယ်တစ်ယောက်က သူ ကြုံတွေ့ခဲ့ဖူးသော ကြည်နူးမှုများကို သန့်ရှင်းစွာ ပြောပြနေသကဲ့သို့ ကိုမောင်မောင်ဌေးကို ကျွန်တော်ကြည့်မြင်ခံစားရ၏။

''ချစ်သူဖြစ်တာ နှစ်နှစ်လောက်ရှိပြီ ကိုယ်သူနဲ့ ရုပ်ရှင်မကြည့်ဖူးဘူး၊ ဟိုဟိုဒီဒီမသွားဖူးဘူး၊ အားရင် ကျောင်းလာကြိုတယ်၊ ကျောင်းလာပို့တယ်၊ တစ်ခါတစ်ရံ စားသောက်ဆိုင်ထိုင်တယ် ဒါပဲ၊ ကိုယ်ငွေကို သည်းကြီးမည်းကြီးမရှာပါဘူး၊ ဒါပေမယ့် အလုပ်တွေ အများကြီးလုပ်ချင်တယ်၊ ကိုယ်အလုပ်များတာ သူသိတယ်၊ အဲဒါကိုပဲ လာမကြိုဖြစ်လို့ လာကြိုတာ နောက်ကျလို့ ဆိုတာမျိုးနဲ့တောင် ကိုယ့်ကို ခဏခဏ စိတ်ဆိုးတယ်၊ အခုလည်း လုပ်ငန်းတစ်ခုလုပ်တာ အမျိုးသမီးတစ်ယောက်နဲ့ တွဲလုပ်လို့တဲ့ ကိုယ့်ကို စိတ်ဆိုးနေတယ်၊ ကိုယ်ရှင်းပြတာ သူနားမလည်ဘူး၊ တောင်းပန်လို့လည်း မရဘူး''

ပြုံးလျက်သာ ပြောနေသည်။ သို့သော် ပြုံးသူ၏ရင်ခွင်တွင်း ရှုံ့ ံ:ဟားမှုအတိုင်းအဆကို ကျွန်တော် ထုထည်ကြီးမားစွာ မြင်နေရ၏။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်မရှိနဲ့နော် အစ်ကို၊ ကျွန်တော် အစ်ကို့ကို တစ်ခုလောက် ပြောပါရစေ"

"ပြော…ပြောပါ"

"အစ်ကို့အနေနဲ့ အခု အစ်ကိုလုပ်တဲ့အလုပ်ကို သူ့ဇာချို မကြိုက်တဲ့အမျိုးသမီးနဲ့ တွဲမလုပ်လို့ မရဘူးလား"

ဦးခေါင်းကို ညင်သာစွာ ငိုက်စိုက်ချ၏။ လက်ညှိုးတစ်ချောင်းတည်းဖြင့် ခေါင်းကုတ်သည်။ ပြီးနောက်…

"လုပ်ငန်းက ကြီးတယ်၊ စလုပ်နေပြီ၊ ရပ်လို့မရဘူး။ စာချုပ်စာတမ်းနဲ့ လုပ်ထားရတာ၊ ချို့ကလေးစိတ်ဖြစ်နေတယ်ထင်တယ်၊ ကိုယ် ဘယ်လိုတောင်းပန်ရမှန်းမသိဘူး"

ကျွန်တော် ခဏလေးအနက် စဉ်းစားသည်။ ပြီးမှ…

"အစ်ကို မနက်ဖြန် ကျောင်းကိုလာပါလား။ သူ့ဇာ့ကို အစ်ကို ရောက်တဲ့အချိန်အထိ စောင့်ခိုင်းထားလိုက်မယ်"

ပြုံးလျက်ခေါင်းခါသည်။

"ကိုယ် အိမ်ကို သွားပြီးပြီ၊ သူ စကားကောင်းကောင်းမပြောဘူး။ ဖုန်းဆက်တော့လည်း အဆင်မပြေဘူး၊ ကိုယ်ကျောင်းကိုလာရင် သူကျောင်းမတက်ဘူးတဲ့၊ အဲဒါကြောင့် ကိုယ်





လက်လျှော့ထားတာ"

ကျွန်တော်မသိရသေးသည့်ကိစ္စ။

"ကျွန်တော် စိတ်မကောင်းဘူး အစ်ကိုရာ၊ ဒါပေမဲ့ တစ်ခုတော့ ကျွန်တော်တောင်းပန်ပါတယ်၊ သူ့ဇာ့ကို အစ်ကို စိတ်ပျက်မသွားဖို့"

ကျွန်တော့်စကားကြောင့် ကိုမောင်မောင်ဌေး ရယ်မော၏။ ရယ်မောလျက်…

"မပျက်ပါဘူး။ ဘယ်တော့ဆိုးမှာပေါ့၊ ကိုယ်က ချစ်နေတာပဲ၊ သူ စိတ်ဆိုးပြေအောင်ပဲ စောင့်ရမှာပေါ့"

"ကောင်းတယ်"ဟု ကျွန်တော်ပြောသည်။ ပြီးနောက်…

"ကျွန်တော် သူ့ဇာနဲ့ အစ်ကို့ကြားမှာ အခုလိုလာပြောတာ စိတ်မရှိပါနဲ့နော်၊ ကျွန်တော် စေတနာနဲ့ပါ"

"ကိုယ်က ကိုမင်းစိုးကို ကျေးဇူးတင်နေတာပါ၊ ချို့ကလည်း ကိုမင်းစိုးအကြောင်း ခဏခဏ ပြောဖူးတယ်၊ သူ့ကို ဂရုအစိုက်ဆုံး အဆူအပြောဆုံး သူငယ်ချင်းတဲ့၊ တခြားသူငယ်ချင်းတွေက ချို့အကြိုက်ကို ရေလိုက်ငါးလိုက်ပြောသေးတယ်တဲ့၊ ကိုမင်းစိုးက အဲဒီလို မဟုတ်ဘူးတဲ့၊ ကောင်းမယ် မှန်မယ်ထင်တဲ့ ကိစ္စတိုင်းကို လက်သီး လက်မောင်း



www.burmeseclassic.com

www.burmeseclassic.com



တန်းပြီး အတိုက်အခံပြောတတ်တယ်တဲ့ သူ့အတွက်
သူငယ်ချင်း အစစ်တဲ့''

သက်ပြင်းခိုးချဖြစ်သည်။

ရင်အမောမပြေ။

❀

သခ်ျာဆောင်များအနီးတွင် ကုံကော်ပင်တန်းရှိသည်။ ကုံကော်ပင်တန်း၏အောက်တွင် ကျောက်ခုံများရှိ၏။ ကုံကော်ပင်ကြီးတစ်ပင်အောက်က ကျောက်ခုံသည် သူဇာချိုနှင့် ကျွန်တော် စကားပြောနေကျနေရာ။

ကျွန်တော်နှင့် သူဇာချိုတို့ထိုင်နေရာ၏ ခပ်လှမ်းလှမ်းတွင် သော်က၊ ဝင်းထွဋ်နှင့် သူဇာချို၏ သူငယ်ချင်းများဖြစ်ကြသော နှင်းနှင်းဦး၊ ခိုင်သဇင်တို့ ထမင်းဘူးနှစ်ဘူးကို လေးယောက် စားနေကြသည်။ ကျွန်တော်နှင့် သူဇာချို၏ ရှေ့တည့်တည့် ကျောက်ခုံပေါ်တွင် သူဇာချို၏ ထမင်းဘူးတစ်ဘူးတည်းရှိ၏။ ကျွန်တော်တို့နှစ်ယောက်စလုံး ထမင်းမစားဖြစ်သေး။

''နင့်စိတ်ကို နည်းနည်းလောက်လျှော့လိုက်ပါ
လား သူဇာရယ်''

မျက်တောင်ကော့ မျက်ဝန်းနက်ဖြင့် သူဇာချို ကျွန်တော့်ကို စိုက်ကြည့်၏။ ကျွန်တော်လည်း သူ့ကို ပြန်ကြည့်သည်။





''နော်… သူဇာ၊ နင့်စိတ်တွေ အရမ်း
မာကျောနေတယ်၊ ငါက ကြားထဲက တောင်းပန်နေ
တာပါ''

''ငါစိတ်တိုနေတယ် မင်းစိုး''

''အဲဒီတိုနေတဲ့စိတ်ကို ရှည်ရှည်ထားဖို့ ငါ
ပြောနေတာ''

''ငါ နင့်ကို စိတ်တိုနေတာ''ဟု လေသံဆတ်ဆတ်ဖြင့် ပြော၏။ ကျွန်တော်မျက်လုံးပိုင်းသွားရသည်။

''ငါ့ကို…''

''ဟုတ်တယ်''

''ငါ နင့်ကို စိတ်တိုစရာ ဘာမှမပြောရသေး
ဘူး''

သက်ပြင်းချလျက်၊ ဒေါသဟန်ပြုသည်။

''ကိုမောင်မောင်ဌေးကို နင်သွားတွေ့တာ
ဘာသဘောလဲ''

''ဪ အဲဒါကို စိတ်တိုတာလား''

''ဟုတ်တယ်''

''နင်တို့နှစ်ယောက် ပြဿနာမတက်စေချင်လို့
ပေါ့''

လေသံလျှော့လျှော့ဖြင့် ကျွန်တော်ပြောလိုက်၏။

''ပြဿနာတက်နေတာကြာပြီ မင်းစိုး''



www.burmeseclassic.com

www.burmeseclassic.com



"ကြာပြီ ဟုတ်လား"

"ဟုတ်တယ် ကိုမောင်မောင်ဒွေးကို ဘဝင်မကျတာ မကျေနပ်တာထက်၊ ငါ့ကိုယ်ငါ ဘဝင်မကျတာကြာပြီ၊ ငါ့နှလုံးသားနဲ့ ငါ့ဦးနှောက် ပြဿနာတက်နေတာကြာပြီ"

မျက်ခုံးတွန့်လျက်၊ ကျွန်တော်က…

"ငါနားမရှင်းဘူး သူဇာ"

"ငါရှင်းရှင်းလင်းလင်းပြောရရင် ကိုမောင်မောင်ဒွေးကို ငါချစ်တယ်လို့ ပြောလိုက်တာ မရိုးသားဘူး"

ဆက်မည့်စကားကိုသာ နားစွင့်နေမိသည်။ နားမရှင်းသေး။

"အဘွားနဲ့ တိုင်ပင်တယ်၊ အဘွားက သူ့အကြောင်းမေးတယ်၊ သူ ငါ့အပေါ် ဘယ်လောက်ချစ်တယ်၊ ဘယ်လောက်ချမ်းသာတာတွေကို ငါ ပြောမိတယ်၊ အဲဒီအခြေအနေကို အဘွားက လက်ခံသင့်တယ်လို့ ဆုံးဖြတ်ပေးတယ်၊ နောက်တစ်နေ့မှာ ငါ သူ့ကို ချစ်တယ်လို့ ပြောလိုက်တယ်"

"အင်းလေ အဲဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲဟာ ဦးနှောက်ကြီးနဲ့ စဉ်းစားပြီး ပါးစပ်နဲ့ အဖြေပေးလိုက်တာပဲ"

ဦးနှောက်ထဲမှာ သူ့ကို ငါယူရင် ငါ့ဘဝ





လုံခြုံမယ်ဆိုတာ သိနေတယ်၊ ဒါပေမဲ့ ငါ့နှလုံးသားကို ငါ ပြန်မေးကြည့်တော့ သူ ဘာလုပ်လုပ် ငါ ဘဝင်မကျဘူး"

"သူဇာ"

ရင်မောစွာဖြင့် ကျွန်တော်ခေါ်မိလိုက်သည်။

"နင် စိတ်ကူးမယဉ်သင့်ဘူး သူဇာ၊ အခု လက်ရှိ နင်ဆုံးဖြတ်ထားတာ မှန်နေတယ်၊ မှန်နေပြီး သားကိစ္စကို ဘာကြောင့် ပျက်စီးရာပျက်စီးကြောင်း တွေးနေရတာလဲ"

"ငါတွေးနေတာမဟုတ်ဘူး ငါမေးနေတာ၊ ငါ့နှလုံးသားကို ငါမေးနေတာ"

"မမေးနဲ့ မှားလိမ့်မယ်"

အန္တရာယ်တစ်ခုကို ကြိုတော့မည့်သူတစ်ဦးအား အော်ဟစ်ဟန့်တားသကဲ့သို့ ကျွန်တော်ပြောမိသည်။ ပြီးနောက်…

"နင် ဘာကို ဆိုလိုတယ်ဆိုတာ ငါသိတယ်၊ ဒါပေမဲ့ ငါ နင့်ကိုတစ်ခုမေးမယ်၊ နင် ကိုမောင်မောင်ဒွေးကို ချစ်တယ်လို့ ပြောပြီးပြီ မဟုတ်လား"

တုံ့ပြန်သံမပြု။

"ဖြေလေ နင် သူ့ကိုချစ်တယ်လို့ ပြောပြီးပြီ မဟုတ်လား"

ခေါင်းလှုပ်ရုံသာ ညိတ်၏။ မျက်လွှာချထားသည်။ ဆံပင်



www.burmeseclassic.com

www.burmeseclassic.com



ရှည်ရှည်၏ အစွန်းဘက် ဆံစတချို့ ပခုံးထက်တွင် ခွေတင်နေ၏။

"နင့်တစ်သက်မှာ အဲဒီလိုစကားမျိုး နင် ဘယ်နှစ်ခါ ပြောပြီးခဲ့ပြီလဲ"

"နင် ဘာလို့မေးတာလဲ"

"ငါမေးတာကိုပဲ ဖြေပါ၊ သိချင်လို့"

"ကိုမောင်မောင်ဌေးတစ်ယောက်တည်းကိုပဲ ငါပြောဖူးတယ်"

သူ့မျက်နှာကို ကျွန်တော်လက်ညှိုးထိုးလိုက်ပြီး…

"နင်တန်ဖိုးရှိတဲ့ မိန်းကလေးပဲ"

မျက်ခုံးပါးပါးလေးတွန့်ကာ၊ သူ ကျွန်တော့်ကို ကြည့်နေသည်။

"ယောက်ျားလေးပဲဖြစ်ဖြစ် မိန်းကလေးပဲဖြစ်ဖြစ် 'ချစ်တယ်' ဆိုတဲ့ စကားကို တစ်သက်မှာ တစ်ခါတည်းပဲပြောဖူးတယ် ဆိုတာ အရမ်းတန်ဖိုးထားစရာကောင်းတဲ့ ကိစ္စပဲ၊ နင့်တစ်သက်မှာ တစ်ယောက်တည်းကိုပဲ ချစ်တယ်လို့ ပြောဖူးခဲ့တယ်ဆိုတော့ နင့်လောက် တန်ဖိုးကြီးတဲ့သူ မရှိတော့ဘူး သူဇာ၊ နင့်လို တန်ဖိုးကြီးတဲ့ မိန်းကလေးကို သူငယ်ချင်းတော်ရတဲ့အတွက် ငါ ဂုဏ်ယူပါတယ်"





"နင် ငါ့ကို မြှောက်ပင့်နေတာလား မင်းစိုး"

"မြှောက်ပင့်နေတာမဟုတ်ဘူး၊ မှန်နေတဲ့ လူတစ်ယောက်ကို မှားမှာစိုးလို့ သူ့တန်ဖိုးကို သူမြင်အောင် ပြောပြနေတာ"

"နင် ဘာပြောပြော နင့်စကားလုံးတိုင်းကို ငါသိမ်းထားမှာပါ၊ ဒါပေမဲ့ ကိုမောင်မောင်ဌေးနဲ့ ငါ အဆင်ပြေမှာ မဟုတ်ဘူး"

ပြုံးလျက်ပြော၏။ ကျွန်တော်လည်း ပြုံးလျက်…

"နင် သဝန်တိုနေတာကိုး၊ သဝန်တိုတယ် ဆိုကတည်းက ချစ်တဲ့စိတ် ကြီးမားနေလို့ပေါ့"

ရှင်းသောအပြုံးတွင် မဲ့တစ်ဝက်ထင်သည်။

"လာမကြိုလို့ လာမပို့လို့ နောက်ကျလို့ ဂရုမစိုက်လို့ တခြားမိန်းကလေးနဲ့ ရောနှောလို့ဆိုတာ တွေက ငါ သဝန်တိုလို့ ပြောနေတာမဟုတ်ဘူး၊ တမင်အပြစ်ရှာပြီးပြောနေတာ"

အနီးရှိ ထမင်းဘူးလေးကို ကျွန်တော် လက်ညှိုးလေးဖြင့် ပုတ်လိုက်ပြီး…

"ကောင်းပြီ သူဇာ၊ နင်က ကိုမောင်မောင်ဌေးကို အပြစ်ရှာ။ ငါက ကိုမောင်မောင်ဌေးကို အပြစ်မရှိအောင် နေခိုင်းလိုက်မယ်၊ အပြစ်မရှိဘဲ အပြစ်တင်ဖို့ကြိုးစားမယ်ဆိုရင်တော့ ငါ ဒီဇာတ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



မှာ လူဆိုးကြီးဖြစ်သွားပါစေ၊ ငါ ကြားဝင်ရလိမ့်မယ်၊ ကျူပိတ်နဲ့ အီရတ်လိုပေါ့ဟာ။ အီရတ်သိပ်မှားနေတဲ့ အခါကျတော့ နိုင်ငံစုံတပ်ဖွဲ့က ဝင်ပြီးဖြေရှင်းရတော့ တာပေါ့"

ထိုင်ရာမှ ထ,လိုက်သည်။ သူဇာချို၏ ထမင်းဘူးကို ကျွန်တော် ယူလိုက်၏။ သော်ကတို့ရှိရာသို့ ကူးသွားခြင်းဖြင့် စကားစကို ဖြတ်ချလိုက်ခြင်းဖြစ်သည်။

✿✿✿



[ ၅ ]

ကျွန်တော့်အစ်ကို ကိုတင်စိုး၏ မင်္ဂလာလက်ထပ်ပွဲကို လုံးဝ [illegible]သိအမှတ်မပြုပါကြောင်း… အဖေနှင့်အမေနာမည်ဖြင့် သတင်းစာ [illegible]တွင် ပါလာသည်။ အမေဦးဆောင်သောကိစ္စဟု သူငယ်ချင်းများ [illegible]သည်။

မင်္ဂလာဆောင်သည့်ရက်တုန်းကလည်း အမေ့ကို မဆန့်ကျင် [illegible]နိုင် မင်္ဂလာပွဲသို့ ကျွန်တော် မသွားဖြစ်။ အမေ့မျက်စေ့ [illegible]တွင်သာ နေခဲ့ရသည်။ ယခုကဲ့သို့ အများသိအောင် ဟစ်ကြွေး [illegible]ကိုလည်း ကျွန်တော် ဘဝင်မကျ။ အမေ့မေတ္တာ၊ အမေ့ [illegible]ကိုလည်း ကျွန်တော် မြင်သာသည်။ အစ်ကို့ကိုလည်း [illegible] သနား၏။ သို့ဖြင့်…

[illegible]ရက်ပိုင်းအတွင်း ကျွန်တော် မှိုင်တွေနေဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သချ်ာဆောင်တွေဘက်သို့ပင် ခြေဦးမလှည့်ဖြစ်။ ဤသည်ကို သူဇာချို သတင်းကြားဟန်တူ၏၊ သူ့သူငယ်ချင်း, ကျွန်တော့် သူငယ်ချင်းတို့နှင့် အတူ ကျွန်တော့်စာသင်ခန်းရှိရာသို့ ရောက်လာကြ၏။ စာသင်ဆောင် အနီးရှိ စားသောက်ဆိုင်တန်းတွင် စိတ်ပြေလက်ပျောက် စကားပြော ဖြစ်ကြသည်။ ရယ်မောစရာ စကားတွေဖြင့် သူငယ်ချင်းများ ကူညီ ကုစားကြ၏။

ဝင်းထွဋ်က…

''ဘာမှ စိတ်မကောင်းဖြစ်မနေနဲ့ မင်းအစ်ကို
က နှစ်ဂိုး ဂိုးမရှိနဲ့ ပွဲသိမ်းသွားတာ။
မင်းအလှည့်ကျရင်သာ အားကျမခံ သုံးဂိုး
ဂိုးမရှိနဲ့ စံချိန်ချိုးပြလိုက်ပေါ့''

အားလုံး ရယ်မောကြသည်။ ရယ်မောသူတွေထဲတွင် သူဇာချိုမပါ။

''ဝင်းထွဋ် မနောက်ပါနဲ့တော့ဟာ…''ဟု သူဇာချို ဝင်ပြော၏။ ထို့နောက် သူဇာချိုက ကျွန်တော့်ဘက်သို့လှည့်က

''မင်းစိုး''

ခေါ်သံကြောင့် ကျွန်တော် ငဲ့ကြည့်သည်။ သူ ချင်းအားလုံး ကျွန်တော့်ကို ငေးကြည့်နေကြလိမ့်မည်ထင်၏။

''အခု နင် ဘာလုပ်ချင်လဲ၊ ငါ
လုပ်ပေးပါရစေ၊ နင့်အစ်ကိုဆီကို နင် သွားချ
သလား၊ ငါ ပို့ပေးမယ်''





ကျွန်တော် ဘာမှ ပြန်မပြောဖြစ်သေး။ သော်ကာ၏ အသံ ဖြတ်ဝင်လာ၏။

''သူ့အစ်ကိုဆီကိုသွားရင် သူ့အမေနဲ့ ပြဿနာ
တက်မှာပေါ့ဟ''

သော်ကာ၏ ထင်မြင်ချက်ကို သူဇာချို လက်ခံပုံ ရသည်။ ထိုအခါ သူဇာချိုက…

''ဒါဆို မင်းစိုး… နင်ကိုယ်တိုင် မသွားနဲ့
လေ၊ နင် မှာချင်ရာမှာပေါ့၊ နင့်အစ်ကိုကို ငါ
သွားပြောပေးမယ်။
ဒါမှ…မဟုတ် နင့်အမေမသိအောင် ငါတို့
နိုးသွားကြမယ်၊ နင် ဘာဖြစ်ချင်သလဲ ပြောဟာ…''

ကျွန်တော် ခေါင်းခါလိုက်၏။

''ဘာခေါင်းခါတာလဲ၊ နင် အခုလို
ငူငူငိုင်ငိုင်နေတာကို ငါ မမြင်ချင်ဘူး၊ ပြောဟာ…
နင် ဘာလုပ်ချင်လဲ''

''ငါ တစ်ယောက်တည်း နေချင်တယ်''

''ငါတို့ကို နင်ထုတ်နေပြီ''ဟု သူဇာချို၏သူငယ်ချင်း …မှင်းဦးက ပြုံးလျက်ပြောသည်။ သူဇာချိုက…

''မရဘူး၊ နင်တစ်ယောက်တည်း နေလို့မရ
ဘူး၊ စိတ်ညစ်နေတဲ့သူက တစ်ယောက်တည်း
နေလို့မဖြစ်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



"ငါ စိတ်ညစ်နေတာ မဟုတ်ဘူး၊ ငါ ဘာလုပ်ရင်ကောင်းမလဲ…လို့ တွေးနေတာ"

"အေး… နင် ဘာတွေးတွေး ငါပါ ကူတွေးပေးမယ်"

ထိုစကားကြောင့် ကျွန်တော် ငုံ့ကြည့်မိလိုက်သည်။ သူဇာချို၏ မျက်နှာပေါ်တွင် အားပေးသူ၏ အပြုံး။ သူဇာချိုက ဝင်းထွန်းဘက်သို့လှည့်ကာ…

"ကဲ… ဝင်းထွန်းနဲ့သော်က၊ နှင်းနှင်းဦးနဲ့ နိုင်သဇင်ကို နင်တို့ ခေါ်သွားကြတော့"

"ဘယ်ကို ခေါ်သွားရမှာလဲ"

"ဟဲ့… နင်တို့ အတန်းသွားတက်ကြတော့…လို့ ပြောတာ"

"နင်ရော မတက်ဘူးလား။ ဒီမှာ နေခဲ့မလို့လား"

"နေခဲ့မယ်၊ သူ့စိတ် ပုံမှန်ဖြစ်တဲ့နေ့ကျ ငါ အတန်းတက်မယ်"

ကျွန်တော်က…

"သူဇာ ငါ ဘာမှမဖြစ်ဘူး၊ နင် အတန်းသွားတက်"

"မတက်ဘူး၊ ငါ့ပြဿနာထဲမှာတောင် နင် ဝင်ဝင်ပါတာ အခု နင့်ပြဿနာကိုလည်း ငါ ဝင်





ဖြစ်မယ်"

ရယ်သံများကြားရ၏။ ထို့နောက် သော်က,က ထိုင်နေရာမှ ထ,ကာ

"ကဲ မင်းစိုး ငါတို့လစ်တော့မယ်၊ သူဇာချို့ စကားကို မြေဝယ်မကျ နားထောင်ပြီး နေခဲ့ပေတော့၊ စိတ်ညစ်တယ်ဆိုပြီး အင်းလျားကန်ထဲတော့ ခုန်မချနဲ့နော်…၊ တော်ကြာ ရေထဲကငါးတွေ အရေပြားရောဂါ ကူးကုန်ဦးမယ်"

ရယ်စရာစကားကြောင့် ကျွန်တော် မရယ်ချင့်ရယ်ချင် ရယ်ပြလိုက်မိသေးသည်။

※

ကျွန်တော့်နံဘေးတွင် သူဇာချိုတစ်ယောက်တည်း ကျန်ရစ်ခဲ့၏။

"နင် ဘာဖြစ်လို့ အဲဒီသတင်းစာကို လွယ်အိတ်ထဲမှာ ထည့်ထားရတာလဲ"

"ဘာရယ်လို့ မဟုတ်ပါဘူး၊ အစ်ကို့အတွက် စိတ်မကောင်းလို့ပါ"

"စိတ်မကောင်းစရာကို လွယ်အိတ်ထဲ အမြဲ ထည့်ထားတော့ အမြဲတမ်း စိတ်မကောင်းဖြစ်နေ



www.burmeseclassic.com

မှာပေါ့၊ ပေး ငါသိမ်းထားမယ့်"

"နေပါစေ သူဇာ ရတယ်၊ ငါ့ဘာသာပဲ သိမ်းထားချင်တယ်"

"တစ်နေ့တစ်နေ့ နင် ဒီသတင်းစာကို တွေ့နေရင်၊ နင် ဒီကိစ္စပဲ တွေးနေမိမှာပေါ့"

"အဲဒီလိုလည်း မဟုတ်ပါဘူး"ဟု ကျွန်တော် ပြောလိုက်သည်။

သူဇာက…

"အခု နင် ဘာဖြစ်ချင်လဲ"

ကျွန်တော် သက်ပြင်းချ၏။

"ပြောလေဟာ…"

အတန်ကြာမှ ကျွန်တော် စကားသံပြုဖြစ်သည်။

"အစ်ကိုနဲ့ အမေ့ကို အဆင်ပြေစေချင်တယ်"

"နင့်အစ်ကိုက နင့်အမေအဖေကို လာ မတောင်းပန်ဘူးလား"

"တောင်းပန်တယ်။ မင်္ဂလာမဆောင်ခင် ကတည်းက အမေနဲ့ အဖေ့ဆီမှာ ခွင့်ပြုချက်တောင်းတယ်။

သူ့အမျိုးသမီးရဲ့ အခြေအနေကိုလည်းသိ… အမေ လုံးဝ ခွင့်မပြုဘူး။ သဘောမတူဘူးပေါ့… အဲဒါနဲ့ အစ်ကိုက သူ့ဘာသာ မင်္ဂလာ…



စီစဉ်ပစ်လိုက်တာ"

"နင့်အစ်ကို မှားတယ်လို့ နင်ထင်လား"

ကျွန်တော် ခေါင်းယမ်းပြလိုက်၏။ သူဇာချို့မျက်လုံးတွေ ဝိုင်းစက်စက် ဖြစ်သွားသည်။

"ကလေးနှစ်ယောက်အမေဆို ဟုတ်လား"

"ဟုတ်တယ်"

"ကင်းကင်းရှင်းရှင်းတော့ ရှိတယ်မဟုတ်လား"

"ရှိတယ်၊ ပထမအိမ်ထောင်က ဆုံးသွားတာ ကြာပြီ"

"ဩော်…" ဟု သူဇာချို အသံပြုသည်။ ပြီးမှ ပြုံးလျက်

"အဲဒီ နင့်မရီးက ချောလား"

"မပြောတတ်ဘူး"

"နင် မမြင်ဖူးဘူးလား"

"မြင်ဖူးတယ်၊ ချောတယ်ထင်တာပဲ"

သူဇာချိုက ပိုမိုပြုံးလျက်

"ငါ့လောက် မချောဘူး မဟုတ်လား"

သူ့စကားကြောင့် ကျွန်တော် ရယ်မိ၏။ ရယ်မောစေ…ဖြင့် တမင် အရယ်စကားပြောသည်ဟု ကျွန်တော်သိသည်။

"ပြောလေ ငါ့လောက်မချောဘူး မဟုတ်လား… လို့"

www.burmeseclassic.com



"မပြောတတ်ဘူး"

"ဘာဖြစ်လို့ မပြောတတ်တာလဲ"

"နှင် ချောမချော ငါမှ မသိတာ"

ကျွန်တော့်စကားကြောင့် သူဇာချို ဟက်ဟက်ပက်ပက် ရယ်လေ၏။

အရယ်ရပ်ပြီးမှ

"ကလေးနှစ်ယောက်အမေဆိုပေမယ့် ချောလွန်း၊ လှလွန်းလို့ မစွန့်ရက်၊ မခွာရက်ဖြစ်ပြီး လက်ထပ်လိုက်တာမျိုးလား…လို့ ငါမေးချင်တာ နှင်ရော နှင့်အစ်ကိုကို မေးမကြည့်ဘူးလား"

"မေးကြည့်တယ်"

"နှင့်အစ်ကို ဘယ်လိုဖြေလဲ"

ကျွန်တော် ဖြေမည့် ပြောမည့်ဟန်ပြင်ပြီးမှ စကားလုံးတွေကို မျိုချပစ်လိုက်သည်။

"ဖြေလေဟာ"

"မဖြေချင်သေးဘူးဟာ"

"ဘာဖြစ်လို့လဲ"

"ငါ့အစ်ကို ဘာတွေပြန်ပြောတယ်ဆိုတာ ငါ အသေးစိတ် ပြန်မပြောချင်သေးဘူးသူဇာ၊ ဒါပေမဲ့ တစ်ခုတော့ ငါ ပြောနိုင်တယ်၊ အဲဒါ ဘာလဲဆိုတော့ ခုနက နှင်ပြောသလို ငါ့အစ်ကိုက အချောအလှ





ကြောင့် မစွန့်ရက် မခွာရက်ဖြစ်ပြီး လက်ထပ်ခဲ့တာ မဟုတ်ဘူးဆိုတာဘဲ"

သူဇာချိုက ကျွန်တော့်ကို တွေတွေလေးငေးကြည့်ရင်း

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ သွက်သွက်လက်လက် နေတတ်တဲ့ နှင့်ကို ငူငူငိုင်ငိုင် မမြင်ချင်ဘူး၊ အဲဒါ ငါ့ဆန္ဒပဲ။

နှင့်မှာသာ ရည်းစားရှိရင် အခု ငါပြောသလို အားပေးစကားတို့၊ ဆွေးနွေးရင်ဖွင့်တာတို့ကို အဲဒီ ရည်းစားလုပ်ရမှာ။

အခု နှင့်မှာ ရည်းစားမရှိတော့ ငါက ကြားဝင်ပြီး အားပေးနေရတယ်၊ နှင် ဘာဖြစ်လို့ ရည်းစားမထားတာလဲ မင်းစိုး…"

ပြုံးလျက် မေးသည်။

ပြုံး၍ ဖြေအားမရှိ။

"ဟဲ… ဖြေလေဟာ"

"ငါ့ကို မနှောက်ပါနဲ့ သူဇာရယ်၊ နှင်ပြောသလို ငါ ငူငူငိုင်ငိုင်လည်း မနေတော့ပါဘူး၊ ရည်းစားလည်း မထားပါရစေနဲ့"

အကြည့်၊ လေသံ၊ စကား၊ အမူအရာ၊ အားလုံးကို လုံခြုံအောင် ဖုံးဖိရင်း ရယ်မောလျက် ကျွန်တော် ဖြေလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူဇာချိုက...

"အဲဒါဆိုရင် နင် စိတ်ညစ်စရာ ဘာမှ မတွေးနဲ့တော့၊ အတန်းအားတာနဲ့ ငါတို့တက်ကိုလာ၊ ငါ အတန်းအားတာနဲ့ နင့်ဆီကိုလာမယ်၊ ဟုတ်ပြီလား"

ကျွန်တော် လက်ကာလိုက်ပြီး...

"ငါပဲလာမယ် နင် မလာနဲ့၊ တော်ကြာ နင့်ဆီကို ကိုမောင်မောင်ဌေးလာရင် လွဲနေလိမ့်မယ်"

"သူ မလာဘူး၊ ငါ ဗိဇာပိတ်ထားတယ်"

"ဟာ... နင် အဲဒီလိုမလုပ်နဲ့လေ၊ သမီးရည်းစားဆိုတာ ကြာကြာစိတ်ကောက်လို့ မကောင်းဘူး၊ ပိုက ဒီလောက် မြတ်မြတ်နိုးနိုး ဖြစ်နေတာကို နင် ဘာဖြစ်လို့ အနိုင်ကျင့်နေတာလဲ"

"မင်းစိုး"

"ဘာလဲ"

"အခု ငါ ဒီမှာကျွန်ခဲ့တာ နင့်ကိစ္စကို ကူညီဖို့ အားပေးစကားပြောဖို့ ကျန်ရစ်ခဲ့တာနော်၊ ငါ့ကိစ္စကို နင် ဝင်ရှုပ်ဖို့၊ ဆရာဝင်လုပ်ဖို့ နင့်ဩဝါဒကိုခံဖို့ ငါ ကျန်ရစ်ခဲ့တာ မဟုတ်ဘူး"

"နင် ငါ့ကို စကားနိုင်မလုနဲ့သူဇာ၊ နင် ရည်းစားထားတာက ဥဩငှက်တွေ ဥ.ဥသလိုမျိုး





ဖြစ်နေတယ်၊ ဥပြီး သူတစ်ပါးအသိုက်ထဲမှာ ပြီးပြီး ရော ပစ်ထားခဲ့တာမျိုး။

ဒါ ကျွန်မရည်းစားလို့ပြောပြီး ထုံးတို့ထားခဲ့တဲ့ အတိုင်းပဲ၊ လှည့်မကြည့်တော့ဘူး။ ထုံးအတို့ခံရတဲ့ သူက ဒါ ငါ့ချစ်သူလေး တို့ခဲ့တဲ့ ထုံးစက်လေး ပါလား...လို့ တသသတွေးပြီး ကျန်ရစ်ခဲ့အောင် နင် လုပ်နေတာလား"

ကျွန်တော့်စကားကြောင့် သူဇာချို ရယ်လေ၏။ ပြီးမှ...

"ငါ့ဘာသာ ထုံးပဲတို့တို့ ဖယောင်းစက်ပဲချချ အချိန်တန်ရင် နွားပိန်ကန်လိမ့်မယ်။

ငါ မနှစ်သက်ဘူးလို့ ပြောခဲ့တဲ့ အလုပ်ကို တောင် ရပ်မပစ်တဲ့လူတစ်ယောက်က သူ့အလုပ် ထက် ငါ့ကို ပိုမချစ်နိုင်ပါဘူး၊ အဲဒါကို နင် ထည့်တွေးပေးဦး။

ကြားဝင်တယ်ဆိုရင်လည်း ဝင်တတ်မှဝင်၊ ဘက်မလိုက်နဲ့၊ ဦးနှောက်က ရွေးသင့်တယ်ထင်လို့ ငါ ရွေးခဲ့ပြီးပြီ။

နှလုံးသားက လက်ခံမခံ စဉ်းစားမိတဲ့အချိန် မှာ... သူ့ဘက်က အပြစ်ကင်းနေဖို့လိုတယ်"

ကျွန်တော်က...



www.burmeseclassic.com

www.burmeseclassic.com



''အပြစ်မြင်မဲ့မျက်လုံးနဲ့ကြည့်ရင် အပြစ်ပဲ မြင်မှာပေါ့ သူစာ...''

သူစာချို မဲ့မဲ့လေး ပြုံး၏။

''ငါက မိုင်းရှာတဲ့ ကိရိယာကို ကိုင်ထားတာ၊ ကိုမောင်မောင်ဌေးဆီမှာ မိုင်းဖုံးမရှိမချင်း ဘာပြဿနာမှ တက်မှာမဟုတ်ဘူး။ ငါပြောတာ ရှင်းတယ်နော် မင်းစိုး''

ကျွန်တော် မျက်နှာတည်တည်ဖြင့်...

''ရှင်းတယ် ဘယ်လောက်အထိ ရှင်းသလဲ ဆိုရင် နင့်လက်ထဲမှာ မိုင်းရှာတဲ့ ကိရိယာရော၊ စနက်တံဖြုတ်ပြီးသား လက်ပစ်ဗုံးရော ငါတွေ့နေတယ်၊ နင် ပစ်မှတ်ကို မထိ့ထိအောင် ပစ်တော့မယ် ဆိုတာ ငါသိနေတယ်''

အသံထွက်မှ ရယ်မော၏။

ကျွန်တော့်စိတ်ညစ်စရာတွေ သူ့ကြောင့် ထွက်ပြေးကုန်ပြီ ထင်ရ၏။

သူ ရယ်မောနိုင်ရက်သည်။



[ ၆ ]

အိမ်မှာ မပျော်သည်လည်း မဟုတ်။ ပျော်သည်လည်း မဟုတ်။ အစ်ကိုက ကျောင်းပြီးစ အလုပ်ဝင်စတွင် အိမ်ထောင်သည်ဘဝ ရောက်ခဲ့ပြီ။

မိသားစုနည်းရာမှ၊ တစ်ယောက်လျော့ပါးနေသည့် လစ်ဟာခံစားမှုထက်၊ ပိုရှုံခံစားရသည်။ မပြေမလည်ဖြင့် လစ်ဟာသွားရသည့် အိမ်၏ကွက်လပ်။

အချိန်တန့်အရွယ်ရောက် အိမ်ထောင်ပြု ဖြစ်စဉ်မျှသာ ဆိုရမည်။ သို့သော် အစ်ကို့ဖြစ်စဉ်သည် မိဘနှင့် ဆန့်ကျင်ဘက်သို့ ကြုံခဲ့ရ၏။ မဆန့်ကျင်ဘဲ အိမ်ထောင်ခွဲသွားရုံဆိုလျှင် လွမ်းရရုံမျှသာ။ ယခုမူ ကျွန်တော့်မှာ လွမ်းစရာအပြင် စိတ်မကောင်းစရာက ဒွန်တွဲလျက် ပါဝင်ခံစားရ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းမှာလည်း အိမ်ကဲ့သို့ပင် မပျော်သည်လည်း မဟုတ်။ ပျော်သည်လည်းမဟုတ်။ ကာလအခြေအနေကြောင့်ဟု ထင်၏။ အတန်းဖော် သူငယ်ချင်းအချင်းချင်း ပြောဆို ဆွေးနွေးကြစရာ စကားအကြောင်းအရပ် ပါးလှပ်ရှားပါးလွန်းရသည်။ မည်သည့် အကြောင်းအရာကို မည်သို့ပြောပြော များသောအားဖြင့်တော့ ကျွန်တော်နှင့် သူဇာချိုအကြောင်း။ သို့မဟုတ် သူဇာချိုနှင့် ကိုမောင်မောင်ငွေးတို့အကြောင်းတွေသာ စကား မြားဦးလည်ကြလေ၏။

အိမ်၊ ကျောင်း၊ ပြင်ပ ဤသုံးဝမှာ ပျော်လှသည်လည်း မဟုတ်။ ပျော်မရသည်လည်း မဟုတ်။ ပျော်တစ်လှည့် မပျော် တစ်လှည့်ဖြင့်၊ ပျော်မောရက်တို့ များခဲ့သည်။

"မင်းက သူဇာချိုကို ချစ်နေ ကြိုက်နေတာ
သူဇာချို မသိဘူးလို့ မင်းထင်နေသလား"

စီးပွားရေးတက္ကသိုလ် စားသောက်ဆိုင်တန်းဘက်မှ အထွက်တွင် သော်က၏ လမ်းလျှောက်စကား။ ဘေးဘီ ကြားသွားမည်ကိုပင် စိုးရိမ်မိလိုက်၏။

"တစ်နေ့တစ်နေ့ ဒီကိစ္စပဲ မင်းတို့ လာလာ
နှောက်နေတယ်"





"နှောက်တာမဟုတ်ဘူး၊ ငါ တကယ်မေးတာ၊ မင်းရဲ့ ဂရုစိုက်မှုတွေကို ချိန်ဆကြည့်ရုံနဲ့ သူဇာချို ရိပ်စားနိုင်လောက်တယ်"ဟု သော်က ပြော၏။

"ငါက ထွေထွေထူးထူး ဘာများ ဂရုစိုက်မိ
လို့လဲ၊ ပြောစရာရှိတာပြော၊ ဆိုစရာရှိတာဆို၊
ဒါပဲလေ"

"သူကလည်း မင်းကို ဂရုစိုက်ပါတယ်"ဟု ဝင်းထွဋ်ရှ ဝင်ပြော၏။ အနှောင့်အသွားမလွတ်သည့် မျက်နှာထား။

ကျွန်တော်က…

"ဘာပဲဖြစ်ဖြစ် ငါ့ရင်ထဲကကိစ္စကို မင်းတို့
နှစ်ယောက်ပဲ ငါ အသိပေးဖူးတာ။
မင်းတို့ အသိမပေးဘဲ ဘယ်သူမှ မသိနိုင်
ဘူး"

မျက်နှာနှစ်ခုကို စစ်စစ်ဆေးဆေးကြည့်ရင်း ကျွန်တော် ပြောလိုက်၏။

"နှောက်ပြီး ငါ အခု သူဇာ့ဘေးမှာ ရှိနေတာ
ဟာ ပိုးပမ်းနေတာမဟုတ်ဘူး၊ သူငယ်ချင်းအဖြစ်နဲ့ကို
ငါ ရှိနေတာ"

ဝင်းထွဋ်ရှက သော်ကာဘက်သို့လှည့်ပြီး ဦးခေါင်း၏ တစ်ဖက် တစ်ချက်တွင် လက်ညှိုးတစ်ချောင်းစိထောင်လျက် ကျွန်တော်မြင်အောင် ပြုမူရင်း…



www.burmeseclassic.com

www.burmeseclassic.com



''သော်က ဒါ ဘာလဲ''

သော်က,က ''ယုန်''ဟု ဖြေ၏။ ဝင်းထွင့်က လွယ်အိတ်ထဲမှ ကွန်ပါဘူးကို ထုတ်ယူပြီး…

''ဒါကော ဘာလဲ''

''ဘူး''ဟု သော်ကဖြေ၏။

''ယုန်နဲ့ဘူးနဲ့ပေါင်းတော့…''ဟု ဝင်းထွင့် စကားလမ်းကြောင်း ခင်း၍မေးသည်။ သော်က,က…

''ယုံဘူး''ဟု ဖြေ၏။

ကျွန်တော် မျက်နှာ တည်ပစ်လိုက်သည်။

မာလာဆောင်ရှေ့ ကားမှတ်တိုင်ဘက်သို့ ကွေ့ပြီးသည်အထိ သူတို့ကို ကျွန်တော် စကားမပြောတော့ချေ။ ကားလမ်းတစ်ဖက်သို့ တစ်ယောက်တည်း ကူးမည်အပြု သော်က,က…

''စိတ်မဆိုးနဲ့မင်းစိုး''

လွယ်အိတ်ကို ဆွဲထားပြီး အရယ်မျက်နှာဖြင့် ပြောသည်။

''သူ့ဇာချို့နှလုံးသားကို မင်း လျှော့တွက်ထားမှာစိုးလို့ ငါတို့ပြောတာ။

ငါတို့ နောက်နေ ပြောင်နေတာဟာ ရယ်စေချင်လို့ မဟုတ်ဘူး။ လိုအပ်ချက်တစ်ခုကို တိုက်ရိုက်သိသွားအောင် အရွှန်းဖောက်ပြီး ပြောရတာ။

လောကကြီးမှာ တချို့ကိစ္စတွေက ဖြစ်စေချင်တာကို တိုက်ရိုက်ပြောလိုက်ရင်





ပြောတဲ့သူ အကုသိုလ်ဖြစ်တတ်တယ်။

အခု မင်းကိစ္စမျိုးပေါ့။ အပြောမတတ်ရင် သူများ ရည်းစားကို အလုခိုင်းနေရသလိုပဲ။

တကယ်တမ်း ငါတို့ဆိုလိုချင်တာက သူ့ဇာချို့ မင်းကို သံယောဇဉ်ပိုနေတယ်။ အဲဒီတော့ မင်း အနေနဲ့ ရင်ထဲမှာ ရှိတဲ့အတိုင်း ပွင့်လင်းချင်ရင် ပွင့်လင်းလိုက်၊ ဒါမှမဟုတ်ရင် သူ့သံယောဇဉ်တွေ ပိုတိုးမလာခင် မင်း သူနဲ့ ဝေးဝေးနေ၊ အဲဒါပဲ''

ကျွန်တော်က ကားလမ်းကူးလုလုခြေလှမ်းကို ပလက်ဖောင်းပေါ်သို့ ပြန်တင်လိုက်ပြီး…

''သံယောဇဉ်တိုးတာပဲ ဘာဖြစ်လဲ''

''ဟော့ကောင် မင်းစိုး၊ အ,ချင်ယောင်ဆောင် မနေနဲ့။ သံယောဇဉ်…လို့ စကားနုအောင် ရွေးပြီးပြောတာကွ၊ သူ့ တန်ဖိုးကို ထိခိုက်မှာစိုးလို့ ဝေါဟာရတွေ ရွေးတာပြီး ပြောနေရတာ''

ကားလမ်းမကူး၊ နောက်သို့မလှည့်။

ရှေ့တည့်တည့် ပလက်ဖောင်းမျက်နှာပြင်ကို ခေါင်းငိုက်စိုက်မိသည်။ ပြီးမှ ကောင်းကင်ကို မရောက်တရောက် မော့ကြည့်ရင်း…

''ဒီတစ်သက်မှာ သူ့ဇာ ချစ်ရမယ့်သူနဲ့ လက်ထပ်ရမယ့်သူဟာ တစ်ယောက်တည်းဖြစ်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်၊ အဲဒီ တစ်ယောက်တည်းဟာလည်း ကိုမောင်မောင်ဌေးပဲ ဖြစ်ရလိမ့်မယ်၊ ကျန်တာတွေ မင်းတို့ ဘာမှတွေးမနေနဲ့တော့''

ဝင်းထွဋ်က...

''မင်းက သူဇာချိုကို ဟိုတုန်းကတည်းက ချစ်ခဲ့၊ ကြိုက်ခဲ့တယ်ဆိုတာ သူဇာချို သိထားရင် မင်း ဘာလုပ်မလဲ''

''ဘာမှမလုပ်ဘူး၊ ဘာမှလုပ်လို့ မရတော့ဘူး၊ ချစ်သူရှိပြီးသားသူကို ချစ်ခဲ့မိတဲ့အတွက် အဲဒီစိတ်ကို ရပ်ပစ်လိုက်ရုံပဲ။

သူ သိသိ၊ မသိသိ ငါလုပ်ရမယ့်အလုပ်ကို ငါသိတယ်၊ နောက်ပြီး မင်းတို့ပါးစပ်ကို လုံလုံခြုံခြုံ လေးထားရင် သူသိစရာအကြောင်းမရှိဘူး''

''ငါတို့က ပါးစပ်မလုံရင်ကော''ဟု သော်က ပြော၏။ ကျွန်တော် စိတ်ကို တည်ကြည်စွာထားလျက်...

''မင်းတို့ပါးစပ် မလုံခဲ့ရင်လည်း ငါ့ပါးစပ်ကိုငါ လုံအောင် ထားပြီးသားပါပဲ''

စိတ်တည်ကြည်လိုသော်လည်း ပြောလိုက်ရသည့် စကား မှန်ကြောင့် နှလုံးသားသည် ဆတ်ခနဲ ခါသွား၏။

❀ ❀ ❀

[ ၇ ]

သုံးလေးလအတွင်း အမေ စိတ်မလျော့။ ကျွန်တော်က အစ်ကို့ကို သတိရကြောင်း မကြားတကြားဆိုသည်။ အမေ မျက်မှောင်းထိုးသည်။ 'ဟင်း ဟင်း'သံ ပြုသည်။ အဖေကတော့ စိတ်မကောင်းရုံမျှသာ ဖြစ်၏။ အမေကဲ့သို့ မာမာထန်ထန် မဖြစ်။

အစ်ကိုရှိရာသို့ ကျွန်တော် ခိုးသွားသည်။ သူဇာချို အဖော်လိုက်ခဲ့သည်။ သူဇာချို၏ အကြံပြုခြင်းများကြောင့်သာ အစ်ကို့အိမ်သို့ ကျွန်တော် အမေမသိအောင် သွားရဲခြင်း ဖြစ်၏။ တစ်ယောက်တည်းဆို သတ္တိနည်းနေပေဦးမည်။ အစ်ကို့အိမ်သို့ သူဇာချိုနှင့်ကျွန်တော် ရောက်ခဲ့သည်မှာ လေးငါးဆယ်ခေါက် မက တော့ချေ။

❀

www.burmeseclassic.com

www.burmeseclassic.com



"ညီလေး အဲဒါ… မင်းရည်းစားလား"ဟု သူဇာချို့ကို ရည်ရွယ်၍ မေးသည်။

"ဟာ။ မဟုတ်ဘူးအစ်ကို၊ အဲဒါ သူငယ်ချင်း"ဟု ကျွန်တော် လေသံအုပ်ဖြင့် ဖြေရသည်။ အစ်ကို့ဇနီးက ပြုံးနေ၏။ အစ်ကို့ဇနီး ကျွန်တော့်မရီး၏ အမည်မှာ မသန်းသန်းဟု သိထားသည်။ မိန်းမပြတ်အင်္ဂါရုပ်နှင့် ပြည့်ဝသူဟု ကျွန်တော် အကဲခတ်မိ၏။

"ရည်းစားမဟုတ်ရင်လည်း ဟုတ်အောင် ကြိုးပမ်းလိုက်ပါလား… ညီလေးရေ၊ မင်းနဲ့လိုက်တယ်၊ စကားပြောတာကိုက မင်းအပေါ် ဖေးဖေးမမရှိတယ်"

အစ်ကို့ပါးစပ်ကို ကျွန်တော် မမှီမကမ်း လိုက်ပိတ်ရသည်။ ဧည့်ခန်းတွင် ထိုင်ကျန်ရစ်ခဲ့သော သူဇာချို ကြားသွားနိုင်လောက်၏။

"အစ်ကို… မပြောပါနဲ့တော့ အစ်ကိုရာ၊ ကြားသွားရင် မကောင်းဘူး၊ သူ့မှာ ဟိုဟာ… ရှိတယ်"

ကျွန်တော် လေသံသဲ့သဲ့မျှ ပြော၏။ အစ်ကိုက…

"ဘာဟိုဟာလဲ…"

"ဟို… ရည်းစားရှိတယ်၊ သူ့ရည်းစားက သူ့ဌေး"

အစ်ကိုက သူ့ဇနီးကို တစ်ချက်၊ အိမ်ရှေ့ဘက်ကိုတစ်ချက်





ကြည့်ပြီး…

"ရည်းစားရှိရင် မင်းနဲ့ ဘာလို့တွဲနေတာလဲ"

"အာ… တွဲတာမဟုတ်ပါဘူး အစ်ကိုရာ…၊ အဖော်လိုက်လာတာပါ၊ ပြီးတော့ သူ့ရည်းစားနဲ့ သူနဲ့က သိပ်အဆင်မပြေဘူး၊ ကျွန်တော် ဝင်ဝင် ထိန်းပေးနေရတာ၊ ဟိုးတစ်ခါ ရည်းစားရှိတဲ့ ကောင်မလေးတစ်ယောက်အကြောင်း အစ်ကို့ကို ကျွန်တော် ပြောဖူးတယ်လေ၊ အဲဒါ သူပေါ့"

"မသိပါဘူး၊ မင်း ဒီကိုလာတိုင်း သူ တစ်ယောက်တည်း ပါပါလာတော့ သူငယ်ချင်းလို့ မထင်မိဘူး"

"တကယ့်သူငယ်ချင်းပါ၊ ပြောမနာဆိုမနာ၊ သူ့ကိစ္စ၊ ကိုယ့်ကိစ္စ တိုင်ပင်ကူညီနေကျ၊ အစ်ကို့ဆီ အမေမသိအောင် လာဖို့တောင် သူတိုက်တွန်းတာ။

ပြီးတော့ အမေနဲ့ အစ်ကိုနဲ့ အဆင်ပြေဖို့ သူနဲ့ ကျွန်တော် ပူးပေါင်းစီစဉ်ကြမှာ၊ သူက အကြံပေး၊ ကျွန်တော်က အကောင်အထည်ဖော် ပေါ့။

အစ်ကို ကျွန်တော်တို့နှစ်ယောက်ကို မနောက်ကောင်းဘူးနော်၊ ငရဲကြီးလိမ့်မယ်"

အစ်ကိုက ရယ်မောလျက်…



www.burmeseclassic.com

www.burmeseclassic.com



''ငါ မနောက်ပါဘူး၊ တကယ်ပြောနေတာပါ၊ မင်းရဲ့ သူငယ်ချင်းပဲပြောပြော၊ သူစိမ်းပဲပြောပြော၊ ငါ့မျက်စေ့ထဲမှာ အဲဒီ ကောင်မလေးဟာ မင်းနဲ့ ရေ့သွားနောက်လိုက် အညီဆုံးပဲ၊ အမေ မြင်သွားရင်တောင် အမေ မျက်စေ့ကျမယ့် မိန်းကလေးမျိုး''

အစ်ကို့ဇနီးက ပြုံးလျက်…

''ကဲ ညည်းသည်ကို တစ်ယောက်တည်းထားပြီး ဒီမှာ စကားပြောနေကြတယ် အားနာစရာ၊ အိမ်ရှေ့မှာ သွားပြောကြလေ''

''ဟုတ်ကဲ့''ဟုပြောပြီး ကျွန်တော် ထိုင်ရာမှ ထသည်။ အစ်ကို လှမ်းဆွဲ၏။

အိမ်ရှေ့သို့ ကျွန်တော် လွတ်အောင်ပြေးသည်။

ꩮ

အပြန်လမ်းတွင် နေသည် ပြင်းလွန်းနေ၏။ သူဇာချို ကျွန်တော့်ကို ထီးမိုးပေးသည်။ မမိမကမ်း မိုးပေးနေရသည်ကို အားနာသဖြင့် သူလက်ထဲမှ ထီးကိုယူပြီး ကျွန်တော် မိုးပေးလိုက်၏။

ဖြူနုသော ပါးပြင်သည် နီတျာနေ၏။ ခရမ်းရောင်ထီး၏ အလင်းရိပ်ကြောင့် နီတျာတျာပါးပြင်သည် ကြည်ပြာရောင်သဲ့သဲ့ဖျ လဲ့နေသယောင် ထင်၏။ နဖူးဆံစပ်ရှိ ချွေးစက်တို့က သူ့မျက်နှာကို





ပို၍ ဝင်းပနေစေသည်။

''နောက်တစ်ပတ်လောက်ဆို နင့်အစ်ကို တစ်ယောက်တည်း အိမ်ကို လာလို့ရပြီ၊ ပြီးမှ နှစ်ယောက်စလုံး လာပြီးကန်တော့ဖို့ နင် ကြိုးစားလိုက်၊ သိပ်တော့ မလောနဲ့နော်''

''အေးပါ''ဟု ကျွန်တော် ပြောရင်း သူ့မျက်နှာထက်တွင် ချွေးစက်တွေကို မြင်သည်။ ထို့ကြောင့်…

''နောက်တစ်ခါ ဒီကိုလာရင် နင် လိုက်လာဦးမှာလား သူဇာ''

''လိုက်မှာပေါ့၊ ဘာဖြစ်လို့လဲ''

''ငါ အားနာလို့ပါ''

''အားနာတယ်ဆိုရင် ဟိုး… ပထမ တစ်ခေါက်ကတည်းက ခေါ်မလာနဲ့ပေါ့…ဟဲ့၊ ဟွန်း… စကားပုံက ဘုရားပြီးရင် ငြမ်းဖျက်ပဲ ကြားဖူးပါတယ်၊ အခုဟာက ဘုရားတောင် မတည်ရသေးဘူး ငြမ်းဖျက်ဖို့ စကားစပြီ၊ ရတယ်မင်းစိုး နောက်အခေါက်တွေ ငါ မလိုက်တော့ပါဘူး၊ နင်တို့မိသားစု ပြေလည်ရင် ပြီးတာပဲ၊ အထူးသဖြင့် နင် စိတ်ချမ်းသာနေပြီဆိုရင် ပြီးပြီ''

ပါးလှပ်စွာ တည်တင်းလျက် စကားနာထိုးခြင်းဟု ကျွန်တော် နားလည်သည်။



www.burmeseclassic.com

www.burmeseclassic.com



''ငါ တကယ်အားနာလို့ပါ သူဇာရယ်၊ အခုကြည့်… နင် ဖတ်ဖတ်မောနေပြီ''

မျက်စောင်းထိုး၏။ နေပူခြင်းကို မှိန်ဖျော့ငုပ်လျှိုးသွားစေသော မျက်စောင်း။

''နင့်အစ်ကိုက နင့်ကို ငါနဲ့နောက်လို့၊ ပြောင်လို့ ငါ့ကို မလိုက်စေချင်တော့တာ မဟုတ်ဘူးလား မင်းစိုး''

''အစ်ကို့စကားတွေ…၊ အဲဒါတွေ နင်ကြားတယ်… ဟုတ်လား''

''တစ်စွန်းတစ်စ ကြားတာပါ။ နင့်ဂုဏ်သိက္ခာကို ထိခိုက်သွားမယ်ဆိုရင် ငါ တောင်းပန်ပါတယ်၊ ငါ နောက် မလိုက်တော့ပါဘူး''

အစ္ဆဲ့စကား။

''အဲဒါကြောင့် မဟုတ်ပါဘူး သူဇာရယ်၊ နင့်ကို ငါ တကယ် အားနာတာပါ၊ ပင်ပန်းတာကိုလည်း အားနာတယ်၊ ပြီးတော့ အစ်ကို့ ထင်မြင်ရာစကားတွေအတွက်လည်း အားနာမိလို့ပါ၊ နင့်ကို လိုက်မလာစေချင်လို့ မဟုတ်ပါဘူး။ နင်ရှိရင် ငါ အားရှိတာပဲ၊ ဒါပေမဲ့ ကိုမောင်မောင်ဌေးကိုလည်း အားနာတယ်''

''အားနာစရာ မလိုဘူး၊ ဒီကိုလာတာ





သူလည်း သိတယ်''

''ဟုတ်လား။ ဒါဆို နင်က ကိုမောင်မောင်ဌေးရဲ့ ခွင့်ပြုချက်နဲ့ လာရတာပေါ့''

မခံချင်မှန်းသိ၍ တမင်နောက်ပြောင်လိုက်ခြင်း ဖြစ်သည်။

''ခွင့်တောင်းလာတာ မဟုတ်ဘူး၊ အသိပေးလာတာ၊ ဘာကိုပဲလုပ်လုပ် ခိုးချောင်ခိုးဝှက် မလုပ်ဘူးဆိုတာ သိစေချင်လို့၊ တမင် အသိပေးထားတာ''

''အသိပေးဖို့တော့ နင် သတိရသားပဲ၊ မဆိုးပါဘူး၊ နင် ကိုမောင်မောင်ဌေးကို အလေးအနက် ထားသားပဲ၊ ကောင်းတယ် သူငယ်ချင်း၊ နင်တော်တယ်''

သူ တစ်ခုခု ပြန်ပြောမည်ပြင်၏။

အာရုံလွှဲစေရန် ဆောင်းထားသောထီးကို ကျွန်တော် ပိတ်လိုက်သည်။ ပြီးမှ ပြန်ဖွင့်သည်။ ပြီးနောက် မမိုနိုင်လောက်သော ယွက်ခွာစ ဘတ်စ်ကားကို လက်ညှိုးထိုး၍ တစ်လှမ်းနှစ်လှမ်းပြေးဟန် ပြုလိုက်၏။ ကားမှတ်တိုင်ဆီသို့ အာရုံရောက်သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com

[ ၈ ]

အိမ်သို့ အစ်ကို ဝင်ထွက်ခွင့် ရလာသည်။ မသန်းသန်း၏ သားသမီးနှစ်ယောက်ကို မသန်းသန်း၏ မိဘများထံတွင် ထားကြောင်း၊ အဖေ မေးသဖြင့် အစ်ကို ပြောသံ ကြားရသည်။

နှစ်လ သုံးလအတွင်း အမေ စိတ်လျော့လာသည်။ ချွေးမဖြစ်သူ လိုက်ပါလာသည်ကို ကန့်ကွက်စကား မဆို။ နောင်သော် တစ်ပတ်ကို တစ်ရက်၊ နှစ်ရက်ခန့် အစ်ကိုတို့လင်မယား အိမ်သို့ မရောက်လာကြ၏။

မိသားစု ပြန်လည်မိုပြေလာသည်။ ကျွန်တော် စိတ်ကြည်နူး ပြုလာရ၏။ အကြံပြုဖော်၊ အားပေးဖော်ဖြစ်သော သူဇာချိုကို [illegible] ကျေးဇူးတင်ဖြစ်သည်။ 'သူဇာချို' ဟူသော အမည်နာမကိုပင် မိသားတစ်စုလုံး သိကြားပြောမှတ်လာကြ၏။

www.burmeseclassic.com

www.burmeseclassic.com



'မည်သူမည်ဝါ'ဟု အမေမေးသောအခါ 'သူငယ်ချင်း'ဟု ကျွန်တော် ဖြေသည်။ အမေ မယုံကြည်စွာ ပြုံးဟန်ပြု၏။ ထိုအခါ ကျွန်တော်က အမြင်ရှင်းလင်းအောင် အမှန်ကို ဝန်ခံပြီး အသေးစိတ် ပြောပြဖြစ်လေသည်။

"သူ့မှာ ရည်းစားရှိတယ်... အမေရဲ့"ဟု ပြုံးကာ ရွှင်ကာ ပြောရင်း ကျွန်တော် စကားအစပျိုးရသည်။ စကားအစ၏ ဇာတ်လမ်း အပျိုးသည် ကျွန်တော် တတိယနှစ် စတင်တက်ရောက်ခါစ နေ့ရက်များအကြောင်းဖြစ်သည်။

အဖေအမေရှေ့တွင် ပြောမပြချင်သော်လည်း အစ်ကိုဖြစ်သူ၏ အနောက်ပြောင်တို့ ရှေ့သို့ တိုးမလာစေရန် အဖြစ်မှန်ကို သိထားမှ သင့်လျော်မည်ဟု ယူဆသဖြင့် ကျွန်တော် ပြောပြရခြင်း ဖြစ်၏။

ပြုံးကာ ရွှင်ကာ ပြောပြရခြင်းဖြစ်သော်လည်း တကယ်တမ်းကျတော့ နှလုံးသား၊ လုံးပါးပါးခဲ့ရသည့် ဖြစ်စဉ်တစ်ခု ဟု ကိုယ့်ကိုယ်ကိုသာ ကိုယ်သိထားသည်။

ꕥ

ကားပေါ်မှအဆင်း ပလက်ဖောင်းပေါ်သို့ လှမ်းအတက်တွင် ကျွန်တော့် ညာဘက်ဖိနပ် နောက်ပြီးကို တစ်စုံတစ်ယောက်က ဖိနင်းလိုက်၏။ လွယ်အိတ်ကိုပါ ဆွဲလိုက်သေးသည်။





အမှန်ကတော့ ထိုတစ်စုံတစ်ယောက်သည် ကျောင်းသူ တစ်ဦးဖြစ်၏။ သူ့နံဘေးမှ ရေးကြီးသုတ်ပြာဖြင့် ထွက်ခွာသွားသော ဘတ်စ်ကားငယ်တစ်စီး၏ အထိအပါးကို တတ်ကျွမ်းသလို တိမ်းရှောင်လိုက်ရင်း ယခုကဲ့သို့ ကျွန်တော့်ဖိနပ်နောက်ပြီးကို တက်နင်းပြီးသား၊ ကျွန်တော့်လွယ်အိတ်ကိုင်းကို မမိမကမ်း ဆွဲကိုင်ပြီးသား ဖြစ်သွားဟန် တူပါ၏။

စက္ကန့်ပိုင်းအတွင်း အားနာစွာ သူရယ်ပြသည်။စက္ကန့်ပိုင်း အတွင်း ကျွန်တော့် ကတ္တီပါဖိနပ် နွမ်းနွမ်းလေး၏ သည်းကြိုး သည်လည်း ပြင်ပသို့ လွတ်လွတ်ကျွတ်ကျွတ် ရှည်ထွက်လာလေ သည်။

ပလက်ဖောင်းစပ် ကားမှတ်တိုင်ရှိ လူတွေ၏ရှေ့မှာတော့ ဖိနပ်ကို ဘာမှသိပ်မဖြစ်သလို အမူအရာဖြင့် ဒရွတ်တိုက်ပြီး ဂိုးခဲ့ သည်။ သို့သော် ရာမညဆောင်ဘက် ဝင်းတံခါးပေါက်ကို ဝင်ခါနီးမှာတော့ ခြေထောက် နည်းနည်းကြွရမည့်နေရာလေးတစ်ခု ရှိသည်။ ထိုနေရာ ချိုင့်ဝှမ်းလေးသို့အရောက်မှာပင် ကျွန်တော် မည်သည့်ပတ်ဝန်းကျင် ကိုမျှ မကြည့်တော့ဘဲ ဖိနပ်နွမ်းနွမ်းလေးကို ခပ်တည်တည်ဖြင့် ကောက်ကိုင်လိုက်ပြီး ကျောင်းဝင်းထဲသို့ ဒီအတိုင်း ဝင်လာလိုက် သည်။

အခြား ကျောင်းသားကျောင်းသူများကတော့ ရင်ဘတ်တွင် ကျောင်းသားကတ်လေးတွေကို စည်းကမ်းတကျ ထိုးချိတ်လျက် ပဝင် အထွက်ပြုကြသည်။ ကျွန်တော်ကတော့ ညာဘက်ခြေထောက်တွင်



www.burmeseclassic.com

www.burmeseclassic.com



သည်း ကြိုးပြတ်ကတ္တီပါဖိနပ်နှင့် ဘယ်ဘက်တွင် တွယ်ချိတ်ဟထား သော ကျောင်းသားကတ်ကို တပြေးညီ ကိုင်တွယ်လျက် စာသင် ဆောင် အဝင်ဝသို့ လှမ်းခဲ့မိသည်။

ရာမညဆောင်အနီးသို့အရောက် ကျောင်းသားကတ်ကို လွယ်အိတ်ထဲသို့ ထည့်သည်။ ပြီးနောက် သည်းကြိုးပြတ်ဖိနပ်ကို ပယ်ပယ်နယ်နယ်ကိုင်ပြီး သည်းကြိုးထည့်ရာနေရာသို့ ထိုးထည့် သည်။ မဝင်ချင့် ဝင်ချင်။

တုတ်ချောင်းတစ်ချောင်းနှင့် ထိုးထည့်လျှင် ပို၍ဝင်မည် ထင်၏။

ဿ

ဘေးဘီကို မကြည့်အား။

တုတ်ချောင်း။ သံချောင်းတစ်ခုခုကိုသာ ရှာဖွေနေမိသည်။ ကျွန်တော့်လိုအင်ဆန္ဒ ပြည့်ဝသွားပြီထင်၏။ တုတ်ချောင်းမာမာလေး တစ်ချောင်းကို တောင်ငူဆောင်အနီး မြက်ပင်တွေ၏အစပ်နားမှာ တွေ့၏။ အုံးမွှေးလုံးတုတ်ချောင်းလား။ ငုံးဥကြော်တုတ်ချောင်းလား။ ဆိတ်သားကင်တုတ်ချောင်းလားတော့ ကျွန်တော် မသိ။ လောလော ဆယ် ဖိနပ်ပြင်သည့် တုတ်ချောင်းတော့ ဖြစ်ရေမည်။

''ဟဲ့…''

အသံတစ်သံ ကြားသည်။ ဒါပေမဲ့ ကျွန်တော် လှည့်





မကြည့်ပါ။

''ဟဲ့…''

အသံသည် ကျွန်တော့်ထက် မြင့်နေ၏။

ကျွန်တော် ဂုတ်တုတ်ထိုင်နေခြင်းဖြစ်သည်။ ဖိနပ်သည်းကြိုး ကို မူလကြိုးပေါက်ထဲသို့ ထည့်ပြီးနောက် ပို၍ဝင်စေရန် ဆိတ်သား ကင်တုတ်နှင့် ထိုးနေမိသည်။

''ဟဲ့… ဘာလုပ်နေတာလဲဟင်…''

ကျွန်တော် လှည့်မကြည့်ဘဲ ဖြေလိုက်သည်။

''ဆိတ်သားကင်နေတာ''

''ဘာ…။ဆိတ်သားကင်နေတာ ဟုတ်လား။

ဖိနပ်ပြုတ်နေတာ မဟုတ်ဘူးလား''

ထိုအခါကျမှ ကျွန်တော် လှည့်ကြည့်မိသည်။

လှည့်ကြည့်ကြည့်ချင်း ထမိအဆင်လှလှလေးကိုသာ မြင် သည်။ မျက်နှာကို မမြင်ရ။ ထို့ကြောင့် အနည်းငယ် မော့ကြည့် လိုက်သည်။

လွယ်အိတ်လှလှလေးကို မြင်၏။

ထို့နောက် ပခုံးလှလှလေး။

ထို့နောက် ဆံပင်ရှည်ရှည်များ။

ထို့နောက် ပန်းနုရောင်ဖြူလှဲ့လှဲ့ ကျောင်းသူတစ်ယောက်၏ မျက်နှာ။ အပြုံးအရယ်မရှိ။ ဒါပေမဲ့ ကျွန်တော့်ဖိနပ်ကိစ္စကို သူ ကျွန်တော် စိတ်ဝင်စားနေပုံရသည်။ သူ စိတ်ဝင်စားတာ မိန်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် စိတ်ဝင်စားတာက သူနှင့်ကျွန်တော် မသိကျွမ်းခြင်းဖြစ်၏။ တိတိကျကျပြောရလျှင် မြင်ဖူးရုံမျှပင် မမြင်ဖူးခဲ့။ တွေ့ရုံမျှပင် မတွေ့ဖူးခဲ့။ ဒါပေမဲ့ ကျွန်တော် မှတ်မိလိုက်သည်။ ခုနက ကျွန်တော့်ဖိနပ်ကို တက်နင်းခဲ့သည့် ကောင်မလေး။

"ရော့"

လှမ်းပေးသော ကွန်ပါချွန်ကို ကျွန်တော် လှမ်းကြည့်သည်။ ပြီးတော့ မျက်နှာလေးကို မော့ကြည့်သည်။ ပြီးနောက် ငုတ်တုတ်မှ ထရပ်လိုက်၏။

"ဖိနပ်က ပြတ်သွားတာ မဟုတ်ဘူး။ ပြုတ်သွားတာ၊ အဲဒါ ဒီဆိတ်သားကင်တုတ်နဲ့ ထိုးနေတာ"

"ရလား"

"ရတော့ရတယ်၊ ဒါပေမဲ့ ပြန်ပြုတ်မှာပဲ"

"ဒီ ကွန်ပါချွန်နဲ့ ဖိထိုးလိုက်"

"ထိုးပြီးရင်..."

"ထိုးပြီးရင် သွပ်နန်းကြိုးနဲ့ တုတ်လိုက်ပေါ့"

လက်ထဲမှ ဆိတ်သားကင်တုတ်ချောင်းကို လွှင့်ပစ်လိုက်သည်။

အထက်က ညွှန်ကြားသည့်အတိုင်း။ သည်းကြိုးပေါက်ထဲသို့ ဝင်နေပြီးသား ဖိနပ်သည်းကြိုး၏ အပေါ်မျက်နှာပြင်မှ ဖိနပ်အောက် ခြေအထိ ထုတ်ချင်းပေါက်သွားစေရန် နှစ်ဖက်ချွန်ဖြင့် မြေကြီးပေါ်မှ





ပယ်ပယ်နယ်နယ်ထိုင်ပြီး ဖိထိုးလိုက်၏။

"ဖောက်"

ကျွန်တော် ကိုယ့်ကိုယ်ကို တော်တော်လေး သဘောကျသွားသည်။

"အို...ကေ"

ကွန်ပါချွန်နှင့် ပူးကပ်နေပြီဖြစ်သော ဖိနပ်ကို ကိုင်ရင်း ညွှန်ကြားချက်ပေးထားသော မျက်နှာလေးအား ပြုံး၍ကြည့်လျက်

"နင့်မှာ သွပ်နန်းကြိုးပါလား"

ကောင်မလေး မျက်ခုံးတွန့်သွားသည်။

"ဘယ်လိုလုပ်ပါမလဲ"

"ဟာ... မပါဘဲနဲ့ ဒီဖိနပ်ကို ဘာဖြစ်လို့ ဒီ... ကွန်ပါချွန်နဲ့ ထိုးခိုင်းရတာလဲ"

"မသိဘူးလေ၊ သူများတွေ အဲလိုလုပ်တာ မြင်ဖူးလို့ ပြောပြတာပဲ၊ စောစောက နင့်ဖိနပ်ကို ငါ တက်နင်းလိုက်တာ၊ အဲဒါ... နင် ဖိနပ် တကိုင်ကိုင်လုပ်နေတာမြင်လို့ ငါ ကွန်ပါချွန် လာပေးတာ"

"အင်းလေ ကွန်ပါချွန် လာပေးတယ်၊ အခု ထိုးဖောက်လိုက်ပြီ၊ ဒီမှာ တန်းလန်းကြီး၊ သွပ်နန်းကြိုးလည်း မရှိဘူး၊ ကြေးနန်းကြိုးလည်း မရှိဘူး"

သူ ရယ်လေ၏။ ရယ်လျက်...



www.burmeseclassic.com

www.burmeseclassic.com



"ငါက ကွန်ပါချွန်စိုက်တယ်၊ နင်က သွပ်နန်း
ကြိုးစိုက်ပေါ့"

ရယ်စရာပြောခြင်းဟု သိသည်။ ကျွန်တော် မရယ်ဖြစ်။
ကွန်ပါချွန်ကို ဆွဲနှုတ်မည်အပြု

"ဟဲ့… နေဦး"

သူ့အကျႌ အပေါ်ဆုံးကြယ်သီးနှစ်လုံးအကြားတွင် ထိုးထား
သော ပင်အပ်လေးတစ်ချောင်းကို သူ ဖြုတ်သည်။ ပင်အပ်က
အပေါ်နဖားတွင် ကျောက်လုံးလေးတစ်လုံးပါသည့်ပင်အပ်။

"ရော့… အဲဒါနဲ့ ထိုးလိုက်၊ ပြီးရင် ဒီလို
လိမ်လိုက်"

"နေပါစေဟာ ကျေးဇူးပဲ၊ အကျႌမှာသုံးတဲ့ဟာ
ဖိနပ်မှာ သုံးလို့မကောင်းပါဘူး"

"လောလောဆယ် ဒီနည်းပဲ ရှိတာပဲ၊ ဒါမှ
မဟုတ် နင် ဒီနားက စောင့်မလား… ငါ ဖိနပ်
တစ်ရံ သွားဝယ်ပေးမယ်"

"အချိန်မရတော့ဘူး၊ အတန်းနီးနေပြီ၊ ပြီးမှ
ငါ့ဘာသာ သွားဝယ်မှာ"

"ဒါဆိုလည်း ဒါနဲ့ပဲ လုပ်လိုက်ပါ၊ ရော့…"

အားနာနာနှင့် ပင်အပ်လေးကို ယူလိုက်ရသည်။





ကိစ္စပီးစြပြီးသွား၏။ ပင်အပ်ကို စိတ်ကြိုက် လိမ်တုတ်၍မရ။
ကွေးရုံသာ မနည်းဖိရသည်။ လမ်းလျှောက်သောအခါ ခြေထောက်
ဒရွတ်တိုက်သကဲ့သို့ ဖြစ်နေသေး၏။

ကွန်ပါချွန် ပြန်ပေးရင်း…

"ကျေးဇူးပဲ အတန်းပြီးမှပဲ ဖိနပ်သွားဝယ်
လိုက်တော့မယ်၊ နင့်ပင်အပ်ကို ငါ ပြန်ပေးမယ်နော်"

"မပေးနဲ့တော့လေ ကွေးကောက်နေပြီ၊
ဘာမှ လုပ်လို့မှ မရတော့တာ"

"နင် တောင်ငူဆောင်ကပဲလား"

"မဟုတ်ပါဘူး၊ ငါက မက်(စ)"

"ဟင်… မက်(စ်)က ဟိုး… ဘက်မှာ"

"ဟုတ်တယ်၊ ငါ လှည်းတန်းဈေး ဝင်နေလို့
အပြန် ဒီဘက်ကပဲ ဝင်လိုက်တာ၊ နင်က မြန်မာစာ
လား"

ကျွန်တော် ခေါင်းညိတ်သည်။

"ဘယ်ရီးယားလဲ"

"သတ်(သ)ရီးယား၊ နင်ရော"

"အတူတူပဲ"

"ဟုတ်လား… မက်(စ)မှာ ငါ့သူငယ်ချင်း
တွေရှိတယ်၊ ဖိနပ်ဝယ်ပြီးရင် ငါ အဲဒီဘက်ကို
လာခဲ့ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ ခေါင်းညိတ်၏။

သူ ရင်ဘတ်ပေါ်တွင် တွယ်ချိတ်ထားသော ကျောင်းသားကတ်ကိုကြည့်ပြီး…

"နင့်နာမည် သူဇာချိလား"

"အင်း ဟုတ်တယ်"

"ငါ့နာမည် မင်းစိုး၊ အကူအညီလိုရင်ပြောနော်၊ ငါ ဖိနပ်ချုပ်တတ်တယ်"

တူယှဉ်ရယ်မောဖြစ်ကြ၏။

ရယ်မောဖြစ်ချိန်အထိ ကျွန်တော့်အာရုံထဲသို့ သူဇာချိဝင်မလာသေးပါ။

စာသင်ခန်းထဲသို့ရောက်မှ အာရုံကို သူ… ပိုင်စိုးသည်။

❀❀❀



[ ၉ ]

အတန်းပြီးလျှင်ပြီးချင်း လှည်းတန်းမီးပွိုင့်အနီးသို့ ကျွန်တော်ထွက်ခဲ့သည်။ ဖိနပ်ဆိုင်တွင် ဖိနပ်တစ်ရံ ဝင်ဝယ်သည်။ ပြီးနောက် ဖိနပ်အဟောင်းလေးကို ပလက်ဖောင်းပေါ်ရှိ ဖိနပ်ချုပ်ဆိုင်တွင် ချုပ်သည်။ ပြီးနောက် ချုပ်ပြီးသားဖိနပ်ကိုသာ ပြန်စီးခဲ့၏။ ဖိနပ်အသစ်ဘူးကို လက်မှ ကိုင်ထားမြဲ။

ပလာယာနှင့် ဆွဲနုတ်ခံလိုက်ရသော ပင်အပ်တွန့်ကွေးကွေးလေးကို ကျွန်တော် ကိုင်လာခဲ့သေးသည်။ အတန်ကြာမှ ပင်အပ်လေးကို ရေမြောင်းအတွင်း ပစ်ချလိုက်ရ၏။ ပင်အပ်ငယ်၏ကိုယ်စား ကော်ပီဆိုင်တစ်ဆိုင်အတွင်းသို့ ဝင်ခဲ့ရပြန်သည်။

❀

www.burmeseclassic.com

www.burmeseclassic.com



"ပင်အပ်လေးတစ်ချောင်းလောက် ကျွန်တော့်ကို ရောင်းပါလားဗျာ"

"ရှင်"

အရောင်းဝန်ထမ်း ကောင်မလေးက ကြောင်အမ်းအမ်း။ ကျွန်တော်ကလည်း အ,ထစ်ထစ်။

"ဟို... အင်္ကျီကော်လံတွေ ဘာတွေထောင်အောင် ကော်ပြားလေးတွေနဲ့ တွဲထားရတဲ့ ပင်အပ်မျိုးလေ၊ အပေါ်ပိုင်းမှာ ကော်လုံးလေး ပါတယ်လေ၊ တစ်ချောင်းလောက်ဆို ရပါပြီ"

"ဘာအတွက်လဲရှင် ဘယ်မှာသုံးဖို့ပါလဲ"

"ဖိနပ်"

"ရှင်"

"အဲ ရင်ဘတ်ကိုထိုးဖို့"

"ရှင်... ပင်အပ်နဲ့ ရင်ဘတ်ကို ထိုးမယ်၊ ဟုတ်လား..."

ကျွန်တော့်ရင်ဘတ်ကိုတစ်လှည့်၊ ကျွန်တော့်ကိုတစ်လှည့် မျက်လုံးဝိုင်း၍ ကြည့်မေး၏။ ကျွန်တော်က အမြန် ဖြေရှင်းစကား ဆိုလိုက်သည်။

"ဟို... မိန်းကလေး ရင်ဘတ်ကို ထိုးမှာပါ"

သည်တစ်ခါ "ရှင်..."ဟု အသံမပြုတော့။

လူသတ်သမားတစ်ယောက်ကိုကြည့်သော အထိတ်တလန့်





အကြည့်မျိုးဖြင့် ကောင်မလေး ကျွန်တော့်ကို ကြည့်၏။ လက်ထဲမှ ဖိနပ်ဘူးထည့်ထားရာ ကော်ပါးအိတ်ကို ရှုံ့ကော့(စ)၏ မှန်မျက်နှာပေါ်တွင် တင်လိုက်ပြီး...

"မိန်းကလေးတွေ အင်္ကျီကြယ်သီးပေါက်ကျဲနေလို့ ရင်ဘတ်နားက ကြယ်သီးပေါက်နှစ်ပေါက်ကြားကို မဟာအောင် ပင်အပ်နဲ့ တွယ်ချင်လို့"

"ဪ..."

သူ့ "ဪ"မှ ကျွန်တော် စိတ်အမောပြေရတော့သည်။

"အဲဒါများ ရင်ထိုးသေးသေးလေးတစ်ခု ဝယ်လိုက်ပါလား"

"ဟာ... ဟုတ်တယ်"

ကျွန်တော် ဝမ်းသာအားရ ဟုတ်ပစ်လိုက်သည်။ စတိုးဆိုင်က ကောင်မလေးတွေ အရောင်းအဝယ်ကျွမ်းကျင်ပုံကို ကျွန်တော် ယခုမှ ချီးကျူးချင်စိတ် ဖြစ်ရသည်။ အရောင်းဝန်ထမ်း ကောင်မလေး၏ အကြံပေးချက်ဖြင့် ရွှေရောင်ပုစဉ်းလေးတစ်ကောင်ကို ဖွဖွရွရွ ဝယ်ယူလာခဲ့သည်။ (ပုစဉ်းရင်ကွဲလေးများလား)ဟု တွေးဖြစ်လိုက်သေး၏။

✿

စာသင်ခန်း၏ ပြင်ပဝရန်တာတွင် သော်ကနှင့် ဝင်းပွင့်တို့ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဟာ... ဟော့ကောင်၊ ညနေကျရင် ငါတို့လာခဲ့မယ်လို့ ချိန်းထားတယ်လေ၊ မင်း ဘာဖြစ်လို့ လာတာလဲ၊ ကိစ္စရှိလို့လား'' ဟု ဝင်းထွဋ်က လှမ်းမေး၏။ ကျွန်တော် မဖြေသေး။ ဝရန်တာသို့ ကျော့ပေး၍ မေးမိုလိုက်သည်။ လွတ်အိတ်ထဲမှ စက္ကူအိတ်ငယ် အတွင်းရှိ ပုစဉ်းရင်ထိုးလေးကို ဖိစမ်းလိုက်သေး၏။

''ဟော့ကောင် မင်းစိုး ဘာဖြစ်လာတာလဲ''ဟု သော်က မေးပြန်သည်။

ကျွန်တော်က...

''ငါ ကလပ်(စ)မပြီးခင်ကတည်းက ဒီကို လာချင်နေတာကွ''

သော်က,က မျက်မှောင်ကုတ်၍ကြည့်လျက်

''ဘာဖြစ်လို့လဲ''

''ငါ ညံ့တယ်ကွ၊ မြန်မာစာအဆောင်ရဲ့ သချာဆောင်နဲ့ ဒီလောက် ကူးလမ်းခတ်နေခဲ့တာ တောင် ငါ့မျက်လုံးတွေ ပိတ်နေခဲ့တယ်၊ ဒီနေ့ကျမှ ငါ့မျက်လုံးတွေ ပွင့်သွားတယ်''

ဝင်းထွဋ်က ကျွန်တော့်မျက်လုံးကို ကိုင်ကြည့်မည့်ဟန် ပြုသည်။ ကျွန်တော် မျက်နှာကို နောက်ဆုတ်လိုက်၏။

''မင်းမျက်လုံးတွေ အကောင်းအတိုင်းပါ။ ပါ ဘာဖြစ်လာတာလဲ''

ကျွန်တော် ပြုံးလိုက်သည်။ ပြီးမှ...





''ငါ ဒီနေ့ ကျောင်းကိုအလာ... ... ...''

'သူဇာချို'ဟုခေါ်သည့် ကောင်မလေးနှင့် တွေ့ခဲ့၊ ကြုံခဲ့ပုံ၊ စာသင်နေစဉ် သူ့မျက်နှာလေးကို မြင်ချင်စိတ် ဖြစ်လာရပုံ... အပါအဝင် သူဇာချိုအတွက် ရင်ထိုးလေးဝယ်လာသည်အထိ ခံစားလွှမ်းမောစွာ ပြောပြပစ်လိုက်သည်။

လွယ်အိတ်ထဲမှ စက္ကူအိတ်နှင့်ထုပ်ထားသော ရင်ထိုးလေးကို ထုတ်ပြလိုက်ရင်း

''အဲဒီကောင်မလေးကို ငါလိုက်ရှာချင်တယ်၊ ဘယ်အခန်းမှာလဲ''

''ဘယ်သိမလဲ''ဟု သော်က ဖြေ၏။ ကျွန်တော်က

''ငါ လိုက်ရှာချင်တယ်ကွာ၊ ဒါလေးပေးချင်တယ်''

သော်က,က...

''နေပါဦး ခုနက မင်းပြောတဲ့... မျက်လုံးတွေ ပွင့်သွားတယ်ဆိုတာ ဘာလဲ''

ရှက်ဟန်ပြု၍ ရယ်မိသည်။

''ငါ တစ်ခါမှ ဒီအဆောင်ဘက်မှာ သူ့ကို မတွေ့ဖူးဘူးကွ၊ မျက်လုံးတွေ ကန်းနေခဲ့သလိုပဲ၊ ဒီနေ့ တွေ့ဖူးတယ်၊ ကြုံဖူးတယ်၊ တွေ့ရကြုံရတဲ့ ခဏပိုင်းလေးတွင် မကဘူး၊ စာသင်ချိန်တစ်ချိန်လုံး ပြန်ပြီး မြင်ယောင်နေတယ်၊ ထပ်ပြီး မြင်ချင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



အဲဒါ မျက်လုံးတွေ ဖွင့်သွားသလိုပဲ။

မျက်လုံးမှိတ်ထားလိုက်ရင်တောင် စိတ်ထဲမှာ မြင်ယောင်နေသေးတယ်၊ ငါ့အထင်ပြောရရင် ငါ့နှလုံးသားတံခါး ဒီနေ့မှ ပွင့်သွားပြီနဲ့ တူတယ်''

''ဪ…''

သော်က,က မဲ့တရွဲ့အမူအရာဖြင့် ''ဪ…''ဟူသော အသံကို သံရှည်ပြုသည်။

ကျွန်တော့်လက်ထဲရှိ ကော်ပါးအိတ်ဖြင့် ထည့်ထားသော ဖိနပ်ဘူးကိုကြည့်လျက် ဝင်းထွဋ်က…

''ဒါက ဘာလဲ''

''ဖိနပ်''

''မင်းဖိနပ်က ပြတ်သွားပြီဆို၊ ဒါကို ထုတ်မစီးဘူးလား''

''အပြတ်ကို လှည်းတန်းမှာချုပ်ပြီး ပြန်စီးလာတာ၊ ပြတ်တာ မဟုတ်ဘူး၊ သည်းကြိုး ထွက်လာတာ''

''ငစီး''ဟု ဝင်းထွဋ်ပြော၏။

''စီးတာမဟုတ်ပါဘူး၊ အသစ်က ဖိနပ်ပေါက်မှာစီးလို့၊ ကဲပါ ငါ့ကို ကူညီကြပါကွာ၊ မင်းတို့က လည်း''

''ငါတို့မှ မမြင်ဘူးတာ၊ ဘယ်လိုလုပ်မလဲ''





''ဒီ သချာဆောင်ကလို့ ပြောတာပဲကွ''

''ပုံစံပြော၊ ဘယ်လိုပုံစံလဲ''

ကျွန်တော် မျက်လုံးမှိတ်လိုက်သည်။

''ဆံပင်ရှည်တယ်၊ အရပ်မနိမ့်မမြင့်၊ ကိုယ်ဟန်သွယ်သွယ်၊ မျက်လုံးလှတယ်၊ မျက်တောင်ကော့တယ်၊ နှာတံစင်းတယ်။

မိတ်ကပ်လိမ်းမထားဘူး၊ ဒါပေမဲ့ ပါးလေးက နီထွေးထွေး၊ နှုတ်ခမ်းနီ ဆိုးမထားဘူး၊ ဒါပေမဲ့ နှုတ်ခမ်းလေးက ပန်းနုရောင်။

လက်သည်း ရှည်မရှည် မမှတ်မိဘူး၊ ဒါပေမဲ့ ခြေသည်းလေးတွေ ရှည်တယ်၊ တစ်ကိုယ် လုံးမှာ အလှဆုံးက သွားတွေပဲ''

ဝင်းထွဋ်က…

''ဟာ… မင်း ပါးစပ်ကိုပါ ဖြဲကြည့်ခဲ့သေးတယ်၊ ဟုတ်လား''

''မဟုတ်ပါဘူး၊ သူ ရယ်ပြသေးတယ်ကွ၊ သွားလေးတွေကို ညီနေတာပဲ၊ အဲဒီအပြုံး မြင်လိုက်ရတာနဲ့တွင်၊ ရင်ထဲမှာ အေးသွားတယ်ကွ။

သူ့လမ်းသူသွား ငါ့လမ်းငါသွား၊ စာသင်ခန်းထဲကို ငါရောက်တော့ ရင်ထဲမှာ နှစ်ရှည်လများ ခင်တွယ်ဖူးခဲ့တဲ့ လူတစ်ယောက်နဲ့ ရုတ်တရက်ခွဲခွာ



www.burmeseclassic.com

www.burmeseclassic.com



စာသင်ခန်းထဲမှာ ဝင်ထိုင်နေရသလိုပဲ၊ အဲဒီလို ငါ ခံစားရတယ်''

ဝင်းထွဋ်က…

''ဟော့ကောင် မင်းစိုး ငါမေးတာက ပုံစံ ဘယ်လိုလဲလို့ မေးတာ၊ မင်း ဘယ်လိုခံစားရမလဲလို့ မေးတာမဟုတ်ဘူး''

ကျွန်တော်က တမင် အသနားခံတောင်းပန်သည့် လေသံမျိုးဖြင့်

''အေးပါကွာ၊ ပြောမှားဆိုမှားရှိခဲ့ရင် ခွင့်လွှတ်ပါ၊ ရင်ထဲကိုပါ မြင်စေချင်လို့ တစ်ပါတည်း ထည့်ပြောပြလိုက်တာပါ''

''ဟား…ဟား…ဟားဟား''

သော်က တဟားဟား ရယ်လေ၏။ ပြီးနောက်

''ဒီနေ့ ထူးဆန်းတယ်ကွာ၊ ဒီလိုစကားမျိုး တွေ မင်းစိုး ပါးစပ်က ပြောတတ်လိမ့်မယ်လို့ ငါ မထင်ခဲ့ပါဘူး''

ကျွန်တော်က

''ဟုတ်ပါတယ်ကွာ ငါ မပြောတတ်ပါဘူး မပြောတတ်ခဲ့ပါဘူး၊ ဒါပေမဲ့ အခု နှလုံးသား သင်ပေးလိုက်တာထင်တယ်၊ နာရီပိုင်း၊ မိနစ်ပိုင်း အတွင်းမှာ ငါ လွှမ်းတတ်နေပြီ၊ လုပ်ပါကွာ





ပါ''

''နာမည် ဘယ်သူလဲ''

သော်က,က သေချာအောင် ထပ်မေးသည်ထင်၏။

''သူဇာချို''

ကျွန်တော့်ကိုကြည့်လျက် သော်က မချိုမချဉ် မျက်နှာဖြင့် ရယ်ပြန်၏။ ပြီးနောက် ဝင်းထွဋ်ဘက်ကို လှည့်ကာ

''ဝင်းထွဋ် နှင်းနှင်းဦးနဲ့ ခိုင်သဇင် တစ်ယောက်ယောက်ကို ခေါ်လိုက်''

ဝင်းထွဋ်က သူတို့စာသင်ခန်းထဲ ဝင်မည်ပြုသည်။ ကျွန်တော် ဝင်းထွဋ်၏ လွယ်အိတ်ကို လှမ်းဆွဲပြီး သော်က,ကို ကြည့်ကာ

''ဟော့ကောင် ငါပြောတာ သူဇာချိုနော်၊ နှင်းနှင်းဦး မဟုတ်ဘူး၊ ခိုင်သဇင်လည်း မဟုတ်ဘူး''

''မင်း မရှည်နဲ့ မင်းစိုး၊ မင်းပြောတဲ့အထဲမှာ တစ်ခုကျန်ခဲ့သေးတယ်''

''ဘာလဲ''

''သူဇာချိုရဲ့ မေးစေ့အလယ်တည့်တည့်မှာ မှဲ့သေးသေးလေးတစ်လုံးရှိတယ်''

''ဟုတ်လား၊ ငါ သတိမထားမိဘူး၊ မင်းက ဘယ်လိုလုပ်သိတာလဲ''

သော်က မဖြေ။



www.burmeseclassic.com

www.burmeseclassic.com



ဝင်းထွဋ်က

"မျက်နှာပေါ်က မှဲ့ကိုတော့ မမြင်ဘူး၊ ခြေသည်းရှည်တာကျတော့ မြင်တယ်"

သော်က,က…

"ဒီကောင် မော်မဖူးဘဲနဲ့ ငုံ့ဖူးလိုက်လို့နေမှာပေါ့"

"အေးပါကွာ၊ ဘယ်လိုပဲဖြစ်ဖြစ် ငါ သူနဲ့ တွေ့ချင်တယ်၊ သူ့မျက်လုံးလေးတွေကို တွေ့ချင်တယ်"

"ကဲ… ငပေါ၊ မင်း ဒီကစောင့်"

"နေဦးဝင်းထွဋ်၊ နှင်းနှင်းဦးတို့နဲ့ သူဇာချိုရဲ့ ဘာဆိုင်လို့လဲ"

ဝင်းထွဋ်က

"ဘာမှမဆိုင်ဘူး၊ သူတို့ဘေးနားမှာ ထိုင်တာ၊ သူတို့နဲ့ ရင်းနှီးပုံရတယ်"

"ဟာ ဒါဆို အဲဒီ သူဇာချိုက ဒီအခန်းထဲကပေါ့၊ မင်းတို့ အခန်းထဲကပေါ့"

ပျော်ပါးခုန်ပေါက်မတတ် ကျွန်တော် ပြောမိသည်။

"ဟုတ်တယ်၊ တောင်ကြီးကပြောင်းလာတာ သိပ်မကြာသေးဘူး"

"ဟာ… ငါ သတိမထားမိခဲ့ဘူးကွ၊





အခု… အခု… မင်း ဘယ်လိုသွားပြောမှာလဲ"

"ဘယ်လိုပြောပြောပေါ့၊ မင်း ဒီမှာပဲစောင့်"

"အေး…အေး၊ ဟုတ်ကဲ့ ဟုတ်ကဲ့"

ဝင်းထွဋ်ရဲ့ ထွက်ခွာသွားရာ စာသင်ခန်းဘက်ကို ကျွန်တော် မျှော်ကြည့်လိုက်မိသေးသည်။ ရင်တွေမောရ၍ ခုန်နေ၏။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

[ ၁၀ ]

''မင်းက အဲဒီ သူဇာချိုကို ဘယ်လောက်အထိ ကြိုစည်ဖို့ စိတ်ကူးထားပြီးပြီလဲ''

''ဟာ… သော်က၊ မင်းစကား ရိုင်းတယ်၊ ကြံစည်တယ်လို့ မသုံးပါနဲ့ကွာ၊ အနည်းဆုံး ကြံရွယ်တယ်…လို့ သုံးပေးစမ်းပါ''

''ကဲ ဟုတ်ပါပြီ၊ ကြံရွယ်တယ်ပဲထားပါ၊ မင်းကို ကြည့်ရတာ မြင့်မြင့်ချင်းကို ခွေကျမတတ် ဖြစ်ခဲ့တဲ့ပုံပဲ''

''မြင့်မြင့်ချင်းမဟုတ်ဘူး သော်က မြင့်နေ၊ ပြောနေတဲ့အထိ ငါ ဘာမှမဖြစ်ဘူး။ မမြင်ရတော့မှ ဖြစ်တာကွ''

www.burmeseclassic.com

www.burmeseclassic.com



''အဲဒီတော့ မင်း ဘာဆက်လုပ်မှာလဲ''

''ငါ ဒီ ရင်ထိုးလေး ပေးချင်တယ်၊ ပြီးရင် ငါ သူ့ကိုမြင်ရမယ့် နေရာကနေ နေ့တိုင်း လာကြည့်ချင်တယ်''

''လိုရင်းကို ပြောကွာ''

''လိုရင်းကို ပြောရရင် ငါနဲ့သူ ချစ်သူတွေ ဖြစ်ရင် သိပ်ကောင်းမှာပဲ၊ သူ့ကို ငါချစ်တယ်''

''မင်းဆုံးဖြတ်ချက်က မြန်လှချည်လားမင်းစိုး''

''ဆုံးဖြတ်တာမဟုတ်ဘူး သော်က၊ ဆုံးဖြတ်တယ်ဆိုတာ နာရီပိုင်းအချိန်လေးနဲ့ မလုံလောက်တဲ့ကိစ္စပဲ။

ငါက ဆုံးဖြတ်ချက်ချလိုက်တာမဟုတ်ဘူး၊ ရင်ထဲက စိတ်နှလုံးကို သုံးသပ်လိုက်တာ၊ ငါ သူ့ကို ချစ်တယ်။

မြင်မြင်ချင်းချစ်တာ မဟုတ်ဘူး၊ မြင်တွေ့ပြီးတဲ့ ခဏတာကနေ ခွဲခွာလိုက်ရတဲ့ တဒင်္ဂမှာ စပြီး ချစ်မိတာ။

အဓိပ္ပာယ်ရှိမရှိ နှလုံးသားနဲ့ ခံစားကြည့်မှ သိမှာပါ။ မင်း လက်ခံရဲ့လား... သော်က''

''လက်ခံပါတယ်၊ ဒါပေမဲ့ မင်းသိဖို့တစ်ခု ပြောထားမယ်''





''ပြော''

''သူ့ကို လူတစ်ယောက် အကြိုအပို့လုပ်တာကို ငါတို့ မြင်ဖူးတယ်၊ အစ်ကိုလား။ ဘာလားတော့ မသိဘူး။ အဲဒါ သူ့ချစ်သူ ဖြစ်နေရင် မင်း ဘာလုပ်မလဲ၊ ဘယ်လိုလုပ်မလဲ''

မချစ်မိက လှမ်းရပြီ။

''ပြောလေ ဘယ်လိုလုပ်မလဲ''

ကျွန်တော် ခေါင်းခါလိုက်၏။

''နောက်ဆုတ်မှာလား''

ခေါင်းကို ထပ်ခါလိုက်သည်။

''ဒါဆို ဘာလုပ်မှာလဲ၊ ကြိုမေးထားတာနော်၊ သိသင့်တယ်ထင်လို့ ကြိုတွေးခိုင်းထားတာ''

ဝရန်တာမှ မြင်နေရသည့် ဂျပ်ဆင်၏ တစ်ပိုင်းတစ်စသို့ ငေးဟာရင်း ကျွန်တော် အားတင်းလျက် ပြောလိုက်သည်။

''ချစ်သူရှိတိုင်း နောက်ဆုတ်ကြစတမ်းဆိုရင် ဒေသကီရီဆိုတာကို လူတွေ ကြားဖူးလိုက်မှာ မဟုတ်ဘူး၊ မိုလ်အောင်ဒင်ဆိုတဲ့ ဓါးပြမိုလ်ကြီးကိုလည်း လက်ခုပ်တီးဖြစ်ခဲ့မှာ မဟုတ်ဘူး''

''ကြမ်းလှချည်လား မင်းစိုး''

''ဟုတ်တယ် သော်က၊ အချစ်က တစ်ခါ တစ်ရံမှာ သိပ်ချစ်လွန်းရင် နည်းနည်းကြမ်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



မလွှမ်းတတ်လွှမ်းတတ်နဲ့ လွှမ်းတဲ့သူတွေက ပိုပြီးကြွမ်းတတ်တယ် သော်က''

''ဒါဆို မင်း ကြွမ်းတော့မယ်ပေါ့''

ကျွန်တော် ခေါင်းခါလိုက်၏။ ပြီးမှ…

''လောလောဆယ် လွှမ်းလွှမ်းလေးပဲ နေဦးမယ်''

※

ခဏအကြာတွင် ဝင်းထွဋ် ပြန်ရောက်လာသည်။ နိုင်သဇင်နှင့် နှင်းနှင်းဦးတို့ လိုက်ပါလာကြ၏။ သူဇာချို ဆိုသော ကောင်မလေးကို မတွေ့ရ။

''ဝင်းထွဋ် ဘယ်လိုလဲ''ဟု ကျွန်တော် မေးလိုက်သည်။ နှင်းနှင်းဦးနှင့် နိုင်သဇင်တို့က ကျွန်တော့်ကို ပြုံးစစဖြင့် ကြည့်နေကြ၏။

''ဘယ်လိုမှ မလဲဘူး။ အခန်းရဲ့ ဟိုဘက်ထောင့် ရှေ့ဆုံးတန်းမှာ သူဇာချိုရှိတယ်၊ မင်းသွားလိုက်''

''ဟုတ်လို့လား။ ငါပြောတဲ့ သူဇာချို ဟုတ်ရဲ့လား''

''ဟုတ်တယ် ငါ ပြောပြလိုက်တယ်၊ ဒါ စဉ်းစားသေးတယ်၊ ပြီးတော့မှ ဟုတ်တယ်…''





တောင်ငူဆောင်နားမှာ မင်းနဲ့ တွေ့ခဲ့တယ်…တဲ့''

နှင်းနှင်းဦးတို့ကို တစ်ချက်ငဲ့ကြည့်ပြီး ကျွန်တော်က

''မင်းနဲ့ အဲဒီကောင်မလေးနဲ့ ခင်လို့လား''

''အခုမှ စကားပြောဖူးတာ၊ ဒီက နှင်းနှင်းဦးတို့ရှိလို့ ငါလည်း ပြောရဲတာပေါ့''

''မင်း ဘယ်လို စ,ပြောလိုက်တာလဲ''

အမေးအမြန်းထူသည်ကို မကျေနပ်တော့ဟန်ဖြင့်

''တောင်ငူဆောင်ဘက်က ဖိနပ်ချုပ်တဲ့ ကောင်တစ်ယောက် ရောက်နေတယ်…လို့ ငါပြောလိုက်တယ်''

ရယ်သံများ…

''ဟာ… မင်း အဲဒီလို တကယ်ပြောလိုက်တယ်၊ ဟုတ်လား''

''ဟုတ်တယ်၊ အဲဒီလိုပြောပြီးမှ သူဇာချိုကို ငါ အသေးစိတ် ပြောပြဖြစ်တာ''

''ပြောပြဖြစ်တော့ ဘာပြန်ပြောလဲဟင်''

''ဗေဒင်ဆရာတစ်ယောက်က ဒီနေ့အတွက် မနေ့က ကြိုတွက်ပေးတဲ့ ဟောစာတမ်း မှန်သွားတယ်…တဲ့''

''ဘာမှန်တာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ဒီနေ့မနက် ကျောင်းအလာလမ်း မှာ သူခိုးတစ်ယောက်ရဲ့ ဖိနပ်ကို နင်းမိလိမ့်မယ်လို့ ဟောထားတာ...တဲ့"

ဝင်းထွဋ်မှလွဲ၍ အားလုံး ရယ်ကြပြန်သည်။

"မိုက်ရိုင်းတယ်"ဟု ဝင်းထွဋ်ကို ကျွန်တော် ရယ်လျက် ပြောရ၏။

"မိုက်ရိုင်းအောင် မင်းလုပ်နေတာ၊ ဟိုမှာ... အတန်းထဲမှာ ထိုင်နေတယ်၊ သွားစရာရှိတာသွား၊ ပေးစရာရှိတာပေးလိုက် ပြီးရော၊ အဲဒါကို အမှုစစ် သလို တစ်ခုပြီးတစ်ခု လာမေးနေတယ်၊ ငါ စိတ် မရှည်တော့ဘူး"

"ငါ မှားသွားပါတယ်၊ ဒါပေမဲ့ ငါ အတန်းထဲ မဝင်ရဲဘူးကွ"

"မဝင်ရဲတာများ လွယ်လွယ်လေး၊ မဝင်ရဲရင် မသွားနဲ့ပေါ့"

"အားပေးစကားလေး ဘာလေး ပြောကြပါ ဦးလားကွာ"

သော်ကကိုပါ ငဲ့ကြည့်ရင်း ကျွန်တော်ပြော၏။

နှင်းနှင်းအေးက

"နင် ရင်ထိုးပေးမလို့ဆို၊ သွားပေးလိုက် ပြီးတာပဲ၊ ဘာအားပေးစရာလိုလို့လဲ"





"ဟာ ငါ ရင်ထိုးပေးမှာကို နင်တို့ပါ သိသွား ကြပြီလား"

"ဝင်းထွဋ်က အတန်းပြင်ရောက်မှ ပြောတာ ပါ၊ သူဇာချို မသိသေးပါဘူး။ ဒါပေမဲ့ နင် သွားပေးသင့်တယ်။

အင်္ကျီကြယ်သီးအောက်က နည်းနည်းလေး ကွဲနေတယ်၊ စာရေးတာ လက်ညှိုးလေးနဲ့ဖိပြီး ရေးနေရတာ၊ နင် ရင်ထိုး သွားပေးလိုက်ရင် သူ အဆင်ပြေသွားလိမ့်မယ်"

ခိုင်သဇင်က

"ပေးစရာရှိတာ မြန်မြန်သွားပေးလိုက်လေ ဟာ...၊ နောက်တစ်ချိန်ဆို ဆရာဝင်တော့မှာ"

"ငါ ပေးရဲပါတယ်၊ သူ ငါ့ကို မမှတ်မိမှာစိုးလို့ ပြီးတော့ တခြားသူတွေ ငါ့ကိုကြည့်နေကြရင် ငါ မဝင်ရဲဘူး"

သော်က,က ကျွန်တော့်ပခုံးကို ခပ်ဆတ်ဆတ်လေး လှမ်း ပုတ်ပြီး

"ဟေ့ကောင် မင်းဆိုး လောကကြီးမှာ လူတွေ က ကိုယ့်အလုပ်ကိုယ် လုပ်နေကြတာ၊ မင်းကို ဝိုင်းကြည့်နေဖို့ အချိန်ရမှာ မဟုတ်ဘူး"

သော်ကစကားကြောင့် ကျွန်တော် အားတက်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ သွားမယ်၊ သြော်… ဒါနဲ့ နှင်းနှင်းဦး သူ့မှာ ရည်းစားရှိလားဟင်"

"ဘယ်သိမှာလဲ ငါတို့နဲ့ခင်တာ သိပ်မှ မကြာသေးတာ"

"အဲဒီမေးခွန်းက ဘာကြောင့်မေးတာလဲ"ဟု ခိုင်သဇင် မေး၏။

"သြော်… ရည်းစားရှိရင် သူ့ရည်းစားတွေ့သွားတော့ မကောင်းဘူးပေါ့"ဟု စကားကို ကျွန်တော် ပြီးစလွယ် ပြောလိုက်၏။

❀

အတန်းထဲသို့ မဝင်ဖြစ်သေး။

ပြတင်းဝမှ ရှိမည့်နေရာကို ရှာရသည်။ စာဖတ်နေသည်ကို မြင်ရ၏။ အခြားကျောင်းသား ကျောင်းသူတွေကို ဇွဲဝိုက်၍ ကြည့် လိုက်သည်။ သော်က ပြောသည့်အတိုင်း ကိုယ့်အလုပ် ကိုယ်လုပ် နေကြလေ၏။

ဒါပေမဲ့ ကျွန်တော် ကြောက်လန့်နေမိပါသေးသည်။

အတန်းထဲက ကြည့်နေကြမည့် မျက်လုံးတွေကို ကြောက် တာလား။ ဒါမှမဟုတ် သူဇာချို၏ ရှေ့တည့်တည့်တွင် ရပ်၍ စကားဆိုရမည်ကို ကြောက်တာလား။ ကိုယ့်ကိုယ်ကို မေး၏။ ထို ဘာကိုမျှ ကြောက်လန့်ခြင်း မဟုတ်ဘူး ဟု အဖြေထွက်သည်။





အမှန်ကတော့ ကျွန်တော် စိတ်လှုပ်ရှားနေရခြင်း ဖြစ်၏။

အမှန်ကတော့ ကျွန်တော် ရင်ခုန်နေရခြင်း ဖြစ်၏။

(မရိုးသားတဲ့ ရင်ခုန်သံနဲ့၊ စတင်လှမ်းထွက်ခဲ့ရတဲ့ နှလုံးသားရဲ့ မျှိုသိပ်ခြင်း ခရီးကြမ်းပေါ့ သူဇာချို)

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

[ ၁၁ ]

''ဪ... နင်က တကယ်လာတာပဲ၊ ဘာလဲ ငါ့ပင်အပ်ကို ပြန်လာပေးတာလား''

''မဟုတ်ဘူး၊ ပင်အပ်က တွန့်ကွေးသွားပြီ၊ ငါ လွှင့်ပစ်ခဲ့တယ်''

''ထိုင်မယ်နော်''ဟု ပြောပြီး သူဇာချို၏ မနီးမဝေးတွင် ယှဉ်လျက် ထိုင်လိုက်၏။ လွယ်အိတ်ထဲသို့ လက်နှိုက်လိုက်သည်။ လက်ထဲတွင် ရွှေရောင်ပုစဉ်းရင်ထိုးလေး ပါလာ၏။

''ပင်အပ်လေးအတွက် ငါ အစားပြန်ပေးတာ''

''ဟင့်အင်း ကိစ္စမရှိဘူး၊ မယူတော့ဘူး''

''မယူလို့ မဖြစ်ဘူးဟ၊ ငါက နင့်အတွက်

www.burmeseclassic.com

www.burmeseclassic.com



ဝယ်လာတာ၊ နင်မယူရင် ဒါက အလကား ဖြစ်သွားမှာ။

ငါ ဖိနပ်သည်းကြိုးပြတ်တုန်းက နင့်ပင်အပ်လေးက အသုံးဝင်သွားတယ်၊ အခု ဒီရင်ထိုးလေးကိုလည်း ပင်အပ်လေးကို သုံးမယ့်နေရာမှာ သုံးပေါ့နော်…''

ပြုံးလေသည်။

''ငါ အစားလိုချင်လို့ ကူညီခဲ့တာ မဟုတ်ဘူးလေ''

''အစားပေးတယ်၊ အလျော်ပေးတယ်လို့ မယူဆနဲ့ပေါ့ဟာ၊ လက်ဆောင်ပေးတယ်လို့ ယူဆပေးပေါ့။

နင့်ကို ငါ တစ်ခါမှ မမြင်ဖူးဘူးဟ၊ ဒီနေ့မှ မြင်ဖူးတာ၊ နင့်ကို ငါ ခင်တယ်။

အဲဒီ ခင်မင်မှု အထိမ်းအမှတ်၊ သူငယ်ချင်း ဖြစ်သွားတဲ့ အထိမ်းအမှတ်နဲ့ ဒါကို နင် ယူလိုက် လားဟင်''

လက်ခုံဘေးပေါ်သို့ မဂ္ဂဇီတထိ တင်ဟာန်ပြုလိုက်သည်။ လက်ဖဝါးအလှည့်တွင် သူ့လက်အတွင်းသို့ ပုစဉ်းကောင်လေး ခို သွားသည်။

ယခုမှ လက်သည်းရှည်ရှည်လေးတွေကို မြင်ရ၏။ ယ





သော်က,ပြောသော မေးစေ့အလယ်တည့်တည့်ရှိ မှဲ့နက်သေးသေးလေးကို မြင်ရ၏။

လက်ဖဝါးပေါ်မှ ပုစဉ်းငယ်လေးကို ငုံ့ကြည့်ရင်း ခန္ဓာကိုယ်တစ်ခုလုံး ချစ်ခြင်း၏ ဝတ်ရုံထဲသို့ ရောက်ရှိသွားသည့်ပမာ ရင်မှာ ခံစားနွေးထွေးမိခဲ့သည်။ လက်ဖဝါးပေါ်မှ ပုစဉ်းငယ်လေး (ကျွန်တော်) ဖြစ်ချင်၏။ .ပန်း ပွင့်ဖတ်၏ အလယ်တည့်တည့် ဝတ်ဆံမှုန်များကြားသို့ တိုးဝင်ခွင့် ရလိုက်သလိုလို ရင်မှာ အေးမြစွာ ချိုမြိန်မိပြီ။

''နင်က နှင်းနှင်းဦးတို့ ခိုင်သဇင်တို့နဲ့ သူငယ်ချင်းလား''

''သူငယ်ချင်းတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ရင်းနှီးပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ငါ့သူငယ်ချင်းတွေနဲ့ သူတို့နဲ့က ခင်ခင်မင်မင်ရှိတယ်''

''စောစောက တစ်ယောက်လား''

''ဟုတ်တယ်၊ သူ့နာမည်က ဝင်းထွဋ်တဲ့၊ နောက်တစ်ယောက်က သော်က…တဲ့''

''အင်း ငါ သတိထားမိပါတယ်၊ နှင်းနှင်းဦးတို့နဲ့ ခေါ်ပြောနောက်ပြောင်နေကြတာ။

ခုနက ဝင်းထွဋ်ဆိုတဲ့ တစ်ယောက်က



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်၊ ကျောင်းအလာတုန်းက တောင်ငူဆောင် ဘက်မှာ ဘာဖြစ်ခဲ့သေးသလဲ…တဲ့၊ ငါက ဘာမှ မဖြစ်ခဲ့ပါဘူးလို့ ပြောပြီးမှ နှင့်ကို သတိရလိုက်သေး တယ်။

ဝင်းထွဋ်ကပြောတယ် ဖိနပ်အနင်းခံရတဲ့ ကောင်တစ်ကောင် ရောက်နေတယ်…တဲ့၊ အဲဒီ တော့မှ နှင်…လို့ ငါ သိလိုက်တာ၊ ငါက မသိချင် ယောင်ဆောင်ပြီး ဘယ်သူလဲလို့ မေးလိုက်တယ်။

သူတို့သူငယ်ချင်း မင်းစိုး…တဲ့၊ နှင်းနှင်းဦး တို့ကို ခေါ်သွားတယ်၊ ပြီးတော့ နှင် ရောက်လာ တာပဲ''

ပြောပြီး ကျွန်‹ ာ်လက်ထဲက ကော်ပါးအိတ်ကိုကြည့်ပြီး

''နှင် ဖိနပ်သွာ ၊ယ်တယ်ဆို… မစီးဘူးလား''

ကျွန်တော် ရယ်လျက်

''သည်းကြိုးကို ပြန်ထည့်ပြီး ချုပ်လိုက်ပြီ၊ အဲဒီအဟောင်းပဲ ပြန်စီးထားတယ်၊ အသစ်ကိုတော့ သိမ်းထားလိုက်ဦးမယ်''

''စည်း၊ ၊မ်းရှိတာလား၊ ကပ်စေးနဲတာလား''ဟု သူဇာချို မေး၏။

''စည်းကမ်းရှိတာလည်း မဟုတ်ဘူး၊ ကပ်စေးနဲတာလည်း မဟုတ်ဘူး''





''ဒါဆို ဘာလဲ''

''သံယောဇဉ်ကြီးတာ''

''သံယောဇဉ်… ဟုတ်လား''

''ဟုတ်တယ်၊ ငါ ဘာကိုမှ သိပ်ပြီး လိုလို ချင်ချင် မဖြစ်ဘူး၊ ဒါပေမဲ့ လိုအပ်လို့ သုံးဆောင် တဲ့အရာတိုင်းကို တော်ရုံတန်ရုံ အပြစ်အနာအဆာ လောက်နဲ့ ငါ လွှင့်မပစ်ရက်ဘူး။

နှင့် ပင်အပ်လေးကိုတောင် ငါ ပြန်ယူလာ ခဲ့သေးတယ်၊ သိပ်ပြီး တွန့်လိမ်ကောက်ကွေးနေလို့ နှမြောလျက်နဲ့ ရေမြောင်းထဲကို မျက်စေ့စုံမှိတ်ပြီး လွှင့်ပစ်ခဲ့ရတာ''

''အဲဒီလောက်တောင်ပဲလား''

''ဟုတ်တယ်၊ ငါ ‹ ၊ယ်ချင်း သိပ်မရှိဘူး၊ အခု နှင် ငါ့သူငယ်ချင်းဖြစ်သွားပြီ…လို့ ငါ… နှလုံးသွင်းလိုက်တယ်။

ဘယ်တော့မှ ငါ့စိတ်နှလုံးထဲမှာ နှင် ပျောက်သွားမှာ မဟုတ်ဘူး၊ ငါ့ရင်ထိုးလေးကို လက်ခံတဲ့အတွက်လည်း နှင့်ကိုငါ ‹ ျေးဇူးတင်ပါ တယ်''

''ငါလည်း နှင့်ကိုခင်ပါတယ်၊ နှင်နဲ့ငါခင်ရင် အရမ်းခင်မယ် ထင်တယ်၊ ဘာဖြစ်လို့လဲဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



ငါ တော်တန်ရုံယောကျ်ား တစ်ယောက်ကိုကြည့်ပြီး ရယ်ချင်စိတ် မဖြစ်ဖူးဘူး။

နေ့ခင်းက နင့်ကိုကြည့်ပြီး ငါ ရယ်ချင်တယ်၊ ဖိနပ်ကြိုးပြုတ်သွားတာကို ခပ်တည်တည်နဲ့ ဆက်စီးတယ်၊ သည်းကြိုး အရမ်းထွက်လာတော့မှ လက်ကကိုင်တယ်၊ ပြီးတော့ လမ်းလျှောက်ရင်း ထိုးထည့်တယ်၊ မရတော့ ဟိုကောက်ဒီကောက် လိုက်ကောက်တယ်၊ ပြီးတော့ ပယ်ပယ်နယ်နယ် ထိုင်ပြီး ပြုပြင်နေလိုက်တာ…၊ နင့်ကို ကြည့်ပြီး ငါ အရမ်းရယ်ချင်လာတယ်''

ပြိုင်တူ ရယ်ဖြစ်ကြသည်။

''ငါက တောင်ကြီးက ပြောင်းလာတာ၊ သူငယ်ချင်းဆိုလို့ နှင်းနှင်းဦးနဲ့ ခိုင်သဇင်တို့ပဲ ရှိသေးတယ်၊ နင့်သူငယ်ချင်းတွေနဲ့တောင် ငါ စကား မပြောဖူးဘူး၊ နင်တို့တွေနဲ့ခင်ရင် ငါ ပျော်မယ်ထင်ပါ တယ်''

''ကျေးဇူးပါပဲဟာ၊ နင်ပျော်အောင် ငါ အမြဲတမ်း ကြိုးစားမယ်''

''အဲဒီလောက်ကြီးလည်း မလုပ်ပါနဲ့ သူငယ် ချင်းဆိုတာ တစ်ယောက်နဲ့တစ်ယောက် ဖေးမရမှာ ပြီးတာပဲ။





တချို့သူငယ်ချင်းတွေက တစ်ယောက်နဲ့ တစ်ယောက် စိတ်ဆိုးမှာစိုးလို့ အလိုလိုက်ကြတယ်။

ငါကတော့ တစ်ယောက်အလိုကို တစ်ယောက်လိုက်လျောတာထက် တစ်ယောက် အမှားကို တစ်ယောက်ထောက်ပြနိုင်ရင် ပိုကောင်း မယ်လို့ ထင်တာပဲ''

''အဲဒီလိုထောက်ပြလို့ ကာယကံရှင်က မုန်းသွားရင်ကော'' ဟု ကျွန်တော် မေးလိုက်သည်။

''မှန်တာပြောလို့ မုန်းမယ်ဆိုရင် အဲဒီမုန်းတာ ကိုပါ ခံယူရဲရမှာပေါ့''

''ကောင်းတယ်''ဟု ကျွန်တော် ပြောလိုက်သည်။ အချိန် အနည်းငယ်အတွင်း မရိုးသားသော အကြည့်မျှကိုပင် ဆင်ခြင်နိုင်စွမ်း ရှိခဲ့ပြီ။

ညနေစောင်းတွင် သချ်ာဆောင်ဘက်သို့ ကျွန်တော် တစ် ခေါက် ရောက်ခဲ့ပြန်သည်။ ထိုအချိန်၌ သူ့ဇာချို၏ ရင်ခွင်ထက်တွင် ပုစဉ်းကောင်လေး နားခိုနေလေ၏။

သူ့ ကျောင်းပြန်ချိန်ကို မနီးမဝေးမှ ငေးကြည့်ဖြစ်သေး သည်။



www.burmeseclassic.com

www.burmeseclassic.com



သော်က ပြောသကဲ့သို့ တစ်စုံတစ်ယောက်သောသူသည် သူ့အား လာရောက်ကြိုဆို၏။ မိဘ,မောင်ဖွား ဆွေမျိုးသားချင်းသာ ဖြစ်ပါစေ... ဟု ဆုတောင်းဖြစ်သေးသည်။

အချစ်သည်...
ဘေးအပေါင်း ရန်အပေါင်းမှ
လုံးဝကင်းဝေးရန်
လွန်စွာ ခက်ခဲလွန်းလှ၏။

❀ ❀ ❀



[ ၁၂ ]

စာသင်ချိန်တွင် ဝရန်တာဘက်၌ လူရိပ် လေးငါးရိပ် တွေ့သဖြင့် ကျွန်တော် ဝေ့ကြည့်မိသည်။ သော်ကနှင့် ဝင်းထွဋ်ကို တွေ့၏။ ထို့အပြင် သူ့ဇာချိုကို တွေ့ရသည်။ သူ့နံဘေးတွင် နှင်းနှင်းဦး နှင့် ခိုင်သဇင်။

ကျွန်တော် အတန်းရှေ့သို့ တစ်ချက်ကြည့်သည်။ စာသင်ချိန်တွင် အပြင်သို့ မထွက်ဘူးခဲ့။ ယခုမှ အပြင်ထွက်ချင်စိတ် ဖြစ်ရ သည်။ အာဝဇ္ဇန်းရွှင်ရွှင်ဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာ စေတနာထားပြီး သင်အံနေသည့် ဆရာတစ်ယောက်၏စာသင်ချိန်။အပြင်ထွက်သွား လျှင် မရှိသေရာ၊ မလေးစားရာ စည်းကမ်းမဲ့ရာ ရောက်ပေမည်။ ဆရာ၏စေတနာကို စော်ကားသောလုပ်ရပ်ဟု ကိုယ့်ကိုယ်ကို ထင်မြင် ပေပေမည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်သည် တစ်ကြိမ်တည်းတွင် နှစ်ခုဖြစ်၍မရ။

ယခုမူ ကျွန်တော့်၏ စိတ်,ဆန္ဒ နှစ်မွှာကွဲသွား၏။ သူဇာချို ရှိရာသို့ ထွက်သွားချင်သည့်စိတ်နှင့် ဆရာ၏ သင်ကြားပို့ချမှုကို မခန့်လေးစား မပြုမူလိုသောဆန္ဒတို့ ထပ်တူထပ်မျှ ဖြစ်နေရ၏။

တစ်ကြိမ်တည်းတွင် နှစ်ခုဖြစ်၍ မရသော်လည်း စိတ်နှင့် ဆန္ဒ မည်သူက ဦးသည်မသိ။ စိတ်သည် ပြင်ပသို့ ရောက်သွားပြီး ဆန္ဒသည် စာသင်ခန်းတွင်းမှ ထွက်ရခက်နေ၏။ စိတ်သည် စာသင်ခန်းတွင်းသို့ ဝင်လာပြီး ဆန္ဒသည် သူဇာချိုရှိရာ စာသင်ခန်းပြင်ပသို့ တစ်ဖန်တလဲ ရောက်သွားပြန်၏။

သို့သော် သူဇာချို၏ လက်ချောင်းလေးများ၏ အမူအရာကြောင့် ကျွန်တော်၏ စိတ်,ဆန္ဒတို့ သက်သာရာ ရသွားကြလေသည်။

သူဇာချိုက ''မထွက်ခဲ့နဲ့''ဟု လက်ဝါလေး ကာ၍ပြ၏။ လက်ညှိုးလေးကို သူ့ကိုယ်သူထိုး၍လည်းကောင်း၊ စာသင်ဆောင်၏ အောက်ကြမ်းပြင်ကိုလည်းကောင်း၊ ညွှန်ပြလျက်... သူတို့ ဒီနေရာကပဲ ရပ်စောင့်နေမည်ဖြစ်ကြောင်း ဟန်အမူအရာဖြင့် ပြုံးချိုနွဲ့နှောင်း ပြော၏။

ထို့ကြောင့်...

ကျွန်တော့်စိတ်တွေ ငြိမ်းအေးတည်တံ့သွားရသည်။





စာသင်ချိန် ပြီးဆုံးသွားသောအခါ မိခင် လာရောက်ကြိုဆိုသည်ကို တွေ့မြင်ရသော မူလတန်းကျောင်းသားငယ်တစ်ယောက်ကဲ့သို့ ကျွန်တော့်စိတ်နှလုံးတို့ လွတ်လပ်လန်းဆန်းသွားရသည်။

''ဆောရီးဟာ၊ ဆရာ့ကို အားနာလို့ ထွက်မလာဖြစ်တာ''

တွေ့လျှင်တွေ့ချင်း၊ မြင်လျှင်မြင်ချင်း သူဇာချို့ကို ဦးတည်၍ ကျွန်တော် တောင်းပန်စကား ပြောဖြစ်သည်။

သူဇာချိုက...

''ဘာဖြစ်လို့ ထွက်လာရမှာလဲ၊ ဆရာမဝင်လို့ အတန်းအပြင်ထွက်တာ ကိစ္စမရှိဘူး၊ ဆရာသင်နေလျက် အပြင်ထွက်တာ မကောင်းပါဘူး။

လွတ်လပ်တာနဲ့ စည်းကမ်းမဲ့တာ မရောစေနဲ့နော်...၊ အနည်းဆုံး ဆရာ, ဆရာမတွေအပေါ် ဂါရဝတရားတော့ ထားသင့်တယ်၊ ငါ စေတနာနဲ့ပြောတာနော်...၊ ဆရာလုပ်တာ မဟုတ်ဘူး''

သူစကားလေးကြောင့် ကျွန်တော် ကြည်နူးပြုံး,ပြုံးဖြစ်သည်။

''အေးပါ စေတနာနဲ့ပြောတာကို ငါ ကျေးဇူးတင်ပါတယ်၊ နင် ထွက်မလာနဲ့...ဆိုလို့ မဟုတ်ရင် ငါ ဆရာမသိအောင် ခိုးထွက်လာဖြစ်မှာ၊ နင် ရပ်စောင့်နေရတာ ငါ အားနာလိုက်တာ''

''ဟော့ကောင် မင်းစိုး''

ဝင်းထွဋ်အသံ ဖြတ်ဝင်လာ၏။

''ဘာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ခြေထောက်ကို ကိုင်ကြည့်စမ်း"

"ဘာလို့ ကိုင်ရမှာလဲ"

"မကိုင်ချင်ရင်လည်း ဒီမှာ သေသေချာချာ ကြည့်"

ဝင်းထွဋ်က သူ့ခြေခုံကို ကျွန်တော့်ရှေ့သို့ တိုးပေးသည်။

"သော်ကရော နှင်းနှင်းဦးရော နိုင်သဇင်ရော အကုန်လုံး ခြေထောက်တွေပါတယ်၊ အားလုံး မင်းကို ဒီခြေထောက်တွေနဲ့ ရပ်စောင့်နေကြတာ၊ ဘယ်သူမှ ချိုင်းထောက်နဲ့ထောက်ပြီး ရပ်စောင့်နေကြတာ မဟုတ်ဘူး။

အားလုံး အတူတူ ရပ်စောင့်နေကြတာပြင် လျက်နဲ့ သူဇာချို ရပ်စောင့်နေတာကိုပဲ မင်း အားနာတတ်သလား"

"… … … …"

ရယ်သံများ။

ကျွန်တော်ပါ ရောစွ်ရယ်ဖြစ်သည်။ ရယ်လျက်

"သူဇာ့ခြေထောက်လေးတွေက နုနုနယ်နယ် လေးကွ၊ မင်းတို့လို ဆင်ခြေထောက်တွေ မဟုတ်ဘူး"

"ငါတို့ခြေထောက်ကျတော့ရော…"ဟု နှင်းနှင်းဦးနှင့် နိုင်သဇင်တို့ တစ်ခွန်းစီ ဝင်မေးကြ၏။ ပြုံးနေသော သူဇာချိုကို ကျွန်တော် ပြုံး၍ ကြည့်လိုက်မိသည်။





"ဟဲ့… မေးနေတယ်လေ၊ ငါတို့နှစ်ယောက် ရဲ့ ခြေထောက်ကရော ဆင်ခြေထောက်ပဲလား"

နှင်းနှင်းဦး၏ အမေး။ နိုင်သဇင်က

"ပြောလေ"ဟု ဝင်ထောက်၏။

ကျွန်တော်က

"ဟာ… နင်တို့ခြေထောက်တွေက မိန်းကလေးခြေထောက်ပဲ၊ ဒီကောင်တွေလို ဆင်ခြေ ထောက်မျိုး ဖြစ်ပါ့မလား"

နှင်းနှင်းဦးတို့ နှုတ်ခမ်းမဲ့၍ ပြုံး၏၊

"သူဇာ့ခြေထောက်ထက်တောင် နင်တို့ခြေ ထောက်တွေက နူးညံ့သေးတယ်၊ ဘယ်လောက် အထိ နူးညံ့သလဲဆိုတော့…"

ကျွန်တော် စကားမဆက်ရဲဟန် ပြုသည်။

"ပြော… ဆက်ပြော"

"ဟိုလေ အိကြာကွေးကို နှစ်ခြမ်းဖဲ့ပြီး ရေစိမ်ထားသလိုပဲ နံရံမှာထောင်လိုက်ရင် ခွေခွေ လေး"

ဦးခေါင်းပေါ်သို့ ဝင်းထွဋ်နှင့် သော်ကတို့၏ ပလာစတာအုပ် ရိုက်ချက်များ ရောက်လာသည်။ နှင်းနှင်းဦးနှင့် နိုင်သဇင်တို့ ရိုက်ချက် များကတော့ ကျွန်တော့်လက်မောင်းနှင့် ပခုံးစွန်း။



www.burmeseclassic.com

www.burmeseclassic.com



သူဇာချို ရယ်နေ၏။

❦

တောင်ငူဆောင်အနီးရှိ စားသောက်ဆိုင်တွင် ထိုင်ဖြစ်ကြသည်။ အင်းလျားကန်ဘောင်တွင် တို့ဟူးကြော် စားဖြစ်ကြသည်။

လေးငါးဆယ်ရက်အတွင်း ကျွန်တော်နှင့် သူဇာချို၊ သူဇာချိုနှင့် ကျွန်တော့်သူငယ်ချင်းများ ပိုမိုခင်မင်ရင်းနှီးခဲ့ကြသည်။ အထူးသဖြင့် သူဇာချိုနှင့် ကျွန်တော် ပို၍ခင်မင်လာကြသည်။

မိဘတွေ ငယ်စဉ်ကတည်းက ဆုံးပါးခဲ့ကြကြောင်း၊ အဘွားနှင့် နေထိုင်ခဲ့ရကြောင်း၊ ညီမတစ်ယောက် ရှိကြောင်း၊ တောင်ကြီးတွင် ဦးလေးတွေ ကျန်ရစ်ခဲ့သေးကြောင်း၊ သူတို့ညီအစ်မနှစ်ယောက်၏ ပညာရေးကိစ္စ၊ ရန်ကုန်တွင် ဘဝတည်ဆောက်စေလိုသောကိစ္စကြောင့် မိသားတစ်စုလုံး ပြောင်းရွှေ့လာကြခြင်းဖြစ်ကြောင်း ဦးလေးတွေမှာ အိမ်ထောင်ကွဲတွေဖြစ်ကြောင်း၊ အဘွားက အိုစာမင်းစာအပြင် မျက်နှာမငယ်ရအောင် စောင့်ရှောက်မှု ပေးနိုင်ခြေရှိကြောင်း သူဇာချို ပြောပြသည်။

ကျွန်တော့်မိဘများက မချမ်းသာကြောင်း၊ သို့သော် မဆင်းရဲကြောင်း၊ အစ်ကိုတစ်ယောက်ရှိကြောင်း၊ ကျောင်းပြီးသွားပြီး အလုပ်ဝင်နေပြီဖြစ်ကြောင်း၊ ညီအစ်ကိုနှစ်ယောက် အလွန်ချစ်ခင်ကြောင်း စသည်ဖြင့် တစ်ခွန်းစ နှစ်ခွန်းစ စကားကြုံစဉ် ကျွန်တော် သူဇာချို



ကို ပြောပြ၏။

ကျွန်တော်ပြောသောစကား၊ အမှုအရာများထဲတွင် သူ့အား ကျွန်တော် ချစ်ကြိုက်နေကြောင်း မပါ။ သူပြောသော စကားများတွင် သူ့မှာ ရည်းစားရှိ မရှိဆိုသည်ကို ထည့်ပြောခြင်း မရှိ၊ ကျွန်တော့်စကားများတွင်လည်း သူ့မှာ ချစ်သူရည်းစား ရှိ မရှိ မေးမြန်းစုံစမ်းသော စကားအသုံးအနှုန်းမျိုး မပါ။

ထိုအခါ...

ကျွန်တော့်မှာ သိချင်လျက် အမေးခက်။ မေးချင်လျက် သိခက်သည်၊ စကားကြုံမှ မေးမြန်းမည်ဆိုလျှင်ပင် အလောတကြီး မေးမြန်းမိမည်ကိုပင် စိုးရိမ်ထား၏။ မြတ်နိုးစွာ ငေးကြည့်ချင်သည်ကိုပင် သူ ရိပ်စားမိမည်စိုးသဖြင့် ချစ်ရောင်လွှမ်းသော မျက်လုံးမျိုးကို တိတာထား ပိတ်ကာ ထားဖြစ်၏။

သူငယ်ချင်းယောင်ဆောင်၍ ချစ်မြတ်နိုးနေရသည်ကိုပင် မှာ ကြည်နူးသာယာသဖြင့် သူငယ်ချင်းကဲ့သို့ ခင်တွယ်နေရခြင်း မထိခိုက် မပွန်းရှစေရန် ကျွန်တော် အထူးစောင့်စည်းခဲ့ပါသည်။

သူငယ်ချင်းလို ချစ်နေရသည်ကိုပင် မဟာအခွင့်တော်ဟု ယိုက်ကာ သူငယ်ချင်းဖြစ်နေရခြင်းအပေါ် ကျွန်တော် ပို၍ ရှင်ခဲ့ရ၏။

❦

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ နင် ဖိနပ်အသစ် အခုထိ ထုတ်မစီး သေးဘူးနော်၊ ခုံတွေပါးနေပြီ၊ တော်ကြာ လမ်းမှာ ပြတ်မှ ချုပ်လို့မရ၊ ပြင်လို့မရ ဖြစ်နေမယ်၊ အသစ် ထုတ်ပြီး စီးလိုက်ပါတော့လားဟာ"

သူဇာချို သတိပေးစကားပြောမှ ကျွန်တော့်ဖိနပ်အဟောင်း လေးကို ကျွန်တော် ငုံ့ကြည့်မိသည်။ ကတ္တီပါမွေးနုတို့တုံးလျက် ခြေရာသည်လည်း ထင်းချိုင့်လျက် ရာဘာမျက်နှာပြင်သည်လည်း ပါးလှပ်လျက်။

"ပြတ်သွားတော့မှ အသစ်ထုတ်စီးမယ်လေ"

သူဇာချို ဘဝင်မကျ။

"ဒါနဲ့ နင့်ကို ငါမေးမလို့"ဟု ကျွန်တော် စကားဆက်

"မေး"

"ငါပေးထားတဲ့ ပုစဉ်းရင်ထိုးလေးရော၊ အင်္ကျီမှာ မထိုးတော့ဘူးလား၊ ဘာလဲ ရင်ပုံ အင်္ကျီကြယ်သီးအတွက် အစားထိုးဖို့ သုံးနေ လား"

"မဟုတ်ပါဘူး"

"ဒါဆို ဘယ်မှာလဲ"

"သိမ်းထားတယ်လေ"

"ငါက နင့်ရင်ဘတ်မှာ ထိုးထားစေ

သူဇာချို မဲ့ပြုံးပြုံး၍ ခေါင်းခါ၏။





မေးစေ့မှ မဲ့နုက်သေးသေးလေး လှုပ်သွားသည်။ နှုတ်ခမ်း ပန်းနုလေးကိုပါ တစ်ထပ်တည်း မြင်ရ၏။ ပြုံးနေသည်ကိုပင် စကား မဲ့စွာ အနိုင်ယူသည်ဟု ခံစားလျက် ကျွန်တော် ဘာစကားမျှ မပြောဖြစ်တော့ချေ။ ဘာကိုမျှ မတောင်းဆိုဖြစ်တော့။



www.burmeseclassic.com

www.burmeseclassic.com

[ ၁၃ ]

"ကိုယ့်ဘာသာ မေးပါလား၊ ငါတို့လာမေးတော့ စပ်စုရာ ရောက်မှာပေါ့"ဟု နှင်းနှင်းဦး ပြောငါ၏။ ခိုင်သဇင်က...

"ဘာလဲ... နင်က သူဇာချို့မှာ ရည်းစား ရှိ့မရှိမေးတာ မရှိဘူးဆိုရင် နင် ကြိုက်မလို့လား"

"မဟုတ်ပါဘူးဟာ"ဟု ကျွန်တော် အကြောက်အကန် ငြင်းရသည်။ ကျွန်တော် နှုတ်ပိတ်ထားသဖြင့် ဝင်းထွင့်နှင့် သော်က ...က သူဇာချို့အပေါ် ထားရှိမိသည့် ကျွန်တော့်စိတ်နှလုံးကို မည်သူ့ ...မျှ နှုတ်မဟာကြချေ။

သူတို့နှစ်ယောက်၏ အကြံပေးချက်ဖြင့် သူဇာချိုမှာ ရည်းစား ...မရှိကို နှင်းနှင်းဦးနှင့် ခိုင်သဇင်အား မေးမြန်းခိုင်းစေခြင်းဖြစ်၏။ ...သော်... အရာမရောက်။

www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို တစ်ခါတလေ အပို့အကြိုလုပ်နေတဲ့ လူ၊ အဲဒါ ဘယ်သူလဲလို့ ငါသိချင်တာ"

နှင်းနှင်းဦးက…

"ပြောပြီးပြီပဲ မင်းစိုးရယ်၊ ငါတို့ မေးမကြည့်ဖြစ်ဘူး၊ အစ်ကိုလား၊ ဆွေမျိုးလား၊ ဘာညာဘာညာလား၊ တမင်မမေးတာ၊ စပ်စုရာရောက်မယ်။

သူငယ်ချင်းဖြစ်နေပြီဆိုပေမယ့် ခင်တာ သိပ်မှ မကြာသေးတာ၊ သူ သိစေချင်ရင် သူကိုယ်တိုင် ပြောမှာပေါ့"

"နာမည် ဘယ်သူဘယ်ဝါဆိုတာတောင် သဲ့သဲ့လေး မကြားမိဘူးလားဟာ…"

နှင်းနှင်းဦး ပြုံးလျက်…

"မသိပါဘူးဆို"

ခိုင်သဇင်က…

"နင် ကြိုက်နေတယ်မဟုတ်လား… မှန်မှန်ပြော"

"မဟုတ်ပါဘူး၊ ရည်းစားရှိတယ်ဆိုရင် သူငယ်ချင်းဆိုပေမယ့် ငါတို့က ဆင်ခြင်ပေးရမှာပေါ့"

ဝင်းထွဋ်က

"ဟော့ကောင် ငါတို့လို့… မသုံးနဲ့၊ သူ့ဇာချို မင်းကို ပိုခင်တာ။





ဆင်ခြင်ရင်းဆင်ခြင် မင်းပဲ ဆင်ခြင်ရမှာ၊ သူ့ဇာချိုက ငါတို့ကို သိပ်မရောဘူး၊ မင်းနဲ့ပဲ တပူးတွဲတွဲ၊ မင်းပဲ ဆင်ခြင်"

သော်က,ကို စကားကူလိုက်ပြောဘဲ ကျွန်တော် ငုံ့ကြည့်သည်။ သော်ကက မပြုံးချင်ပြုံးချင်ဖြင့် တမင် မျက်နှာလွှဲထား၏။ ကျွန်တော့်မှာ စကားအားကိုး မရှိ။

ခိုင်သဇင်က

"ဒါဆို အခု နှင်းနှင်းဦးနဲ့ငါ့ကို သူ့ဇာချိုမှာ ရည်းစားရှိ,မရှိ မေးပေးဖို့ပြောတာ၊ နင် ဆင်ခြင်ဖို့ တစ်ခုတည်းကြောင့်ပေါ့၊ ဟုတ်လား"

"အင်း"

"ဘာအင်းလဲ"

နှင်းနှင်းဦး ရယ်လေ၏။ ဝင်းထွဋ်က ကျွန်တော့်ကို ပြုံးဖြဲဖြဲဖြင့် ကြည့်နေသည်။ သော်က နားစွင့်ထားဟန်တူသည်။

"သူ့မှာ ရည်းစားရှိရင် သူ့ရည်းစားက ယောက်ျားလေး သူငယ်ချင်းနဲ့ ရောရောနှောနှောနေတာ အပြစ်မြင်မှာစိုးလို့ပါ"

နှင်းနှင်းဦးက…

"အင်းလေ ဘာပဲဖြစ်ဖြစ်ပေါ့၊ သူ့ဇာချို့ကို နင့်ဘာသာ မေးလည်း ရတာပဲဟာ၊ နင် သိချင်လို့ မေးတာပဲ၊ စိတ်ဆိုးမှာ မဟုတ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မေးရမှာ အားနာလို့ပါ"

"ငါတို့ကရော အားမနာရဘူးလား"

"နင်တို့က မိန်းကလေးအချင်းချင်းပဲ"

"နင် မေးခိုင်းရတဲ့ အကြောင်းပြချက်က သိပ်မနိုင်လုံဘူး နော်... မင်းစိုး"

သော်ကနှင့် ဝင်းထွဋ်က တဟားဟား ရယ်လေ၏။ ခိုင်သဇင်လည်း ရယ်နေသည်။

"အကောင်းဆုံးက နင်ကိုယ်တိုင်ပဲ မေးလိုက်ပါဟာ"

"မမေးရဲဘူးဟ"

"ဘာဖြစ်လို့ မမေးရဲတာလဲ"

"ချစ်သူရှိတယ်လို့ ပြောမှာစိုးလို့"ဟု စိတ်ထဲမှာသာ ပြောမြ(?)သည်။

"ဟဲ့ ဘာဖြစ်လို့ မမေးရဲတာလဲ"

"ဩော်... ဟို ယောက်ျားတန်မဲ့ စပ်စုတယ်(?) ထင်မှာစိုးလို့"

နှုတ်တွေ့ရာ ပြောမိသည်။

"ဩော်... နင့်ကိုတော့ စပ်စုတယ်လို့ ထင်မှာစိုးရိမ်တယ်၊ ငါတို့ကိုတော့ ထင်ချင်သလို ထင်ပေ့စေဆိုတဲ့ သဘောလား"

ရည်ရွယ်ရာသို့ ရောက်မည်မထင်တော့။





ဖြစ်လိုရာသို့ ပို့မည်မထင်တော့။

ခိုင်သဇင်က...

"ငါ တကယ်ပွင့်ပွင့်လင်းလင်းပြောမယ် မင်းစိုး။ သူ့ကို လာလာကြိုနေတဲ့လူ၊ အဲဒီလူကို ငါတို့ကိုယ်တိုင်က သူနဲ့ ဘာညာ ဘာညာ ထင်နေတာ။

ဒါပေမဲ့ ဟုတ်လားလို့ မေးဖို့ကျတော့ သူ့ ပါစင်နယ်ဖြစ်နေတယ်လေ၊ သူကိုယ်တိုင် စကားစမှ မေးဖို့သင့်တယ်။

နင်ကိုယ်တိုင် မေးဖို့ဆိုရင် နင့်မှာ အကြောင်း ပြချက်တစ်ခုခု ရှိနိုင်တယ်၊ ငါတို့ကျတော့ မိန်းက လေးချင်း အကြောင်းပြချက် မရှိဘူး၊ စပ်စပ်စုစု မေးတယ်လို့ပဲ ထင်မှာ။

နင် မေးခိုင်းလို့ မေးရတာပါ...လို့ အကြောင်းပြမယ် ဆိုရင်တော့ မဆိုးဘူး၊ ငါ မေးပေး မယ်"

"အာ... အဲလိုကြီးတော့ မလုပ်ပါနဲ့ ဘာထူး မှာလဲ၊ ငါက ငါကိုယ်တိုင်မမေးဘဲနဲ့ သိချင်တာ"

နှင်းနှင်းဦးက...

"နင်ကိုယ်တိုင်မေးလည်း သူ ဘယ်လိုမှ



www.burmeseclassic.com

www.burmeseclassic.com



ထင်မှာမဟုတ်ပါဘူး။ နင့်ကို သူ တော်တော်ခင်တာ ဟ၊ စာသင်ချိန်ပြီးတာနဲ့ နင့်ဆီကို သူ ခြေဦး လှည့်ချင်နေတာ၊ စကားစပ်မိလို့ ပြောဖြစ်သေး တယ်၊ နင်က ခင်ဖို့ကောင်းတယ်…တဲ့၊ ပြောတာ ဆိုတာ လူကြီးဆန်တယ်…တဲ့၊ လူကြီးစိတ်တဲ့၊ ဒါပေမဲ့ နေတာထိုင်တာကျတော့ ကလေးလိုပဲ…တဲ့၊ လုံချည်ကို တိုတိုဝတ်ချင် ဝတ်ပစ်လိုက်တာပဲ…တဲ့၊ ပူအိုက်တဲ့အခါ အင်္ကျီကို ရင်ဘတ်ဟာချင် ဟ,ပစ် လိုက်တာပဲ…တဲ့။

အဲ… အနားမှာ သူငယ်ချင်းမိန်းကလေး ရှိနေပါလားလို့ သတိထားပြီး ပြန့်ပြန့်ထိန်းလိုက်… နင့်အမူအရာကိုကြည့်ပြီး သူ သဘောကျတယ်… တဲ့''

''အဲဒါ ဘာဖြစ်လဲ''

''ဘာဖြစ်ရမှာလဲ၊ နင်ဘာလုပ်လုပ်၊ … ပြောပြော၊ ဘာမေးမေး၊ စိတ်ဆိုးမှာ မဟုတ်ဘူး… ငါ ထင်မြင်ချက်ပေးနေတာ''

''တစ်ခုခုတော့ရှိတယ် မင်းစိုး''ဟု နှင်းနှင်းဦး စကား… ၏။ ကျွန်တော့်ကို သူ သေသေချာချာ တစ်ချက်ကြည့်ရင်း…

''သူ့ဇာချိုမှာ ရည်းစား ရှိ,မရှိကို …





ချင်ပေမယ့် သူ့ဇာချိုကို နင် ချစ်နေကြိုက်နေတယ် ဆိုရင်တော့ ငါတို့ အစွမ်းကုန် အောင်သွယ်ပေး ရဲတယ်''

''အာ… နင်ကလည်း''

နှင်းနှင်းဦး ရယ်လေသည်။

ကျွန်တော့်အမူအရာ မလုံမခြုံဖြစ်သော်လည်း နှုတ်ပါးစပ် …ခါးကို ပိုမိုလုံခြုံပေးပါရန် ဝင်းထွန်းနှင့်သော်ကတို့အား အစွမ်းကုန် …တောင်းပန်တိုးလျှိုးလျက် ပိတ်ပင်ထားရပေဦးမည်။

လူ… မိမှာ မစိုး။ သူ… သိမှာစိုးသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

"သူက မင်းစိုး၊ သူက သော်က၊ သူက
ဝင်းထွဋ်၊ မင်းစိုးက မြန်မာစာက။
ဒါက နှင်းနှင်းဦး၊ ဒါက ခိုင်သဇင်၊
သူငယ်ချင်းဆိုလို့ ဒါ အကုန်ပဲ"

သူဇာချိုက သူ့အား လာကြိုသူနှင့် ကျွန်တော်တို့ကို ချစ်စယ်လာအအေးဆိုင်မှာ မိတ်ဆက်ပေးသည်။ ဒီလိုနေ့ ဒီလိုအခြေအနေမျိုးကို ကြုံတွေ့ရမှာ ကျွန်တော် စိုးရိမ်ခဲ့၏။ ကြုံတွေ့လိုသော ယနေ့သည်လည်း ပြင်းပြခဲ့ပြန်သည်။

သူ့အား တစ်ခါတစ်ရံ လာရောက်ပို့ကြိုသူသည် မည်သူမည်ဝါ၊ မည်သို့တော်စပ်သည်ကို ကွဲကွဲပြားပြား သိကြားလိုသော ကြောင့် ယခုကဲ့သို့ တခုတ်တရ မိတ်ဖွဲ့ပေးမည့် အခြေအနေမျိုးကို

www.burmeseclassic.com

www.burmeseclassic.com



ကြုံတွေ့လိုသည့် ကျွန်တော့်ဆန္ဒ ပြင်းပြခဲ့ခြင်းဖြစ်၏။

သို့သော် မိတ်ဖွဲ့ပြီးပါက မည်သူမည်ဝါဆိုသည်ထက် မည်သို့ပတ်သက်တော်စပ်သည်ဆိုသည့် အပြောစကားထဲတွင် မောင်နှမဆွေမျိုးသားချင်း မဟုတ်ပါဘဲ ချစ်သူရည်းစား တော်စပ်ပတ်သက်နေသည်ဟု သိ့ကြားကြုံတွေ့ရမည်ဆိုလျှင် မည်သို့ခံစားကြေမြည့်ရမည်ကို မတွေးဝံ့သဖြင့် ယင်းအခြေအနေဆိုးကို ကြုံတွေ့ရမှာ ကျွန်တော် စိုးရိမ်ခဲ့ခြင်းဖြစ်၏။

မည်သို့ပင်ဖြစ်စေ ထိုအခြေအနေ၏ အနီးတစ်ဝိုက်တွင် ကျွန်တော် ရောက်ရှိခဲ့ရလေပြီ။

''ဒါက ကိုမောင်မောင်ဌေးတဲ့၊ တောင်ကြီးက
ပဲ၊ ရန်ကုန်မှာ စီးပွားရေးလုပ်နေတာ၊ ဘော်
ရှုပါဘော့စ်ပဲ''

အားလုံး ပြုံးပြကြလေသည်။ အားလုံးက မျှားစွာပြုံးသော်လည်း ကျွန်တော့်အဖို့ အားနာပြုံးမျှ ပြုံးပြနေဖို့ ခက်နေ၏။

အမည်နာမ၊ နေရာဌာန၊ အလုပ်အကိုင် အခြေအနေတို့ကိုသာ သူဇာချို ထည့်ပြောခဲ့သည်။ မည်သို့တော်စပ်သည်ကို သူမ ထုတ်မပြော။ ဒါကို ကျွန်တော် ဘဝင်မကျ။

ဘဝင်မကျဆိုသည်ထက် နားမရှင်းဟု ဆိုချင်သည်။

''အဲဒီ ကိုမောင်မောင်ဌေးက နင်နဲ့ ဘာတော်လဲ''ဟု အားလုံးရှေ့မှာ ကျွန်တော် မေးချင်သည်။ မမေးသင့်။ မမေးဝံ့၍ မမေးလို။





※

သူကားကို စီးပွားရေးတက္ကသိုလ် အဝင်ဝ၊ အင်းလျားလမ်းပေါ်တွင် ရပ်ထားခဲ့ကြောင်း၊ ကားပေါ်မှ သူစောင့်နေမည်ဖြစ်ကြောင်း၊ သူငယ်ချင်းတွေ အေးအေးဆေးဆေး စကားပြောကြပါဦးဟု ကိုမောင်မောင်ဌေးဆိုသူက ယဉ်ကျေးပျူငှာစွာ မှာကြားသွားလေ၏။ သူ မရှိတော့သော်လည်း သူ၏အကြောင်းကို ကျွန်တော် မမေးဖြစ်သေး။

''ဟဲ့...ဘာငိုင်နေတာလဲ''

သူဇာချို၏ အသံ။

''ဘာမှ မငိုင်ပါဘူး''

''မငိုင်ဘူး...တဲ့၊ ရုပ်ကိုက အိပ်ချင်မူးတူးရုပ်''

ကျွန်တော် မည်သည့်စကားမျှ မပြောဖြစ်သေးခင် သော်က၏နောက်အပြောင်စကားက ဖြတ်ဝင်လာသည်။

''ဒီကောင် ငိုင်နေတာမဟုတ်ဘူး၊ ငေးနေတာ''

''ဘာကို ငေးနေလို့လဲ''ဟု ကျွန်တော် ပြန်မေးသည်။

''ခုနက ကိုမောင်မောင်ဌေးရဲ့ ခါးကြားက ဆယ်လူလာကို မင်း ငေးနေတာလေ၊ ပြစ်မှားနေတာ၊ လုရင်ကောင်းမလား၊ ခိုးရင် ကောင်းမလားလို့ ငေးပြီး တွေးနေတာ၊ ကြံစည်နေတာ၊ ဟုတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



မို့လား''

ဝိုင်းရယ်ကြသည်။ ''ပေါက်ကရ''ဟု ကျွန်တော် စကားတို့ပြန်ပြောဖြစ်၏။ တစ်ပါးသူ၏ မည်သည့်ပစ္စည်းကိုမဆို လုယက်ခိုးယူခြင်းသည် အပြစ်ကြီးလွန်းလှ၏။

အချစ်(ချစ်ခြင်းမေတ္တာ)ကို လုယက်ခိုးယူမိမည်ဆိုလျှင်လည်း မည်၍မည်မျှ ကြီးမားသည့်အပြစ်မျိုး၊ ဒဏ်ခတ်မှုမျိုး ရှိနေပါသလဲ။ မဆီမဆိုင် တွေးမောမိပြန်သည်။ ယခုအချိန်အထိ မည်သည့်အရာကိုမျှ ကျွန်တော် မလုယက်၊ မခိုးယူလိုသေးပါ။

※

''ဟဲ့ နင် ဘာဖြစ်နေတာလဲ''

အအေးဆိုင်ရှိရာဘက်မှ အဝိပတိလမ်းမပေါ်သို့ ခြေအလှမ်းတွင် သူဇာချို မေး၏။

''ဘာမှမဖြစ်ပါဘူး''

''ဘာမှမဖြစ်ဘူးသာပြောတယ် နင့်စကားနည်းနေတယ်''

''နှစ်ဆယ့်လေးနာရီအပြည့် နင့်ကို စကားသံပေးနေရမှာလား''

မျက်နှာတည်ဖြင့် ပြောသော်လည်း သူဇာချို ရယ်မော ဘွဲ့နှင်းသဘင်ကို မျက်နှာမူလျက် လျှောက်ခဲ့ကြသည်။ ကျွန်တော်





တို့နောက် ခပ်လှမ်းလှမ်းတွင် သော်ကနှင့် ဝင်းထွဋ်၊ နှင်းနှင်းဦးနှင့် ခိုင်သဇင်တို့ လိုက်ပါခဲ့ကြ၏။

''နင် ငါ့ကို တစ်ခုခု မကျေနပ်တာ ရှိနေသလား''

''မရှိပါဘူးဟာ၊ ငါ အိမ်ပြန်ချင်နေလို့''

နှုတ်တွေ့ရာပြောသည့် စကား။

''ဟဲ့ အခု အားလုံး အိမ်ပြန်ကြတော့မှာပဲ''

''ငါတို့က ဘတ်စ်ကားနဲ့ ပြန်ရမှာ''

သူဇာချို တဟားဟား ရယ်မောပြန်၏။ အရယ်ရပ်ပြီး

''လက်စသတ်တော့ ငါ နင်တို့နဲ့အတူ လိုက်မပြန်လို့ စိတ်ဆိုးနေတာကိုး''

''မဟုတ်ဘူး၊ ဘာကိုမှ စိတ်မဆိုးဘူး၊ ငါ တကယ်ပြောတာ သူဇာ၊ တကယ်...''

''ကဲပါ ဘာပဲဖြစ်ဖြစ် ငါ နင်တို့နဲ့ပဲ အတူ ပြန်မယ်''

ကျွန်တော် တစ်ချက်ငဲ့ကြည့်မိသည်။ သူဇာချို ပြုံးနေ၏။

''ရတယ် မင်းစိုး၊ ကိုမောင်မောင်ဌေးက သဘောကောင်းပါတယ်၊ သူကလည်း သူ့အားမှ လာကြိုတာပါ၊ ကိစ္စမရှိဘူး၊ ငါ နင်တို့နဲ့ပဲပြန်မယ်လို့ ပြောလိုက်မယ်နော်...''

ကလေးငယ်တစ်ယောက်ကို ချော့မော့ဖျောင်းဖျသည့်



www.burmeseclassic.com

www.burmeseclassic.com



လေသံ၊ ဟန်ပန်။

"အာ သူဇာ၊ နင် ဘာတွေပြောနေတာလဲ၊ နင့်ဘာသာ ပြန်စရာရှိတာပြန်ပါ၊ ငါ ဘာမှမဖြစ်ပါဘူးဆို"

"ဖြစ်တယ်၊ နင် တစ်ခုခုဖြစ်နေတယ်"

ကျွန်တော့်မျက်နှာအမူအရာ လုံခြုံမှု အားနည်းခဲ့လေပြီ။

"မဖြစ်ဘူး၊ တစ်ခုပဲ… တစ်ခုပဲ… ငါ မေးချင်နေတာ"

"မေး… မေး"

"ခုနက အဲဒီ ကိုမောင်မောင်ဌေးက နင့်ရဲ့ ဘာတော်လဲ"

သူဇာချို ခေါင်းငုံ၍ ခွမ်းလျှစွာပြုံးလျက်…

"ဘာလဲ၊ နင် သဘောမတူဘူးလား၊ အဲဒါ ငါ့ရည်းစားလေ၊ ရည်းစားဖြစ်တာ သိပ်တော့ မကြာသေးဘူး"

"ဒုတ်"

"ဟဲ့… ဟယ်… ဖိနပ်ပြတ်သွားပြီ"

မည်သည့်အရာကို ခလုတ်တိုက်လိုက်မိသည်မသိ၊ အဝိုင်း လမ်းမှ ဘွဲ့နှင်းသဘင်လမ်းဘက်သို့ ချိုးအကွေ့တွင် ကျွန်တော့်ဖိနပ် သည်းကြိုး လုံးဝပြတ်ထွက်သွားလေသည်။

"နင့်မှာ ကွန်ပါချုန်ပါသေးလား"





"ဟဲ့… ဒီတစ်ခါ ချုပ်လို့မရတော့ဘူးလေ၊ သည်းကြိုးက ပြတ်သွားတာ မဟုတ်ဘူး၊ ပြတ်သွားတာ"

ဖိနပ်အပြတ်လေးကို ကျွန်တော် ကောက်ယူလိုက်မိသည်။

"ငါပြောတယ် ဖိနပ်အသစ်ရှိလျက်နဲ့ ထုတ်စီးပါဆိုမှ အခုတော့ အရှက်ကွဲပြီ"

နံဘေးဝန်းကျင်သို့ ကျွန်တော် လှည့်ကြည့်မိသည်။ ကျောင်းသား ကျောင်းသူအချို့မှလွဲ၍ အရှက်ကွဲစရာ ဘာကိုမှမတွေ့။

"ဖိနပ်ပြတ်တာ ဘာဖြစ်လို့ အရှက်ကွဲရမှာလဲ"

"ဟဲ့ နင် ကပ်စေးနဲ့တာ လူသိတာပေါ့"

"ငါ ကပ်စေးနဲ့တာ မဟုတ်ဘူး နမြောတာ၊ မပြတ်သေးဘဲနဲ့ လွှင့်မပစ်ရက်ဘူး"

"အခု လွှင့်မပစ်လို့ မရတော့ဘူး၊ နင် အိမ်ကို ခြေထောက်ချည်းပဲ ပြန်မှာလား၊ နေဦး ကိုမောင် မောင်ဌေးကားနဲ့ ငါ လိုက်ပို့ပေးမယ်"

ကျွန်တော် သူ့မျက်နှာကို တင်းမာစွာ ကြည့်လိုက်မိသည်။ ထိုသို့ကြည့်မိလျှင် ကြည့်မိချင်း တင်းမာမှုကို ကျွန်တော် ချက်ချင်း ဖြေလျှော့လိုက်ရသည်။

"ရတယ် အပြင်ရောက်တဲ့အထိ ငါ ဒီအတိုင်း လျှောက်မယ်၊ ပြီးမှ ကားငှားပြန်မယ်"

ဝင်းထွင်ရှိတို့ အနားသို့ ရောက်လာကြသည်။



www.burmeseclassic.com

www.burmeseclassic.com



''ဘာဖြစ်နေတာလဲ''

နှင်းနှင်းဦး၏ မေးမြန်းသံ။ သော်က,က ကျွန်တော့်လက်ထဲရှိ ဖိနပ်အပြတ်ကိုကြည့်လျက်…

''သြော်။ ဂန္ဓဝင်ဖိနပ် အခုမှ ပြတ်သွား တော့တယ်၊ ဟား…ဟား…ဟား''

သော်က ရယ်သဖြင့် ကျွန်တော် ပြုံးမိသည်။ ပြီးနောက်

''သူဇာ။ နင် နှင်းနှင်းဦးတို့နဲ့ သွားနှင့်လိုက် တော့၊ ငါတို့ ဒီနားမှာ ထိုင်လိုက်ဦးမယ်''

''ထိုင်ပြီး ဘာလုပ်မလို့လဲ''

မျက်ခုံးလေးတွန့်၍ မေးသည်။

''ဖိနပ်ကို တစ်ခုခုနဲ့ တွဲချုပ်ကြည့်လိုက်ဦး မယ်''

မျက်နှာရှုံ့မဲ့သွားသည်။ ပြီးမှ ရယ်သည်။ ထို့နောက်…

''ဒီလိုလုပ်။ နင်တို့ ဒီမှာထိုင်စောင့်နေ၊ ငါ ဖိနပ်သွားဝယ် လိုက်မယ်၊ ပြီးရင် ဒီကို လာပို့ပေး မယ်''

''အဲဒီလောက်အထိ မလိုဘူးသူဇာ ရတယ်၊ အိမ်မှာ ဝယ်ပြီးသား အသစ်ရှိသားပဲ''

''နင့်အသစ်က အိမ်မှာဟဲ့၊ အခု နင်က ဒီမှာ။ ဘယ်လိုလုပ် ပြန်မလဲ''

''သူဇာရယ် ငါ ဖိနပ်ပြတ်သွားတာဟါ





ခြေထောက်ပြတ်သွားတာ မဟုတ်ပါဘူး။ ရတယ်၊ ငါ ဖိနပ်မပါဘဲ လျှောက်ရဲပါတယ်၊ နင် ပြန်စရာရှိ တာပြန်၊ နှင်းနှင်းဦး သူ့ကို ကားရပ်ထားတဲ့နေရာ လိုက်ပို့လိုက်ပါနော်''

နှင်းနှင်းဦး ခေါင်းညိတ်၏။ နှင်းနှင်းဦးနှင့်အတူ ခိုင်သဇင် လည်း လိုက်ပါသွားသည်။ သူဇာချိုက ခပ်လှမ်းလှမ်းရောက်မှ…

''နင် အိမ်ကို ဘယ်လိုပုံစံနဲ့ပြန်တယ်ဆိုတာ ငါ့ကို ဖုန်းဆက်ဦး''

ရယ်ချင်စိတ်တစ်ဝက်၊ စိတ်မချခြင်းတစ်ဝက်ဖြင့် သူ ပြောသည်။ ကျွန်တော် ခေါင်းညိတ်ရုံမျှ ညိတ်ပြလိုက်၏။

သေချာတာကတော့ ကျွန်တော် သူ့ထံသို့ ဖုန်းဆက်ဖြစ် လိမ့်မည် မဟုတ်ပါ။

※

မာလာဆောင်ရှေ့၏ တစ်ဖက်ကမ်းရှိ ကားမှတ်တိုင်သို့ ရောက် ကျွန်တော် ဖိနပ်မပါဘဲ လျှောက်ခဲ့သည်။ ဝင်းထွဋ်နှင့် သော်ကတို့က သူတို့ဖိနပ်တွေကို တစ်လှည့်စီ ပေးစီးသည်။ ကျွန်တော် မစီးဖြစ်။ ဖိနပ်အဟောင်းလေးနှစ်ဘက်ကို ရေမြောင်းထဲသို့ နှမြော တသစွာ လွှင့်ပစ်ခဲ့ရသည်။ (ဒါတောင် သော်က,က ကျွန်တော့် လက်ထဲမှ ဆတ်ခနဲလုယူပြီး လွှင့်ပစ်ခဲ့ခြင်းကြောင့် သေချာပေါ်



www.burmeseclassic.com

www.burmeseclassic.com



လွှင့်ပစ်နိုင်ခြင်းဖြစ်၏။)

ကျွန်တော့်အလိုအတိုင်းဆိုလျှင် အိပ်မှာ အကြွမ်းစီးဖို့ စိမ့်မိ ပေဦးမည်။

※

တစ်ညလုံးနီးပါး ကျွန်တော် အိပ်မပျော်ပါ။

လူးလိမ့်နေအောင် မခံစားရသော်လည်း ရင်ထဲမှာ ရှုပ်ထွေး တစ်ခါ၊ လစ်ဟာတစ်လှည့်ဖြင့် အတွေးပေါင်းစုံ တွေးမိသည်။

"ဘာလဲ။ နင် သဘောမတူဘူးလား၊
အဲဒါ ငါ့ရည်းစားလေ..."

အတွေးအာရုံထဲတွင် သူဇာချိုသည် သီတာဒေဝီ၊ ကိုမောင် မောင်ဌေးဆိုသူသည် ရာမ,မင်းသား။ ကျွန်တော်က ဒဿဂီရိ။ သီတာဒေဝီအပေါ် ချစ်မက်မိသဖြင့် သိန်းပယိုပြည် မီးဟုန်းဟုန်း တောက်သည့်အဖြစ်ဆိုးကို ဒဿဂီရိ ကြုံတွေ့ခဲ့ရသည်။ သိန်းပယိုပြ မည်မျှ မီးဟုန်းဟုန်းတောက်ခဲ့သည်ကို ကျွန်တော် မခန့်မှန်းတတ်။

ကျွန်တော့်ရင်ထဲမှာတော့ တငွေ့ငွေ့ လောင်မြိုက်စေသော အပူစတစ်ခု ကိန်းဝပ်ခိုဝင်နေရ၏။

ရယ်မောလိုက်သည့်အခါ အပြစ်ကင်းသန့်သော သွား တန်းလေးကိုလည်းကောင်း၊ ဆံနွယ်ခွေ ကေသာကြော့၏ လေ အဆော့ ဟန်အမော့ကိုလည်းကောင်း မျက်စေ့ကို ကျိတ်မှိတ်



[ ၁၅ ]

ကျွန်တော် အတန်းတက်ရသည့် အချိန်စာရင်း သူဇာချို့မှာ ရှိသည်။ သူ့အချိန်စာရင်း ကျွန်တော့်မှာ ရှိသည်။

ကျွန်တော့်အတန်းချိန် ပြီးဆုံးသွားပြီကို သူ သိပေလိမ့်မည်။ သင်ချိန် ပြီးလျှင်ပြီးချင်း သူ့စာသင်ခန်းနံဘေးသို့ ကျွန်တော် ရောက်နေကျ။

ကျွန်တော့်စာသင်ခန်းနံဘေးသို့ သူ ရောက်နေကျ။ ခါတစ်ရံ တစ်ယောက်တည်း။ တစ်ခါတစ်ရံ သူငယ်ချင်းများနှင့် လာခဲ့လေ၏။

ယခုလောက်ဆို သူ ကျွန်တော့်ကို ရှာဖွေနေရောမည်။ စိတ်သည် အရာရာကို ဦးဆောင်သည်မှာ မှန်ကန်၏။

www.burmeseclassic.com

www.burmeseclassic.com



ယခုမူ ကျွန်တော့်စိတ်သည် သူဇာချိရှိရာ စာသင်ဆောင်ဘက်သို့ ရောက်ရှိနေပါလျက် ကျွန်တော့်ခန္ဓာကိုယ်သည် အင်းလျားကန်စပ်ရှိ အင်းလျားပန်းခြံအတွင်း၏ ခုံတန်းတစ်ခုတွင် ယိုင်ယိုင်ခွေခွေဖြင့် မှိုင်မှိုင်တွေတွေ တည်ရှိနေရသည်။

သူ့မျက်နှာကို မြင်လိုပါလျက် သူ၏အပါး၊ သူ့အနားသို့ သူနှင့်အတူ သူကြည်ဖြူသော သူ့ချစ်သူ၊ သူ့ရည်းစားအား ကျွန်တော် တွေ့များတွေ့ရလေမလား။ သူနှင့် စကား ပြောကြားခွန်းချီ ဆိုချင်ပါလျက် သူ့ချစ်သူ၊ သူ့ရည်းစားဖြစ်သူ ရောက်ရှိပေါ်လာလျှင် စကား လက်စသိမ်းကာ ထိုင်ရာမှထ အိမ်ပြန်ကြရလေမလား။

ချစ်နေရသူ သူ့အပါး၊ ချစ်စကား ကြိုက်စကား၊ နှစ်သက် မြွက်နိုးစကားတို့မဆိုတဲ့ တောအကြောင်း တောင်အကြောင်း၊ ပြီးစရာ ပျော်စရာအကြောင်းတို့ကို ကရားရေလွှတ် တတွတ်တွတ်ဆို သူသံယောဇဉ် သူ့ရင်ခွင်၌ အခြားတစ်ပါးသူကို သူ ကြည်ဖြူထား ပါလားဟု တွေးမိသည့်အခါ ရင်မှာ အနာတရ ခံစားရသ ထိုအခါ၌ ကျွန်တော့်မျက်နှာ အမူအရာသည် လိမ်ညာ ဟန်ဆောင်မည့်အင်အားတို့ လျော့ပါးမြင်သာလေမလား...။

ကန့်လန့်ကာချ၍ ကာဆီးဟန်ဆောင်နိုင်အား မရှိခင် မြင်လိုသော်လည်း မြင်ရာအရပ်သို့ ကျွန်တော် မသွားအပ်။ တွေ့လိုသော်လည်း တွေ့မည့်နေရာတွင် ကျွန်တော် မရှိချင်။

ထို့ကြောင့် အင်းလျားကန်စပ်ရှိ ခုံတန်း၌ ကိုယ် ခွေယိုင်မှိုင်တွေးရင်း စိတ်ပြတင်းကို ဟင်းလင်းဖွင့်လျက်





သက်သက် ပို့ထားဖြစ်သည်။

❀

"ဟယ်... မင်းစိုး၊ နင်... ဒီမှာ၊ ဒီမှာ တစ်ယောက်တည်း လာထိုင်နေတယ်"

အံ့ဩသံကို ကြားသည်။ အံ့ဩဟန်ကို မြင်သည်။ ကြားလျှင်ကြားချင်း မြင်လျှင်မြင်ချင်း ဝေဒနာရုပ်ကို ဟန်လုပ်ပြီးရယ်လိုက်ရ၏။

"နင် ဘာရယ်တာလဲ၊ ငါ့မှာတော့ ရှာလိုက်ရတာ ဖတ်ဖတ်မော..."

"ဟိုကောင်တွေကော"ဟု ကျွန်ုပ်ပော် မေးသည်။ သူဇာချိက...

"ကင်န်တင်းမှာ"

"ဘယ်ကန်တင်းမှာလဲ"

"တောင်ငူဆောင်ဘက်မှာ"

"ငါ ဒီမှာရှိမှန်း ဘယ်လိုလုပ်သိလဲ"

"နင် တစ်ခုခု ဝေါင်နေပြီဆိုရင် ဒီမှာ တစ်ယောက်တည်း လာနေတတ်တယ်ဆိုလို့ ငါ လာရှာတာ"

"ဘယ်သူပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သော်ကရော၊ ဝင်းထွဋ်ရောပေါ့"

"ငါ မငေါင်ပါဘူး။ ပျင်းလို့ လာထိုင်နေတာ"

"နင် မညာနဲ့၊ နင့်ကို ငါ ရပ်ကြည့်နေတာ ကြာပြီ၊ မှိုင်မှိုင်တွေတွေနဲ့ နင် ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"ဟု ကျွန်တော်ပြောသည်။ စကားလမ်းလွှဲလိုသဖြင့်

"ဟိုကောင်တွေက ဘာဖြစ်လို့ လိုက်မလာတာလဲ"

"နင့်ကို တွေ့လိုတွေ့ငြား ငါ ထားခဲ့တာ၊ နင် နေနိုင်လိုက်တာ မင်းစိုးရယ်"

"ဘာကိုလဲ"

"နင် ကလပ်စ်မရှိရင် ငါတို့အတန်းဘက် လာနေကျလေ၊ အခု ငါတို့ ကလပ်စ်ပြီးသွားတာ တောင် နင် ပေါ်မလာဘူး။

အားလုံး စိတ်ပူတာပေါ့၊ နေများမကောင်း လို့လား၊ ဘာလားပေါ့၊ အတန်းထဲသွားကြည့်တော့ လည်း နင် မရှိဘူး၊ ဟိုရှာဒီရှာနဲ့ စိတ်ပူနေကြတယ် ဆိုတာ နင်မသိဘူးလား"

"ငါ တစ်ယောက်တည်း နေချင်လို့ပါ"

"အေးလေ နင့်ဘာသာ တစ်ယောက်တည်း ပဲနေနေ၊ တစ်ကောင်တည်းပဲနေနေ။





ဒီဘက်ကိုတောင် ရောက်အောင်လာတာပဲ၊ ငါတို့ဆီ ဝင်ပြောခဲ့တော့ ဘာဖြစ်မှာမို့လို့လဲ"

ကျွန်တော် ရယ်လိုက်ရင်း...

"မေ့သွားလို့"

မျက်နှာတည်ဖြင့် ကျွန်တော့်ကို စိုက်ကြည့်သည်။ "မေ့သွားလို့"ဟူသော စကားအပေါ် စိတ်ဆိုးသည်ကို မြင်သာစေသည့် မျက်နှာထား။ ကျွန်တော် စကားပြင်ရသည်။

"ငါ လာပြောရင် နင်တို့ စာသင်တာ အနှောင့်အယှက် ဖြစ်မှာစိုးလို့ပါ"

"အပိုတွေမပြောနဲ့ မင်းစိုး၊ နေ့တိုင်း နှောင့်ယှက်ခဲ့ပြီးမှ အခုမှ ဥပုသ်သည်လေသံနဲ့ ပြောမနေနဲ့"

သူ့ ထိုင်ဖို့နေရာ ရွှေ့ပေးသော်လည်း ဝင်မထိုင်။

"မနေ့က နင် အဆင်ပြေရဲ့လား"

ကျွန်တော့်ဖိနပ်ကို ငုံ့ကြည့်ပြီး သူ မေး၏။

"ဘာကိုလဲ"

"ဖိနပ်ပြတ်သွားပြီး အိမ်ကို ဘယ်လိုပြန်သလဲ လို့ မေးတာ"

"ကားငှားပြီးပြန်တာပေါ့၊ ဒီမှာ ဖိနပ်အသစ်" ခြေထောက်ကို မ,ပြီး ပြလိုက်၏။

"မြင်တယ် မကြွားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ရယ်ဖြစ်သည်။

"ဖုန်းဆက်ပါလို့ မှာခဲ့တာလည်း မဆက်ဘူး"

"ငါ့အိမ်မှာ ဖုန်းမှ မရှိတာ"

"ဩော်... တော်တော်သနားဖို့ကောင်းတယ်၊ နင်တို့ ရပ်ကွက်ထဲမှာ ပိုက်ဆံပေးပြီး ဆက်လို့ရတဲ့ဖုန်းတွေ တစ်လုံးမှ မရှိတော့ဘူးလား"

"အေးဟာ ငါ မေ့သွားတယ်"

"ဘာ"

လွန်စွာကျယ်လောင်သည့်အသံ။ နံဘေးတွင် ဇွေ့ခနဲ ဝင်ထိုင်သည်။ ပြီးနောက် ကျွန်တော့်ပခုံးကို စာအုပ်ဖြင့် သုံးချက် တိတိ ရိုက်ပုတ်သည်။

"ဘာလို့ရိုက်တာလဲ"

"အသည်းယားလို့"

"အသည်းယားရင် ပါးစပ်ထဲကနေ လက်နှိုက်ပြီး ကုတ်လိုက်၊ ပါးစပ်ဟာ ငါ ကုတ်ပေးမယ်"

ကျွန်တော် ရယ်စရာပြော၏။

"မင်းစိုး နောက်မနေနဲ့နော်"

မျက်နှာဝန်းလေး ထောင့်ကပ်ကြည့်လျက် နွဲ့စွာပြောသည်။ ကျွန်တော် စကားသံ တိတ်ထားလိုက်၏။

"ငါ့ကို မှန်မှန်ပြော မင်းစိုး။ နင် ငါ့ကို





စိတ်ကောက်နေတာလား"

"မကောက်ပါဘူး။ ငါက ဘာကို ကောက်ရမှာလဲ"

"မလိမ်နဲ့ နင် တစ်ခုခုဖြစ်နေတယ်ဆိုတာ နင့်မျက်နှာပေါ်မှာ ငါ တွေ့တယ်"

"ဘာမှ မဖြစ်ဘူး"

"ဘာမှမဖြစ်ရင် နင် ဒီမှာ ဘာလာလုပ်နေတာလဲ"

မှန့်လုံးစက္ကူကပ်တော့မည်။

"ပျင်းလို့ပါဆို"

"နင် ပျင်းတယ်ဆိုတာ ငါ တစ်ခါမှ မကြားဖူးဘူး။ ငါ့ကို ပြောစမ်းပါ မင်းစိုးရယ်၊ နင် ငါ့ကို မကျေမနပ်ဖြစ်နေတယ် မဟုတ်လား"

"ဘာမှ မကျေနပ်စရာ မရှိဘူး"

"မနေ့က ငါ ကိုမောင်မောင်ဌေးနဲ့ နင်တို့ကို မိတ်ဆက်ပေးလိုက်မိတယ်၊ ငါ ရည်းစားထားတာ နင် မကြိုက်ဘူးလားဟင်၊ ငါ့မှာ ရည်းစားရှိတယ်ဆိုပေမယ့် ငါ နင့်ကို အရမ်းခင်တာပါဟာ၊ နင် သဘောမတူဘူးလား။ ရည်းစားမထားစေချင်ဘူးလား။ ဟုတ်လား"

ကျွန်တော် ဟန်ဆောင်ရတော့မည်။



www.burmeseclassic.com

www.burmeseclassic.com



"နင် ဘာတွေလာပြောနေတာလဲ သူဇာ၊ နင်ထင်တာ တစ်ခုမှ မဟုတ်ဘူး"

"ငါထင်တာမဟုတ်ပေမယ့် နင် တစ်ခုခု ဖြစ်နေတာတော့ ဟုတ်တယ်မို့လား"

ယုံကြည်လက်ခံစေရန် အနီးစပ်ဆုံး ဝန်ခံလိုက်ဖို့ ကျွန်တော် ဆုံးဖြတ်လိုက်၏။

"ဒီလိုဟာ နင့်မှာရည်းစားရှိတယ်ဆိုတော့ ငါတို့က သူငယ်ချင်းတွေ၊ ဟေးလားဟားလား ပြောမိဆိုမိမယ်၊ တရင်းတနှီး သွားမိလာမိမယ်။

အဲဒါကို တစ်ဖက်လူမှာ သဝန်တိုစရာ၊ အထင်လွဲစရာမျိုးမြင်ရင် မကောင်းဘူး၊ အဲဒါကြောင့်..."

ကျွန်တော့်စကားမဆုံးခင် သူဇာချို အတန်ငယ်မျှ ရယ်မော၏။ ပြီးနောက်...

"ဟဲ့...ကိုမောင်မောင်ဌေးက သဝန်မကြောင်တတ်ဘူး၊ ပြီးတော့ သူက ငါ့ကို အခုမှ ကြိုက်နေတာ မဟုတ်ဘူး၊ ဟိုတုန်းကတည်းက ငါ့ကို ပရိုပိုး လုပ်ထားတာ။ ငါ အဖြေပေးလိုက်တာ သိပ်မကြာသေးဘူး၊ ငါ့ကို သူ ဘာမှ ချုပ်ချယ်ခွင့် မရှိဘူး။

ကဲပါ သူ သဝန်တိုမှာတစ်ခုတည်းနဲ့တော့ ငါ့ကို ရှောင်ဖယ်ရှောင်ဖယ် မလုပ်ပါနဲ့၊ ငါက နင်





သဘောမတူဘူး အောက်မေ့လို့ နင် သဘောတူရင် ပြီးတာပဲ"

လိုရင်းသို့ မရောက်သည့်အပြင် ငိုချင်းချပြ၍လည်း မဖြစ်။ တိတ်တခိုးနှံ့ထဲ၌ ကျွန်တော် နစ်ရတော့မည်။

"ကဲပါ မင်းစိုးရယ်... ထ၊ နင်တစ်ယောက်တည်း မနေပါနဲ့၊ ဘာမှ တွေးမနေနဲ့တော့၊ တွေးမိရင်လည်း ငါ့မှာ ရည်းစားမရှိဘူးလို့ သဘောထားလိုက်၊ ဟုတ်ပြီလား။

ချစ်သူရည်းစားဆိုတာ ပြားနတ်မောင်က လက်ဆော့လိုက်လို့ ရလာတာ၊ သူငယ်ချင်းဆိုတာ ဘုရားသခင်ကပေးတဲ့ လက်ဆောင်။ ပြားနတ်မောင်ရဲ့စကားကို နားမထောင်လို့ ရတယ်၊ ဘုရားသခင်ပေးတဲ့ လက်ဆောင်ကိုတော့ ငါ လွှင့်မပစ်ပါရစေနဲ့"

သံသာသာချိုမြိန်တေးကြောင့် ရင်မှာ ပို၍ဆွေးသွားရသည်။

ကျွန်တော့်လွယ်အိတ်ကို သူ ကိုင်ဆွဲသည်။ ကျွန်တော့်လက်မောင်းကို သူ ထူမသည်။

"ကဲ... ထ၊ နောက်ကို နင် ဒီလိုမနေနဲ့



www.burmeseclassic.com

www.burmeseclassic.com



တော့နော်၊ ငါ့စကားကို နင် နားထောင်၊ နင့်
စကားကိုလည်း ငါ နားထောင်ပါ့မယ်၊ နော်…
မင်းစိုး''

ကျွန်တော် ပုတ်သင်ညိုလေး ဖြစ်သွားရ၏။

''ချစ်သူရည်းစားဆိုတာ သူငယ်ချင်းနှစ်ယောက်ကြားမှာ ဘယ်တော့မှ တံတိုင်းမဖြစ်စေရဘူး''ဟု သူဇာချို ပြော၏။

''သူငယ်ချင်းဆိုတာလည်း ချစ်သူနှစ်ယောက်ကြားမှာ တံတိုင်းမဖြစ်စေချင်ဘူး''ဟု သူ ထည့်မပြောသဖြင့် တော်ပါသေး၏။

''နင် ရည်းစားရှိရင်လည်း ကြိုပြောထား၊
တို့သူငယ်ချင်း နှစ်ယောက်ကို မနှောင့်ယှက်ပါ
နဲ့…လို့၊ နော်…မင်းစိုး''

ပြောပြီး သူရယ်၏။

သူ့ကို ငဲ့မကြည့်ဘဲ ကျွန်တော် မတ်တတ်ရပ်၏။ အင်းလျား ရေမျက်နှာပြင်ကို ကြည့်မိသည်။ သူ့အရိပ်ထင်နေ၏။

❀



[ ၁၆ ]

''ညီလေး''

ညဦးနက်ပြီဟု သိ၏။ အစ်ကို့၏ ခေါ်သံသဲ့သဲ့ကြားသည်။ ဘကြည့်စားပွဲတွင် ထိုင်နေရင်းမှ အသံလာရာသို့ ကျွန်တော် ငဲ့ကြည့် ၏။ အစ်ကို ကျွန်တော့်အနီးတွင် ဝင်ထိုင်သည်။ အစ်ကို ဝင်ထိုင်လျှင် ထိုင်ချင်း ကျွန်တော် ခန်းဆီးကန့်လန့်ကာစကို ကြည့်လိုက်မိသေး သည်။ ကျွန်တော့်အခန်းတံခါးကို မပိတ်ဖြစ်ခဲ့မှန်း ယခုမှ သတိရ၏။

''ညဉ့်နက်ပြီ ညီလေးရဲ့၊ စာကျက်နေတယ်
မှတ်လို့ စာကျက်တာလည်း မဟုတ်ဘူး၊ ဒီအတိုင်း
ငုတ်တုတ်ကြီး ထိုင်နေတယ်၊ ဘာဖြစ်နေတာလဲ၊
စိတ်ညစ်စရာ တစ်ခုခုဖြစ်နေသလား''

အစ်ကို့ကို ပြုံး၍ကြည့်ချင်သည်။ ပြည့်ဝစွာ ပြုံးမဖြစ်။

www.burmeseclassic.com

www.burmeseclassic.com



"ပြောပါ ညီလေးရဲ့၊ ညီလေးမျက်နှာထားက ပုံမှန်မျက်နှာထား မဟုတ်ဘူး။ တစ်ခုခုဖြစ်နေတဲ့ မျက်နှာထား"

"ဘာမှမဖြစ်ပါဘူး အစ်ကိုရာ"ဟု ကျွန်တော် ပြီးစလွယ် ပြောလိုက်သည်။ အစ်ကို ယုံကြည်ဟန်မပြ။

"တစ်ခုခုဖြစ်နေရင် တစ်ယောက်ယောက်နဲ့ စကားပြောနေရတယ်၊ ဒါမှမဟုတ် တစ်ယောက်ယောက်ကို ရင်ဖွင့်ရတယ်၊ အဲဒါမှ သက်သာတယ်၊ အဖြေတွေ့တယ်။

အစ်ကို့ကို မတိုင်ပင်ချင်ဘူး၊ အသိမပေးချင်ဘူးဆိုရင်လည်း သူငယ်ချင်း တစ်ယောက်ယောက်နဲ့ တိုင်ပင်ပေါ့၊ နော်... ညီလေး၊ တစ်ယောက်တည်း ငူငူငိုင်ငိုင် ဖြစ်နေတာမျိုး ကြာရင် မကောင်းဘူး"

"ကျွန်တော်ပြောရင် အစ်ကို ဆူမှာလား"

အစ်ကိုက ပြုံးလျက်...

"ဆူချင်ပြောချင်မှတော့ မင်း ဘာဖြစ်လို့ စာမကျက်ဘဲ ညဉ့်နက်တဲ့အထိ ထိုင်နေရတာလဲ၊ မီကာကုန်တယ်၊ အိပ်ရေးပျက်တယ်...လို့ ပြောပြီး ဆူမှာပေါ့ ညီလေးရဲ့။

အစ်ကိုတို့မှာ ညီအစ်ကို နှစ်ယောက်တည်း။ တစ်ယောက်ကိစ္စကို တစ်ယောက်က ဝင်မကူရင်





ဘူးလား၊ အစ်ကိုလည်း ကိစ္စရှိရင် ညီလေးနဲ့ တိုင်ပင်ရမှာပဲ။ မဟုတ်ဘူးလား"

"ဟုတ်တော့ ဟုတ်ပါတယ် အစ်ကို၊ ဒါပေမဲ့ ကျွန်တော့် ကိစ္စက..."

ကျွန်တော် စကားမဆက်ရဲ။

အစ်ကိုက စကားမထောက်။ စကားပချွတ်ဘဲ ကျွန်တော် ဆက်ပြောမည်ကိုသာ စောင့်ဆိုင်းနေလေ၏။

"ကျွန်တော့်ကိစ္စက ပညာရေးကိစ္စလည်း မဟုတ်ဘူး၊ အိမ်တွင်းရေးကိစ္စလည်း မဟုတ်ဘူး"

ဦးခေါင်းကို ငိုက်စိုက်ချလိုက်ရင်း...

"သူတစ်ပါးရဲ့ ရည်းစားကို ချစ်မိနေတဲ့၊ ချစ်မိနေတဲ့... ကိစ္စ"

အစ်ကိုက...

"ဟုတ်ပြီ။ အစ်ကို့ကို ညီလေး အသေးစိတ် ပြောပြစမ်း"

အစ်ကို ထိုင်ရာမှ ထ,သည်။ အခန်းတံခါးကို ညင်သာစွာ ပိတ်ပြီး ကျွန်တော့်အနီးတွင် ပြန်ထိုင်၏။

"ပြော ညီလေး၊ အစ်ကို့ကို ဘာမှ အားမနာနဲ့၊ မရှက်နဲ့"

ပြတင်းပေါက်ကို လွန်လျက် အလင်းမဲ့ညမျက်နှာသို့ ကျွန်တော် မျှော်ငေးကြည့်လိုက်မိသည်။ အချစ်သည် ညကိုပင် လင်းလဲ့စေသလား မသိ။ အာရုံတွင် သူဇာချို့ကို မြင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



မှောင်နေသော ည၊ လင်းစပျိုးသွားသည်ဟု ထင်မြင်၏။

သူဇာချိနှင့် ကြုံဆုံ၊ သွား…လာ၊ ပြောဆိုဖြစ်ပျက်ခဲ့သမျှတွေကို တစ်လုံးတစ်ပါဒမျှ မကျန်အောင် ကျွန်တော် အချိန်ကြာမြင့်စွာ ပြောပြဖြစ်သည်။ အစ်ကိုက ခေါင်းတညိတ်ညိတ်ဖြင့် နားစိုက်ထောင်၏။

ပြောပြရင်ဖွင့်သည်များ ပြီးဆုံးသွားသောအခါ အစ်ကိုက

''အခု ညီလေးက ဘာဖြစ်ချင်နေသလဲ၊ ဒါမှမဟုတ် ဘာလုပ်ချင်နေသလဲ''

အစ်ကို့ဘက်သို့ တည့်တည့်ကြည့်လိုက်ပြီး…

''ဖြစ်ချင်တာကတော့ သူဇာနဲ့ကျွန်တော် ချစ်သူဖြစ်ချင်တာပေါ့ အစ်ကိုရာ၊ ဒါပေမဲ့ လုပ်ချင်တာကြီးက မကောင်းဘူး၊ သူများရည်းစား… လုရမယ့်အလုပ်ကြီး''

အစ်ကိုက လက်ညှိုးကို ဖွဖွထောင်လျက်…

''အစ်ကို နားရှင်းတယ်၊ ဒါပေမဲ့ ညီလေး





က ကိုယ့်ကိုကိုယ် မရှင်းဘူး ဖြစ်နေတယ်''

''ဘာကိုလဲ အစ်ကို''

''ဒီလို… ညီလေးရ… 'ချစ်တယ်'ဆိုတာ ဘာလဲ…လို့ ညီလေး မသဲကွဲဘူး ဖြစ်နေတယ်''

''ဗျာ''

''ဟုတ်တယ် ညီလေး၊ ညီလေးပြောပြတာတွေကို နားထောင်ရင်းနဲ့ အစ်ကို ဘာကိုမြင်သလဲဆိုတော့ အဲဒီကောင်မလေးက ညီလေးကို တော်တော်ခင်ပုံရတယ်၊ သံယောဇဉ်ကြီးပုံရတယ်၊ ညီလေးကကျတော့ သူ့အပေါ်မှာ ချစ်နေတယ်ဆိုတာထက် သူ့အချစ်ကို လိုချင်တာက ပိုနေတယ်''

အစ်ကို့ဆိုလိုရင်းကို ကျွန်တော်… သဘောမပေါက်သေး။

''အချစ်ဆိုတာ သူချစ်ကိုယ်ချစ် နှစ်ကိုယ်ချစ်ရင်တော့ အကောင်းဆုံးပေါ့၊ ဒါပေမဲ့ သူ ချစ်ချစ် မချစ်ချစ် ကိုယ်က ချစ်နေရတာ အကောင်းဆုံးပဲ၊ သူ့ဆီက ဘာမှ မမျှော်လင့်သင့်ဘူး၊ မျှော်လင့်တယ်ဆိုတာ လိုချင်စိတ်၊ အဲဒီလိုချင်စိတ် မပြည့်ဝရင် ရင်ထဲမှာ ပူလောင်လာတတ်တယ်။

အခု ညီလေး ပူလောင်နေတယ်၊ အဲဒါက လိုချင်စိတ်ကြောင့်ပဲ''



www.burmeseclassic.com

www.burmeseclassic.com



''ချစ်တဲ့သူကို မလိုချင်တဲ့သူ၊ မပိုင်ဆိုင်ချင်တဲ့သူ ဒီကမ္ဘာမှာ မရှိဘူးထင်တယ် အစ်ကို''

''မှန်တယ်၊ ညီလေးပြောတာ မှန်တယ်၊ အစ်ကိုက ညီလေးကို မေးမယ်၊ ညီလေးက အဲဒီကောင်မလေးရဲ့ အချစ်ကို လိုချင်တာလား။ အဲဒီကောင်မလေးကို လိုချင်တာလား''

''နှစ်ခုစလုံးကို ပိုင်ဆိုင်ချင်တယ်''ဟု ကျွန်တော် ဖြေလိုက်၏။ အစ်ကို ပြုံးလေသည်။

''နှစ်ခုအနက် တစ်ခုကိုပဲ ရမယ်ဆိုရင်ကော''

ကျွန်တော် မဆိုင်းမတွ ဖြေလိုက်သည်။

''အချစ်ကိုပဲ လိုချင်တယ်''

''အို…ကော၊ အဲဒါဆို ညီလေးဆန္ဒ ပြည့်ဝသွားပြီ''

''ဘယ်မှာ ပြည့်ဝလို့လဲ အစ်ကိုရဲ့''

''ကောင်မလေးက ညီလေးကို ချစ်နေတယ်ကွ၊ အဲဒါကို ညီလေး မြင်အောင်မကြည့်မိဘူး''

''မဟုတ်တာ သူ့မှာ…''

အစ်ကို လက်ကာ၏။ ပြီး…

''အချစ်ဆိုတာ ကောင်းကျိုးလိုလားခြင်း၊ မင်းစိုးဆိုတဲ့ ကောင်လေး စာမေးပွဲကျမှာကို ကောင်မလေး လိုလားပါ့မလား''

''မလိုလားဘူး''



''မင်းစိုးဆိုတဲ့ကောင်လေး အနာရောဂါဖြစ်မှာ၊ စိတ်ညစ်မှာ၊ ထိခိုက်ဒဏ်ရာရမှာကိုရော အဲဒီကောင်မလေး လိုလားပါ့မလား''

''မလိုလားဘူး''

''မင်းစိုးရဲ့ ကောင်းကျိုးနဲ့ ဆိုးကျိုးကို ဘယ်ဟာကို လိုလားမလဲ''

''ကောင်းကျိုးကိုပဲ လိုလားမယ် ထင်တယ်''

''မင်းရဲ့ ကောင်းကျိုးကို သူ လိုလားနေမှတော့ သူက မင်းကို ချစ်နေလို့ပေါ့''

''မဟုတ်ဘူး အစ်ကို၊ အဲဒါ သူငယ်ချင်းလို ချစ်တဲ့အချစ်စိတ်ကြောင့်၊ ကျွန်တော့်ကို သူ ကောင်းစေချင်တာပါ''

''အဲဒါ အချစ်ပေါ့ ညီလေးရဲ့၊ ညီလေးက သူ့ကို ချစ်သူစိတ်နဲ့ ချစ်တယ်၊ သူ သိချင်သိမယ်၊ မသိချင်မသိဘူး။

သူက ညီလေးကို သူငယ်ချင်း စိတ်နဲ့ ချစ်တယ်၊ အဲဒါကိုတော့ ညီလေး သိရမယ်။

သူ့ဆီက ကောင်းကျိုးလိုလားတဲ့စိတ် မင်းရနေပြီပဲ၊ တခြား ဘာလိုချင်သေးလို့လဲ''

ကျွန်တော် အဖြေမတတ်။

''မင်းကလည်း သူ့ကောင်းကျိုးကို လိုလား

www.burmeseclassic.com

www.burmeseclassic.com



နေတယ်၊ သူကလည်း မင်းကောင်းကျိုးကို လိုလား တယ်၊ ချစ်သူအပေါ် ကောင်းကျိုးလိုလားနေသမျှ ချစ်သူဆီက တခြား ဘာမှမလိုအပ်တော့ဘူး''

''ဒါတော့ ဒါပေါ့ အစ်ကိုရာ၊ ဒါပေမဲ့ ကျွန်တော်က သူ့ကို ချစ်သူလို ချစ်မိနေပြီလေ၊ ကိုယ်စိတ်နှလုံး သုံးပါးစလုံးကို ပိုင်ဆိုင်ချင်စိတ်တော့ ရှိနေတယ်''

''အဲဒါကို အစ်ကိုသိတယ်၊ မြင်တယ်၊ အစ်ကို ပြောချင်တာက လိုချင်စိတ်ဆိုတာကို ပယ်ဖျောက် စေချင်တာ၊ ပေးချင်စိတ်ကိုပဲ မွေးမြူစေချင်တာ။

ကောင်မလေးမှာ ရည်းစားရှိနေလို့ ညီလေး ကို နောက်ဆုတ်ခိုင်းနေတာ မဟုတ်ဘူး၊ အချစ် ဆိုတာကို မြင်တတ်အောင် ကြည့်စေချင်တာ။

အချစ်ဆိုတာ ပေးဆပ်ခြင်းပါ…လို့ ရော့ ဝါးထစ် အစ်ကို ပြောနေတာ မဟုတ်ဘူး၊ သူက ပိုင်ဆိုင်ခွင့်ပေးရင်တော့ ကိုယ်က တရိုတသေ ယူလိုက်ပေါ့၊ ကိုယ်ကတော့ ပိုင်ဆိုင်လိုစိတ်နဲ့ ဘာကို မှ မပြုမူမိဖို့ အစ်ကို သတိပေးနေတာ၊ ဖြို ချစ်မိကတည်းက သူ့ကောင်းကျိုးလိုလားတဲ့စိတ် ချစ်မိတာမှန်ရင် သူ့ဆီက ဘာမှ မလိုချင်တော့ ဘူး၊ ကိုယ်ကပဲ ပေးဆပ်နေချင်တယ်။





ပေးဖို့ကိုပဲ ဆုံးဖြတ်ထားခဲ့ရင် ယူချင်စိတ်၊ လိုချင်စိတ်ဆိုတာ မဖြစ်တော့ဘူး၊ ယူချင်၊ လိုချင် စိတ်က ကိုယ့်စိတ်အတိုင်း ဖြစ်မလာဘူးဆိုရင် သူ့ကို လည်း အနှောင့်အယှက် ဖြစ်စေတယ်၊ ကိုယ့်ကို လည်း ပူလောင်စေတယ်။

အဲဒါကြောင့် ညီလေးအနေနဲ့ သူ့ရဲ့ သူငယ်ချင်းလိုချစ်တဲ့ အချစ်ကို တပြတ်တနိုးထားပြီး သူ့ဆီက ဘာမှ မမျှော်လင့်ဘဲ သူ့ကောင်းကျိုးကိုသာ လိုလားပေးလိုက်ပါလား၊ အဲဒါဆို ညီလေး ငြိမ်းအေး သွားလိမ့်မယ်''

ငြိမ်းအေးသွားသည်အထိ ရင်ထဲတွင် မကိန်းဝပ်သေးသော် လည်း အစ်ကို့စကားများက ကျွန်တော့်ရင်တွင်း၌ တည်ကြည်မှုကို ဖြစ်ပေါ်စေသည်။

ထို့ကြောင့် ရှေ့ဆက်ရမည့် စကားတို့တွင် အားမာန်တွေ ဒိပ်မပါတော့ချေ၊ စကားအဖြစ်သာ ပြောဆိုမေးမြန်းလိုက်ခြင်းဖြစ်၏။

''ဒါဆို ကျွန်တော်က သူ့ကို သူ့ရည်းစား လက်ထဲက မလုယူသင့်ဘူးပေါ့နော်''

အစ်ကို ဟက်ဟက်ပက်ပက် ရယ်မော၏။

''ညီလေးက ယောက်ျားပဲ၊ လုလို့ ရချင်ရမှာ ပေါ့၊ ဒါပေမဲ့ ညီလေးလုယူမှာက ကောင်မလေး ကို လုယူမှာလား၊ အချစ်ကို လုယူမှာလား''



www.burmeseclassic.com

www.burmeseclassic.com



''နစ်ခုစလုံး''

''လူကိုတော့ လုလို့ ရချင်ရနိုင်မယ် ညီလေးရဲ့ သူ့အချစ်ကိုတော့ လုလို့ ရနိုင်မယ် မထင်ဘူး''

ကျွန်တော် သက်ပြင်းချပြီး…

''ကျွန်တော်က ဒဿဂီရိတို့ ဗိုလ်အောင်ဒင်တို့ကို သဘောကျနေတာနော် အစ်ကို''

အစ်ကို ရယ်ပြန်၏။ အရယ်ရပ်ပြီးမှ

''ချစ်ခြင်းမေတ္တာဆိုတာ လုယူလို့ရတဲ့အရာဆိုရင် ဒဿဂီရိ အသည်းမကွဲနိုင်ပါဘူး။ မင်းပြောတဲ့ ဗိုလ်အောင်ဒင်လည်း အသည်းမကွဲနိုင်ပါဘူး။

သူတို့တွေက သူတို့ချစ်တာကိုပဲသိတာ၊ ခံစားတာ၊ သူတစ်ပါးက သူတို့ကို ချစ်မချစ် မ…ဖြစ်ခဲ့ကြဘူးထင်တယ်၊ ဒဿဂီရိက သီတာဒေဝီ… လုယူနိုင်ခဲ့သားပဲ၊ ဒါပေမဲ့ သီတာဒေဝီက ဒဿ…ကို သိပ်ချစ်သွားတယ်…လို့ ညီလေး ကြားဖူး…လား''

''ဗိုလ်အောင်ဒင်ဆိုတဲ့ ဓါးပြဗိုလ်ကြီး…ကျတော့ မြမြဝင်းက နည်းနည်းလေး ချစ်သွ…တယ်နော် အစ်ကို''

သူ့ကို စကားနိုင်လုနေပြီဟု အစ်ကို သိပေလိမ့်မည်။ … က အပြုံးမပျက်။





''ဗိုလ်အောင်ဒင်ဆိုတာ ဒဿဂီရိကို လူယောင်ဖန်ဆင်းပြီး နူးညံ့အိုင်းလိုက်တဲ့ ရုပ်ရှင်ဇာတ်ကောင်ကွ၊ ပရိသတ်က သူ့ကို သနားအောင် ဒါရိုက်တာက သူ့ကို နူးညံ့ပေးထားတာ နေမှာပေါ့''

''ဒါဆို ခုနက အစ်ကိုပြောခဲ့တဲ့ အချစ်စိတ်ဆိုတာ လုလို့ မရနိုင်ဘူးဆိုတဲ့ စကားက အကြွင်းမဲ့မှန်ပါ့မလား။ အစွယ်ငေါငေါ၊ သံလျက်တဝင့်ဝင့်ကိုင်ပြီး လုမယူဘဲနဲ့ အလိုလိုက် အကြိုက်ဆောင်ပြီး မသနား သနားအောင် နူးနူးညံ့ညံ့လေး ပြောဆိုနေထိုင်ရင်ဖွင့်ပြီး လုယူမှန်းမသိ၊ လုယူတာမျိုးနဲ့ဆိုရင် အချစ်စိတ်ကို မရနိုင်ဘူးလား''

''စကားနိုင် မလုတော့ဘူး၊ မေးမယ်၊ ညီလေး ဖြေ''

''ဟုတ်ကဲ့ ဖြေမယ်''

''ညီလေးဟာ ယောက်ျားကောင်း၊ ယောက်ျားမြတ် ဖြစ်ချင်သလား၊ ဒါမှမဟုတ် မိန်းကလေး တစ်ယောက်ရဲ့အချစ်ကိုရဖို့ ဥပါယ်တံမျဉ်နဲ့ ကြိုးစားတတ်တဲ့ မာယာများတဲ့ ယောက်ျားမျိုး ဖြစ်ချင်သလား''

''အာ… အစ်ကိုကလည်း ကျွန်တော့်ကို ဆော်တယ်''



www.burmeseclassic.com

www.burmeseclassic.com



''မခေါ်သေးပါဘူး၊ မေးတုန်းပဲ ရှိသေးတယ်၊ ယောက်ျားပါဆိုမှ တည်တံ့တဲ့အလုပ်၊ မြင့်မြတ်တဲ့အလုပ်ပဲ လုပ်မှာပေါ့… ညီလေးရဲ့၊ ခိုကပ်ချွဲနွဲ့ပြီး လိမ်လည်လှည့်ဖျားတဲ့အလုပ်ကို ဘယ်ယောက်ျားမှ မလုပ်ဘူး၊ ညီလေးရော လုပ်ချင်သလား''

ကျွန်တော် ခေါင်းခါလိုက်ရသည်။

''ငါ ဒီလိုလေး မှိုင်ပြလိုက်ရင်တော့ သူ သနားသွားမှာပဲ၊ ငါ ဒီလိုလေးကြည့်ပြီး မျက်နှာညှိုးပြလိုက်ရင် သူ ရင်ထဲကို မြင်မယ်၊ ငါ ဒီလိုပေါက်ကွဲပြလိုက်ရင် သူ ငါ့ကို ယုံကြည်သွားမယ်ထင်တယ်ဆိုတဲ့ အတတ်ပညာတွေနဲ့ ကြိုးပမ်းတယ်ဆိုရင် ကြည့်လို့မြင်လို့တော့ မကြမ်းဘူးပေါ့ကွာ၊ ဒါပေမဲ့ ယောက်ျားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာ ထိခိုက်တယ်၊ ရှက်ဖို့ကောင်းတယ်။

မာယာဆိုတဲ့ ဝေါဟာရကို မိန်းမသားတွေပဲ အသုံးပြုပါစေ ညီလေးရယ်၊ ဟို ယောက်ျားတွေက ရိုးရိုးသားသားချစ်မယ်၊ မြင့်မြင့်မြတ်မြတ်ချစ်မယ်၊ ကံဆိုးလို့ လွမ်းရမယ်ဆိုရင်တောင် ကျားကျားလျားလျား၊ လွမ်းကြရအောင်ပါကွာ၊ နော်… ညီလေး''





ရင်မောနေသေးသော်လည်း အမောပြေသူ တစ်ယောက်ကဲ့သို့ ကျွန်တော့် စိတ်တို့ မာကျောသွားသည်။

''ကျွန်တော် အစ်ကို့ကို ကျေးဇူးတင်ပါတယ် အစ်ကို၊ ကျွန်တော့်ရင်ထဲမှာ မငြိမ်းချမ်းသေးရင်တောင်မှ ကျွန်တော့်အသိစိတ်ထဲမှာ လင်းသွားပြီ အစ်ကို။

ကျွန်တော် သူဇာ့အချစ်ကို ရဖို့ထက် ချစ်နေဖို့ပဲ နှလုံးသွင်းတော့မယ်၊ ဘယ်လိုအပြုအမူမျိုးနဲ့မှ သူ့စိတ်နှလုံးကို မမြှူဆွယ်ဘူးလို့ ကတိပေးပါတယ်။

လုလည်း မလုတော့ဘူး၊ ယူလည်း မယူတော့ဘူး၊ သူ့ ကောင်းကျိုးအတွက် ပေးဆပ်ဖို့ပဲ ကျွန်တော် ကြိုးစားပါတော့မယ် အစ်ကို''

''ကောင်းတယ်၊ အစ်ကို သာဓုခေါ်တယ်၊ တကယ့်အချစ်ဆိုတာ ချစ်တယ်လို့တောင် ပြောဖို့မလိုပါဘူးကွာ''

''ဟုတ်ကဲ့ပါ အစ်ကို၊ ကျွန်တော့်ရင်ထဲမှာ မပူပင်တော့ဘူး၊ သူဇာ့ကို သူငယ်ချင်းလိုပဲ ချစ်နေလိုက်တော့မယ်''

အစ်ကို ကျွန်တော့်ကို ပခုံးပုတ်၍ အားပေးသမှု ပြု၏။

ညသည် အလုံးစုံမလင်းသေး။

သို့သော် ကောင်းကင်တွင် လင်းအားပြုနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အချစ်"ဟူသော အဓိပ္ပာယ်သည် သိနေသည်ဟု ထင်မြင်လက်ခံထားသော သတ်မှတ်ချက်များစွာထက် ပို၍ လေးနက်သိမ်မွေ့သည်ဟု ကျွန်တော် ခန့်မှန်းဖြစ်လိုက်၏။

❀❀❀

[ ၁၇ ]

"ဘယ်လိုလဲ ဗိုလ်အောင်ဒင်၊ မမြမြဝင်းမှာ ချစ်သူရှိနေပြီလေ၊ ဘယ်တော့ ဓါးပြတိုက်မှာလဲ"ဟု သော်က မေး၏။ ကံ့ကော်ရိပ်အောက်ရှိ ခုံတန်းလျားတွင် ကျွန်တော် မှီထိုင်လိုက်ရင်း...

"ငါ့ကို ဗိုလ်အောင်ဒင်လို့ မခေါ်နဲ့ကွာ၊ ငါ အဲဒီလို မလုပ်တော့ဘူး၊ သူတစ်ပါးအချစ်ကို လုယူတဲ့ အလုပ် ငါ မလုပ်ချင်တော့ဘူး သော်က"

"ဘယ်လိုဖြစ်တာလဲ၊ မင်းပဲ ပြောခဲ့ဖူးတယ်လေ၊ ချစ်သူ ရှိတိုင်း နောက်ဆုတ်ကြစတမ်းဆိုရင် ဒဿဂီရိဆိုတာကို လူတွေ ကြားဖူးလိုက်မှာ မဟုတ်ဘူးဆို၊ ဗိုလ်အောင်ဒင်ဆိုတဲ့ ဓါးပြဗိုလ်ကြီးကိုလည်း လက်ခုပ်တီးဖြစ်ခဲ့ကြမှာ မဟုတ်ဘူးဆို"ဟု သော်က ပုံပြဲဟန်ဖြင့် ပြော၏။

"အေး၊ အခု ငါ အဲဒီစကားကို ပြန်ရုပ်သိမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ်''

ကျွန်တော့်အစ်ကို ကိုတင်စိုးနှင့် ပြောပြရင်ဖွင့်ဖြစ်ခဲ့သမျှ သော်ကနှင့် ဝင်းထွဋ်ကို ကျွန်တော် ပြန်ပြောပြဖြစ်သည်။

ဝင်းထွဋ်က...

''ဒါဆို မင်းကို ငါတို့က ဗိုလ်အောင်ဒင်လို့ မခေါ်ချင်တော့ဘူး။ ဗိုလ်ဒေါင်ဒင်လို့ နာမည်ပြောင်း ခေါ်လိုက်မယ်''

''ဘာလဲ ဗိုလ်ဒေါင်ဒင်''

''မင်း အတန်းပြီးတာနဲ့ ဒီဘက်ကို ရောက် လာတယ်လေ၊ နာရီသံ ဒေါင်ဒင်လိုပဲ အချိန်မှန် တယ်၊ အဲဒါကြောင့် မင်းကို ဗိုလ်ဒေါင်ဒင်လို့ ခေါ်မယ်''

ကျွန်တော် ပင့်သက်တစ်ချက် ရှိုက်သွင်းလိုက်ပြီး...

''ဘယ်လိုမှ မခေါ်နဲ့ကွာ၊ အခု ငါ မင်းတို့ နှစ်ယောက်ကို လေးလေးနက်နက် ပြောစရာရှိ တယ်''

''ဘာလဲ''ဟု သော်က မေး၏။ ကျွန်တော်က...

''သူဇာချိုကို ငါချစ်မိခဲ့တဲ့အကြောင်း မင်းတို့ ဘယ်သူ့ကိုမှ မပြောစေချင်ဘူး၊ အထူးသဖြင့် သူဇာချိုကို မသိစေချင်တော့ဘူး၊ နောက်တ ပြောင်တာကအစ အဲဒီသဘော သက်ရောက်သော





မနောက်ပြောင်စေချင်ဘူး၊ ငါ မင်းတို့ကို အကူအညီ တောင်းတာပါ''

သော်က,က...

''ဒါဆို မင်းက ဇာတ်လမ်းကို ဘယ်လိုဆက် မှာလဲ''

''ငါ့အစ်ကိုကို ငါ ပြောခဲ့သလိုပဲ သူဇာ့ကို ငါ သူငယ်ချင်းလိုပဲ ချစ်တော့မယ်၊ သူ့ရင်ထဲမှာ တခြားတစ်ယောက် ရှိနေသမျှ ငါ သူ့သူငယ်ချင်း အဖြစ်နဲ့ပဲ သူ့အနားမှာ ရှိနေချင်တယ်''

ဝင်းထွဋ်က...

''တခြားတစ်ယောက် မရှိတော့ဘူးဆိုရင် ကော''

''မရှိတော့တဲ့အခါကျတော့လည်း မရှိတဲ့ အလျောက်ပေါ့ကွာ၊ ဒါပေမဲ့ သူ့ရင်ထဲကလူကို သူ့ရင်ထဲက ထွက်သွားအောင်၊ သူ့အနားက လွင့်သွားအောင်တော့ ငါ ဘယ်တော့မှ လုပ်မှာ မဟုတ်ဘူး''

''ငါတို့ လုပ်ပေးရမလား''

''မလုပ်ပါနဲ့၊ သူငယ်ချင်းလို ချစ်နေရတာကိုပဲ ငါ့အချစ်လို့ ငါ သတ်မှတ်ထားတော့မယ်''

''မင်းက ဘယ်လောက်ကြာကြာအထိ မျိုသိပ်နိုင်မှာမို့လဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟု ဝင်းထွဋ်မေး၏။ သော်က...

"ဒီ တစ်သက်လုံး သူ့ကို ချစ်တယ်လို့ မင်းမပြောတော့ဘူးလား"

"ငါပြောပြီးပြီပဲ၊ သူ့ဆီမှာ တခြား တစ်ယောက်ရှိနေသမျှ ငါ ပြောမှာမဟုတ်ဘူး"

"ချစ်တဲ့စိတ်ကို မင်း ချက်ချင်းလွှင့်ပစ်နိုင်လို့လား မင်းစိုး"

သော်က၏ အမေးစကားကြောင့် ရင်ထဲတွင် နင့်သွားရသည်။

"ဖြေလေကွာ မင်းစိုး၊ ချစ်နေပြီးသား အပိုင်းအခဲကို ရက်ပိုင်းလပိုင်းလောက်နဲ့ တခြားပုံသဏ္ဍာန်မျိုး မင်းပြောင်းနိုင်ပါ့မလား"

"ဖိနပ်တစ်ရံ ဟောင်းသွားရင်တောင် ငါ လွှင့်ပစ်ဖို့ ခက်ခဲတဲ့ ကောင်ပါကွာ။ အလွယ်တကူ တော့ ဘယ်ပြောင်းနိုင်ပါ့မလဲ။

အံကြိတ်ပြီး ကြိုးစားရမှာပေါ့။ ဒါပေမဲ့ အဲဒီအံကြိတ်စိတ်တင်းထားရတာကို ဘယ်သူမှ မသိ စေချင်ဘူး။ အထူးသဖြင့် သူဇာချို မသိစေချင်ဘူး"

ပြောရင်း ရင်မောရသည်။

သော်က,က...

"မသိစေချင်ရင် မသိစေရပါဘူးကွာ။ ဒါပေမဲ့





တော့ ငါပြောချင်တယ်၊ မင်းနေရာမှာ ငါသာဆိုရင် သူဇာချို့အပေါ် ဆက်ချစ်နေဖို့မှာပဲ။

ချစ်တယ်လို့ ပြောခွင့်မရဘူးလို့ ယူဆမိရင်လည်း သူနဲ့ ဝေးဝေးပဲနေလိုက်မယ်။ ရက်ပိုင်း၊ လပိုင်းပဲရှိပါသေးတယ်၊ သံယောဇဉ်သက်နုတုန်းမှာ အစိမ်းပြတ် ဖြတ်ပစ်လိုက်ချင်တယ်"

"သံယောဇဉ်ကိုတော့ မဖြတ်ပါရစေနဲ့ကွာ၊ သံယောဇဉ်သက် အနုအရင့်ကို အချိန်ကာလနဲ့ တိုင်းလို့မရဘူး သော်က။

သူဇာ့ကို မင်းပြောသလို ငါရှောင်ကြည့်ပါသေးတယ်။ ရှောင်ကြည့်မိတဲ့ နေ့ဝက်လေးမှာတောင် ငါ့ရင်ထဲ ဆို့ကြပ်နေတာကွ၊ အစိမ်းပြတ်ဖြတ်ရင် ငါ့အသည်းနှလုံး အစိမ်းကြွေ ကြွေလိမ့်မယ်။ သေရင်တောင် အစိမ်းသေ သေသွားနိုင်တယ်ကွာ"

ဝင်းထွဋ် တဟားဟားရယ်မောလေသည်။ ပြီးမှ...

"ကဲကဲ အစိမ်းသေလည်း မသေနဲ့၊ အစိမ်းကြွေလည်း မကြွေနဲ့၊ အစိမ်းပြတ်လည်း မဖြတ်နဲ့၊ မင်းဖြစ်စေချင်တဲ့ ပုံစံအတိုင်း ငါတို့နေပေးမယ်၊ ကျေနပ်ပြီလား"

ကျွန်တော် ခေါင်းညိတ်လျက်



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးပဲကွာ"ဟု ပြောလိုက်သည်။

ချစ်ခြင်းနှင့်သာမက သံယောဇဉ်နှင့် ကင်းဝေးရာသို့ပါ ပြေးထွက်လွင့်ပါးနိုင်အား ရှိချင်သည်။ သို့သော် မျိုးသိပ်နိုင်စွမ်းကိုပင် ခက်ခဲပင်ပန်းကြီးစွာ ကြိုးပမ်းရလိမ့်မည်ဟု ကိုယ့်ကိုယ်ကို သိ၏။

[illegible]

မြေတွက်လပ်

မျိုးသိပ်ပါများလို့
ခု ၊ သွားရတဲ့ လူတစ်ယောက်ပါ။
ဇိမ်ပြာဝင်ပို့
သတိရပေမယ့်
ဇိမ်ပြက်ဒဏ် မခံနိုင်လို့
ခုဇိမ်ပြုကာဒဏ်ရတဲ့ လူတစ်ယောက်ပါ။
ချစ်ပို့ကို မသိထားနဲ့
သံယောဇဉ်ဒဏ်မခံနိုင်လို့
ခုရာရာကို ကျောခိုင်းပစ်ခဲ့တဲ့
ခပ်သစ်သစ် လူတစ်ယောက်ပါ။
မချစ်လို့တော့
မဟုတ်ဘူး။





ချစ်ပြီးမှ
ခွဲခွာရမယ်... ဒဏ် မခံနိုင်လို့၊
သံစဉ်တွေမှိုင်လွှကန့်
ဂစ်တာကို မိုက်ချိုးလိုက်မိတဲ့
ခပ်မိုက်မိုက် လူတစ်ယောက်ပါ။
နောက်တော့မှ
ချစ်တယ်... လို့ပြောမယ်။
လောလောဆယ် စံပယ်တစ်ပွင့်ပေး။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

တစ်သက်မှာ တစ်ယောက်ပဲချစ်ရမယ်၊ အဲဒီ့ချစ်တဲ့ တစ်ယောက်ကိုပဲ လက်ထပ်ရမယ်ဆိုတာ လူတိုင်းလိုလားတဲ့ ကိစ္စပဲ။

ဒါပေမဲ့ အဲဒီ့တစ်ယောက်က ဆက်မချစ်သင့်တဲ့သူ၊ ဆက်ပြီး မပတ်သက်သင့်တဲ့သူဆိုရင် ဘယ်လိုဆုံးဖြတ်ကြပလဲ . . .။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၈ ]

ကျွန်တော်ပြောပြသော သူဇာချို့အကြောင်းများကို အမေက စိတ်မကောင်းစွာနားထောင်သည်။ အမေက ပါးလှပ်စွာ ပြုံးနေရင်း နားထောင်သည်။ အစ်ကိုနှင့်မရီးဖြစ်သူတို့က ထပ်တူထပ်မျှ ခံစားကြရ ဟန်တူ၏။ ပြုံးနေလျက် အပြုံးအားတို့ လျော့ပါးကြလေသည်။

"အဲဒီကတည်းက သားက သူ့အပေါ် သူငယ်ချင်းစိတ် မွေးလိုက်တာပါအမေ၊ သူဇာချိုက အခု သားရဲ့ တကယ့်သူငယ်ချင်းပါ"

အမေက...

"ဘာပဲဖြစ်ဖြစ်ပေါ့သားရယ်၊ စိတ်မလေလွင့် ခဲ့တာပဲ အမေ ကျေနပ်ရတယ်၊ အချစ်စိတ်ဆိုတာ ဘယ်အချစ်စိတ်မဆို ပြင်းထန်သွားရင် သတိ လက်လွတ်ဖြစ်သွားတတ်တယ်၊ အမေတော့ သားကြီးကို ချစ်တဲ့စိတ် ပြင်းထန်လွန်းလို့

www.burmeseclassic.com

www.burmeseclassic.com



နည်းနည်းမှားသွားတယ်၊ သားနဲ့ သားကောင်မလေးနဲ့ အကျိုးဆောင်ကြလို့ အခုသားကြီးကို မြင်ရတွေ့ရတော့ ရင်ထဲမှာ အေးချမ်းသွားရတာပါပဲ"

"သားကောင်မလေး မဟုတ်ပါဘူး အမေရယ်၊ သူငယ်ချင်းပါဆို"

အစ်ကိုနှင့် မသန်းသန်းတို့ ရယ်ကြ၏။

"အေးအေး၊ သူငယ်ချင်း၊ သူငယ်ချင်း။ အဲဒီသားသူငယ်ချင်းလေးက စိတ်နှလုံးကောင်းရှာပါတယ်။ အမေ ကျေးဇူးတင်တယ်လို့ ပြောပေးနော် သား"

"ဟုတ်ကဲ့"

"သားကိုချစ်တဲ့ အမေတစ်ယောက်ရဲ့ မေတ္တာစိတ်က ပြင်းထန်သွားတော့ အမှန်ကို မမြင်တော့ဘူး၊ သူ့အကြောင်းနဲ့သူ သူ့သံသရာနဲ့သူဆိုတာကို အမေမေ့သွားတယ်၊ ကံ့အကြောင်းပါလာရင် ဖိုမိုအိုမို ဖူးစာဆိုတာ ဖြစ်လာကြတာပဲ၊ ဒီက သမီးလေးကို အမေ့ကို ဘယ်လိုမှ မအောက်မေ့နဲ့နော်၊ သမီးကို မုန်းလို့ မဟုတ်ဘူး၊ သားကြီးကို ချစ်လွန်းလို့ပါ"

"ဟုတ်ကဲ့ပါ အမေ၊ သမီး ကိုယ်ချင်းစာပါတယ်"

"ကလေးနှစ်ယောက်ကိုရော ခေါ်မလာဘူး





လား"

"ကိုတင်စိုးကို အားနာလို့ သမီးအမေအိမ်ကို ပို့ထားတယ်"

"ရင်အုပ်မကွာ ထားပါကွယ်၊ သားကြီးကလည်း သဘောထားကြီးရမယ်နော်၊ ကိုယ့်ဥစ္စာ ကိုယ်ခင်တာမျိုး မဖြစ်စေနဲ့"

"ဟုတ်ကဲ့ပါ မေမေ"

အဖေက ကျွန်တော့်ကိုတစ်လှည့်၊ အမေ့ကိုတစ်လှည့် ကြည့်ပြီး...

"မင်းကလည်း သားကြီးနဲ့သမီးကိုပဲ ဆုံးမနေတယ်၊ သားငယ်ကို ဆုံးမပါဦး၊ ဒီကောင် အသည်းကွဲနေပုံရတယ်"

အားလုံး ရယ်မောကြ၏။ ကျွန်တော်ပါ ဟက်ဟက်ပက်ပက် ရယ်ဖြစ်သည်။ အမေက...

"သားငယ်က လိမ်မာပါတယ်၊ နော် သား"

"ဟုတ်တယ်အမေ၊ အစ်ကိုက ဆုံးမပြီးသားဆိုတော့ အမေတို့၊ အဖေတို့ သက်သာတာပေါ့"

အစ်ကိုကိုကြည့်လျက်၊ ကျွန်တော်ပြောသည်။

"ဘာတွေဆုံးမထားသလဲ၊ ပြောပါဦး"

"အစုံပဲ... အချစ်အကြောင်း ဘဝ

www.burmeseclassic.com

www.burmeseclassic.com



အကြောင်း။ လောကအကြောင်းပေါ့။ မသန်းသန်းနဲ့ အစ်ကို လက်ထပ်ခါနီးတုန်းကလည်း ဆုံးမထားတယ်''

''ဘယ်လိုဆုံးမတာလဲ''

''တစ်သက်မှာ တစ်ယောက်တည်းကိုပဲ ချစ်ရမယ်တဲ့''

အစ်ကိုနှင့် ကျွန်တော်မှလွဲပြီး အားလုံးရယ်မောကြပြန်သည်။ အစ်ကိုနှင့် ကျွန်တော်မရယ်မောဖြစ်ကြသည်မှာ၊ အလေးအနက်ထား၍ ပြောကြားခဲ့သောစကားကို အမှတ်တရရှိနေသောကြောင့် ဖြစ်၏။ အဖေ၊ အမေနှင့် မသန်းသန်းတို့ကတော့ ကျွန်တော် ရယ်စရာပြောသည်ဟု ထင်မြင်ကြဟန်တူ၏။

ကလေးနှစ်ယောက်မိခင်၊ ပထမအိမ်ထောင်ပျက်စီးတိမ်းပါးသွားရသူ မသန်းသန်းအား မည်သည့်အကြောင်းကြောင့် နှစ်သက်လက်ထပ်ခဲ့ရသလဲဆိုသည်ကို ကျွန်တော် မခွင်းမချန်မေးမြန်းခဲ့သည်။ အစ်ကိုကလည်း မကြွင်းမကျန် ဖြေဆိုပြောပြခဲ့၏။ ထိုစဉ်က ပြော(ခဲ့)ခဲ့သော စကားတို့သည် ကျွန်တော့်အတွက် တစ်သက်စာ။



[ ၁၉ ]

''နင်တို့မိသားစု အဆင်ပြေသွားပြီပေါ့''

''ဟုတ်တယ် အဆင်ပြေသွားကြပြီ၊ နင့်ကို ငါကျေးဇူးတင်တယ် သူဇာ၊ အားလုံးကလည်း နင့်ကို ကျေးဇူးတင်နေကြတယ်''

''တော်သေးတာပေါ့ အဆင်ပြေသွားလို့၊ မဟုတ်ရင် သူများ မိသားစုကြား ဝင်ပါတဲ့သူလို့ ငါ အပြောခံရမှာ၊ နော်...မင်းစိုး''

ခနဲ့တဲ့တဲ့ကြည့်လျက် သူဇာချိုပြောသည်။ ကျွန်တော်က

''ဘာဖြစ်လို့ အပြောခံရမှာလဲ၊ ကျေးဇူးတောင် တင်နေပါတယ်ဆိုမှ နင်ကလည်း''

www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်စရာမလိုပါဘူး၊ အဆင်ပြေရင် ပြီးတာပဲ၊ ငါတကယ်ပြောတာ၊ ကြားဝင်တယ်ဆိုတာ တာဝန်ကြီးတယ်၊ မဝင်တတ်ရင် အမုန်းတောင် ခံရတတ်တယ်"

"နင် ဘာကို ဆိုလိုတာလဲ သူဇာ"

"သြော် တချို့က သမီးရည်းစားကြား ဝင်ပြီး ဖြန်ဖြေတတ်ကြတယ်လေ၊ အဲဒီသမီးရည်းစားကြား ဝင်တဲ့ သူတွေထဲမှာ နင်ပါမှာစိုးလို့ ငါ သတိပေးချင် တာပါ"

"သူဇာ"

"ဘာလဲ"

"ကြားဝင်တယ်ဆိုတာ စေတနာနဲ့ ဖြန်ဖြေ တာပဟ၊ နှစ်ဦးနှစ်ဖက် ပြေလည်စေချင်လို့ ဝင်ပြီး ညှိနှိုင်းတာ၊ အမုန်းခံစရာ အကြောင်းမရှိဘူး"

သူဇာချိုက...

"စေတနာနဲ့ ဝင်ဖြန်ဖြေတာဆိုပေမယ့် တားခုတ်ရာ လက်လျှိုသလို ဖြစ်နေရင် မကောင်း ဘူးပေါ့"

"သူဇာ။ နင်နဲ့ ကိုမောင်မောင်ဌေးနဲ့က တား တုတ်ပွဲလို ဖြစ်နေကြလို့လား"

သူဇာချိုက ပြုံးလျက်...





"ဟဲ့ ငါပြောတဲ့စကားထဲမှာ ကိုမောင်မောင် ဌေးဆိုတာ မပါဘူးနော်"

ကျွန်တော် မျက်နှာမာပစ်လိုက်သည်။

"နာမည်မပါပေမယ့် နင် ဘာကို ရည်ရွယ်ပြီး ပြောတယ်ဆိုတာ ငါသိတယ်"

သူဇာချိုရယ်နေ၏။

"နင့်ကို ငါ တစ်ခါတည်းပြောထားလိုက်မယ် သူဇာ၊ နင်နဲ့ ကိုမောင်မောင်ဌေး အဆင်မပြေမချင်း ငါဝင်ပါနေမှာပဲ၊ အဲဒီအတွက် ဓားခုတ်ရာ လက်လျှို သလိုမျိုး ဖြစ်နေရင်လည်း ငါ့လက်ပြတ်ရုံတွင် မကဘူး၊ ငါ့အသက်ပါ သေချင်သေပေစေ၊ ငါ ခံမယ်"

ကျွန်တော့်စကားသံ မာထန်နေသည်ကို သိသဖြင့် သူဇာချို က ချော့မော့သောလေသံမျိုးဖြင့်...

"ငါ့နှလုံးသားကိစ္စကို နင် ဘာဖြစ်လို့ ပုံသွင်း ချင်ရတာလဲ မင်းစိုး"

"နှလုံးသားကို ပုံသွင်းနေတာမဟုတ်ဘူး သူဇာ၊ ဘဝကို လမ်းညွှန်နေတာ၊ နင့်နှလုံးသားကို ငါ စိတ်မဝင်စားဘူး၊ နင့်ဘဝကို တည့်မတ်ဖို့ပဲ ငါစိတ်ဝင်စားတယ်"

သူဇာချို့မျက်နှာလေး တည်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုမောင်မောင်ဌေးနဲ့ အဆင်ပြေတာတစ်ခု တည်းနဲ့၊ ငါ့ဘဝက တည့်တည့်မတ်မတ်ဖြစ်သွား ရောတဲ့လား မင်းစိုး"

"ငါမပြောတတ်ဘူး၊ ငါ ပြောတတ်တာ၊ ငါပြောချင်တာ တစ်ခုပဲရှိတယ်။

လူတစ်ယောက်ဟာ တစ်သက်မှာ တစ်ယောက်တည်းကိုပဲ ချစ်ရမယ်၊ တစ်ယောက်ကို ချစ်တယ်လို့ ပြောပြီးရင် အဲဒီတစ်ယောက်ကိုပဲ လက်ထပ်ရမယ်၊ မပြောင်းလဲရဘူး၊ မပြောင်း လဲသင့်ဘူး"

"နင် ငါ့ကို အမိန့်ပေးနေတာလား"

"ဟုတ်တယ်။ အဲဒါ ငါ့အမိန့်ပဲ"

"အမိန့်ပေးတယ်ဆိုတာ၊ လိုက်နာမယ့်သူက လိုက်နာနိုင်စွမ်းရှိမှ ပေးရင် မကောင်းဘူးလား"

"မကောင်းဘူး။ အမိန့်ဆိုတာ လိုက်နာနိုင် သည်ဖြစ်စေ၊ မလိုက်နာနိုင်သည်ဖြစ်စေ၊ လိုက်ကို လိုက်နာရမယ့် ညွှန်ကြားချက်ပဲ။

ရေခပ်ခဲ့လို့ အမိန့်ပေးလိုက်ရင် ရေဘူးပေါက် နေတယ်၊ ရေပုံးပေါက်နေတယ်လို့ ဆင်ခြေမပေးရ တော့ဘူး။ ရေဘူးပေါက်ပေါက် မပေါက်ပေါက်၊ ရေပုံးပေါက်ပေါက် မပေါက်ပေါက် ရေပါအောင်





ယူခဲ့ရမယ်၊ ဒါပဲ"

သူ့ဇာချို ပြန်၍ ပြုံးလာသည်။

"နင် ငါ့ကို ဘာဖြစ်လို့အမိန့်ပေးနေရတာလဲ"

'ချစ်လို့'ဟုဖြေမိလျှင် ရင်ထဲမှာ ပေါ့ပါးသွားပေလိမ့်မည်။ သို့သော် မပေါ့ပါးသော ရင်ခွင်ကို သူမမြင်စေရ။

"ပြောလေ၊ ဘာဖြစ်လို့ အမိန့်ပေးနေရတာ လဲ"

"ငါ့စကားကို နင်လိုက်နာစေချင်လို့"

"ငါမလိုက်နာဘူး ဆိုရင်ကော၊ နင် ငါ့ကို ဘာလုပ်မှာလဲ မင်းစိုး"

မလိုက်နာနိုင်မည့်အမိန့်ကို ပေးနေသူအား ပဖြေဆိုနိုင်မည့် မေးခွန်းကို သူမေးနေ၏။

"ဖြေလေ၊ ငါ နင့်စကားကို နားမထောင်ဘူး၊ မလိုက်နာဘူးဆိုရင် နင် ငါ့ကို ဘာလုပ်မလဲ"

ငိုက်စိုက်ကျတော့မည့် ဦးခေါင်းကို ပို၍ မော်ပစ်လိုက်သည်။

"ငါ့စကားကို မလိုက်နာရင်၊ နင့်ကို… နင့်ကို… ငါ မခေါ်တော့ဘူး"

ဆည်းလည်းသံလေးများ တလွင်လွင်မြည်သကဲ့သို့ သူ့ဇာချို ဟက်ဟက်ပက်ပက် ရယ်မော၏။ အရယ်ရပ်ပြီးမှ…

"နင် ငါ့ကို မခေါ်ဘဲ နေနိုင်လို့လား မခေါ်ဘဲပစ်ထားရက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကြိုးကွင်းနှင့် ပစ်ဖမ်းလိုက်သကဲ့သို့ မလွှပ်သာ၊ မလူးသာ ဖြစ်စေသည့် အမေးစကား။

''ဖြစ်စေချင်တာကို ညင်ညင်သာသာနဲ့ နားဝင်အောင် ပြောမယ်၊ ပြောလို့မရရင် ရိုက်နှက်ပြီး ပြောမယ်၊ အဲဒါမှ မရရင် လျစ်လျူရှုရတော့မှာပေါ့''

''လျစ်လျူရှုရလောက်တဲ့အထိ ငါမိုက်နေလို့လား မင်းစိုး''

ငဲ့အကြည့်တွင် အပြုံးရိပ်တို့ လွှင့်ပါးခါစ မျက်ဝန်းနွမ်းနွမ်းလေးကို မြင်ရ၏။

''နင် လုပ်ရက်ရင်လည်း လုပ်လိုက်ပေါ့ မင်းစိုးရယ်။ ဖြစ်အောင်လုပ်ရမယ်လို့ နင် ဘယ်လောက်အမိန့်ပေးပေး၊ ဖြစ်နိုင်ချေ ဘယ်လောက်ပဲရှိရှိ ဖြစ်အောင်မလုပ်ချင်တဲ့သူကို အတင်းအကြပ်ခိုင်းတာဟာ ဘယ်လောက်ပဲစေတနာကြီးကြီး စိတ်နှလုံးကို ဒုက္ခပေးသလိုဖြစ်နေမယ်ဆိုတာကိုတော့ နင် မေ့မထားပါနဲ့ မင်းစိုး။

နင့်စေတနာကို ငါသိတယ်၊ ဒါပေမဲ့ ငါ့ဝေဒနာကို နင်မသိဘူး။ ငါ ကိုမောင်မောင်ဌေးကို မချစ်ချင်တော့ဘူး မင်းစိုး။ သူနဲ့ အေမိအောင်နဲ့ တစ်ပူးတွဲတွဲလုပ်နေတာဟာ အစိကပြုသနာပဲ။ အဲဒါကို သူက အသေးအဖွဲလေးလို့ ထင်နေတယ်''





''မကြားချင်ဘူး။ မပြောနဲ့တော့သူဇာ၊ အေမိအောင်ကိစ္စက နင်တမင် အပြစ်ရှာတဲ့ကိစ္စ။ အဲဒီကိစ္စကို ငါဖြေရှင်းပေးမယ်''

''မလိုဘူး။ နင်ဖြေရှင်းစရာမလိုဘူး''

ကျွန်တော် လက်ကာလိုက်၏။

ကာနေသောလက်ချောင်းများကြားမှ သူ့မျက်ဝန်းကိုမြင်ရသည်။ ဝေ့တက်နေသော မျက်ရည်ရောင်ကို မျက်ဝန်းလွှာတွင် တွေ့ရ၏။ သို့သော်... သူ မငိုသေး။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

[ ၂၀ ]

"အခြေအနေ ပိုဆိုးလာတာပဲ"ဟု ကျွန်တော်ညည်းတွားစွာ ပြောဖြစ်သည်။ "အခု သူဘာဘာယ်မှာလဲ" ဟု နှင်းနှင်းဦးကို ကျွန်တော် မေးသည်။ နိုင်သဇင်က…

"ဩော်…ဖြတ်စာရေးနေပါတယ်ဆိုမှ။ အတန်းထဲမှာပဲပေါ့" ဟုပြော၏။ သော်ကာနှင့်ဝင်းထွဋ်တို့ကို စောင့်နေပေးရန် ကျွန်တော် မှာကြားခဲ့သည်။

"နင် ဘာဖြစ်လို့ ဒီဖြတ်စာကိုရေးတာလဲ",
"ဖြတ်စာရေးပါတယ်ဆိုမှ ဖြတ်ချင်လို့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"မနေ့တစ်နေ့ကတွင်၊ ငါ နင့်ကို အကျိုးအကြောင်းရှင်းပြပြီးပြီပဲ။ နင် ငါ့စကားတွေကို နားမဝင်ဘူးလားဟင် သူဇာ"

"ရေးကြီးခွန်းကျယ် ကိစ္စမဟုတ်ပါဘူး၊ မင်းစိုးရယ်။ ဒါ ငါ့ကိစ္စပါ၊ ငါ့ကိစ္စကို ငါ့လောက် ဘယ်သူမှသိမှာ မဟုတ်ဘူး၊ ငါ ဘာလုပ်ရမယ် ဆိုတာ ငါ့ကိုငါပဲသိတယ်။ ငါ့ဘာသာငါဆုံးဖြတ်မယ်"

"နင် မှားလိမ့်မယ်သူဇာ"

မဲ့ခနဲပြုံးသည်ကို ကျွန်တော် ဘဝင်မကျ။

"မှားလည်း ကိစ္စမရှိပါဘူး။ ရည်းစားတစ်ယောက်ပျက်တာ ကမ္ဘာတစ်ဝှမ်းလုံး ပြာကျသွားတာမဟုတ်ဘူး"

"တောက်"

"တက်"ခေါက်သံ မကျယ်လောင်။

သို့သော် အနီးအပါးရှိ ကျောင်းသား ကျောင်းသူများကို ငဲ့ကြည့်မိသေး၏။

ကျွန်တော် စိတ်တိုသွားပြီကို သူဇာချိုသိဟန်တူ၏။ "တက်" ခေါက်သံကြောင့် ရုံးခနဲကြည့်ပြီး ခေါင်းငုံ့ထားသည်။

"ဒီမယ်သူဇာ၊ ကမ္ဘာပျက်မပျက်တော့ ငါ မသိဘူး။ ဒါပေမဲ့ ကမ္ဘာတည်သရွေ့ ရည်းစား





ဆိုတာ မပျက်သင့်ဘူး၊ ချစ်သူဆိုတာ မမုန်းရဘူး။ မှတ်ထား။

ရည်းစားပျက်တာကို ကမ္ဘာပျက် သလောက် မခံစားဘူးဆိုကတည်းက၊ အဲဒါ ကမ္ဘာပျက်တာထက် ဆိုးတယ်။ နင်သိရဲ့လား။ တွေးမိရဲ့လား"

ပြောပြီးပြီးချင်း သူရှေ့တည့်တည့်ရှိ စာရွက်ကို ကျွန်တော် ဆတ်ခနဲယူလိုက်သည်။ ပြီးနောက် လုံးချေပြီး ကျွန်တော့်လွယ်အိတ်ထဲသို့ ထည့်လိုက်သည်။ သူဇာချိုက…

"ငါ နောက်တစ်စောင် ရေးလို့ရတယ် မင်းစိုး"

"သမင်မွေးရင်း ကျားစားရင်းဆိုတာ ကြားဖူးတယ် မဟုတ်လား။ နင် ကြိုက်သလိုရေး။ နင်ရေးသလောက် ငါ လိုက်လုနေမှာပဲ"

မျက်ခုံးလေးတွန့်ရုံမျှဖြင့် အလိုမကျဟန်ပြသည်။ ကျွန်တော် သွ့နှုတ်ခမ်းတွင် ဝင်ထိုင်လိုက်၏။ စိတ်ဆိုးဟန်ကို တမင်ဖြေလျှော့ပြီး

"လူပဲ အလုပ်လုပ်နေကြရတာပဲ၊ မိန်းမ၊ ယောကျ်ားခွဲခြားနေလို့ ဖြစ်ပါ့မလား၊ နင် အလုပ်လုပ်တဲ့အခါလည်း တခြား ယောကျ်ားတွေနဲ့ တွဲလုပ်ရင် လုပ်ရမှာပဲ။ သဝန်ကြောင်လွန်းရင် မကောင်းဘူး သူဇာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းစိုး နင်စကားကို ဆင်ခြင်ပြော။ ငါ သဝန်ကြောင်တာ မဟုတ်ဘူး"

"ဒါဆို သဝန်တိုရုံလေးပေါ့"

ရယ်မောစေလို၍ ကျွန်တော် နောက်ပြောင်လိုက်ခြင်းဖြစ်သည်။

"မဟုတ်ဘူး"

"ဒါဆိုဘာလဲ၊ ဘာဖြစ်တာလဲ၊ ငါ့ကိုပြော၊ ကိုမောင်မောင်ဌေးက အလုပ်တွေများတယ်ဆို နင်က အကူအညီပေးဖို့ မစဉ်းစားဘူး၊ သတိရတိုင်း အေမီအောင်ဆိုတဲ့ အမျိုးသမီးနဲ့ ပုတ်ခတ်ဖို့ပဲ စဉ်းစားနေတယ်"

"မင်းစိုး၊ ငါ မနေ့က သူတို့နှစ်ယောက်ကို စားသောက်ဆိုင်မှာ တွေ့တယ်၊ သူတို့လည်း ငါ့ကို တွေ့တယ်၊ တွေ့တွေ့ချင်း ငါ လှည့်ပြန်လာတာ"

"အလုပ်ကိစ္စဆွေးနွေးဖို့ သွားတာနေမှာပေါ့"

"အလုပ်ကိစ္စဆွေးနွေးဖို့ စားရင်းသောက်ရင်း ပြောကြဆိုကြမယ့် လူနှစ်ယောက်က တစ်ယောက် ပန်းကန်ထဲတစ်ယောက် ဟင်းတွေ အပြန်အလှန် ထည့်ပေးဖို့ လိုအပ်သလား မင်းစိုး"

"နင်ကိုယ်တိုင်တွေ့ခဲ့တာ ဟုတ်လို့လား"

"ငါ့ ညီမပါ တွေ့ခဲ့တယ်"





"နင်တို့က ဘာသွားလုပ်တာလဲ"

"အသွားစားဖို့ ဟမ်ဘာဂါသွားဝယ်တာ"

"ရှိုးရှိုးသားသား၊ ဂရုစိုက်ကြတာနေမှာပါဟာ၊ လုပ်ဖော်ကိုင်ဖက်တွေပဲ"

"ငါ ကိုမောင်မောင်ဌေးကို လုံးဝ မယုံတော့ဘူးလို့ ဆုံးဖြတ်ထားပြီးပြီ မင်းစိုး"

"တစ်ဖက်သတ်အမြင်နဲ့ဆုံးဖြတ်စွပ်စွဲတာဟာ မတရားမှုကျူးလွန်တာနဲ့ အတူတူပဲသူဇာ။ အချိန် ခဏစောင့်ပါဦးလို့ ငါ တောင်းပန်တယ်၊ နော် သူဇာ"

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖြစ်ကြသည်။ တစ်ယောက်ကိုတစ်ယောက် အလုံးစုံ သိကျွမ်းနေသူများ၏ အကြည့်။

❀

"ငါပြောတာကို လက်ခံလိုက်စမ်းပါ မင်းစိုးရာ၊ ယုံလိုက်စမ်းပါ၊ မင်းကို သူဇာချို ကြိုက်နေတာ သေချာတယ်"

"သော်က မပြောပါနဲ့ကွာ၊ ငါမကြားချင်ဘူး။ သူဇာ့ကို မင်းတို့ဘယ်လိုပဲထင်ထင်၊ သူ့ အပေါ်



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ရှိတယ်လို့ပဲ ထင်ပေးစမ်းပါ''

''မဟုတ်သေးဘူး မင်းစိုး၊ မင်းရဲ့စိတ်ထား ကိုက ကြောင်တောင်တောင်ဖြစ်နေတာ။

မင်းပဲပြောတယ်လေ၊ သူဇာချို့ဘေးမှာ ကိုမောင်မောင်ဌေးရှိနေသမျှ ချစ်တယ်ဆိုတဲ့ အရိပ်အယောင်မျိုး အမူအရာမျိုးကို သူဇာချို မတွေ့စေရဘူးဆို''

''ဟုတ်တယ်လေ''ဟု ကျွန်တော် စကားထောက်သည်။

သော်က,က စကားဆက်၏။ ဝင်းထွဋ်က ဘာမျှ ဝင်မပြောဘဲ ငြိမ်သက်နားစွင့်ထားလေ၏။

''အခု သူဇာချို ကိုယ်တိုင်က ကိုမောင်မောင် ဌေးကို မလိုလားတော့ဘူး။

သူ့အရှိန်နဲ့ သူ လွှတ်ပေးလိုက်ရင် သူ့ ရင်ထဲမှာရော သူ့ဘေးမှာရော၊ ကိုမောင်မောင်ဌေး မရှိနိုင်တော့ဘူး။ မင်းပယောဂလည်း ကင်းတယ်။

အဲဒါကို မင်းက ဘာဖြစ်လို့ တားနေရတာလဲ၊ မင်းကိုယ်တိုင် ချစ်ကြိုက်နေတဲ့ မိန်းကလေး တစ်ယောက် သူ့အလိုလို မင်းဆီကို ရောက်လာ မယ့်အခြေအနေ မင်းဘာဖြစ်လို့ ရင်ကြားဖေ ချင်ရတာလဲ''

သော်က စကားလုံးများအားလုံးအပေါ် မှားသည်ဟု





ကျွန်တော် မသတ်မှတ်လိုပါ။ သူပြောသမျှ မှန်ကန်ပါသည်။ သို့သော် ကျွန်တော် မမှားချင်။

''ဖြေလေကွာ၊ မိုလ်အောင်ဒင်တို့၊ ဒဿဂီရိ တို့လို တကူးတကန့် လုစရာမလိုဘဲ၊ သူ့ အလိုလို ရောက်လာမယ့်ကိစ္စ၊ မင်းဘာဖြစ်လို့ ငြိမ်ငြိမ်လေး မနေရတာလဲ၊ ဖြေလေ…''

''ငါဖြေမယ်၊ ငါ သူဇာ့ကို မျက်နှာမပျက်စေ ချင်ဘူး''

သော်က,က ကျွန်တော့် အဖြေစကားကို အလိုမကျဟန်ဖြင့်

''ဒါ မျက်နှာပျက်တာမှ မဟုတ်ဘဲ၊ တစ်ယောက်မကောင်းလို့ တစ်ယောက်ပြောင်းတာ ဘာဖြစ်လဲ''

ကျွန်တော်က…

''ကောင်းကောင်း မကောင်းကောင်း တစ်သက်မှာ တစ်ယောက်တည်းကိုပဲ ချစ်တယ်လို ပြောစေချင်တယ်၊ နောက်ထပ်တစ်ယောက်ကို ထပ်မပြောစေချင်ဘူး။

အဲဒါကြောင့် ကိုမောင်မောင်ဌေး နေရာမှာ ကိုမောင်မောင်ခွေးပဲ ဖြစ်နေပေစေ၊ သူနဲ့ မပြတ်စေ ချင်ဘူး။

ငါ့ကိုပဲ ဖြစ်ဖြစ် တခြားတစ်ယောက်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲဖြစ်ဖြစ် သူဇာ့ပါးစပ်က ချစ်တယ်လို့ မပြောစေချင်တော့ဘူး၊ တစ်သက်မှာ တစ်ယောက်ပဲ ချစ်စေချင်တယ်၊ အဲဒါပဲ''

''ဟား ဟား ဟား ဟား ဟား...''

''ဘာဖြစ်လို့ ရယ်တာလဲ သော်က''

''ရယ်တာမဟုတ်ဘူး လှောင်တာ၊ မင်းရဲ့ စိတ်ထားက သိပ်ပြီးရိုးသားလွန်းတယ်၊ ဒါပေမဲ့ သိပ်ဟောင်းသွားပြီ မင်းစိုး၊ ပြတိုက်ထဲမှာပဲ လူတွေ တအံ့တသြငေးကြည့်ဖို့ သွားထားလိုက်တော့''

ကျွန်တော် သော်ကကို စိုက်ကြည့်ပစ်လိုက်၏။ သော်က မဲ့ပြုံးပြုံးနေဆဲ ရှိသေး၏။ ဝင်းထွဋ်ကိုပါ ကျွန်တော် တစ်ချက် ဝေ့ကြည့်လိုက်ပြီး...

''ပြတိုက်ဆိုတာ ဟောင်းတဲ့ပစ္စည်းတွေ ထားတဲ့နေရာ မဟုတ်ဘူးကွ၊ ထိန်းသိမ်းရမယ့် ပစ္စည်းတွေထားတာ။

ငါ့စကားဟာ မင်းပြောသလို ဟောင်းချင် ဟောင်းနေလိမ့်မယ်၊ ခေတ်နဲ့ မလျော်ညီလို့ အလှောင်အပြောင် ခံချင်ခံရမယ်၊ ဒါပေမဲ့ ကိုယ့်ကိုယ်ကို တန်ဖိုးထားမယ့်လူတိုင်း ထိန်းသိမ်းလိုက်နာသင့်တဲ့ စကားဆိုတာ ငါပြောချင်တယ် သော်က''

ဝင်းထွဋ်က ကျွန်တော့်နံဘေးတွင် ဝင်ထိုင်လိုက်ရင်း...





''မင်းပြောသလိုဆိုရင် မင်းကိုယ်တိုင်ရော အဲဒီလိုပဲ နေမယ်ပေါ့ ဟုတ်လား၊ ဥပမာကွာ မင်းက သူဇာချိုကို ချစ်တယ်လို့ မပြောဘူးခဲ့ပေမယ့်၊ တိတ်တိတ်လေး ချစ်ခဲ့တာ၊ အဲဒီ့သူဇာချိုက ကိုမောင်မောင်ဌေးနဲ့ လက်ထပ်သွားပြီ၊ မင်းနဲ့ ဘယ်လိုမှ မပတ်သက်တော့ဘူးဆိုရင် မင်း တခြား ဘယ်သူ့ကိုမှ ထပ်ပြီး မချစ်တော့ဘူးလား''

ကျွန်တော် ခေါင်းခါလိုက်၏။

''မချစ်တော့ဘူး''

''တကယ်''

''တကယ်ပြောတာ၊ သူ့ကိုချစ်တယ်လည်း ပြောတယ်၊ သူနဲ့လည်းဝေးရော နောက်တစ်ယောက် ကို ပြောင်းပြီး ချစ်လို့ရတယ်ဆိုရင် အဲဒါအချစ် မဟုတ်တော့ဘူး။ အချစ်ယောင်ဆောင်ထားတဲ့ တပ်မက်မှုတစ်ခုပဲ ဖြစ်လိမ့်မယ်၊ သူဇာချိုကိုပဲဖြစ်ဖြစ် ငါ့ကိုယ်ငါပဲဖြစ်ဖြစ် လောကမှာရှိတဲ့ လူတိုင်းအပေါ်ပဲ ဖြစ်ဖြစ် တစ်သက်မှာ တစ်ယောက်တည်းကိုပဲ ချစ်စေချင်တယ်ကွာ''

ဝင်းထွဋ်က...

''မင်းပြောတာ ကောင်းတယ်ကွ၊ ဒါပေမဲ့ ဟောင်းနေပြီ၊ လောကမှာ ဘယ်သူ့ကိုဖြစ်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်မှာ တစ်ယောက်တည်းပဲ ချစ်ချင်ကြတာ ပါကွ။ ဒါပေမဲ့ တစ်သက်မှာ တစ်ယောက်တည်း ချစ်ဖို့ဆိုတာ မလွယ်ဘူး''

''ဟုတ်တယ် ဝင်းထွဋ် မလွယ်ဘူး၊ ဒါပေမဲ့ ခက်ခဲတဲ့ အလုပ်ကို ကြိုးစားပမ်းစားလုပ်ကြည့်ဖို့တော့ လိုမယ်ထင်တယ်၊ လူပဲကွာ၊ ခက်တဲ့အလုပ်ကို လုပ်ကြည့်သင့်တာပေါ့''

သော်က လက်ခုပ်တစ်ဖြောင်းဖြောင်းတီး၏။ လှောင်ပြောင်သည်ဟု ကျွန်တော် သိသည်။ လက်ခုပ်အတီးရပ်ပြီးသောအခါ...

''မေးပါရစေဦး မင်းစိုး၊ အဲဒီစိတ်နှလုံးကြီး မင်းဘယ်ကရတာလဲ''

''ငါ့အစ်ကိုဆီက''

''ဩော်...မင်းက အစ်ကို့စကားကို အစဉ်အမြဲနာခံလိုက်နာတယ်ပေါ့''

''အစ်ကို့စကားမို့ လိုက်နာတာမဟုတ်ဘူး၊ ဘယ်သူ့စကားဖြစ်ဖြစ် ကောင်းမြတ်မှန်ကန်ရင် ငါ လိုက်နာချင်တယ်''

''မင်းလိုက်နာချင်တာနဲ့၊ သူဇာချို့ကိုပါ လိုက်နာဖို့ ဖန်တီးနေတာ မတရားဘူးထင်တယ် မင်းစိုး''

''စေတနာနဲ့ ဆေးတိုက်တာပဲကွာ၊ နည်းနည်း





တော့ ခါးမှာပေါ့''

''အခါးများရင် သည်းခြေပျက်တတ်တယ်နော် မင်းစိုး''

သည်တစ်ခါတော့ ဝင်းထွဋ် ရယ်လေ၏။ သော်က.က

''ဒါဆို သူဇာချို့နဲ့ ကိုမောင်မောင်ဌေးကိစ္စ မင်း ဘာဆက်လုပ်မလဲ''

''ငါ မအေးမိအောင်ဆီသွားမယ်၊ သူနဲ့ ကိုမောင်မောင်ဌေးနဲ့ ကင်းရှင်းပါတယ်ဆိုတာကို သူဇာသိအောင် လိုက်ရှင်းပြဖို့ ငါပြောမယ်''

''မင်း မှားနေတယ်မင်းစိုး၊ အားလုံးဟာ မင်း စိတ်တိုင်းကျ က.မယ့်အရုပ်လေးတွေ မဟုတ်ဘူးနော်၊ မင်းလုပ်နေတာက မင်း သိပ်ချစ်မိတယ်ဆိုတဲ့ သူဇာချို့နဲ့ ဝေးရဖို့ ဖြစ်နေတယ်ဆိုတာ မင်း သတိမှ ထားမိရဲ့လား''

''ထားမိတယ်၊ သိတယ်၊ ခံစားရတယ်၊ ကိုမောင်မောင်ဌေးကိုပဲ ဆက်ပြီးချစ်နေစေချင်တာ ဟာ၊ ငါ သူ့ကို ချစ်လို့ပါ၊ ငါ့ကို သူချစ်မယ်ဆိုရင်တောင် တစ်ယောက်မကောင်း တစ်ယောက်ပြောင်းတဲ့ အလေ့အထမျိုးရှိတဲ့ မိန်းကလေးပါလားဆိုပြီး သူတစ်ပါး သူ့ကို ဝေဖန်မှာစိုးလို့၊ ငါ တွေးမိဦးမှာပါပဲ''



www.burmeseclassic.com

www.burmeseclassic.com



စကားအဆုံးတွင် ရင်တွင်းသည်းခြေထဲ၌ ရှုးခနဲ နင့်ခနဲ ခံစားလိုက်ရသည်။

"ငါချစ်တဲ့ ငါ့ချစ်သူဟာ ငါ့ကို ချစ်သည်ဖြစ်စေ၊ မချစ်သည်ဖြစ်စေ၊ တစ်သက်မှာ တစ်ယောက်တည်းကိုပဲချစ်တဲ့ မိန်းကလေး မျိုး ဖြစ်စေချင်တယ်၊ အဲဒါ ငါ့ဆန္ဒအမှန်ပါကွာ"

သော်က သက်ပြင်းချ၏။ ဝင်းထွဋ် ပင့်သက်ရှူသည်။ ကျွန်တော် သက်ပြင်းမချဖြစ်၊ ပင့်သက်မရှူဖြစ်။ ရင်တွင်း ပူပင်မှုတွေ များလွန်းသည်။

❀❀❀



[ ၂၁ ]

ကိုမောင်မောင်ဌေးထံ ကျွန်တော် ဖုန်းဆက်သည်။ သူဇာချို မြင်တွေ့ခဲ့သည်မှာ ဟုတ်မှန်ကြောင်း ကိုမောင်မောင်ဌေး ဝန်ခံသည်။ ဖြေရှင်းဖို့ မဝံ့ရဲကြောင်း ပြောသည်။ ကျွန်တော် ဖြေရှင်းပေးမည် ဖြစ်ကြောင်း၊ လောလောဆယ် သူဇာချို့ထံ မလာစေချင်သေးကြောင်း၊ စိတ်အရမ်းဆိုးနေကြောင်း ကျွန်တော် ပြောသည်။ လုပ်ဖော်ကိုင်ဖက်ချင်းမို့ ဂရုတစိုက်ပြုမူမိခြင်းဖြစ်ကြောင်း၊ မအေမိအောင်နှင့်ပတ်သက်၍ ကိုမောင်မောင်ဌေး ရှင်းပြသေးသည်။ ကျွန်တော် နားလည်ကြောင်း ပြောရသည်။ ပြီးနောက် အေမိအောင်နှင့် တွေ့လိုက်ကြောင်း ကျွန်တော် ပြောသည်။ မအေမိအောင်ရှိမည့် အလုပ်ခန်းနေရာသို့ ကိုမောင်မောင်ဌေး၏ အကူအညီဖြင့် ကျွန်တော် ရောက်ရှိခဲ့၏။

❀

www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို အရှက်ခွဲနေတာလား မင်းစိုး"

မအေးမိအောင် ရှိရာသို့ ကျွန်တော် မနေ့က ရောက်ခဲ့သည်။ ကျွန်တော် ကိုယ့်ကိုယ်ကို မိတ်ဆက်သည်။ ကိုမောင်မောင်ဌေးနှင့် ရင်းနှီးကြောင်း၊ ကိုမောင်မောင်ဌေး၏ချစ်သူ သူဇာချို၏ သူငယ်ချင်း ဖြစ်ကြောင်း၊ သူဇာချိုက ကိုမောင်မောင်ဌေးနှင့် မအေးမိအောင်ကို အထင်လွဲနေကြောင်း၊ ထိုအထင်လွဲမှု ပြေပျောက်စေရန် မအေးမိအောင်ကိုယ်တိုင် သူဇာချိုအား ရှင်းပြပြောပြပေးပါရန် ကျွန်တော် မေတ္တာရပ်ခံ၏။

ကျွန်တော် ပြောပြသမျှ တောင်းဆိုသမျှ မအေးမိအောင်က ငြိမ်းလျက်နားထောင်သည်။ မျက်နှာတစ်ချက်မပျက်၊ မျက်ခုံးတစ်ချက်မကွေး၊ နှုတ်ခမ်းတစ်ချက်မတွန့်။

ကျွန်တော်ကလည်း ပြောမှားဆိုမှားရှိခဲ့လျှင် ခွင့်လွှတ်ပါရန် တောင်းပန်စကားဆိုသည်။ စိတ်ဆိုးစရာမရှိကြောင်း မအေးမိအောင် ပြော၏။ သူဇာချိုသည် ငယ်ရွယ်လှပသကဲ့သို့ မအေးမိအောင်သည် တည်ကြည်စွာ ချောမောသူဖြစ်ကြောင်း ကျွန်တော် နှိုင်းယှဉ် သတ်မှတ်မိသေးသည်။

မအေးမိအောင်က သူဇာချို့ဖုန်းနံပါတ်ကို တောင်း၏။ ကျွန်တော် ပေးခဲ့သည်။

ယနေ့ ကျောင်းသို့ရောက်သော် ကျွန်တော့်ထံသို့ သူဇာချို ရောက်လာ၏။ ကျွန်တော်ထိုင်နေကျ အင်းလျားပန်းခြံအတွင်းသို့ သူ ဦးဆောင်သဖြင့် ကျွန်တော်လိုက်ခဲ့ရသည်။





"ဘာဖြစ်လာတာလဲ၊ ဘာအလိုမကျတာလဲ"ဟု ကျွန်တော် ပေး။ သူပြောမည်ကိုသာ နားစွင့်ဖို့ ဆုံးဖြတ်ထားသည်။ ညက အေးမိအောင် ဖုန်းဆက်ကြောင်း၊ ကျွန်တော့်အလိုကျ ဖြေရှင်းစကား ပြောကြောင်း သူဇာချိုပြောပြ၏။

စကားအဆုံးသတ်ကို ဆက်မပြောသေးဘဲ "နင် ငါ့ကို ရှက်ခွဲနေတာလား"ဟု ဖြတ်၍ မေးလိုက်သည်ကို ကျွန်တော် ခံရသည်။

ထို့ကြောင့်...

"ငါ နင့်ကို ဘာအရှက်ခွဲလို့လဲ သူဇာ၊ နင်အထင်လွဲတာကို မလွဲအောင်..."

သူဇာချို၏ အော်ဟစ်စကားသံဖြတ်ဝင်လာသည်။

"အဲဒါကိုက အရှက်ခွဲတာပေါ့၊ ယောကျ်ား တစ်ယောက်နဲ့ ပတ်သက်ရဖို့ လူလွှတ်ပြီး ဖြေရှင်း ခိုင်းသလို ဖြစ်မနေဘူးလား"

"နင် လွှတ်လို့လာတာမှ မဟုတ်ဘဲ ငါမပြောခဲ့ဘူး နော်၊ သူဇာ၊ နင့် သူငယ်ချင်းတစ်ယောက်အနေနဲ့ မအေးမိအောင်ဆီမှာ ငါ အကူအညီတောင်းခဲ့တာ။

ဘာလဲ မအေးမိအောင်က နင့်ကို မဖြေရှင်း ပြဘူးလား။ သူနဲ့ ကိုမောင်မောင်ဌေးနဲ့ ကင်းရှင်းပါ တယ်လို့ မပြောဘူးလား"

"ပြောတယ်၊ ဒါပေမဲ့ ပြောတဲ့လေသံတွေ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက နားထောင်တတ်မှ နာရမယ့် လေသံ...

"ငါ နားမလည်ဘူး သူဇာ"

"သိပ်မစိုးရိမ်ပါနဲ့ ညီမလေးရယ်...

ရှိသွဲ့သွဲ့လေသံ။ တို့က အဲဒီကိစ္စမျိုးအတွက် ...

အကုန်မခံတတ်ဘူးဆိုတာမျိုး၊ စိတ်ချစိတ်ချ...

ခနဲ့တဲ့တဲ့ လေယူလေသိမ်း။ ပြီးတော့ ဖုန်း...

ပြောသွားသေးတယ်၊ အရမ်းချစ်တယ်ဆိုရင် ...

မထားနဲ့နော်...တဲ့။ မျက်ခြေမပြတ်စေနဲ့တဲ့။ ဒါ ...

ရိုတာ ငါ ဘယ်လောက်အောက်လဲ၊ ကိုမောင်...

ဌေးကို ငါ မရမှာစိုးလို့ နင်က အသည်း...

အကူအညီတောင်းခဲ့သလို ဖြစ်နေတယ်။ ငါရှက်...

မင်းစိုး၊ နင် ငါ့ကို အရှက်ခွဲတယ်"

မျက်ရည်မကျသော်လည်း အငိုမျက်နှာကို မြင်ရ...

နှုတ်ခမ်းလေးကိုပင် ဖိကိုက်ထားသေး၏။

"မဟုတ်သေးဘူး သူဇာ၊ မအေပိုး...

တရင်းတနှီးပြောတာကို နင်က သံသယ...

တာ ဖြစ်လိမ့်မယ်၊ ပြီးတော့ နင့်ကို မျက်...

စေချင်ဘူး။ အဲဒါကြောင့် ကိုမောင်မောင်ဌေး...

စေချင်တာ"

"တော်ပြီ မင်းစိုး။ နင် ဘာမှ မ...

ဟောဒီမှာ ကိုမောင်မောင်ဌေးကို ...





လူမလာရင် ကိုယ်တိုင်သွားပေးမယ်၊ နင့်ကို ငါ မမုန်းချင်ဘူး၊ အခုအချိန်ကစပြီး နင် ဝင်မပါနဲ့တော့"

"သူဇာ"

တင်းမာပြတ်တောက်စွာ သူ့အမည်ကို ကျွန်တော်ခေါ်လိုက်...ည်။ အံသွားချင်း ဖိကိုက်လိုက်သည်ကို သူ မြင်သာပေလိမ့်မည်။ ...ျွန်တော့် မျက်နှာတစ်ခုလုံး နီမြန်းသွားသည်အထိ ဒေါသစိတ် ...လိတ်လိတ်တက်လာပြီကိုလည်း သူ သိပေမည်။

သူ့လက်ထဲမှ စာအိတ်ကို ဆတ်ခနဲ ကျွန်တော် ယူလိုက်၏။ ...စိပ်စိပ်အမွှာမွှာဖြစ်အောင် ဆွဲဖြဲပစ်လိုက်သည်။

"ဟဲ့"

ကျွန်တော် အမှန်တကယ် ဒေါသဖြစ်သွားပြီကို သိသဖြင့် ...ချို့မျက်နှာလေး ကြက်သေ သေသွားသည်။ ဒေါသဖြင့် တုန်ယင် ...လျက်...

"ရော့"

လက်ထဲရှိ စာရွက်အစုတ်အပြဲအစအနတွေကို လုံးချေပြီး ...လက်အတွင်းသို့ ထည့်လိုက်၏။

"မမုန်းချင်ဘူးလို့ သတိပေးရလောက်အောင် ငါက နင့် ဆိုးကျိုးတွေကို လုပ်နေလို့လား သူဇာ။ မုန်းတယ်ဆိုတဲ့ စကားနဲ့ နင် ငါ့ကို ခြိမ်းခြောက်လိုက်တာလား။ နင် မုန်းတာကို ငါ



www.burmeseclassic.com

www.burmeseclassic.com



မခံရဲဘူးလို့ ထင်လို့လား။ ဆယ်ခါပြန်ခံရဲတယ်။
အခုအချိန်ကစပြီး ငါ ဘာကိစ္စမှ ဝင်မ[...]
တော့ဘူး။ တစ်ခုတော့ မှာခဲ့မယ်၊ ကိုမောင်မောင်[...]
ကို အဆက်ဖြတ်လိုက်တဲ့ အချိန်မှာ ကမ္ဘာပေါ်မှ[...]
နင့်ကို အမုန်းဆုံး လူတစ်ယောက်ပေါ်လာမယ်ဆိုတ[...]
နင် ဘယ်တော့မှ မမေ့နဲ့။ နင့်ကို ငါ့ အရမ်းမုန်[...]
သွားလိမ့်မယ်ဆိုတာ နင် ဘယ်တော့မှ မမေ့နဲ့''
ပြောပြီး ကျောခိုင်းထွက်ခဲ့သည်။

''မင်းစိုး''

ငိုသံသဲ့သဲ့ဖြင့် ခေါ်သောအသံ။ ကျွန်တော့်လှည့်မကြည့်[...]

''နင် ဘာဖြစ်လို ငါ့ကို အနိုင်ကျင့်ရတာ[...]
မင်းစိုး။ ဘာဖြစ်လို့ အနိုင်ကျင့်နေရတာလဲ''

ကျောဘက်အနီးသို့ တိုးကပ်ငိုရှိုက်လျက် သူမေးသ[...]
လှည့်မကြည့်ဖြစ်သော်လည်း မျက်ရည်တွေ ကြွေကျနေမည်ဟု သိ[...]

စကားတွေအများကြီး ပြန်ပြောခဲ့ချင်သည်။
ဆန္ဒတွေအများကြီး ခင်းဖြန့်ပြချင်သည်။
မျက်ရည်တွေ အများကြီး စီးဆင်းပြချင်သည်။
သို့သော်…

ကျောခိုင်းပြီးဖြစ်ပါလျက် ခေါ်သံငယ်မျှ ကြားရုံဖြင့် [...]
တုံ့လိုက်မိသော ကိုယ့်ကိုယ်ကို ဘဝင်မကျချင်။





ထို့ကြောင့် ကောင်းကင်ကို တမင်မော့ငေးလျက်၊ ရှိုက်သံနှင့်
ဝေးရာသို့ မာဆတ်စွာ ထွက်ခွာလာခဲ့မိ၏။

လျစ်လျူရှုလိုက်ပြီဟု သူသိပေမည်။



www.burmeseclassic.com

[illegible]

[illegible]

www.burmeseclassic.com

[ ၂၂ ]

ကျွန်တော့်စာသင်ဆောင်ဘက်သို့ သော်ကနှင့် ဝင်းထွန်း ို့သာ အရောက်များသည်။ တစ်ခါတလေမှသာ နှင်းနှင်းဦးနှင့် င်သခင်တို့ ပါလာတတ်၏။ သူဇာချိုလိုက်ပါလာခြင်းမရှိသည်မှာ… ရက်ပေါင်းများစွာ… ။

အဖြစ်အပျက်အလုံးစုံကို သူငယ်ချင်းများ သိကြားပြီးခဲ့ပြီ ဖြစ်၏။

ကျွန်တော့်ကိုသာ အပြစ်ဖို့ကြသည်။ အဓိပ္ပါယ်မရှိသူ… ယူသန့်သူဟု ဝေဖန်ကြသည်။ ကျွန်တော် ငြိမ်သက်လျက်သာ ယူခဲ့၏။

သူဇာချို ရှိရာသို့ ဆွဲငင်ခေါ်ယူလျက် ပြန်လည် ခေါ်ပြော က်ဆံရန်၊ သူငယ်ချင်းတွေ ကြိုးပမ်းကြသေးသည်။ ကျွန်တော်…

www.burmeseclassic.com

www.burmeseclassic.com



ပြတ်သားစွာ ငြင်းဆန်ခဲ့၏။ သူစာချိုကိုလည်း ကျွန်တော်ရှိရာ လ
သွားရောက်ခေါ်ငင်ကြသေးကြောင်း...၊ ကျွန်တော်ကြားသိရသ
ခေါင်းကို တွင်တွင်ခါကြောင်း...၊ ကျွန်တော့်စကားကို သူ လိုက်
ခဲယဉ်းနေသေးသဖြင့် ကျွန်တော့် ရှေ့မှောက်သို့ သူ... မလာ
သေးကြောင်း... နှင်းနှင်းဦးနှင့် ခိုင်သဇင်တို့မှတစ်ဆင့် ကျွန်တေ
ကြားသိရသည်။

ကိုမောင်မောင်ဌေး ကျောင်းသို့လာကြောင်း။ သူ
အတွေ့မခံကြောင်း။ သို့သော် ကိုမောင်ဌေးအား ပြတ်စဲသည်
စကားမျိုးကို မပေးဖြစ်၊ မပြောဖြစ်သေးကြောင်း... ကြားသိခဲ့ရ

ကျွန်တော့်ဆန္ဒကို မလိုက်နာသဖြင့် ကျွန်တော် စိတ်
ခြင်း မဟုတ်ပါ။ မလိုက်နာမှာစိုးသဖြင့် စိတ်ဆိုးဟန်ပြုခဲ့ရခြင်း
ဖြစ်သည်။ ချစ်နေရသော ချစ်သူအား သူတစ်ပါးထံသို့ သဒ္ဓါ
ဖြူစွာ ပေးအပ်စွန့်လွှတ်နိုင်စွမ်း ကျွန်တော့်မှာ မရှိလှပါ။

သို့သော်... ချစ်သူ၏ ကိုယ်,နှုတ်,နှလုံး သုံးပါး
ချစ်ခြင်း... စကား၊ ချစ်ခြင်း... တရားအပေါ် ဆိုခဲ့ဖေ၊ ပြ
ဟူသကဲ့သို့ ပြောပြီးစကား၊ ထားပြီးသားအချစ်ကိစ္စကို ဆို
မြဲမြံစေလိုရင်းသာ ကျွန်တော် ဆန္ဒဖြစ်လေသည်။

တစ်ဖက်လူအပေါ် စာနာထောက်ထားလွန်း၍ တစ်
နှင့် လက်ထပ်ကြည်ဖြူလျှင် ချစ်သူဘဝပိုမိုတင့်တယ်
တစ်ဖက်လူ၏လက်သို့ ဝကွက်အပ်လိုခြင်းမျိုးမဟုတ်။

တစ်သက်မှာ တစ်ယောက်ကိုချစ်။ ထိုတစ်ယောက်





"ချစ်တယ်... ကြိုက်တယ်၊ နှစ်သက်တယ်၊ လက်ခံကြည်ဖြူတယ်"
ဟူသော တုံ့ပြန်စကားကို တစ်ကြိမ်တစ်ခါတည်းသာ တစ်သက်စာ
ပြောစေလိုခြင်းဖြစ်၏။

မပြောင်းလဲစေလို၊ မပြောင်းရဲစေလို။

ချစ်သူအဖြစ် သတိရပါသည်။ သူငယ်ချင်းကဲ့သို့လည်း
သတိရ၏။ သတိရစိတ်၊ အောက်မေ့စိတ်ကြောင့် အိပ်မရသည်များ
ရှိခဲ့သည်။ စားမဝင်သည်များဖြစ်ခဲ့သည်။ တပ္ပိုင်ပိုင်တတွေတွေဖြင့်
မနေထိုင်မိသော်လည်း စားစား...၊ သွားသွား...၊ နေနေ...၊
ထိုင်ထိုင် သူနှင့်သက်ဆိုင်ရာ အကြောင်းဟောင်း၊ စကားဟောင်း
လေးတွေကိုသာ ကြားယောင် မြင်ယောင်နေရ၏။

သူလည်း... သတိရတတ်ပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းနိုး။

သူငယ်ချင်းတွေအားလုံးကို

ဖေဖော်ဝါရီ (    ) ရက်နေ့မှာ ဆုံချင်တယ်။

အဲဒီနေ့ မတိုင်ခင်မှာ ငါ... နင်နဲ့ တွေ့ချင်တယ်။

မေးစရာ ရှိလို့ပါ... ။

နင်လာမယ့် နေ့။ နင်လာမယ့်အချိန်။

နင်လာမယ့်နေရာကို နှင်းနှင်းဦးနဲ့

ပြောလိုက်ပါ။ ငါ... အရောက်လာပါ့မယ်။

နင့် ရဲ့...

သူငယ်ချင်း

သူဇာချို

စာကို ပြန်ခေါက်လျက် လွယ်အိတ်ထဲသို့ ကျွန်တော်ထည့်လိုက်သည်။ ပြီးနောက် နှင်းနှင်းဦးဘက်သို့ လှည့်ပြီး...

"သူက ငါ့ကို ဘာမေးမှာလဲ"

"မသိဘူးလေ"

"ဩော်... သူမွေးနေ့မှာ၊ မင်း... သူ့ကို လာကန်တော့မှာလား။ သူ... မင်းကို လာကန်တော့မှာလား ဆိုတာ မေးမလို့နေမှာပေါ့"... ဟု ဝင်းထွဋ်က နောက်သည်။ ခြောက်သွေ့စွာ ရယ်မောဖြစ်ကြ၏။





"ကိုမောင်မောင်ဌေးကိုရော ဖြတ်ပစ်လိုက်ပြီလား"

နှင်းနှင်းဦး ခေါင်းခါ၏။

"စကားတော့ မပြောဘူးထင်တယ်"ဟု ခိုင်သဇင် ဝင်ပြောသည်။ သော်က,က...

"အဲဒီ... ကိုမောင်မောင်ဌေးကိစ္စက မင်းအတွက် သိပ်အရေးကြီးနေလို့လား မင်းနိုး၊ ကိုမောင်မောင်ဌေးကို သူဇာချို ဖြတ်ပစ်လိုက်မှာကို မင်းက မလိုလားရအောင် ကိုမောင်မောင်ဌေးက မင်းယောက်ဖလား၊ မင်းကျေးဇူးရှင်လား"

ကျွန်တော်... မျက်လုံးမှေးစင်းလျက်...

"မင်းတို့ကို ငါပြောပြီးပြီပဲ"

"အေး။ အဲဒီ ပြောပြီးသားကိုပဲ ထပ်ပြောနေတာ။ မင်းဆန္ဒ မှန်ချင်မှန်မယ်။ မှားချင်မှားမယ်။ ဒါပေမဲ့ သူဇာချို့ရင်ထဲကို မင်း... ကြည့်သင့်တယ်။

"ရင်ထဲကို" ဟူသော စကားအသုံးအနှုန်းကြောင့် နှင်းနှင်းဦးနှင့် ခိုင်သဇင်တို့ကို ဝေ့ခနဲ ကြည့်လိုက်မိသေးသည်။ သော်က၏ စကားဆက်ကြောင့် အဓိပ္ပါယ်တစ်မျိုးပြောင်းမသွား။

"ကိုမောင်မောင်ဌေးအပေါ် သူ... နာချင်နာနေမယ်။ ငြိုးငွေ့ချင် ငြိုးငွေ့နေမယ်။ အမျိုးမျိုးပေါ့။ မလိုလားတဲ့ ပုံစံပြနေပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒါကို မင်းက... မင်းစေတနာ၊ မင်းဆန္ဒ၊ မင်း... စိတ်တိုင်းကျ ဆက်ပြီး ပတ်သက်ခိုင်းနေတယ်ဆိုတော့... နှလုံးသားရှိတဲ့ လူအချင်းချင်း အနိုင်ကျင့်ရာ၊ ရောက်မနေဘူးလား။

လူပဲ။ လေ့နံ့ခါးထစ် တစ်ယောက်ဆို တစ်ယောက်တည်း ချစ်ချင်ကြတာပေါ့၊ အဲဒီအတိုင်း ဖြစ်မလာကြဘူး။ အကြောင်းအမျိုးမျိုးကြောင့် ပြောင်းလဲကုန်ကြတာပဲ။

အနိစ္စ၊ အမြဲမရှိ...တဲ့ ဘာမှ... တည်တည်မြဲမြဲ မရှိတဲ့ လောကမှာ ချစ်တယ်...လို့ ပြောပြီးသား လူတစ်ယောက်ကို ချစ်တဲ့စိတ် ပြောင်းလဲသွားတာ၊ ကုန်ခမ်းသွားတာ မဟာ့မဟာ အမှားကြီး ဖြစ်နေလို့လား မင်းစိုး''

''ငါ မဖြေတတ်ဘူး။ ဒါပေမဲ့... ငါ သူ့အကျိုးကို လိုလားတယ်''

''မင်းက အကျိုးလိုလားတယ် ဆိုတာထက်၊ အတ္တကြီးသလို ဖြစ်နေတယ်။

မင်း... ပြောစကားကို နားမထောင်တဲ့ အတွက် သူဇာချို့ကို၊ မင်း,စကားမပြောတော့ဘူး။ သူဇာချိုကလည်း မင်းပြောတဲ့အတိုင်း မလုပ်နိုင်သေး၊ တဲ့အတွက် မင်းကို... စကားလာမပြောဘူး။





တစ်နေရာတည်းမှာ ရှိနေလျက်နဲ့ တစ်ဖက်ကမ်းစီ ဝေးနေရတဲ့ ဒဏ်ကို မင်းမို့လို့ ခံနိုင်စွမ်းတယ်ကွာ''

နှင်းနှင်းဦးနှင့် နိုင်သဇင်တို့ကို ပလုံပလဲ မကြည့်ဖြစ်အောင် ကျွန်တော် နေရသည်။

''အခု... ။ သူဇာချိုက မင်းကို စကားလာပြောတော့မှာဆိုတော့... ငါထင်တယ်... မင်းစိုး။ မင်းခိုင်းတဲ့အတိုင်း သူလုပ်တော့မယ် ထင်တယ်''

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရသည်ကို မည်သူမျှ မသိကြ။ လွယ်အိတ်ထဲရှိ စာခေါက်ကို ပြန်လည်နှိုက်ယူလိုက်သည်။ အလျင်အမြန် ပြန်ဖတ်လိုသော်လည်း စာခေါက်ကို ဖြေးညင်းစွာ ဖွင့်ရ၏။ စာမျက်နှာပေါ်သို့ ကြည့်ကာ... ။

''မေးစရာရှိတယ်လို့ ရေးထားတာကွ။ ပြောစရာရှိတယ်လို့ ရေးထားတာ မဟုတ်ဘူး''

''မေးစရာရှိရှိ၊ ပြောစရာရှိရှိ၊ မင်း... ခိုင်းတဲ့အတိုင်း လုပ်ဖြစ်ခဲ့ရင်၊ မင်း ဂုဏ်ယူလိုက်ပေါ့ကွာ''ဟု သော်က စကားနာထိုး၏။

ဝင်းထွဋ်က...

''ကဲ... ငါတို့ လစ်တော့မယ်၊ မင်း ဘယ်မှာ ရှိမယ်၊ ဘယ်ကို လာခဲ့မယ်ဆိုတာ နှင်းနှင်းဦးတို့ကို မှာလိုက်လေ''

ရင်ခုန်နေသည်လား၊ ရင်မောနေသည်လား။ ကိုယ့်ကိုယ်ကို



www.burmeseclassic.com

www.burmeseclassic.com



မသိ။

စာရွက်ခေါက်လေးကို တမြတ်တနိုးငုံ့ကြည့်လိုက်မိသည်။

အင်းလျားပန်းခြံအတွင်းရှိ ကမ်းစပ်နှင့် အနီးဆုံး ခုံတန်းလေးကို တွေး၍ မြင်ကြည့်လိုက်သည်။ မတွေ့မမြင်ခဲ့ကြရသည့် နေ့ရက်များ၏ကိုယ်စား၊ သူ၏ နာမ်စားအဖြစ် စာတစ်စောင် ပါးလိုက်သည်ဟု ကျွန်တော် ယူဆ၏။

မိန်မျှော့ ပျောက်ပျက်သွားမှာစိုး။



[ ၂၃ ]

"မသန်းသန်းက ကလေးနှစ်ယောက် အမေ၊
မုဆိုးမ၊ ကလေးနှစ်ယောက်အမေ၊ မုဆိုးမမုန်း
သိလျက်နဲ့ သူ့ကို အစ်ကို လက်ထပ်ဖို့ ဆုံးဖြတ်
လိုက်တာဟာ သူ့ အချောအလှကြောင့်လား…၊
ဒါမှမဟုတ်… အနေအထိုင်ရင်းနှီးမိလို့လား"

အစ်ကိုတင်စိုးက ကျွန်တော့်အမေးစကားကြောင့် ပြုံးရိပ်သန်းရုံမျှသာ ပြုံးလေသည်၊ ပြီးနောက်… ကျွန်တော့်ကို ငွေးငွေးစွာ ကြည့်လျက်…

"သန်းသန်းက ရုပ်ရှင်မင်းသမီးလို ချောနေလို့လား။ မှုန်နေအောင် လှနေလို့လား"

ကျွန်တော်က…

www.burmeseclassic.com

"အဲဒီလောက်တော့… မချောလှဘူးပေါ့"

"ဟုတ်ပြီ။ ဒါဆို ချောလို့ လက်ထပ်တာ မဟုတ်ဘူးဆိုတာကို ညီလေးလက်ခံပေးနိုင်မလား"

"ဟုတ်ကဲ့"… ဟု ကျွန်တော်… ပြောလိုက်ရသည်။

"အနေအထိုင် ရင်းနှီးမိလို့လား… ဆိုတဲ့ မေးခွန်းကျတော့ အစ်ကို့ကိုတွင် မဟုတ်ဘူး၊ အဖေတို့အမေတို့ကိုပါ ထိခိုက်တဲ့ မေးခွန်းမျိုး ဖြစ်နေတယ် ညီလေး။

လက်မှ မထပ်ရသေးတာ။ အနေအထိုင် ရင်းနှီးစရာမလိုဘူးလေ။ အစ်ကိုက မိကောင်းဖခင် သားတစ်ယောက်ဆိုတာ ညီလေး မေ့သွားလို့လား"

"ကန်တော့ အစ်ကို။ ကျွန်တော် အမေးမှားသွားတယ်"ဟု ပြောပြီး တောင်းပန်လိုက်ရ၏။ ပြီးမှ…

"ဘာကြောင့် ကလေးနှစ်ယောက်အမေကို လက်ထပ်ရတယ်ဆိုတာတော့ ကျွန်တော် သိချင်တယ် အစ်ကို၊ သနားလို့လား"

အစ်ကို ခေါင်းခါ၏။ ပြီးနောက်…

"ချစ်ခြင်းမေတ္တာဆိုတာကို မခံစားတတ်ခင် ကတည်းက အစ်ကို ဆုံးဖြတ်ချက်တစ်ခု ချထားခဲ့တယ်။ အဲဒါ… ဘာလဲဆိုတော့ တစ်သက်မှာ တစ်ယောက်တည်းကိုပဲ လက်ထပ်ဖြစ်အောင်





ကြိုးစားမယ်… လို့ ဆုံးဖြတ်ထားတယ်။

ဘာကြောင့်ဆုံးဖြတ်ရသလဲဆိုတော့၊ ဖြတ်သန်းလာရတဲ့ ဘဝတစ်လျှောက်လုံးမှာ တစ်ယောက်က တစ်ယောက်ကို သစ်စိမ်းချိုး ချိုးတဲ့ကိစ္စတွေ၊ ခြံခုန်တဲ့ ကိစ္စတွေ၊ တစ်မျက်နှာက တစ်မျက်နှာ ပြောင်းရတာကို ဖိနပ်တစ်ရံလဲစီးသလောက်တောင် အရေးမထားတဲ့ လူတွေကို တွေ့မြင်ဖူးခဲ့လို့ပဲ။ သူတို့လို အစ်ကို မဖြစ်ချင်ဘူးကွာ။

အဲဒါကြောင့် ဆုံးဖြတ်ချက်ကို ခိုင်ခိုင်ခံ့ခံ့ ချထားတယ်။ ကျောင်းသားဘဝမှာ ချောတာလှတာ၊ ရင်းနှီးကျွမ်းဝင်တာတွေ ကြုံခဲ့ဖူးပါတယ်။ ရင်ထဲမှာ အချစ်စိတ်မဖြစ်ခဲ့တဲ့အတွက် ချစ်တယ်၊ ကြိုက်တယ် လို့ ဘယ်သူ့ကိုမှ မပြောခဲ့ဘူးလေ၊ အားလုံးကို ခင်ခင်မင်မင်ပဲ နေထိုင်ပြောဆိုခဲ့တယ်။

ကျောင်းပြီး။ အလုပ်ဝင်တော့။ သန်းသန်းနဲ့ တွေ့တာ။ တွေ့တွေ့ချင်းကို ရင်ထဲမှာ ပြတ်နိုးတာ။ အမှန်အတိုင်းဝန်ခံရရင် အပျိုစင်တစ်ယောက်လို့ ထင်ခဲ့မိသေးတယ်"

"အပျိုဟုတ်မဟုတ် တစ်ယောက်ယောက်ကို မေးမကြည့်ဘူးလား"

အစ်ကို ခေါင်းခါသည်။



www.burmeseclassic.com

www.burmeseclassic.com



''နာမည်တောင် ဘယ်သူ့ကိုမှ မေးမကြည့်ဘူး။ နာမည် ဘယ်သူလဲ၊ အပျိုလား၊ အအိုလား၊ ဆင်းရဲသလား၊ ချမ်းသာသလား၊ အဲဒါမျိုးတွေ ထည့်စဉ်းစားတာ၊ ဘွဲ့ရပြီးပြီလား၊ မရသေးဘူးလား… ဆိုတာတွေကို စုံစမ်းတာဟာ ချစ်ဖို့စုံစမ်းတာ မဟုတ်ဘူးလို့ အစ်ကို ယူဆတယ်။ သင့်မသင့် တော်မတော် ဦးနှောက်ကို အဖော်ခေါ်တယ်လို့ ထင်တာပဲ။

သူ့ ဘိုင်အိုဂရပ်ဖီထဲမှာ အိမ်ထောင်မရှိ…လို့ တွေ့တာ တစ်ခုတည်းနဲ့ အစ်ကို့အတွက် လုံလောက်သွားတယ်။ လုပ်ဖော်ကိုင်ဖက်ချင်းဆိုတော့ စကားကို ပွင့်ပွင့်လင်းလင်းပဲ အစ်ကို ပြောခဲ့တယ်၊ မသန်းသန်းကို ကျွန်တော် ချစ်တယ်ပေါ့၊ ဖြစ်နိုင် မဖြစ်နိုင် မေးတယ်။

သန်းသန်းက ပြန်ပြောတယ်။ သူ့အိမ်ထောင် တိမ်းပါးသွားတဲ့အကြောင်း၊ ကလေးနှစ်ယောက်နဲ့ ကျန်ရစ်ခဲ့ရတဲ့အကြောင်းပေါ့၊ ဖြစ်နိုင်မဖြစ်နိုင်ဆိုတာကို ကိုတင်စိုးပဲ စဉ်းစားပါ… ဆိုပြီး သူ့ အကြောင်းကို ပြောပြတာ။

အစ်ကို ချက်ချင်း လက်ထပ်ခွင့် တောင်းလိုက်တယ်၊ နေ့ကူးနေရင် စဉ်းစားပြီးမှ ဆုံးဖြတ်





တယ် ထင်မှာစိုးလို့။

တစ်သက်မှာ တစ်ယောက်တည်း ချစ်မယ် …လို့ ဆုံးဖြတ်ထားတဲ့ လူတစ်ယောက်က သူချစ်တဲ့ သူချစ်သူဟာ ကလေးနှစ်ယောက်အမေ၊ မုဆိုးမ ဆိုတာလည်းသိရော ဆက်ချစ်ဖို့၊ လက်ထပ်ဖို့ စဉ်းစားခန်းဝင်ရပြီဆိုရင် အဲဒါ ဆုံးဖြတ်ချက် မခိုင်ခဲ့တဲ့လူပဲ။

သန်းသန်းအပေါ် အစ်ကိုက ချစ်လည်းချစ်တယ်၊ ဆုံးဖြတ်ချက်လည်း ခိုင်ခဲ့ချင်တဲ့အတွက် မိဘဆန္ဒကို မျက်ကွယ်ပြုပြီး လက်ထပ်ဖို့ ဆုံးဖြတ်လိုက်ရတာပဲ။ ဘယ့်နယ်လဲ၊ အစ်ကို့နှလုံးသား သန့်ရှင်းရဲ့လား ညီလေး''

ကျွန်တော် အစ်ကို့ကို သိုင်းဖက်လိုက်သည်။ ''သာဓုခေါ်ပါတယ် အစ်ကို''ဟု အသံတုန်ယင်စွာ ကျွန်တော် ပြောလိုက်၏။ ကျွန်တော့်ကျောပြင်သို့ အစ်ကိုက ပွတ်သပ်ချွေးသိပ်ရင်း…

''လောကမှာ တစ်သက်မှာ တစ်ယောက်တည်းချစ်၊ အဲဒီ တစ်ယောက်နဲ့ပဲ လက်ထပ်ခွင့်ရဖို့ဆိုတာ မလွယ်ပါဘူး ညီလေးရယ်၊ မလွယ်တဲ့ အလုပ်ကို အလေးအနက်တန်ဖိုးထားပြီး အစ်ကို လုပ်ကြည့်တာပါ၊ သာဓုခေါ်ပေးတဲ့အတွက် ညီ့လေးကို အစ်ကို ကျေးဇူးတင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်မှစ၍

အမေနှင့်အစ်ကို့ကို အဆင်ပြေစေရန် ကျွန်တော်(သူဇာ၏ အကူအညီဖြင့်) ကြိုးပမ်းစွမ်းဆောင်ခဲ့လေ၏။

❀

"ငါ့ အစ်ကိုရဲ့ စိတ်ဓါတ်ကို ငါ... အားကျခဲ့တယ်၊ လေးစားခဲ့တယ်။ နင်... ငါ့ကို မေးဖူးခဲ့တယ်။ ငါ့အစ်ကိုက ငါ့မရီးကို ဘာကြောင့် လက်ထပ်ရသလဲဆိုတာ။ ငါ အဲဒီတုန်းက မဖြေခဲ့ဘူး။ အခု... နင်သိချိန်တန်တယ်ထင်လို့၊ ငါ... ပြောပြတာပါ။

ငါ... အစ်ကို့လို တစ်သက်မှာ တစ်ယောက်တည်း ချစ်တဲ့သူ ငါဖြစ်ချင်တယ်... သူဇာ။ ငါ့လို ငါ့သူငယ်ချင်း နင့်ကိုလည်း တစ်သက်မှာ တစ်ယောက်တည်းကိုပဲ ချစ်တဲ့သူအဖြစ် ငါမြင်ချင်တယ်။

အဲဒါကြောင့် ကိုမောင်မောင်ဌေးမှာ ဘာအပြစ်ရှိရှိ ကြီးတဲ့ အပြစ်ကို ငယ်အောင်၊ ငယ်တဲ့ အပြစ်ကို ကင်းစင်အောင် နှလုံးသွင်းပြီး၊ ဘာကြောင့်မှ မပြောင်းလဲတဲ့ ချစ်သူအဖြစ် သူ့ကိုပဲ ချစ်စေချင်





တယ်။ သူ့ကိုပဲလက်ထပ်စေချင်တယ် သူဇာ"

ကန်ရေပြင်နှင့် အနီးဆုံးခုံတန်းတွင် ထိုင်နေကြလျက် ကျွန်တော်က အဝေးသို့ ငေးမျှော်ကာ စကားဆိုသည်။ သူဇာချိုက အနီးရှိ ကန်ရေပြင်ကို မျက်လွှာပင့်ရုံမျှ ငေးစိုက်ကြည့်ရင်း နားစွင့်၏။

"ကိုမောင်မောင်ဌေးကို အဆက်ဖြတ်လိုက်ရင် နင့်ကို ငါအမုန်းဆုံးပဲလို့ ပြောခဲ့တာ မုန်းချင်လို့ မဟုတ်ပါဘူး။ တစ်မျက်နှာက တစ်မျက်နှာကို အလွယ်တကူ ပြောင်းနိုင်တဲ့ စိတ်ထားမျိုး နင့်ဆီမှာ ရှိသွားမှာ စိုးလို့ပါ"

ပါးပြင်ပေါ်မှ ဒလိမ့်ခေါက်ကွေး စီးကျသွားသော မျက်ရည်တစ်စက်သည် လက်ဖမိုး မို့မို့လေးပေါ်သို့ ပြုတ်ကျ ပြန့်ကျဲသွားသည်ကို မြင်လိုက်ရ၏။ "သူဇာချိုငိုနေပြီ" ဟု ကျွန်တော် မယူဆ။ ငိုမိမည်စိုးသဖြင့် မငိုအောင်ထိန်းရင်းမှ သူ့အလိုလို လိမ့်ကျလာသော မျက်ရည်တစ်စက်ကို မတားဆီးနိုင်ခြင်းမျှသာဖြစ်သည်ဟု ကျွန်တော် ယူဆချင်သည်။ မငိုပါနဲ့... ဟု မတားဖြစ်။ ပို၍ ငိုချင်မှာကို စိုးသည်။

"နင်... ငါ့ကို မေးစရာရှိတယ်ဆို၊ ဘာမေးမှာလဲ၊ မေး..."

ငုံ့ကြည့်သော မျက်ဝန်းစပ်တွင် မျက်ရည်အစအနတွေကို တွေ့သည်။ ထိုအစအနတို့ကို လက်ကိုင်ပဝါဖြင့်တို့သည်။ ခဏငယ် အတွင်း သူဇာချို၏ မျက်နှာပြင်သည် မိုးရွာပြီးစ ကောင်းကင်ကဲ့သို့



www.burmeseclassic.com

www.burmeseclassic.com



အရာရာကင်းစင်လျက်ရှိ၏။

''ငါ ကိုမောင်မောင်ဌေးကို လက်ထပ်ရ
မလား''

နှုတ်ခမ်းလှုပ်ရုံမျှဖြင့် ပေါ်ထွက်လာသော... အမေးစကား၊ တိုတောင်းလွန်းသည့် စကားစု။ ပြတ်တောက်လွန်းသည့် လေအယူ။

''ဘာကြောင့် ငါ့ကို မေးတာလဲ သူဇာ''

''ငါဟာ နင့်သူငယ်ချင်း ဖြစ်နေသမျှ နင့်
စကားကို ငါ... နားထောင်ရမယ်၊ ငါ့စကားကိုလည်း
နင်နားထောင်မယ်လို့ နင်ပြောထားဖူးတယ်လေ။
အဲဒါကြောင့်... ငါ နင့်ကိုမေးတာ။ နင့်
စကားကို ငါ နားထောင်လိုက်နာချင်လို့မေးတာ။
ကိုမောင်မောင်ဌေးကို ငါလက်ထပ်ရမလား''

ကျွန်တော် စကားမတုံ့ပြန်နိုင်ဖြစ်သေး။ သူဇာချို့မျက်နှာကို ငေးကြည့်နေမိရာမှ မျက်နှာလွှဲလိုက်မိသည်။ အဝေးဆုံးနေရာသို့ ငေး၍သာနေမိတော့၏။

''ချစ်တယ်လို့ ပြောလိုက်တုန်းက ငါ့သဘော
နဲ့ငါ ပြောခဲ့မိတယ်၊ လက်တွဲဖို့ လက်ထပ်
ကိစ္စမျိုးကိုတော့ နင့်စကားကို ငါ နားထောင်မယ်
တယ်။ နင်ညွှန်ပြတဲ့လမ်းကိုပဲ ငါလျှောက်ချင်တယ်
မင်းစိုး၊ ဖြေပါဟာ၊ ငါ... ကိုမောင်မောင်ဌေး





လက်ထပ်ရမလား''

ဦးခေါင်းငိုက်မကျသွားအောင်တော့ ကျွန်တော် ထိန်းသိမ်းထားနိုင်သည်။ ဦးခေါင်းမော့လိုက်ဖို့တော့ ခက်နေ၏။ အတွေးတွေ ယောက်ယက်ခတ်သွားသည်။ နှလုံးခုန်သံသည် ပုံမှန်မဟုတ်တော့။ ပါးစပ်က တစ်ခုခုထုတ်ပြောလိုက်မည်ဆိုလျှင်ပင် အနည်းဆုံးတော့ ရင်မောသံမျိုး ဖြစ်နေပေဦးမည်။

※

တစ်ရံရောအခါက တရုတ်ပြည်တွင် နဂါးကို အလွန်ချစ်သော အလွန်မြတ်နိုးသော ဘုရင်ကြီးတစ်ပါးသည်ရှိ၏။ ထိုဘုရင်ကြီးသည် နန်းတွင်းနန်းပြင် အရပ်လေးမျက်နှာ၌လည်းကောင်း၊ မိမိ၏ အသုံးအဆောင်ဟူသမျှ၌လည်းကောင်း၊ နဂါးရုပ်များဖြင့် အတည့်ပြီးစေ၏။ သလွန်ညောင်စောင်း၌လည်း နဂါးရုပ်ဖြစ်၏။ ဝတ်လဲတော်များသည်လည်း နဂါးရုပ်များသာဖြစ်၏။ မိဖုရားခေါင်ကြီးနှင့် ခွေရံသင်းပင်းများလည်း နဂါးရုပ်များဖြင့်သာ နေထိုင်ကြရ၏၊ စားတော်ခေါ်ကြရ၏။

နန်းရင်ပြင်တော် တစ်ခုလုံးတွင်လည်း နဂါးဟန်ဖိဟန်၊ နဂါးချောင်းမြောင်းဟန် စသည့် အမျိုးမျိုးသော ပန်းချီများဖြင့်လည်း ပုံဖော်ထား၏။ ပန်းပုများဖြင့်လည်း သွန်းလောင်းထုလုပ်ထား၏။ ထို့ပြင် 'မှန်ပုံဘုရား' ဟူသည်ကိုပင် 'မှန်ပုံ နဂါး'ဟူ၍ ထီးနန်းသုံး



www.burmeseclassic.com

www.burmeseclassic.com



'တော်' သုံးအဖြစ်ဖြင့် အမိန့်တော်တစ်ရပ်ကို ဘုရင်ကြီးကိုယ်တိုင်ပင် မိန့်မှတ်ထားလေသည်။

ဤမျှ နဂါးချစ်သော တရုတ်ဘုရင်ကြီးပါပေ။

တစ်နေ့သ၌ နဂါးကို အလွန်ချစ်မြတ်နိုးတော်မူသော ဘုရင်ကြီးသည် လေသာဆောင်၌ နဂါးရုပ်ကြီးများကို ကြည့်မဝ၊ ရှုမဝ၊ ရှုစားတော်မူ၍ ပီတိများပင် ဖြစ်နေလေသည်။ ထိုအချိန်၌ အလွန်လှပသော တကယ့်သက်ရှိ နဂါးကြီးတစ်ကောင်သည် ဘုရင်ကြီး အနီးသို့ ရုတ်တရက်ရောက်ရှိလာတော့၏။ ထိုအခါတွင် နဂါးများကို အလွန်ချစ်မြတ်နိုးသော ဘုရင်ကြီးသည် တုန်လှုပ်နေ၏။ ချောက်ချားနေ၏။ တောင်ပြေးမြောက်ပြေးဖြစ်နေ၏။ အသံကုန် အော်ဟစ်၍လည်းနေ၏။ ဆောက်တည်ရာမရတော့ချေ။

ထို့နောက် နဂါးကို အလွန်ချစ်သော တရုတ်ဘုရင်ကြီးသည် နန်းတော်အတွင်းသို့ ရောက်ရှိလာသော တကယ့်နဂါးကြီးကို အကြောက်ကြီးကြောက်၍ အမုန်းကြီးမုန်းကာ ချက်ချင်းပင် သုတ်သင်ပစ်ရန်အတွက် အစွမ်းကုန် ကြိုးစားပေတော့သည်။

ဤသည်ကား နဂါးချစ်သော တရုတ်ဘုရင်ကြီး၏ အကြောင်းပင်တည်း။။





သူဇာချို၏ အမေးစကားအဆုံးတွင် ကျွန်တော် ဖတ်ဖူးခဲ့သည့် စာအုပ်တစ်အုပ်မှ နဂါးချစ်သော တရုတ်ပြည် ဘုရင်ကြီး အကြောင်းသည် ဦးခေါင်းထဲသို့ ရောက်ရှိလာလေ၏။

နဂါးချစ်သူသည် သက်မဲ့နဂါးရုပ်များကို ထွင်းထုဆွဲသား၊ တန်ဖိုးထားခဲ့ပါလျက် တကယ့် သက်ရှိနဂါးနှင့်ကြုံသောအခါ တုန်လှုပ်ချောက်ချားသွားသည်မှာ ရယ်မောစရာထက်၊ တွေးတော ဆင်ခြင်စရာ အဖြစ်ဟု ကျွန်တော် မှတ်သားနားလည်ခဲ့သည်။

ယခု ကျွန်တော်သည်လည်း နဂါးချစ်သည့် တရုတ်ဘုရင်ကြီးကဲ့သို့ ဖြစ်စေလိုသည့်အရာကို တဖွဖွတသသ ပြောပြတောင်းခံခဲ့ပါလျက် ဖြစ်ရတော့မည်၊ ကြုံရတော့မည်ဟု သိကြားရသောအခါ တုန်လှုပ်ချောက်ချားခဲ့ရပြီ။

ကျွန်တော့် တစ်သက်မှာ သူဇာချို့ကိုသာ ချစ်တော့မည်၊ သူတစ်ယောက်တည်းကိုသာ ချစ်စကားဆိုတော့မည်ဟု ဆန္ဒဝင်ခဲ့ပါလျက် သူမှာ ချစ်သူရှိနေကြောင်း သိကြားမြင်တွေ့ရသောအခါ ဆန္ဒကို မျိုသိပ်ခဲ့ရ၏။

ထို့အပြင် ချစ်သော သူဇာချိုကိုလည်း တစ်သက်မှာ တစ်ယောက်တည်းကိုသာ ချစ်စေလိုသည်။ ထိုတစ်ယောက်တည်းကိုသာ လက်ထပ်စေလိုသည်ဟု လှေနံဓားထစ် တောင်းဆိုဖြစ်ခဲ့၏။

ထိုတောင်းဆိုမှုကို သူဇာချို လိုက်လျောတော့မည်ဟု စကားလမ်းဖွင့်သောအခါ ရင်မှာ... နှမြောတသစိတ်များ တလိပ်လိပ် ကိန်းအောင်းမိလေ၏။ ထွက်ပြီးသား စကား၊ ထားပြီးသော ဆန္ဒကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်လည်ချေဖျက်ဖို့ပင် တွေးတောမိပြန်၏။ သို့သော် အချိန်ကာလ နှောင်းခဲ့ပြီ။

''ပြောလေ မင်းစိုး၊ ငါ... ကိုမောင်မောင်ဌေး
ကို လက်ထပ်ရမလား''

''နင်၊ လက်ထပ်ချင်လို့လား''

သူဇာချိုက လွှဲဖယ်ထားသော ကျွန်တော့်မျက်နှာကို စူးစိုက်ကြည့်လျက်...

''ငါ့ကို မေးခွန်းပြန်မမေးနဲ့၊ ငါ နင့်စကားကိုပဲ နားထောင်ချင်တယ်၊ တစ်သက်မှာ တစ်ယောက်တည်းကိုပဲချစ်၊ တစ်ယောက်တည်းကိုပဲ လက်ထပ်ရမယ်ဆိုတဲ့ နင့်စကားကို ငါ လိုက်နာချင်တယ်။

နောက်ထပ် ဘယ်သူ့ကိုမှ ချစ်တယ်လို့ မပြောတော့ဘူး။

ကိုမောင်မောင်ဌေးမှာ ဘာအပြစ်ရှိရှိ။ ငယ်အောင်၊ ပပျောက်အောင် ငါကြိုးစားမယ်။ အဲ...။ နင်မှန်းမှာစိုးလို့။ နင့်စကားကို ငါ နားထောင်လိုက်တာပဲ။

ငါ သူ့ကို လက်ထပ်ချင်သည်ဖြစ်စေ။ လက်မထပ်ချင်သည်ဖြစ်စေ၊ ငါ နင့်စကားအတိုင်း လုပ်မယ်။ နားထောင်မယ်။ လိုက်နာမယ်။ ပြော... ငါ သူ့ကို လက်ထပ်ရမှာလား''





ငဲ့မကြည့်ဖြစ်အောင် နေရသည်။

''လက်မထပ်နဲ့'' ဟု ပြောဆို တောင်းပန်လိုက်ချင်သည်။ သို့သော်...

ချစ်သော သူဇာချိုအား တစ်မျက်နှာမှ တစ်မျက်နှာသို့ မပြောင်းလဲစေလိုသော ဆန္ဒအပုန် ကျွန်တော့်တွင် ရှိနေသေး၏။

''သူငယ်ချင်းတွေက သူတစ်ပါးရည်းစားကို တပူးတွဲတွဲနေပြီး၊ ရည်းစားပျက်အောင်လုပ်တဲ့ သူလို့ ဝေဖန်ကြမှာကို နင်ကြောက်နေသလား မင်းစိုး''

''မဟုတ်ပါဘူးဟာ...'' ဟု ကျွန်တော် ဖြေလိုက်သည်။

''စိတ်ချ၊ ငါ့ကြောင့် နင် ... နာမည်ပျက်စေရဘူး။ ငါ နင့်စကားကိုပဲ နားထောင်မှာပါ၊ ငါ ကိုမောင်မောင်ဌေးကိုပဲ လက်ထပ်ရမလား''

ကျွန်တော် ခေါင်းညိတ်လိုက်မိသည်။

''ပါးစပ်က ပြောလေ''

သူ့မျက်နှာကို ငဲ့ကြည့်လိုက်၏။ မျက်ရည်လဲ့ မျက်ဝန်းရုံကို မြင်လျှင်မြင်ချင်း ရင်မှာ နင့်ခနဲဖြစ်သွားရ၏။

''ပြောလေ၊ နင့်ပါးစပ်က ပြောမလေ၊ ကိုမောင်မောင်ဌေးကို လက်ထပ်ပါ... လို့ ပြော''

စကားသံတုန်ယင်လာ၏။ မျက်ရည်[illegible] သည်။

''အေး၊ နင်... သူ့ကိုပဲ လက်ထပ်လိုက်ပါ''



www.burmeseclassic.com

www.burmeseclassic.com



ဦးခေါင်းကို ကောင်းကင်သို့ မော့လိုက်၏။

"သူ့ကို ချစ်တယ်လို့ နင်ပြောခဲ့တာလည်း မှန်တယ်။ သူ့ကိုပဲ လက်ထပ်လိုက်တာလည်း မှန်တယ်။

နင့်ကို ငါ အမြဲတမ်း မှန်ကန်တဲ့ မိန်းကလေး တစ်ယောက်ဖြစ်စေချင်တယ် သူဇာ"

မျက်ရည်စတွေကို လွယ်အိတ်ကြိုးဖြင့် ဖယ်သုတ်လိုက်ပြီး

"ကျေးဇူးပဲ မင်းစိုး၊ ငါ့အကျိုးကို လိုလားတဲ့ အတွက် နင့်ကိုငါ ကျေးဇူးတင်တယ်။

ကိုမောင်မောင်ဌေးကလွဲပြီး ငါဘယ်သူ့ကိုမှ လက်မထပ်တော့ဘူး၊ မချစ်တော့ဘူးလို့ ကတိပေး တယ်။

ချစ်တယ်ဆိုတဲ့ စကားကို ဒီတစ်သက် လုံး ငါ... ဘယ်သူ့ကိုမှ မပြောတော့ဘူး မင်းစိုး၊ ကတိ ပေးတယ်။ အဲဒါ ငါ နင့် စကားကို နားထောင်လိုက်တာပဲ"

ရင်ထဲမှာ နင့်နေသဖြင့် စကားသံ ရုတ်တရက်မထွက်။

"ငါ့... ငါ့စကားကို... နင်နားထောင်တဲ့ အတွက် ကျေးဇူးပဲ သူဇာ"

"ကျေးဇူးမတင်ပါနဲ့။ နင့်စကား နင့်ဆန္ဒကို ငါလိုက်နာပြီးပြီနော်၊ ငါ့ကို မခေါ်မပြောဘဲတော့ မနေပါနဲ့၊ နင့်စကားကို ငါ လိုက်နာဖို့ ခက်နေသေး လို့ ငါ... နင့်ဆီကို မလာတာပါ၊ အခု ငါ လိုက်နာဖို့ ဆုံးဖြတ်လိုက်ပြီ၊ ငါ့ကို စိတ်မဆိုးနဲ့တော့နော်"

ခေါင်းညိတ်ပြလိုက်၏။

ကန်ရေပြင်ထဲသို့ သစ်ရွက်တစ်ရွက် လွင့်ကျသွားသည်။

❀

မျှော်သိပ်ပါများလို့
အ,သွားရတဲ့
လူတစ်ယောက်ပါ... ။

❀❀❀







www.burmeseclassic.com

www.burmeseclassic.com

[ ၂၅ ]

''ရည်းစားပျက်ခဲ့တဲ့ မိန်းကလေးမို့၊ ဆက်ချစ်ရမှာ ဝန်လေးပြီး၊ သူ့ရည်းစားလက်ထဲကို အရောက်ပို့ခဲ့တာပါ...လို့၊ မင်းကို ငါတို့စွပ်စွဲရင် မင်း ဘယ်လိုဖြေရှင်းမလဲ''

သော်က မျက်နှာကို ကျွန်တော် တည့်တည့်ကြည့်လိုက်သည်။

''ဖြေရှင်းစရာ မလိုဘူးထင်တယ်၊ သူ့ကို မွန်မြတ်စေချင်လို့၊ မွန်မြတ်မယ့်လမ်းကြောင်းပေါ် ငါ...ပို့လိုက်တာပါ။

ရည်စားပျက်ကို ဆက်ချစ်ဖို့ ငါဝန်မလေး ပါဘူး၊ ဒါပေမဲ့ တစ်ယောက်ကနေ တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပြောင်းတဲ့သူ…လို့၊ သူ့ကိုငါ မမြင်ချင်ဘူး။ သူတစ်ပါးလည်း သူ့ကို အဲဒီလို မထင်မြင်စေချင်ဘူး။ အဲဒါကြောင့် လျှောက်လက်စလမ်းကို တည့်တည့်မတ်မတ် ဆက်လျှောက်နိုင်းလိုက်တာ…"

ဝင်းထွဋ်က…၊

"ကိုမောင်မောင်ဌေးကိုပဲ လက်ထပ်ဖို့၊ မင်းပြောလိုက်တော့ သူဇာချို လိုက်နာတယ်။

မင်းက…သူဇာချိုကို တိတ်တိတ်လေး ချစ်နေခဲ့တဲ့သူ၊ မင်းရင်ထဲမှာ ဘယ်လိုမှ မခံစားရဘူးလား"

"ခံစားရတယ်၊ ဘယ်လောက်ခံစားရသ ဆိုတာကိုတော့ မင်းတို့မြင်သာအောင် ငါမပြ တတ်ဘူး။

ဒါပေမဲ့…အဲဒီ တစ်ချိန်တည်းမှာ၊ ငါ မျက်ရည်မကျအောင်၊ မနည်းထိန်းထားရတယ်"

"သူတစ်ပါးကို လက်မထပ်ပါနဲ့ဟာ…လို့၊ ပြောလိုက် မင်း…ဘာဖြစ်သွားမှာမို့လို့လဲ"…ဟု သော်က မေး၏။

ကျွန်တော်က …၊

"ပြောချင်တာပေါ့၊ ဒါပေမဲ့… ငါ ပဲ၊ သူ့ကို မစွန့်လွှတ်ချင်တာ တစ်ခု





သူ့အပေါ်ထားတဲ့ ငါ့စေတနာ၊ ငါ့ဆန္ဒကို မပျက်စီးစေချင်ဘူး။ ပြီးတော့…၊ ငါ…တစ်ခု ဝန်ခံချင်တယ်။ သူကသာ ကိုမောင်မောင်ဌေးကို လက်ထပ်ရမလား…လို့၊ ငါ့ကိုမမေးဘဲ၊ လက်မထပ်ချင်ဘူးဟာ…လို့ ပြောလိုက်ရင်၊ အခြေအနေတစ်မျိုး ပြောင်းသွားနိုင်တယ်၊ ဘယ်သူ့ကိုမှ လက်မထပ်နဲ့၊ ဘယ်သူ့ကိုမှလည်း…မချစ်နဲ့တော့၊ မကြိုက်နဲ့တော့၊ နင့်ဘေးနားမှာ၊ ငါတစ်သက်လုံး သူငယ်ချင်းအဖြစ်နဲ့ ရှိနေမှာပါ…လို့၊ ပြောလိုက်ချင်တယ်"

သော်က, က ကျွန်တော့်ပခုံးကို လက်ဖြင့် ပုတ်လျက်…

"နှောင်းသွားပြီ သူငယ်ချင်း။ အခု ကိုမောင်မောင်ဌေးနဲ့ သူဇာချိုနဲ့ ပြေလည်သွားပြီ၊ အဲဒါ… မင်းကောင်းမှုပေါ့။ သာဓုပဲ ခေါ်လိုက်တော့ကွာ"

ကျွန်တော် မည်သည့်စကားမျှ ပြန်မပြောဖြစ်။

သော်က, စကားဆက်သည်။

"မင်းကွာ၊ လောကကြီးကို ဘာအောက်မေ့လို့လဲ။ လောကကြီးက ပြောင်းလဲ…ပျက်စီးပြီး… မတည်မြဲတဲ့ လောကကြီးကွ။

မတည်မြဲတဲ့ လောကကြီးမှာ တည်မြဲအောင် ကြိုးပမ်းတာဟာ အစွန်းရောက်ရင် ဒိဋ္ဌိဖြစ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ အစွန်းရောက်ခဲ့လို့လား"

"ရောက်တာပေါ့။ ဒါမှ...ဒါလို့ နှလုံးသွင်းလိုက်တာ၊ အဲဒါ အမှားပဲ၊ လူတိုင်းမှာ သူ့အကြောင်းနဲ့သူ ဖြစ်ပျက်ပြောင်းလဲမှုရှိတယ်။

အဲဒါကို မဖြစ်ရ မပျက်ရ မပြောင်းလဲရဘူး၊ ဒီအတိုင်း ဆက်သွားရမယ်လို့ မင်းတောင့်တ,တာဟာ အမှားပေါ့၊ အစွန်းရောက်တာပေါ့။

သူဇာချိုက...ကိုမောင်မောင်ဌေးအပေါ် မအေးမိအောင်ကြောင့်ပဲဖြစ်ဖြစ်, သူ့စိတ်နှလုံးကြောင့်ပဲဖြစ်ဖြစ်, ပြောင်းလဲခွင့်ရှိတာပဲ၊ အဲဒါကို...မင်းက, မပြောင်းစေချင်ဘူး...တဲ့၊ အဲဒါ...မင်း အတ္တကို မင်း ရှေ့တန်းတင်လိုက်တာပဲ။"

"ငါ့အတ္တက၊ သူ့ကို မှန်မြတ်စေချင်တဲ့ အတ္တပါကွာ"

"မှန်ပါတယ်။ ဒါပေမဲ့ မင်းလုပ်ရပ်က ရေဆက်မကူးနိုင်တော့တဲ့ ကလေးတစ်ယောက်က လက်ပမ်းကျပြီး ကမ်းကပ်ခါနီးမှာ ကမ်းကပ်ခွင့်မပေးဘဲ၊ ပိုပြီး ကျွမ်းကျင်စေချင်တဲ့ စေတနာနဲ့ ဆက်ပြီး ကူးခိုင်းလိုက်သလို ဖြစ်သွားတယ်"

"သူဇာချို ရေနစ်ပြီ"...ဟု ဝင်းထွဋ်က ရွတ်နောက်နောက်ပြော၏။ သော်က,က...

"တစ်ယောက်ရင်ထဲကို တစ်ယောက် မြင်တတ်အောင်ကြည့်ပြီး၊ စာနာတရားထားတာဟာ၊ ပိုပြီးမှန်မြတ်တယ်လို့ ငါ...ထင်တာပဲ။

မင်းက သူဇာချို့ရင်ထဲကို မြင်အောင် မကြည့်တတ်ဘူး။ မင်း...ဖြစ်စေချင်တာကိုပဲ၊ ဖြစ်အောင် လုပ်လိုက်တယ်။ မင်း... ရက်စက်တယ် မင်းစိုး။

အချစ်ဟာ အလိုအလျောက်ပေါ်လာတဲ့ အရာဖြစ်ပြီး၊ အိမ်ထောင်ရေးကတော့ ဆုံးဖြတ်ချက် တစ်ရပ်ဖြစ်တယ်တဲ့၊ ဒဿနဆရာကြီး ကီယာကီးဂါ့ဒ် ပြောဖူးတယ်။

သူ့အိမ်ထောင်ရေးကိစ္စကိုတော့ မင်းက... ဝင်ဆုံးဖြတ်ပေးပြီး၊ သူ့ရင်ထဲမှာ သူ့ဘာသာအလို အလျောက်ပေါ်လာမယ့် အချစ်ကိစ္စကိုတော့ မင်း ထည့်မတွက်ဘူး။ မင်း...ရက်စက်လိုက်တာကွာ။ မင်းစိုး..."

စိတ်မောရသည်။

အရာရာကို၊ တစ်ကပြန်စချင်သည်ဆိုလျှင်တောင်၊ အရာရာသည် ကျွန်တော့်သဘောအတိုင်း ဖြစ်လာတော့မည် မဟုတ်တော့ချေ။



www.burmeseclassic.com

www.burmeseclassic.com



ပြည့်ဝ စားတော်ဆက်တွင် သူဇာချို၏ မွေးနေ့အထိမ်း အမှတ် ညစာစားပွဲကို သူငယ်ချင်းများနှင့် ကျင်းပဖြစ်သည်။

ကျွန်တော်တို့နှင့် သူဇာချို ရှေ့ဆင့်နောက်ဆင့်ရောက်သည်။ သူဇာချို့ကို ကိုမောင်မောင်ဌေး လိုက်ပို့ခြင်းဖြစ်၏။ ပို့ပြီးလျှင် ပြီးချင်း လာကြိုမည့်အချိန်ကိုပြောကာ၊ ကိုမောင်မောင်ဌေး ပြန်ထွက်သွား သည်။ သူဇာချိုနှင့် ကျွန်တော်တို့(သူငယ်ချင်းများ) လွတ်လပ်စွာ နေထိုင်စားသောက်ရန်အတွက် တမင်…ပြန်ထွက်သွားခြင်းဖြစ်သည် ဟု ကျွန်တော်နားလည်သည်။

မွေးနေ့မတိုင်မီ ရက်များအတွင်း သူဇာချိုနှင့် ကျွန်တော် ဟိုး…ယခင်အတိုင်း၊ နေထိုင်ခေါ်ပြောခဲ့သည်။ သွားအတူ လာအတူ ရှိခဲ့ကြသည်။ ခေါ်ခေါ်ပြောပြော၊ သွားသွားလာလာရှိခဲ့ကြသော်လည်း နှစ်ဦးစလုံး၏ နှုတ်ဖျားမှ ကိုမောင်မောင်ဌေးအကြောင်းကို တစ်စွန်း တစ်စမျှ မဟ,ဖြစ်ခဲ့ကြချေ။

တစ်ခါတစ်ရံ ကျောင်းသို့ ကိုမောင်မောင်ဌေး အပို့အကြို ပြုသည်ကို မြင်တွေ့ရသည်။ ထို့ကြောင့်… ပြေပြေလည်လည် ဖြစ်သွားကြပြီပဲဟု တစ်ကိုယ်တည်း တွေးမိ၏။ ကိုမောင်မောင်ဌေး နှင့် ကြုံဆုံရလျှင်လည်း၊ မကွေ့မရှောင်သာသည့်အဆုံးမှ ပြုံးပြ နှုတ်ဆက်ရုံသာ ပြုမှုဖြစ်သည်။ ထဲထဲဝင်ဝင် မပြောဆို မပေးဖြစ် ဖြစ်ခဲ့တော့ချေ။

တစ်ချိန်ချိန်မှာ သူ့လမ်းသူ ဖြောင့်တန်းစွာ သွားပေ မည့် ချစ်သူ(သူငယ်ချင်း)အပေါ်၊ အမေးစကား…တစ်ခွန်းတစ်ခွ





မှုဖြင့်၊ စိတ်နှလုံးကို မယိမ်းနွဲ့စေလိုပေ။ "စာမေးပွဲနီးပြီ၊ စာကျက် တော့"…ဟု၊ သူ…မှာသကဲ့သို့၊ "ကျန်းမာရေးဂရုစိုက်ဦးနော်"ဟု ကျွန်တော် သတိပေးခဲ့သည်။ ရယ်လိုက်၊ မောလိုက်၊ ပြုံးဟန် ပြုလိုက်ဖြင့်၊ စိတ်ဒုစရိုက်၊ ကိုယ်ဒုစရိုက်မှ ကင်းလွတ်အောင် ကျွန်တော် ကြိုးပမ်းနေထိုင်နိုင်ခဲ့သည်။

"အားလုံးကို၊ ငါ…ပြောစရာရှိတယ်"

စားသောက်ပြီးစီးကြသောအခါ၊ ယောက်ျားလေး အချင်း ချင်း၊ မိန်းကလေးအချင်းချင်း ပြောဆိုနောက်ပြောင်နေကြစဉ်၊ သူဇာ ချို၏ စကားသံကြောင့်၊ အာရုံတွေအားလုံး သူ့ထံသို့ ရောက်သွားကြ ၏။

"စာမေးပွဲနီးပြီနော်၊ ကွာလီဖိုင်း ဖြစ်မဖြစ် တော့ မသိဘူး။ ဒါပေမဲ့… တို့အားလုံး ကြိုးစား ကြမယ်။

ငါက…ကွာလီဖိုင်းဖြစ်လည်း၊ ကျောင်းဆက် မတက်တော့ဘူး။ စာမေးပွဲပြီးတာနဲ့ အိမ်ထောင်ပြု တော့မယ်"

"ဟယ်… တကယ်"

"တကယ်လား, သူဇာချို"



www.burmeseclassic.com

www.burmeseclassic.com



နှင်းနှင်းဦးနှင့် ခိုင်သဇင်တို့၏ နှမြောတသသံ။

သူဇာချို၏ နှုတ်ထွက်စကားကို ကြားကြားချင်း ကျွန်တော် သူ့မျက်နှာကို မကြည့်ဖြစ်အောင် နေမိလိုက်သည်။ ထိုင်နေရာ စားပွဲဝိုင်းမှ ဝုန်းခနဲထပြီး ဝေးရာသို့ ထွက်ပြေးသွားချင်စိတ် ဝင်၏။ သို့သော်… ချုပ်တည်းထိန်းသိမ်းနိုင်အား မနည်းပါးချင်။

''ဘယ်သူနဲ့လဲ''ဟု ဝင်းထွဋ်က မေးလေ၏။

ထိုအခါကျမှ သူဇာချို့မျက်နှာကို ကျွန်တော် မကွယ်မဝှက် လှမ်းကြည့်လိုက်မိသည်။ သူဇာချိုက ကျွန်တော့်ကို တစ်ချက်မျှ ငဲ့မကြည့်ဘဲ…

''ဘယ်သူရှိရမှာလဲ၊ ကိုမောင်မောင်ဌေးနဲ့ပေါ့၊ အားလုံး… သဘောတူကြရဲ့လား''

မည်သူမျှ မည်သို့မျှ မဖြေကြားကြ။

''ဟဲ့…မေးနေတယ်လေ၊ ဖြေကြလေ၊ စာမေးပွဲပြီးရင် ကိုမောင်မောင်ဌေးကို ငါ လက်ထပ်ရ တော့မှာ၊ သဘောတူကြရဲ့လား၊ တူတယ်မဟုတ် လား''

နှင်းနှင်းဦးနှင့် ခိုင်သဇင်တို့၏ မျက်လုံးတွေ၊ ကျွန်တော့် ထံသို့ရောက်လာကြသည်။ သော်ကနှင့် ဝင်းထွဋ်တို့ကတော့၊ တပါး မကြည့်ဘဲ နေကြ၏။

သူဇာချိုက…,

''သဘောတူရင်၊ လက်ခုပ်တီးပေးကြပေါ့





ဟာ''

လက်ခုပ်စတင်တီးဖြစ်လိုက်သူမှာ ကျွန်တော်ဖြစ်သွားသည်။ ပြီးမှ ကျန်လက်ခုပ်သံတွေ၊ မရှေးမနှောင်း ထွက်ပေါ်လာကြ၏။ လက်ခုပ်သံတွေ ရပ်ဆိုင်းသွားသောအခါ၊ သူဇာချိုက…,

''နင်တို့ကို မင်္ဂလာဆောင် မဖိတ်တော့ဘူး နော်၊ ငါ… တောင်ကြီးမှာပဲ ဆောင်မှာ။

ကိုမောင်မောင်ဌေးက ရန်ကုန်မှာပါ ညစာစားပွဲ လုပ်ချင်တယ်တဲ့၊ ငါ… ငြင်းလိုက်တယ်''

အခြားစားပွဲဝိုင်းများပေါ်ရှိ အရက်ခွက်များထံသို့ လှမ်းမကြည့် ဖြစ်အောင် ကျွန်တော်နေရသည်။ မျက်လုံးတို့၏ အရွေ့အလျားကိုပင် သတိပြု၍နေဖြစ်သည်။ တစ်နေရာတည်းကို ငေးငိုင်စိုက်ကြည့်နေသလို မဖြစ်အောင်၊ ဟိုဟိုဒီဒီ အာရုံလွှဲသကဲ့သို့ မကြည့်ဖြစ်အောင် အထူး သတိပြု၍ ကျွန်တော်နေသည်။ အခက်အခဲဆုံးကတော့ မျက်လုံးတွေ မှာ မျက်ရည်မဝေ့ဝဲအောင် သတိပြု ထိန်းထားရခြင်းဖြစ်၏။ မျက်တောင်ကိုပင် ပုတ်ခတ်၊ ပုတ်ခတ် မလုပ်ဖြစ်အောင် လွန်စွာ ကြိုးပမ်းရလေသည်။

ထိုအချိန်၊ ထိုကာလ၊ ထိုတစ်ထိုင်တည်းမှာပင်၊ မဟာဝိဇ္ဇာ သက်တက်ခွင့်ရအောင် စာမေးပွဲကို ကြိုးစား၍ ဖြေနိုင်ရမည်…ဟု၊ ကျွန်တော် ကိုယ့်ကိုယ်ကို ဆုံးဖြတ်စေလိုက်၏။ သူဇာရယ့်…ဟု တော့ ရင်ထဲမှာ ခေါ်မြည်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မျိုးသိပ်ပါများလို့၊ အ.သွားရတဲ့၊ လူတစ်ယောက်ပါ"ဟု တစ်စုံတစ်ဦးကို ပြောပြနေချင်သည်။

❀❀❀



[ ၂၅ ]

စာမေးပွဲနောက်ဆုံးနေ့ စာဖြေချိန်ပြီးလျှင်ပြီးချင်း၊

"ငါတို့ တစ်နေရာရာကို သွားကြမယ်"…ဟု စိစဉ်ထားကြသော၊ သူငယ်ချင်းအားလုံးနှင့် မတွေ့ဖြစ်အောင် ကျွန်တော် ရှောင်ဖယ်နေခဲ့မိသည်။

ကျွန်တော့်အစ်ကို ကိုတင်စိုး၏ ကုမ္ပဏီရုံးခန်းသို့ သွားရောက်အချိန်ဖြုန်းနေခဲ့သည်။ အိမ်သို့ မိုးချုပ်မှ ပြန်ရောက်၏။ သူငယ်ချင်းတွေ လာမေးကြောင်း၊ အမေပြောသည်။ သော်က၊ ဝင်းထွဋ်တို့နှင့် အတူ ကျောင်းသူသုံးယောက်ပါလာကြောင်း…သိရ၏။ သူဇာချိုပါ လိုက်လာခြင်း…ဟု ကျွန်တော် နားလည်လိုက်သည်။

ဖြတ်ရတော့မည့်ကြိုးကို မြတ်မြတ်နိုးနိုး မကြည့်မြင်ချင်။

ဝေးရတော့မည့်သူကို ခင်မင်ပျော်ရွှင်ဟန်ဖြင့် မပြောဆို၊

www.burmeseclassic.com

www.burmeseclassic.com



မဆက်ဆံလို။ ရသည့်အချိန်၊ ရသည့်ကာလ၊ တစ်ခဏမျှ ပျော်ပါး ရွှင်မြူးနေစဉ်၊ ထိုအချိန်… ထိုကာလ၊ တစ်ခဏသည် မကြာမီမှာ ပျက်ယွင်းလွင့်ပါးတော့မှာပါလား…ဟု ကျွန်တော် တွေးတော ခံစားရပေမည်။

ခံစားဒဏ်ကို နာပယ္ပလို၏။ သို့သော်…ခံစားဟန်ကို မဖုံးဖိ နိုင်မည့်သူ…ဟု ကိုယ့်ကိုယ်ကို စိုးရိမ်သည်။ ထို့ကြောင့်… သူဇာချို နှင့်အတူ သူငယ်ချင်းတွေနှင့် ဟိုဟိုဒီဒီ သွားလာပျော်ရွှင်ကြရမည့် ထိုခဏတာအား မကြုံဆုံချင်သောအလို့ငှာ၊ အားလုံးကို ရှောင်ဖယ် လိုက်ရခြင်းဖြစ်သည်။

ဤသည်ကို …အားလုံးလည်း ရိပ်စားမိနိုင်သည်။ ရိပ်စား မိမည်ကိုလည်း စိုးရိမ်သည်။ မလုံမခြုံဖြင့် ရေငုံနှုတ်ပိတ်နေရသော အကျဉ်းသားတစ်ဦးကဲ့သို့ ရင်ထဲမှာ… ရှူး, နစ်, နင့်, နာ စွာ ကျွန်တော် ခံစားရပါသည်။

❀

"မင်းကိုယ်တိုင်လည်း နစ်သက်တယ်၊ မင်း…အပေါ် နစ်သက်တဲ့ အရိပ်အယောင်လည်း၊ ရှိနေတဲ့ သူဇာချိုကို တခြားသူနဲ့ လက်ထပ်ဖို့ကို မကာန့်ကွက် မဖျက်ဆီးတဲ့အထိ၊ မင်း…ခံယူချက် ပြင်းထန်တာကို၊ ငါ… အံ့သြတယ်။





ချစ်သူကောင်းစားဖို့၊ စွန့်လွှတ်လိုက်တာပါ ဆိုရင်လည်း၊ ကြားလို့ကောင်းသေးတယ်၊ အခုဟာ က တစ်မျက်နှာက တစ်မျက်နှာကို ပြောင်းတဲ့သူ ဖြစ်မှာစိုးလို့ နဂိုရှိရင်းစွဲ တစ်ယောက်ကိုပဲ၊ လက်ထပ် ပါ…ဆိုတဲ့၊ မင်းရဲ့…ဆုံးဖြတ်ချက်၊ လမ်းညွှန်ချက် က၊ ဒီခေတ်လူတွေကြားရင် ရယ်ကြမလားတောင် မသိဘူး။

ဘာကြောင့်ပဲဖြစ်ဖြစ်၊ မင်း…ချစ်တဲ့သူကို မင်း…စွန့်လွှတ်လိုက်ရတဲ့အတွက် မင်း…ခံစားရ တယ်ဆိုတာ၊ ငါတို့သိပါတယ်၊ မင်း ခံစားရသလို သူဇာချို့ရင်ထဲမှာလည်း…တစ်ခုခု ခံစားရလိမ့်မယ် ဆိုတာကိုလည်း မင်း မေ့မထားသင့်ဘူး။

အဲဒီတော့… မင်း …သူ့ကို သွားတွေ့စေ ချင်တယ်၊ မင်းနဲ့ တွေ့ပြီးမှ သူ…တောင်ကြီးကို သွားမှာ၊ မင်းကို… ဒီညနေ အင်လျားကန်ဘောင် ပေါ်မှာ သူစောင့်နေလိမ့်မယ်"

နှင်းနှင်းဦးမှတစ်ဆင့် မှာကြားခြင်းဖြစ်ကြောင်း၊ သော်က ပြောပြသည်။ ဝင်းထွဋ်ကလည်း… "မင်း…သွားဖြစ်အောင်၊ သွားလိုက်ပါကွာ"ဟု ဝင်ပြော၏။

ကျွန်တော်က …,

"ငါ…သွားချင်ပါတယ်၊ ဒါပေမဲ့ ငါဘာမှ



www.burmeseclassic.com

www.burmeseclassic.com



ပြောထွက်မှာ မဟုတ်ဘူး''

''မင်း... ပြောမထွက်လည်း သူ့မှာ ပြောစရာလေးတွေ ရှိနေနိုင်တာပေါ့၊ သူကလည်း ဘာမှ ထွေထွေထူးထူး မပြောခဲ့ရင်တောင်၊ နှုတ်ဆက်စကားတော့ ပြောချင်မှာပေါ့။

သူငယ်ချင်းသံယောဇဉ်စိတ်နဲ့ပဲဖြစ်ဖြစ်၊ တခြား သံယောဇဉ်စိတ်ကြောင့်ပဲဖြစ်ဖြစ်၊ ဝေးကြ ခွဲကြရတော့မယ်ဆိုရင်တော့ ခံစားကြရတာပါပဲ။

အနည်းဆုံး နှုတ်မဆက်ဘဲ ခွဲခွာရတာထက် နှုတ်ဆက်ပြီး ခွဲခွာရရင်တော့ ဖြေသာတာပေါ့ကွာ၊ မဟုတ်ဘူးလား''

ကျွန်တော် ခေါင်းညိတ်လိုက်သည်။

''မင်း...မှားတယ်၊ မှန်တယ်၊ ငါ မဝေဖန်တော့ဘူး၊ ဒါပေမဲ့ ...ငါသာ မင်းနေရာမှာဆိုရင် ကိုမောင်မောင်ဌေးနဲ့ လက်ထပ်တော့မယ့် သူဇာချို့ကို သွားတွေ့မယ်။

လက်ထပ်ခွင့် မရပေမယ့် ချစ်နေမိပါတယ်ဆိုတဲ့ စကားလောက်ကိုတော့၊ ပေါ့ပေါ့ပါးပါးလေး ပြောထွက်မိမှာပဲ''

''ငါ... မပြောပါဘူး၊ မပြောဘူး၊ တစ်သက်မှာ သူ့တစ်ယောက်တည်းကိုပဲ ပြောချင်တယ်၊





အခု...ပြောဖို့ မသင့်တော့ဘူး၊ ပြောလို့ မဖြစ်တော့ဘူးလေ။ တခြားဘယ်သူ့ကိုမှလည်း ချစ်တယ်လို့ ငါ... မပြောတော့ဘူး''

''မဟုတ်သေးဘူး မင်းစိုး၊ မျိုသိပ်တယ် ဆိုတာ လုံခြုံမှု ကောင်းတယ်ကွ၊ မင်းရဲ့မျိုသိပ်မှုက ဖွာလံကျဲနေတယ်။ မြင်နေရတယ်။ လောကမှာ လိုချင်တာကို အခြေအနေကြောင့် မရနိုင်ဘူး ဆိုရင်တောင်၊ လိုချင်တယ်ဆိုတဲ့ ဆန္ဒကို တော့ ပြောထွက်ခွင့်ရှိတယ်၊ ပြောထွက်လိုက်မှ ပေါ့ပါးသွားမယ်။

လိုချင်တာလည်း မရဘူး၊ လိုချင်တယ်... လို့လည်း မပြောရဘူးဆိုရင် နှစ်ခုနစ်နာတယ်၊ ရခွင့်မရှိရင်တောင် ပြောခွင့်တော့ ရှိပါတယ်ကွာ''

ကျွန်တော် ခေါင်းယမ်းပစ်လိုက်ပြီး...

''ပြောပြော မပြောပြော၊ အခြေအနေက ဒီအတိုင်းပဲ ရှိနေတော့မယ့် အခြေအနေ၊ ပြောလိုက်ရုံနဲ့ ဘာမှ ထူးခြားလာမှာမှ မဟုတ်ဘဲ၊ စိတ် သက်သာရုံတစ်ခုတည်းနဲ့တော့ ငါ... မပြောတော့ဘူး၊ ဆုံးဖြတ်ပြီးပြီကွာ''

''သွားတော့ တွေ့လိုက်ပါကွာ''ဟု ဝင်းထွဋ် ပြော၏။

''အေးပါ၊ ငါ... သွားတွေ့လိုက်ပါ့မယ်''ဟု နှမ်းနှာစွာ



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

သူဇာချိုသာ ကိုမောင်မောင်ငွေးကို ''ချစ်တယ်''ဟု မပြောဖူးခဲ့သူဖြစ်ပါက သူဇာချိုအား ''ချစ်တယ်''ဟု ပြောဖြစ်ပေလိမ့်မည်။ သူက ''ချစ်တယ်''ဟု ပြန်ပြောမည့် မျှော်လင့်စကားကိုလည်း ကျွန်တော် တောင့်တမိပေမည်။

တစ်ပါးသူကို ချစ်တယ်လို့ ပြောပြီးမှ၊ ငါ့ကို ချစ်တယ်လို့ လာမပြောနဲ့… ဟူသော စိတ်ထားမျိုးဖြင့်၊ ကျွန်တော် စွန့်ခွာခဲ့ခြင်း မဟုတ်ကြောင်း သူငယ်ချင်းနှစ်ယောက် သိထားနားလည်သဖြင့် ကျွန်တော် ဖြေသာပါသည်။

ကျွန်တော်ချစ်သော ချစ်သူ၏ နှုတ်ဖျားမှ ''ချစ်တယ်'' ဟူသည့်စကားသည် ကျွန်တော်(တစ်ယောက်တည်း) သို့မဟုတ် အခြားသူ(တစ်ယောက်တည်း)ကိုသာ မပြောင်းမလွဲ ပြောထွက်စေလိုသည်။ ကျွန်တော့်ချစ်စကားသည်လည်း သူ့တစ်ယောက်တည်းကိုသာ မပြောင်းမလွဲ ပြောထွက်ရဲလိုသည်။ ပြောခွင့်မရှိတော့လျှင်လည်း၊ တစ်သက်တာ ချစ်စကားကို တစ်သက်လုံး မျိုသိပ်ထားတော့မည်။

ကန်ဘောင်ပေါ်သို့ သူ… ရောက်နှင့်နေသည်။ တွေ့လျှင် တွေ့ချင်း၊ သူ… ပြုံးပြနေသည်ကို မြင်နေရသဖြင့်၊ အခက်အခဲ မရှိစွာ၊ ကျွန်တော်… ပြန်ပြုံးပြနိုင်ခဲ့သည်။





ဆည်းဆာ၏ ရောင်ဝါသည် ကန်ပြေပြင် တစ်နံတစ်လျား၌ ပျိုးခါစ။ ခပ်ဝေးဝေး၊ ခပ်လှမ်းလှမ်း၌ လေညင်းခံသူတွေ ရှိနေလေသည်။ နီးကပ်လွန်းသောအခါ၊ ရှုးစိုက်လွန်းသောအခါ၊ နံဘေးဝန်းကျင်ရှိ အရာရာသည် အသိ, အကြား, အမြင်တို့၌ ကင်းဆိတ်နေသည်ဟု ထင်၏။

ဖြူသန့် ညီညာသော သွားတန်းလေးကိုလည်းကောင်း၊ နဖတ်နီထွေးသော… နုင်းဆိုင် နှုတ်ခမ်းလေးကိုလည်းကောင်း၊ ရွှန်းတင့်သော မျက်ဝန်းစုံ၏ အနားသပ်မျက်တောင်ကော့လေးများကိုလည်းကောင်း၊ မေးစေ့အလည်တည့်တည့်ရှိ မှဲ့နက်သေးသေးလေးကိုလည်းကောင်း၊ နီးကပ်စွာ မကြည့်မြင်ခဲ့သည်မှာ ကာလအတန်ကြာခဲ့သည်။

''နင်တစ်ယောက်တည်းလား သူဇာ''… ဟု ကျွန်တော်မေး၏။ ကားမောင်းသူ တစ်ဦးနှင့် ကားတစ်စီးကို ကိုမောင်မောင်ငွေးစီစဉ်ပေးခဲ့ကြောင်း…၊ အင်းလျားကန်ဘောင်ရှိ စားသောက်ဆိုင်တန်းဘက်တွင် ကားကို ကားမောင်းသူနှင့် ထားခဲ့ကြောင်း၊ သူဇာချိုပြောပြ၏။

''သူငယ်ချင်း အားလုံးနဲ့တွေ့ပြီးပြီ၊ နှုတ်ဆက်ပြီးပြီ၊ နင့်ကို မနှုတ်ဆက်ရသေးလို့ ငါ…လာနှုတ်ဆက်တာ။ ငါ… ဟိုမှာပဲ နေဖို့များတယ်၊ ရန်ကုန်ကို တော်တော်နဲ့ ပြန်ရောက်ဖြစ်မှာ မဟုတ်ဘူး မင်းစိုး၊ နင်… ငါ့ကို ဘာမှာဦးမလဲ''



www.burmeseclassic.com

www.burmeseclassic.com



အနီးရှိခုံတန်းတစ်ခုတွင် သူဇာချို ဝင်ထိုင်လိုက်သည်။ လေပြည်အဝှေ့၌ လှုပ်ခတ်သွားသော သူ့ဆံနွယ်များသည် ကျွန်တော့် ရင်ဘတ်သို့ ပုတ်ခတ်လိုက်သကဲ့သို့ ဖြစ်၏။ ခုံတန်း၏ အစွန်းတွင် ထိုင်လျက်၊ သူဇာချို ကျွန်တော့်ကို မော့ကြည့်သည်။ ကန်ဘောင်၏ အစွန်းတွင် ရပ်လျက်၊ ကျွန်တော်က... ရေပြင်ကို ငုံ့ကြည့်နေပါသည်။ မော့ကြည့်နေသူကို ငုံ့မကြည့်ဖြစ်။

"ဘာမှတော့ မမှာတော့ပါဘူးဟာ၊ မှာစရာ ထွေထွေထူးထူးလည်း မရှိတော့ပါဘူး။

တစ်သက်မှာ တစ်ယောက်တည်းကိုပဲချစ်၊ တစ်ယောက်တည်းကိုပဲ လက်ထပ်ဖို့ ဆုံးဖြတ်တဲ့ အတွက် နင့်ကို... ငါ လေးစားပါတယ်။ ငါ့စကား ကို နားထောင်တဲ့အတွက်လည်း ကျေးဇူးတင် ပါတယ်"

မော်ကြည့်လျက် ပြုံးနေပေလိမ့်မည်။

ကျွန်တော် ငုံ့မကြည့်ဖြစ်သဖြင့် ပြုံးရိပ်ကို ထင်းစွာ မမြင်။

"ကျေးဇူးတင်ရမှာက ငါပါဟာ၊ ကိုမော မောင်ဌေးကလည်း၊ နင့်ကို... ကျေးဇူးတင် နေပါတယ်"

စကားဖောင်မဖွဲ့ဖြစ်။

ကိုယ့်အမောနှင့်ကိုယ် ငြိမ်သက်နေဖြစ်သည်။ ပန်းပုံ မိနစ်ပိုင်းများအတွင်းသို့ သတိရစရာ၊ အောက်မေ့တသစရာ၊ ကြည့်





လွမ်းမောစရာ အတိတ်ပဟောင်း၏ အပိုင်းအစများ စုပြုံဝင်ရောက် လာလေ၏။

မျက်စေ့မှိတ်ပစ်လိုက်သည့်အခါမှ ပို၍ ပြင်လာ၏။ မခံသာ သည့်အဆုံး မျက်လုံးကို ပြန်ဖွင့်ပစ်လိုက်ရသည်။ ထိုအခါ... ပို၍ ရင်နာ၏။

"ဘာတွေ တွေးနေသလဲ မင်းစိုး"

"ဘာရယ်လို့ မဟုတ်ပါဘူးဟာ၊ မကြာခင် မှာ တို့ သူငယ်ချင်းတွေ ဝေးကြရတော့မှာဆိုတော့၊ စိတ်မကောင်း နည်းနည်းဖြစ်နေတာပေါ့"

"ဪ..." ဟု အသံရှည်ပြုကာ သူဇာချိုက...

"နင်က စိတ်မကောင်းဖြစ်တတ်သေးသကိုး၊ နင့်စကားကို ငါနားထောင်လိုက်နာခဲ့တဲ့အတွက် နင်... ပျော်နေမယ်လို့၊ ငါ...ထင်နေတာ"

ရိသဲ့သဲ့လေသံဟု ကျွန်တော်သိ၏။ သူ့မျက်နှာကို စူးစိုက်စွာ ကြည့်လိုက်မိသည်။ စကားကို မတုန့်ယှင်အောင် တမင်ထိန်းလျက်

"ငါက... ပျော်နေမယ်၊ ဟုတ်လား သူဇာ။ ငါဟာ ဖိနပ်အဟောင်းတစ်ရံကိုတောင် အလွယ်တကူ စွန့်ပစ်ဖို့ ခက်ခဲခဲ့တဲ့သူပါ... သူဇာ၊ စကားကို ရိသဲ့သဲ့ မပြောနဲ့"

"ရိနေတာလည်း မဟုတ်ဘူး၊ ခနဲ့နေတာ လည်း မဟုတ်ဘူး မင်းစိုး၊ နင့်ကို ကိုယ်ချင်းစာလို့



www.burmeseclassic.com

www.burmeseclassic.com



စေချင်တာ။

နင်က… ဖိနပ်ဟောင်းတစ်ရံကိုတောင်၊ စွန့်ပစ်ဖို့ ခက်ခဲခဲ့တဲ့သူဆိုရင်၊ အဲဒီလို ခက်ခဲခဲ့တဲ့ စိတ်နှလုံးမျိုး၊ ငါ့ဆီမှာလည်း ရှိနေလိမ့်မယ်… လို့ နင် မထင်ဘူးလား၊ ငါလည်း… စွန့်ပစ်ဖို့ ခက်နေမှာပါလားလို့၊ နင် မတွေးမိဘူးလားဟင်''

အကြည့်ကို လွှဲဖယ်ပစ်လိုက်ရသည်။ သူ့စာချိုက… ငိုသံဖြင့်…

''တစ်သက်မှာ တစ်ယောက်ပဲချစ်ရမယ်၊ အဲဒီချစ်တဲ့ တစ်ယောက်ကိုပဲ လက်ထပ်ရမယ် ဆိုတာ၊ လူတိုင်းလိုလားတဲ့ ကိစ္စပဲ။

ဒါပေမဲ့ အဲဒီ တစ်ယောက်က ဆက်မချစ် သင့်တဲ့သူ၊ ဆက်ပြီး မပတ်သက်သင့်တဲ့သူဆိုရင် ဘယ်လိုဆုံးဖြတ်ကြမလဲ၊ ကောင်းကောင်းမကောင်း ကောင်း၊ ဒါမှ… ဒါဆိုတဲ့ အစွဲမျိုးကို နှလုံး စွဲထားရက်တယ် မင်းစိုးရယ်။

နင့်ဆန္ဒက မှန်တယ်၊ ကောင်းတယ် မှန်မြတ်တယ်၊ ဒါပေမဲ့… လိုက်လုပ်ရင် ဘယ်လောက်ခက်မယ်၊ ဘယ်လောက် ခံစားရမယ် ဆိုတာကို နင်… တွေးကြည့်စမ်းပါ။

ဘဝကို တည်ဆောက်ဖို့၊ နှလုံးသား





ဦးစားမပေးသင့်ဘူးဆိုတာ အားလုံးသိတယ်၊ နားလည်တယ်၊ ဒါပေမဲ့ အဲဒီ နှလုံးသား လုံးပါး ပါးခဲ့ရင်၊ ဘဝကို ထိခိုက်တတ်တယ်ဆိုတာ တချို့ မေ့နေကြတယ်။

အဲဒီ မေ့နေတဲ့သူတွေထဲမှာ နင်ပါတယ်… မင်းစိုး''

စီးကျလာသော မျက်ရည်တွေကို သူ့စာချို ဖယ်သုတ်လိုက်သည်။ ကျွန်တော်… ကျောက်ရုပ်တစ်ရုပ်ဖြစ်သွားၿပီ။ သူ့စာချိုက အငိုမျက်နှာကို သန့်စင်ပြီး ကျွန်တော့် ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။

''ကိုမောင်မောင်ဌေးကို 'ချစ်တယ်'လို့ ငါပြောခဲ့မိတယ်။ တစ်ကြိမ်တစ်ခါ ပြောခဲ့ပြီးပြီဖြစ်တဲ့ အတွက်၊ အဲဒီလူကိုပဲ လက်ထပ်ရမယ်တဲ့။ အဲဒီလူ ကောင်းကောင်းမကောင်းကောင်းပေါ့။ နော်… မင်းစိုး။ နောက်ထပ် ဘယ်သူ့ကိုမှ ချစ်တယ်လို့ ပြောခွင့်မရှိဘူး။

ဟုတ်ပြီ၊ 'ချစ်တယ်' ဆိုတဲ့စကားကို နောက်ထပ် ဘယ်သူ့ကိုမှလည်း မပြောဘူး။ ပြောခဲ့ ဖူးတဲ့ သူကိုလည်း၊ ငါက လက်ထပ်ချင်စိတ် မရှိဘူး ဆိုရင်၊ နင်ဘယ်လို အကြံပေးမလဲ မင်းစိုး''

သူ့မျက်နှာကို ကျွန်တော် နှမြောလွန်းစွာ ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြန်ပြောရန်စကားရှားပါးနေပြီ။

"မနှစ်သက်တော့တဲ့ ကိုမောင်မောင်ဌေးကိုလည်း လက်မထပ်ပါနဲ့၊ ဘယ်တစ်ဦးတစ်ယောက်ကိုမှလည်း နောက်ထပ် "ချစ်တယ်" လို့ မပြောပါနဲ့တော့လို့ ငါ့ကို နင့်အကြံပေးနိုင်ခဲ့ရင်၊ အခုလို ငါ တောင်ကြီးကို သွားဖို့ လိုပါတော့မလား မင်းစိုး"

ကျွန်တော် စကားသံ မပြုဖြစ်။

"ပြောလေဟာ"

ကျွန်တော့် လက်မောင်းနှစ်ဖက်ကို ငိုကြွေးလျက် သူ ကိုင်လှုပ်သည်။ ပြီးနောက် မျက်ရည်တွေ ပြိုကျလာသည်။

"ပြော၊ ပြောလေ"

"ငါ့ကို ခွင့်လွှတ်ပါ သူဇာရယ်။ ငါ ဆန္ဒစောသွားတယ်"

"နင်က ဆန္ဒစောသွားတာ၊ ငါက... အားလုံးနောက်ကျသွားပြီး၊ အားလုံးစိစဉ်ပြီးပြီ"

"ငါ့ကို၊ စိတ်မဆိုးပါနဲ့ သူဇာရယ်၊ စိတ်မ ပါနဲ့၊ နော် ... သူဇာ"

ကျွန်တော်... ယခုမှ မျက်ရည်ဝေ့တက်လာ၏။ ပြန်လ ထိန်းသိမ်းထားရသည်။

"ဘယ်တော့ဖြစ်ဖြစ်၊ ဘယ်သော ဖြစ်ဖြစ်၊ နင့်ကို တစ်မျက်နှာက တစ်မျက်



ပြောင်းတဲ့သူမျိုး မဖြစ်စေချင်တာ၊ ငါ့ဆန္ဒအမှန်ပါ။

ချစ်တယ်... ဆိုတဲ့ စကားလေး တစ်ခွန်းကို ပါးစပ်က အလွယ်တကူ မပြောဘဲ တန်ဖိုးထားစေချင်တာပါ။

တစ်သက်မှာ တစ်ခါတည်း ပြောခဲ့ဖူးတယ်ဆိုတဲ့ သူကို ငါ... မြင်ဖူးချင်တာပါ... သူဇာ။

လှေနံတားထစ် လိုက်နာခိုင်းတာ မဟုတ်ပါဘူး၊ သေတပန်သက်ဆုံး ကျင့်သုံးစေချင်တာပါ"

မျက်ရည်ဝေ့ဝေ့ဝဲဝဲလေးမျှကိုသာ သူ... မြင်သာပေလိမ့်မည်။ ပါးပြင်မှ မျက်ရည်စများကို ကျွန်တော် ဖယ်သုတ်သန့်စင်ပေးနိုင်ပါသေး၏။

"စိတ်ချပါ၊ နင့်စကားကို ငါ... တစ်သက်လုံး လိုက်နာနေမှာပါ။ ငါ... ကတိပေးပါတယ်"

တစ်ယောက်လက်ကို တစ်ယောက် ဆုပ်ကိုင်ထားဖြစ်ကြသေးသည်။ ပြတ်တောက်တော့မည့် ကြိုးစများကဲ့သို့ လက်ချောင်းတို့သည် ပိုမို၍ တောင့်တင်းနေကြ၏။

www.burmeseclassic.com

www.burmeseclassic.com



သူဇာချို၏ တောင်းဆိုချက်အရ သူ့ကို… ကျွန်တော်က အရင်ဦးဆုံး ကျောခိုင်းထွက်ခွာခဲ့ရသည်။ ကန်ဘောင်၏ အဆင်း လှေခါးထစ်များအတိုင်း ကျွန်တော် ဆင်းသက်လာခဲ့ရ၏။ မြေကွဲ ချိုင့်ဝှမ်းအတွင်းသို့ တစ်ကိုယ်လုံး နိမ့်ဆင်းသွားရသူ… ဟု ကိုယ့်ကိုယ် ကို ခံစားရသည်။

လှေခါးထစ်များ အဆုံးမှသတ်ခင်တွင် ဆင်းလက်စ ခြေလှမ်း ကို ခေတ္တရပ်လိုက်သည်။ ကန်ဘောင်ပေါ်တွင် ရပ်၍ ကျန်ခဲ့သော သူဇာချိုရှိရာသို့ နောက်ဆုံး သတိဖြင့်၊ နောက်ဆုံး တစ်ကြည့် ကြည့်လိုက်မိသည်။ သူ့မျက်နှာ၊ ကိုယ့်မျက်နှာ၊ ပီသစွာ မမြင်ကြရ သော်လည်း၊ သူ့မျက်ဝန်း ကိုယ့်မျက်ဝန်းတို့၌ မျက်ရည်စတွေ ကိုယ်စီရှိနေမည်ကို စာနာသိနှင့် သိရှိကြလေသည်။

လှည့်ကြည့်ထားရာမှ မျက်နှာလွှဲလိုက်၏။ ခွဲခွာနှုတ်ဆက်ကြ စဉ်၌ လက်မပြ၊ ပဝါမယမ်းဘဲ…။ ကမ္ဘာနှစ်ခြမ်း ကွဲသွားခဲ့ပြီ… ဟု၊ ရင်ခွင်မှ ကိုယ်စီသိသည်။

ချစ်သူဟူသည်ကား… တူညီ ချစ်စကားပြောရန်မလို၊ ငိုသောမျက်ရည်၊ ချိုသောအပြုံးတွေမှာပင် နှလုံးသား၏ အဓိပ္ပါ လက္ခဏာတို့က ချစ်ခြင်းကို ဖွဲ့တည်နိုင်ခဲ့သည်။ ချစ်သူဟူသည် ကား…၊ စကားမပြောတတ်ကြသော ပန်းပွင့်နှင့် လိပ်ပြာ တို့ဖြစ်၏။ အိပ်မက်နှင့် လမင်းဖြစ်၏။ ကြယ်တာရာနှင့် လမိုက်ညဖြစ်၏။ ပြီးနောက် ဘဝနှင့် နှလုံးသားဖြစ်၏။





တစ်ဦးက ဘဝကို အရည်ဖျော်၏။ တစ်ဦးက နှလုံးသားကို အရည်ဖျော်၏။ ထိုဖျော်ရေတို့ဖြင့် တစ်စုံတစ်ခုကို ပုံလောင်း လိုက်သောအခါ "အချစ်"ဖြစ်လာသည်။

❀❀❀



www.burmeseclassic.com

www.burmeseclassic.com

[ ၂၉ ]

သူငယ်ချင်းများအားလုံးအနက် သူဇာချိုဂုဏ်ထူးတန်းတက်ခွင့်ရသည်။ ကျွန်တော်... ဂုဏ်ထူးတန်းတက်ခွင့်ရသည်။ ကျွန်တော် ကျောင်းဆက်တက်ဖြစ်သည်။ သူဇာချိုတက်ဖြစ်သည်ဟု မကြားရ၊ ကျွန်တော် မဟာဝိဇ္ဇာဆက်တက်ဖြစ်သည့် တစ်လျှောက်လုံး အနီးအပါးတွင် သူငယ်ချင်းတွေ မရှိကြတော့...။

တာဝန်ကိုယ်စီ၊ အလုပ်ကိုယ်စီဖြင့် ဘဝကို စတင်နေကြ၏။ ကျွန်တော်သည်ပင် ကျောင်းတစ်ဖက် အစ်ကိုကုမ္ပဏီတွင် ထမ်းဆောင်ရသည့် အလုပ်တာဝန်တစ်ဖက်စီဖြင့် ရှန်းကန်ခဲ့ရပါသေးသည်။ အကြောင်းကြီးငယ်ရှိမှသာ၊ သူငယ်ချင်းတွေနှင့် တွေ့ဆုံဖြစ်၏။ ကိုမောင်မောင်ဌေးက ရန်ကုန်နှင့်တောင်ကြီး ကူးလူးနေပြီး၊ သူဇာချို ကတော့ တောင်ကြီးမှာသာနေကြောင်း၊ ကျွန်တော် မဟာဝိဇ္ဇာ

www.burmeseclassic.com

www.burmeseclassic.com



တက်ရောက်ပြီးသည့်နောက်ပိုင်းတွင် သူဇာချိုနှင့် ကိုမောင်မောင်ဌေး တို့မှ သမီးလေးတစ်ဦးမွေးဖွားကြောင်း ကြားသိရသည်။

ကြားဖန်များလာသည့်အခါ သူငယ်ချင်းတွေကို မည်သည့် သတင်းမျှ မယူဆောင်လာစေလိုကြောင်း တောင်းပန် အသိပေးထား ရတော့၏။ စိတ်သည် အစိုးမရ၊ ထိုအစိုးမရသော စိတ်ကို၊ မလိုအပ်သည့်နေရာသို့ မလွင့်ပါးစေချင်။ ထို့ကြောင့် စိတ်ကို ကျွန်တော် စိတ်ဖြင့် ထိန်းခဲ့သည်။ စိတ်ကို သတိဖြင့် မြင်အောင် ကြည့်ခဲ့သည်။ စိတ်ကို အသိဖြင့် ဆင်ခြင်နိုင်ခဲ့သည်။

ကိုမောင်မောင်ဌေး ရန်ကုန်တွင် သေဆုံးကြောင်း … သတင်းစကား ကြားရပြန်သည်။ ရန်ကုန်သို့ သူဇာချိုရောက်လာလိမ့် မည်ဟု၊ ကျွန်တော် တွေးသည်။ ကုမ္ပဏီအလုပ်ကိစ္စဖြင့်၊ ကျွန်တော် နယ်ဒေသသို့ ခရီးထွက်ဖြစ်သည်။ ကိုမောင်မောင်ဌေး၏ ဈာပနသို့ မသွားဖြစ်။ သူဇာချိုနှင့်လည်း မတွေ့ဆုံဖြစ်။ အားပေးဖေးမစကား တစ်ခွန်းလောက်မျှကိုပင် ကျွန်တော် လှူကြဲမပါးဖြစ်။

ကိုမောင်မောင်ဌေး၏ ဈာပန မြေချသည့်နေ့ မတိုင်မီ သူဇာချို ရန်ကုန်သို့ ရောက်လာကြောင်း၊ ဝင်းထွဋ်နှင့် သော်က တို့ကလည်း၊ ဈာပနမြေချသည့်နေ့ကို မရောက်ဘဲ၊ ရက်လည်သည့် နေ့မှ ရောက်သွားကြကြောင်း…၊ ကျွန်တော် ခရီးလွန်နေသည်ဟု





ပြောခဲ့ကြောင်း၊ နှင်းနှင်းဦးနှင့် ခိုင်သဇင်တို့က ပြောပြကြလေသည်။

ယခင်က… သူဇာချိုသည် အိမ်ထောင်သည်။

သူငယ်ချင်းအပေါ် မည်မျှ ခင်မင်တွယ်တာသည်ဆိုစေ၊ ခေါ်ပြောဆက်သွယ်မှု များပြားလွန်းလျှင် မသင့်လျော်။ ထို့ကြောင့် မည်သည့်ဆက်သွယ်မှုကိုမျှ ကျွန်တော် မပြုခဲ့။ သူဇာချို စာရေးစဉ် ကလည်း ကျွန်တော် စာမပြန်ခဲ့။

ယခု သူဇာချိုသည် အားကိုးမဲ့ကာလ။

ကျွန်တော် ဖေးမချင်သည်၊ အားပေးချင်သည်။ သို့သော်… လူ့လောက လူ့ဝန်းကျင် လူတို့အမြင်၌ ကျွန်တော်သည် ပွဲပျက်စဉ် ဖျာခင်းသူ။ သူဇာချိုသည် တစ်ပင်လဲရုံမျှဖြင့် တစ်ပင်ကို ဖုတ်ပူမီးတိုက် ထူမတ်မည့်သူဟု၊ ဝေဖန်ပိုင်းခြားကြမည်ကို ကျွန်တော် မလိုလား။ ထို့ကြောင့် သူ့အပါးသို့ ကျွန်တော် မသွားဖြစ်။

ထို့ကြောင့် သူဇာချိုနှင့် သက်ဆိုင်သမျှ သတင်းစကား တို့ကို၊ ကျွန်တော် မမေးမြန်းဘဲ၊ ကျွန်တော် မစုံစမ်းဘဲ၊ ကျွန်တော့်ကို မပြောပြကြပါရန် နှင်းနှင်းဦးနှင့် ခိုင်သဇင်ကိုလည်းကောင်း၊ ဝင်းထွဋ်နှင့် သော်ကကိုလည်းကောင်း တောင်းပန်၍ တားဆီးခဲ့ရသည်။

အသိဖြင့် ဖြတ်၍ ပြတ်ခဲ့သည်။ နှလုံးသားက ဂနာမငြိမ်။ စိတ်ဖြင့် ဖြတ်၍ ပြတ်ခဲ့သည်။ သတိရခြင်းက ခြေမငြိမ်။ အ,ကုသိုလ် နှံ့ထဲသို့၊ မကျွံရဲသဖြင့်သာ လွန်ဆွဲ၍ ထိန်းခဲ့ရခြင်းဖြစ်သည်။ ချစ်သူဟူသည်ကား အခြေအနေ မည်မျှခြားခြား၊ သတိရခြင်းမျှ လောက်တော့၊ စိတ်က ရောက်ရောက်သွားတတ်သည်ချည်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို စိတ်ဖြင့် ထိန်း၍ မငြိမ်းနိုင်သည့်အထဲ သတိတရစိတ်လေး ကြောင့် တစ်ခါတစ်ရံ၊ အသိတရားသို့ ယိမ်းယိုင်တတ်ခဲ့ပြန်သေးသည်။ ကျောင်းကိစ္စပြီးစီးသွားခဲ့သည့်နောက်၊ အလုပ်နှင့် အိပ်၊ အိမ်နှင့် အလုပ်ကိုသာ ဦးခေါင်းထဲတွင် သွင်းထားသည်။ အဖေ၊ အမေ၊ အစ်ကို၊ မရီး၊ တူ၊ တူမတို့ကို ပို၍ ပြုစုချစ်ခင်ယုယခဲ့သည်။

အခြားသော သံယောဇဉ်သစ်မျိုးကို မျက်လုံးနှင့်လည်းမရှာ၊ စိတ်ဖြင့်လည်း မတွေးခဲ့။

ဝေးခဲ့လေသည်ဟူသော ဇာတ်လမ်းဟောင်းကိုသာ၊ ရင်မှာ သိမ်းထားဖြစ်သည်။ ရာသီကာလအေးချမ်းသည့်အခါ ကိုယ့်အဖို့ နွေးထွေးစေလိုသကဲ့သို့ သူ့ထံသို့လည်း နွေးထွေးစေလိုသော၊ ဆန္ဒမေတ္တာပေးပို့ခဲ့ပါသည်။

ရာသီကာလ၊ ပူပြင်းမောဟိုက်သည့်အခါ ကိုယ့်အဖို့လည်း အေးမြပြေပျောက်ရာ၊ နေသာအောင် ဖန်တီးဖြစ်သကဲ့သို့၊ သူ့အဖို့လည်း၊ အေးမြပြေပျောက်ရန် မေတ္တာပို့ ဆန္ဒခြွေခဲ့သည်။

ကိုယ့်ဘဝ အဆင်ပြေ ချောမွေ့သည့်အခါ သူလည်း အဆင်ပြေပါစေကြောင်း ဆုတောင်းဖြစ်သကဲ့သို့ ကိုယ့်ဘဝ အဆင်မပြေ မချောမွေ့သည့်အခါ သူရောအဆင်ပြေ ချောမွေ့ပါ့မလား၊ စိုးရိမ်စိတ်ထား ကိန်းအောင်းရသည်။

အိပ်မပျော်သည့် ညမျိုးတွေကို ကြုံရသည့်အခါ သူ့ကို သတိရပြီး သူ့ကို ပို၍ အိပ်ပျော်စေချင်သည်။





ကောင်းမှုကုသိုလ်ပြုလုပ်ဖြစ်သည့် ကာလငယ်တို့၌ မေတ္တာပို့ အမျှဝေစဉ်အခါ၊ သုံးဆယ့်တစ်ဘုံဟု ရွတ်ဆိုပြည်တမ်းလိုက်သည်နှင့် သူ့မျက်နှာသည် မခေါ်ဘဲနှင့် ရောက်ရောက်လာတတ်၏။

❀

ရန်ကုန်မှာ ရှိလေသလား။ တစ်နယ်တကျေးမှာ ရှိနေမလား တွေးတောသိလိုစိတ်တို့ ဝင်ရောက်လာသည့်အခါ၊ သတင်းစကား ပိတ်ကာထားစေမိသည့် သူငယ်ချင်းများအပေါ် စကားပြင် ဆန္ဒပြောင်းလျက်၊ မေးမြန်းစုံစမ်းခိုင်းချင်စိတ်မျိုး အခါခါ ဖြစ်ပေါ်ခဲ့ဖူးသည်။

ဟိုး… ယခင်၊ သူ… ဆက်သွယ်ခဲ့စဉ်က မခင်မင်သင့်တော့သည့်ကာလ မခေါ်ပြော မဆက်နွှယ်လိုတော့သည့် ကာလမို့၊ အဆက်အသွယ်ပြုသမျှကို မျက်နှာလွှဲခဲ့ပစ်၊ မေ့လျော့ထားပစ်ခဲ့သည်။ ကိုယ်… မဆက်နွှယ်လိုသဖြင့် သူ မဆက်သွယ်သည်ကို အပြစ်မတင်လိုသော်လည်း…၊

ယခုလို အခါကာလမျိုးမှာ…၊ ကိုယ့်ဆန္ဒဟောင်းကို မေ့ဖျောက်လျက် သူ့ဆန္ဒရှိသည့်အတိုင်း၊ တစ်နည်းနည်း တစ်ဖုံဖုံဖြင့် ဆက်သွယ်ပါတော့လား… ဟု၊ အတ္တအားကြီးစွာ စိတ်မှာ မြည်တွန်မိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းတော့၊ အားငယ်နေမှာ သေချာ၏။

နာရေးသတင်းလောက်တော့ သွားမေးသင့်သည်ဟု တစ်ကိုယ်တည်း တွေးဖူးသည်။ သူငယ်ချင်းတွေ အကြံပြုဖူးသည်။ အကြောင်းအမျိုးမျိုးပြ၍ ငြင်းပယ်ခဲ့ဖူး၏။

အမှန်ကတော့ ပြီးလက်စနှင့် ပြီးနေခဲ့သည့်အရာ ပြီးပါစေတော့ဟု သဘောပိုက်ပြီး အဟောင်းကို အသစ်မဖြစ်စေရန်၊ မာထန်လိုက်ခြင်းသာ ဖြစ်သည်။ သိမ်းလက်စနှင့် သိမ်းပြီးဖြစ်သည့် ဇာတ်လမ်းကို အသစ်တစ်ခန်းဖြည့်ကာ မပျော်မွေ့သင့်တော့သည်ဟု ယူဆသဖြင့် ဇာတ်ဆောင်တို့နှင့် ကင်းဝေးစွာ နေထိုင်မိခဲ့ခြင်းဖြစ်သည်။

ဆုံးဖြတ်ချက်၊ ယူဆချက်တို့အကြား ဟန်ဆောင်စွာ မာထန်ခဲ့ရရှာသည့် နှလုံးသားခမျာ၊ လုံးပါးပါးနေရသည်ကိုတော့ ကိုယ့်ကိုယ်ကိုမှာ ကိုယ်သာသိသည်။ သိလျက်နှင့် သတိတစ်ချက် မလွတ်စေရဟု ရာဇသံပေးခဲ့သည့် ဦးနှောက်၏ အမိန့်တော်ကြောင့် နှလုံးသားက ရှန်းကန်အင်အားနည်းခဲ့၏။

❀❀❀



"... ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော
ဘာပဲတွေးတွေး၊ အချစ်နဲ့ မကင်းဝေးစေရဘူး
သူဇာ။ အဲဒီလောက်အထိ၊ ငါ... ချစ်တာ"

www.burmeseclassic.com

www.burmeseclassic.com

[ ၂၅ ]

ရေချိုးမှားသဖြင့်၊ အဖေ…လေဖျန်းသည်။ ပုဂ္ဂလိက ဆေးရုံသို့ တင်သည်။ တစ်ပတ်ခန့်ကြာသောအခါ၊ သက်သက်သာသာဖြစ်လာသည်။ အစ်ကို တစ်လှည့်၊ ကျွန်တော်…တစ်လှည့်၊ အဖေ့ကို စောင့်ရှောက်ပြုစုကြရသည်။ အမေကလည်း…အဖေ့နံဘေးမှာ ပြုစုလျက်ရှိ၏။

ဆေးရုံနှင့် အိမ်၊ အိမ်နှင့်အလုပ်၊ ဂျင်ခြေလည်အောင်၊ သွားလာကူးလူးနေရ၏။ အလုပ်သည် အစ်ကို၏ အစုရှယ်ယာဝင်ကုမ္ပဏီဖြစ်သဖြင့် အလုပ်ကို ထိခိုက်လောက်သည်အထိ အခက်အခဲမဖြစ်ခဲ့ချေ။

မရီးဖြစ်သူ မသန်းသန်းကလည်း အိမ်တွင်းကိစ္စအဝဝ၊ အဖေ့အတွက် လိုအပ်သည့် အစားအသောက်တို့ကို ဖယ်ဆက်သူ[illegible] ဆောင်ရွက်ပေးခဲ့ရာ၏။ နှစ်ရက်ခန့်ကြာလျှင် ဆေးရုံက ဆင်းနိုင်ပြီဟု

www.burmeseclassic.com

www.burmeseclassic.com



သိထားရသည်။

''သာမာန် အများပြည်သူတက်တဲ့ ဆေးရုံကိုပဲတင်ပါဆို၊ မတင်ကြဘူး။ အခုတော့…အကုန်အကျတွေ များပြီ''ဟု အဖေ ရယ်ရယ်မောမော ပြောနိုင်လာ၏။ ''ပါးရွဲ့သွားရုံ၊ လက်ကပ်သွားရုံ လေးဆိုပေမယ့် တခြားမှာဆို အဖေ…ဒီလောက် ဘယ်မှာ မြန်မြန် ကောင်းပါ့မလဲ။ ဒီမှာက ကျွမ်းကျင်တဲ့ ဝါရင့်ဆရာဝန်ကြီးတွေ အချိန်ပြည့် အလှည့်ကျ ကုပေးနေကြတာ။ အဖေကံကောင်းပါတယ်'' ဟု အစ်ကိုက ပြုံးပြုံးရွှင်ရွှင်ပြော၏။ ''ဆင်းရဲသားတွေကိုပါ၊ ဒီဆေးရုံ မျိုးမှာ ကုပေးရင် ကောင်းမယ်'' ဟု အဖေပြောသည်။ အမေ ရယ်နေ၏။

''အသက်ရှည်ဖို့၊ ကံ…စိတ်…ဥတု…အာဟာရ လေးပါးညီရမယ်တဲ့။ အမှန်က နောက်တစ်ပါးလိုသေးတယ်။ အဲဒါ…ငွေပဲ''ဟု အဖေ ပြောသည်။ ''အဲဒီလိုချည်းလည်း မဟုတ်ပါဘူး။ အဖေရယ်''ဟု မသန်းသန်းက၊ အဖေ့ခြေလက်များကို နှိပ်နယ်ရင်း ဝင်ပြောသည်။

ပုဂ္ဂလိက ဆေးရုံတစ်ရုံ၏ လူနာခန်းသည် အပန်းဖြေ ခိုနားစရာ တည်းခိုခန်းတို့၏ သပ်ရပ်ခန့်ထည်ပုံမျိုး ဖြစ်နေ၏။ ငွေနှင့်တည်ဆောက်ထားသည်ဟု အဖေ စိတ်မကောင်းစွာ ပြောသည်။ ''ကံ၊ စိတ်၊ ဥတု၊ အာဟာရနဲ့ ပကာသနပါရောမှ အသက်ရှည်မယ်'' ဟု အဖေ ပြောသေးသည်။

✿





ဓာတ်လှေခါးရှိရာသို့ ကျွန်တော်ခြေလှမ်းသည်။ ကျွန်တော့် ဖိနပ်နောက်ဖြီးကို တစ်စုံတစ်ဦးက ဖိနင်းလိုက်၏။ ဖိနပ်သည် ကြိုးပြတ်မတတ်ဖြစ်သွားသည်။ ထို့ကြောင့် ဖိနပ်ကို ငုံ့ကြည့်လိုက်မိ သေးသည်။ သည်းကြိုးမပြတ်။

ပြီးနောက် ဖိနပ်ကို နင်းလိုက်သူကို ငဲ့ကြည့်မိလိုက်သည်။ ''ကန်တော့နော်'' ဟု တောင်းပန်စကားဆိုသော မိန်းကလေးတစ် ယောက်ကို မြင်ရ၏။ ထိုမိန်းကလေးကို မြင်လျှင်မြင်ချင်း၊ ကျွန်တော့် ရင်ထဲ လှပ်ခနဲ ဖြစ်သွားရသည်။

ဓါတ်လှေခါး အတွင်းသို့ ဝင်လိုက်ကြ၏။ အနီးရှိ မိန်းကလေးကို ငဲ့ကြည့်မိပြန်သည်။ ရင်ထဲတွင် တလှပ်လှပ်ဖြစ်နေဆဲ ရှိ၏။ ထိုမိန်းကလေး၏ အသက်အရွယ်သည် ကျွန်တော့်ထက် လေးငါးနှစ်လောက် ငယ်ရွယ်မည်ထင်၏။ ထိုအသက်အရွယ်ကြောင့် မဖြစ်နိုင်ပါဘူးဟု ကျွန်တော် တွေးရပြန်သေးသည်။

ထိုမိန်းကလေးကို ငဲ့ကြည့်မိလျှင် ကြည့်မိချင်း ကျွန်တော့် ခပါးသို့ သူဇာချို ရောက်လာသကဲ့သို့ ခံစားရခြင်းဖြစ်၏။ သို့သော် ၃၊ သူဇာချိုမဟုတ်။ သို့သော် သူမျက်နှာသည် သူဇာချိုနှင့် ၇လွန်းနေ၏။ သို့သော် သူအသက်အရွယ်သည် သူဇာချို့ အသက် ရွယ်မဟုတ်ပြန်။ ပြီးတော့ သူမေးစေ့မှာ မှဲ့နက်နက် သေးသေးလေး ရှိ။ ထို့အပြင် သူ့ဆံပင်က သိသိသာသာမရှည်လျား။ သို့သော် ၎သည် သူဇာချို့ အလတ်စားလေး ဖြစ်နေ၏။

✿



www.burmeseclassic.com

www.burmeseclassic.com



ဓါတ်လှေကားနံရံရှိ နံပါတ်များ အနက်မှ နံပါတ်''လေး''ကို ကျွန်တော် ဖိနှိပ်လိုက်ပြီးမှ…

''ညီမက၊ ဘယ်အထပ်သွားမလဲ''

''အတူတူပဲ၊ ကျွန်မလည်း လေးထပ်ပဲ'' ဟု ပြုံးလျက်ပြော၏။ ပြုံးလိုက်မှ ပို၍ သတိရစေသည်။

ကျွန်တော် ငြိမ်သက်၍ မနေနိုင်တော့။ စိတ်တွေ လှုပ်ရှားလာ၏။

''ညီမကို တစ်ခုလောက် မေးပါရစေ''

''ဟုတ်။ မေးပါ။ ဘာမေးမလို့လဲ''

''ညီမမှာ… အစ်မတွေ၊ ဘာတွေရှိလား''

''ဟုတ်ကဲ့ရှိပါတယ်။ အစ်မတစ်ယောက် ရှိတယ်။ အခု သူ ဒီမှာ လူနာဖြစ်နေတယ်''

''ဟုတ်လား။ ဘာဖြစ်တာလဲ ဟင်။ ဘာရောဂါလဲ''

''နှလုံးရောဂါဆိုပါတော့''

''ကိုယ် ခန့်မှန်းတာမှားရင် စိတ်မရှိပါနဲ့… ကိုယ့်မှာ သူငယ်ချင်းတစ်ယောက်ရှိတယ်။ သူ… က သူဇာချို့တဲ့။ သူက တောင်ကြီးမှာ အ… တယ်''

အပြုံးရိပ်လေးတွင် အံ့ဩဟန်လေးကိုပါ မြင်လို…

''အဲဒီ သူငယ်ချင်းနဲ့ ကိုယ်နဲ့က …





ကြာပြီ။ အခု ဒီက ညီမနဲ့ အဲဒီ ကိုယ့်သူငယ်ချင်း သူဇာချို့နဲ့ ရုပ်ချင်းဆင်လွန်းနေတယ်။

အဲဒါကြောင့် အစ်မရှိလားလို့ မေးကြည့်တာပါ။ အပမ်းမကြီးဘူးဆိုရင် ညီမရဲ့ အစ်မနာမည်ကို သိပါရစေလား''

ကျွန်တော့်မျက်နှာကို စိုက်ကြည့်လျက် ရယ်မောလေသည်။ လွန်စွာပျော်ရွှင်သွားသူ၏ မျက်နှာထား။

''အစ်ကို၊ အစ်ကို့ နာမည်က၊ ကိုမင်းစိုးလား ဟင်''

''ဟုတ်ပါတယ်၊ ဟုတ်ပါတယ်။''

''ဒါဆို၊ ကျွန်မနဲ့လိုက်ခဲ့

ကျွန်မ မမ နာမည်က သူဇာချို့တဲ့''

''ဟာ… တကယ်''

ကြည်နူးစွာ ခေါင်းညိတ်ပြသည်။ ကျွန်တော်လည်း ကြည်နူးပါသည်။ ကြည်နူးခြင်းနှင့်အမျှ ရင်ထဲမှာ နင့်သွား၏။

''မမက ပြောဖူးတယ်၊ သူချစ်နေတဲ့ သူ့ သူငယ်ချင်း နာမည်က မင်းစိုးတဲ့။ ကိုမင်းစိုး အကြောင်းတွေ အများကြီး ပြောပြဖူးတယ်။ အဲဒါကြောင့် အစ်ကို့နာမည်ကို မှန်းပြီး မေးလိုက်တာ''

လေးထပ်သို့အရောက်

ဓါတ်လှေခါးတံခါးအပွင့်တွင် မြင်ပသို့ အရင်ဆုံး လှမ်း…



www.burmeseclassic.com

www.burmeseclassic.com



လိုက်သူမှာ ကျွန်တော်ဖြစ်သည်။

❀

သူဇာချို၏ညီမက... အခန်းတံခါးအနီးသို့ ရောက်သော အခါ...

''အစ်ကို ဒီမှာ ခဏရပ်နေဦး။ ကျွန်မ အကျိုးအကြောင်းကို ဖြေးဖြေးချင်း ပြောပြမှဖြစ်မယ်။ အစ်ကို့ကို ရုတ်တရက်တွေ့သွားရင် တစ်ခုခုဖြစ်သွား မှာစိုးလို့''

''ကောင်းပြီ''ဟု ကျွန်တော်ပြောသည်။ ပြီးမှ...

''သူဇာက တော်တော်အခြေအနေ ဆိုးနေလို့ လားဟင်''

''အခြေအနေတော့မဆိုးပါဘူး။ စိတ်ပူ လူပန်းဖြစ်နေခဲ့တာ ကြာပြီ၊ နှလုံးအောင့်ပြီး သတိ လစ်သွားလို့၊ ဒီကိုရောက်လာတာ အခု သက်သာ ပါတယ်။ ခွဲစိတ်ဖို့တောင် မလိုသေးဘူးလို့ပြောတယ်''

စိတ်သက်သာရာရ၏။

❀





အခန်းတံခါးဖွင့်လျှင်ဖွင့်ချင်း၊ သူဇာချို၏ ညီမဖြစ်သူကို မြင်ရသည်။ ပြီးနောက် ခုတင်ပေါ်တွင် လန်းဆန်းစွာ လှဲနေသော သူဇာချိုကို မြင်လိုက်ရ၏။ သူ့အနီးသို့ ကျွန်တော် မြန်ဆန်စွာ သွားမိသည်။

''သူဇာ''

''ပင်းစိုး''

ဝိုမည့်ဟန်၊ ပြုံးမည့်ဟန်၊ ဝမ်းနည်းဝမ်းသာဟန်တွေကို သူ့မျက်နှာပေါ်တွင် တွေ့မြင်လိုက်ရသည်။ အနီးရှိ ထိုင်ခုံတွင် ကျွန်တော် ဝင်ထိုင်လိုက်၏။

''သူဇာ၊ သက်သာရဲ့လား''

ခေါင်းညိတ်သည်။

''ဟိုးဘက်အခန်းမှာ ငါ့အဖေရှိတယ်၊ လေဖျန်းသွားလို့ ဒီမှာတင်ထားတာ၊ ငါ နင့်ကို ရန်ကုန်မှာရှိမယ်လို့ မထင်ဘူး၊ ဒီမှာတွေ့မယ်လို့ မထင်ဘူး၊ နင့်ကိုငါ အရမ်းတွေ့ချင်နေတာ သူဇာရဲ့၊ ဒါပေမဲ့ ငါ မလာဖြစ်ဘူး၊ မရှာဖြစ်ဘူး''

ကလေးတစ်ယောက်ကို ကြည့်နေသော အကြည့်မျိုးဖြင့် သူဇာချို ကျွန်တော့်ကို ကြည့်နေ၏။ တစိမ့်စိမ့်ကြည့်လျက်...

''နင် မလာပေမယ့် အားလုံးလာကြတယ်၊ မနေ့ကတောင် သော်ကနဲ့ ဝင်းထွဋ်တို့ လာသွားကြ သေးတယ်''



www.burmeseclassic.com

www.burmeseclassic.com



''သူတို့သိတယ်... ဟုတ်လား''

''သိတာပေါ့၊ ဒါပေမဲ့ နှင့်ကို အသိမပေးဖို့ ငါ မှာထားတယ်''

''ဘာဖြစ်လို့လဲ''ဟု မမေးဝံ့။

''နှင် မမေးဘဲ မစုံစမ်းဘဲနဲ့ ငါ့အကြောင်းကို မပြောရဘူးလို့ နှင် မှာထားတယ်ဆို၊ အဲဒါကြောင့် ငါကလည်း နှင် မမေးဘဲနဲ့ မပြောဖို့ အသိမပေးဖို့ အားလုံးကို မှာထားတယ်''

''ငါ့ကို စိတ်ဆိုးလို့လားသူဇာ၊ ငါ...''

သူဇာချို လက်ကာ၏။

''နှင့်ကို ငါ ဘယ်တော့မှ စိတ်မဆိုးဘူး၊ အကြောင်းရှိလို့ တားတာပဲ...လို့ ငါ ယူဆပါတယ်၊ ငါ သတိရလို့ စာရေးခဲ့တုန်းကတောင် နှင် စာမပြန်ခဲ့ဘူး၊ အဲဒီတုန်းကလည်း ငါ့စိတ်ထဲမှာ ဘယ်လိုမှ မနေခဲ့ပါဘူး။ နှင် အလုံးစုံ ဆင်ခြင်တာပဲလို့ ငါ တွေးပါတယ်''

အနားသို့ သူဇာချို၏ ညီမဖြစ်သူ ရောက်လာသည်။

''ဒါ ငါ့ညီမ။ မှုယာ''

မှုယာက ပြုံးလျက် ခေါင်းညိတ်၏။ ကျွန်တော် ပြန်ပြုံးပြသည်။

''ခုနက ငါ့ညီမ ငါ့ကို မေးတယ်၊ အခုအချိန်





ကိုမင်းစိုးကို တွေ့ရင် မမ ဘယ်လိုနေမလဲတဲ့။ ဘယ်လိုမှ မနေဘူးလို့ ငါ ပြောလိုက်တယ်၊ ဘာဖြစ်လို့လဲတဲ့၊ မင်းစိုး ငါ့ဆီကို လာမှာမဟုတ်လို့ဘဲလို့ ပြောလိုက်တယ်။

မင်းစိုးဆိုတဲ့လူက သိပ်ပြီး စဉ်းစား၊ သိပ်ပြီး ဆင်ခြင်တတ်တဲ့သူ၊ လာချင်ကောင်မှ ဘယ်လို အကြောင်းကြောင့်ဆိုပြီး မလာဘဲနေမယ့်သူလို့ ငါ ရှင်းပြမိသေးတယ်၊ တကယ်တမ်း နှင့်ကို တွေ့လိုက်ရတော့ ငါ ဝမ်းသာတာပေါ့ဟာ...''

''ငါလည်း ဝမ်းသာပါတယ် သူဇာရယ်၊ နှင့်ဆီကို ငါ လာချင်ပါတယ်၊ ဒါပေမဲ့ နှင် ထင်သလိုပဲ ငါ့မှာ လာဖို့ မသင့်ဘူးဆိုတဲ့ အတွေး ရှိနေခဲ့တယ်၊ အမြဲတမ်း သတိရနေတယ်ဆိုတာ တော့ နှင် ယုံပါဟာ...၊ နော်... သူဇာ''

ခေါင်းညိတ်သည်။

''နှင် သမီးလေး မွေးထားတယ်ဆို၊ ဘယ်မှာလဲ''

''အိမ်မှာ ငါ့အဘွားနဲ့ ရှိနေတယ်၊ ညနေကျမှ လာလိမ့်မယ်''

''ဘယ်အရွယ်ရောက်ပြီလဲ''

''လေးနှစ်ပြည့်တော့မယ်၊ ဇာဇာမိုးလို့ ငါ



www.burmeseclassic.com

နာမည်ပေးထားတယ်''

''ငါ တွေ့ချင်လိုက်တာ၊ ငါနဲ့ မိတ်ဆက်ပေးနော်''

''ပေးမှာပေါ့၊ နင့်အဖေရော သက်သာရဲ့လား''

''သက်သာပါတယ်၊ အဖေ့ကို ဆေးရုံတင်ထားတာ၊ ဝင်းထွဋ်ရှိတို့တောင် မသိဘူး၊ သိပ်အရေးမကြီးလို့ ငါ အကြောင်းမကြားတာ၊ မနက်ဖြန်ဆင်းတော့မှာ''

''အားလုံး နေကောင်းကြတယ်မဟုတ်လား''

ကျွန်တော် ခေါင်းညိတ်သည်။ မှာယာက အနီးရှိ စားပွဲပေါ်တွင် သူဇာချို့အတွက် ထမင်းဟင်းတွေ ပြင်ဆင်နေ၏။

''ငါလည်း ဆင်းရတော့မှာပါ''ဟု သူဇာချို ပြောသည်။

ကျွန်တော်က...

''နင့် နှလုံးရောဂါက အခုမှ ဖြစ်တာလား၊ ဘယ်တုန်းက စဖြစ်တာလဲ''

သူဇာချို ပြုံး၏။

''ဘာပြုံးတာလဲ''

''ရယ်စရာပြောလို့ ပြုံးတာပါ''

''ပြော''

''နှလုံးရောဂါဆိုတာ မွေးရာပါ မဟုတ်ရင်





နောက်မှ ဖြစ်လာတတ်တာမျိုးလည်း ရှိတယ်၊ စိတ်နှလုံးကို ထိခိုက်စေတဲ့ လောကဓံတွေကို ခံစားရပါများရင် ဖြစ်တတ်တယ်လေ''

''အင်း ဟုတ်တယ်''ဟု ကျွန်တော် စကားထောက်၏။

''ငါ့ စိတ်နှလုံးကို ဘယ်အချိန်က စပြီး ထိခိုက်တယ်လို့ နင် ထင်သလဲ မင်းစိုး''

''မသိဘူးလေ''ဟု ကျွန်တော် ပြောမထွက်။

ထို့ကြောင့်...

''နင်ကလည်း ရယ်စရာပြောမယ်ဆိုပြီး ရယ်လည်း မရယ်ရဘူး''

သူဇာချို အသံထွက်မျှ ရယ်မော၏။ အရယ်ရပ်ပြီးမှ

''ဘယ်တုန်းက စဖြစ်တယ်ထင်လဲ...လို့ ငါ ပြန်မေးတာလေ၊ ရယ်စရာ မကောင်းဘူးလား''

''မကောင်းဘူး''

သူဇာချိုက...

''ငါ မလျှောက်ချင်တဲ့လမ်းကို နင်လျှောက်ခိုင်းတယ်၊ ငါ ကြိတ်မှိတ်ပြီး လျှောက်တယ်၊ လမ်းမဖြောင့်ဘူး။

လမ်းမဖြောင့်တော့ ဒေါသဖြစ်တယ်၊ သောကဖြစ်တယ်၊ နောက်တော့ စိတ်ဒုက္ခဖြစ်လာတယ်၊ အဲဒီ စိတ်ဒုက္ခတွေကို ငြိမကလွှဲပြီး

www.burmeseclassic.com



ငါ ဘယ်သူ့ကိုမှ မပြောမပြဘူး။

ဒုက္ခကလည်း လွတ်သွားရော အဲဒီဒုက္ခ ဖိနှင်းခဲ့တဲ့ ငါ့နှလုံးသားက ပိပြားကြေမွပြီး ကျန်ခဲ့ရ တာပေါ့၊ နာလိုက်တာမှ အရမ်းပဲ၊ အောင့်လိုက်တာမှ ရူးခနဲ နင့်ခနဲပဲ''

''နင် ဘာတွေဖြစ်ခဲ့လို့လဲ၊ နင် အဆင်မပြေခဲ့ ဘူးလား၊ ဟုတ်လား''

''ထမင်းစားတော့မလား''ဟု မူယာ မေးသည်။ သူဇာခေါင်းခါပြသည်။

မူယာက ပြတင်းပေါက်အနီးရှိ ရုပ်မြင်သံကြားစက်ကို ဖွင့်၍ကြည့်နေ၏။

''ရင်ဖွင့်တာ မဟုတ်ဘူးနော် မင်းစိုး၊ သိအောင်ပြောပြတာ။

ကိုမောင်မောင်ဌေးက ဦးနှောက်ကြောပြတ်ပြီး ဆုံးတာ၊ ဘယ်မှာ ဆုံးတာလဲဆိုတော့ အေမီအောင်ရဲ့အိမ်မှာ ဆုံးတာ။

ရန်ကုန်နဲ့ တောင်ကြီး အကူးအသန်းမှာ သူ ရန်ကုန်မှာ အနေများခဲ့တယ် မင်းစိုး၊ အေမီအောင် ရဲ့ အိမ်မှာ အနေပိုများတယ်''

ပြုံးလျက်ပြောသည်။

ကျွန်တော် တုန်လှုပ်သွားရ၏။





''ဘယ်နှယ့်လဲ မင်းစိုး၊ ငါပြောပြတာကို မြင်သာရဲ့လား။

ကိုမောင်မောင်ဌေးရဲ့ ရှာပန သင်္ဂြိုဟ်တဲ့ နေ့တုန်းက ငါ မငိုခဲ့ဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ငါငိုရင် သူတစ်ပါးနဲ့ ပြိုင်ငိုနေရမှာ စိုးလို့''

''သူဇာ တော်တော့နော်၊ ဆက်မပြောနဲ့တော့''

တောင်းပန်သည့်စကား တုန်ယင်သွားသည်။

''ငါ ဘာမှ မဖြစ်ပါဘူး၊ ကြုံလို့ပြောပြတာပါ၊ နင်ရွေးချယ်ပေးလိုက်တဲ့လမ်း သိပ်ကြမ်းတာပဲဟာ။

ဒါပေမဲ့ ပန်းလေးတစ်ပွင့်တော့ ရလိုက်ပါ တယ်၊ အဲဒါ ငါ့သမီးလေးပဲ၊ ငါ့သမီးလေးမျက်နှာကို မြင်လိုက်တိုင်း ဒုက္ခအားလုံး ငြိမ်းသွားတာပါပဲ၊ အဲဒီအတွက် နင့်ကို ငါ ကျေးဇူးတင်တယ်''

''ငါ ကြားရသိရတာ စိတ်မကောင်းဘူးဟာ၊ ငါ့ကို ခွင့်လွှတ်ပါ''

''နင့်ကို ငါအပြစ်မတင်ပါဘူး၊ မတောင်းပန်ပါနဲ့၊ နင် ခိုင်းခဲ့တာတွေ နင်ပြောခဲ့တာတွေဟာ အဓိပ္ပါယ်ရှိပါတယ်၊ တန်ဖိုးရှိပါတယ်၊ တစ်သက်မှာ တစ်ယောက်တည်းကိုပဲ ချစ်တယ်လို့ပြောသင့်တယ်၊ ဘာကြောင့်ပဲဖြစ်ဖြစ် တစ်မျက်နှာက တစ်မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



မပြောင်းသင့်ဘူးဆိုတဲ့ နှင့်အယူဝါဒ၊ နှင့်စကားကို ငါတကယ်တန်ဖိုးထားခဲ့တာပါ၊ တန်ဖိုးထားလို့လည်း ငါ လိုက်နာခဲ့တာပေါ့''

''နှင့် ကျန်းမာရေးကို ပိုဂရုစိုက်နော် သူဇာ၊ ငါ နေ့တိုင်း လာခဲ့မယ်နော်''

''လာချင်စိတ် တကယ်ရှိလို့လား''

''ရှိတယ်။ လာလွန်းအားကြီးရင် ချောင်းပေါက်သွားမှာ စိုးလို့ မလာဘဲနေခဲ့တာ''

ကျွန်တော် ရယ်ပွဲဖွဲ့စရာ ပြောလိုက်ခြင်း ဖြစ်၏။ သူဇာချိုက ပါးစပ်ကို လက်ဖြင့်ကာလျက် ရယ်မောသည်။ ပြီးနောက်...

''နှင်ရယ်စရာပြောတတ်သားပဲ''

''ဟုတ်တယ် နှင့်ကို ရယ်စေချင်လို့''

''အပိုတွေ''ဟု

သူဇာချိုက ပြော၏။

ပျောက်ဆုံးနေသော မျက်တောင်ကော့ မျက်စောင်းလှလှလေးကို ယခုမှ ပြန်၍ ကောက်ရသည်။ ကိုယ်ပိုင်ပစ္စည်းအဖြစ် သိမ်းထားမှုဖြစ်မည်။ ပြန်လည် ပျောက်ဆုံးသွားမည်ကို စိုးရိမ်လာပြန်သည်။

❀ ❀ ❀



[ ၂၈ ]

အဖေ့ကို တိုင်းရင်းဆေးဝါးများဖြင့် အိမ်တွင် ဆက်လက်ကုသသည်။ အဖေ ဆေးရုံမဆင်းမီ အမေ၊ အစ်ကို၊ မရီးတို့ကို သူဇာချိုနှင့် တွေ့ဆုံမိတ်ဖွဲ့ပေးခဲ့သည်။ အစ်ကိုနှင့်မရီးတို့က သူဇာချိုနှင့် မြင်ဖူးတွေ့ပြီးသား... ။

ရှေးဟောင်းနှောင်းဖြစ်တို့ကို ပြောဆိုကြသဖြင့် စကားဝိုင်း ပိုမိုရင်းနှီးလေသည်။ သူဇာချိုနှင့် ကျွန်တော့်ကြောင့်၊ အစ်ကိုနှင့် မရီးတို့ အမေနှင့်အဆင်ပြေခဲ့ကြခြင်းကို အစ်ကိုတို့ မှတ်မှတ်ရရရှိကြသည်။ အစ်ကိုပြောပြသည်များကို နားထောင်ရယ်မောလိုက် သူဇာချိုကို ပြုံး၍ကြည့်လိုက်ဖြင့်ရှိနေသော အမေ့ကို မြင်ရသဖြင့် ကျွန်တော် ပို၍ကြည်နူးဖြစ်သည်။

သူဇာချိုနှင့် ကျွန်တော့်အကြောင်းကို ကျွန်တော့် မိသား

www.burmeseclassic.com

www.burmeseclassic.com



တစ်စုလုံး သိရှိခဲ့ကြပြီးသားဖြစ်သည်။ ပြန်လည်ဆုံတွေ့ကြသ ၏ ကြည်နူးမှုကို အမေ မြင်သာစာနာပေးနိုင်ပေလိမ့်မည်။

❀

"အဖေ ဆေးရုံဆင်းပြီးနေပြီပဲ ညီလေးရယ်။ အလုပ်က ထပ်ပြီး ခွင့်ယူစရာလိုသေးလို့လား"ဟု အစ်ကို မျက်နှာတည်ဖြင့် ပြော၏။ သူဇာချိုကို ဆေးရုံတွင် အနီးကပ်ပြုစုဖို့ ကျွန်ေ အလုပ်နားရက်လိုအပ်ကြောင်းသိလျက်နှင့် အစ်ကိုပြောခြင်းဖြစ် ည်။ မျက်နှာထားတည်တည်ဖြင့် ကျီစယ်ခြင်းဖြစ်သည်။

"ခွင့်ရက်တွေ သိပ်များနေပြီ။ ပျက်ရက်တွေ များတဲ့ အပြစ်နဲ့ ညီလေးကို အစ်ကို အလုပ်ဖြုတ်ပစ် နိုင်တယ်ဆိုတာ ညီလေးသိတယ်နော်"

ကျွန်တော် သနားကမား မျက်နှာဖြင့်…

"ဟုတ်ကဲ့ပါ သိပါတယ်"

"အဲဒီတော့.. အခုလက်ရှိ ထမ်းဆောင်နေ ကုမ္ပဏီရဲ့ မန်နေဂျာအဖြစ်က အနားယူမလား၊ ဒါမှ မဟုတ် သူဇာချို့ နံဘေးမှာ သူနာပြုလုပ်ချင် ဆန္ဒကို ရပ်ပစ်မလား။ ညီလေး ကြိုက်တာ အားမနာနဲ့"

ကျွန်တော် အစ်ကိုကို မချိုမချဉ် ကြည့်လိုက်သည်။





နောက်…

"အစ်ကိုရယ် ဘယ်လိုမှ သဘောမထားပါနဲ့။ ကုမ္ပဏီက မန်နေဂျာလစာကိုလည်း တစ်ပြားမကျန် လိုချင်ပါတယ်။ သူဇာချိုကိုလည်း အချိန်မလပ် ပြုစုချင်ပါတယ်။

အဲဒါ… အင်(ပ)ဒီတစ်ယောက်အနေနဲ့ အစ်ကို ရှယ်ယာဝင်တွေ အကုန်လုံးကို အရေးပေါ် အစည်း အဝေးခေါ်ပြီး အမြန်ဆုံး ဆွေးနွေးဆုံးဖြတ်ပေးပါ။ ကျွန်တော်ကတော့ သူဇာ့ဆီသွားတော့မယ်"

အစ်ကို တဟားဟားရယ်၏။ အရယ်ရယ်ပြီးမှ… ,

"ကဲကဲ… ။ နှစ်ဦးနှစ်ဖက်ပြေလည်အောင် ဒီလိုလုပ်လိုက်၊ အစ်ကို ညီလေးကို နေ့တစ်ဝက် ခွင့်ပေးမယ်။ အဲဒါကိုတော့ ညီလေးကျေနပ်ပါ။ ညီလေးအလုပ်တွေ ပုံသွားမှာစိုးလို့ပါ။ ဘယ်နှယ့်လဲ"

ကျွန်တော်က ပြုံးလျက်…

"လခကိုတော့ အပြည့်ပေးရမှာနော်။ နေ့တစ်ဝက်ဆင်းတယ်ဆိုပြီး လခတစ်ဝက်မဖြတ်နဲ့။ နော် … အစ်ကို"

"ကောင်းပါပြီ။ ဒါနဲ့ … ညီလေးက နေ့တစ်ဝက်ခွင့်က ဘယ်နှစ်ရက်လောက်ကြာမှာလဲ"

"သိပ်မကြာပါဘူး အစ်ကိုရယ်။ သူဇာချို



www.burmeseclassic.com

www.burmeseclassic.com



လူကောင်းပြန်ဖြစ်တဲ့အထိ။ ပြေးနိုင်လွှားနိုင်လာတဲ့ အထိ လောက်ပါပဲ။

''ဩော်'' ဟု အစ်ကို ရင်ခေါင်းသံပြုပြီး…

''သူ… အပျိုဖျန်းလေးပြန်ဖြစ်တဲ့ အထိတော့ မကြာစေနဲ့နော် ညီလေး''

အစ်ကို၏ အရွှဲ့စကား။ ကျွန်တော် ရယ်မောဖြစ်သည်။ အစ်ကိုက…

''ညီလေး။ မင်း … ရယ်မနေနဲ့နော်။ အလုပ်စည်းကမ်းသိပ်ပျက်လာရင် အစ်ကို ခွင့်လွှတ်မှာ မဟုတ်ဘူး။ အထက်ကို တိုင်မှာ''

''ဘယ်သူ့ကို တိုင်မလို့လဲ အစ်ကို''

''အမေ့ကို တိုင်မယ်''

ပြောပြီး အစ်ကိုရယ်၏။ ကျွန်တော်လည်း ရယ်ဖြစ်ပြန်သည်။ ကျွန်တော် ပျော်နေသည်ကို ကြည့်မြင်လျက် အစ်ကိုလည်း ပျော်နေပါလိမ့်မည်။

ﷺ

အဘွားဖြစ်သူ ဒေါ်နန်းမြိုင်နှင့်လည်းကောင်း၊ သမီးဖြစ်သူ ဇာဇာစိုးနှင့်လည်းကောင်း သူဇာချိုက ကျွန်တော့်ကို မိတ်ဆက်ပေးသည်။ အားလုံးက ကျွန်တော့်ကို တရင်းတနှီး ရှိကြ၏။





ငါးရက်ခန့်ကြာသောအခါ သူဇာချို ဆေးရုံမှ ဆင်းရသည်။

အိမ်တွင်၊ လူမမာအဖြစ် သိပ်မနေလိုက်ရ။ ရက်အနည်းငယ်အတွင်း ထူထူထောင်ထောင်ဖြစ်လာသည်။ အလုပ်အားသည့်အချိန်နားသည့်ရက်တိုင်း ကျွန်တော် သူ့ထံသို့ရောက်၏။ သမီးဇာဇာစိုးနှင့် ခင်ခင်တွယ်တွယ်ဖြစ်လာသည်။ ကျွန်တော် သူဇာချို့ထံ ဖုန်းဆက်သည့်အခါ သမီးဇာဇာစိုးနှင့် စကားပြောဖြစ်သည်။

''ဦးစိုး နေကောင်းလား… ဇာဇာ့ဖို့ မုန့်ဝယ်ခဲ့၊ ဇာဇာ့ကို ရှခင်းသာလိုက်ပို့နော်'' စသဖြင့် တီတီတာတာ စကားကို ဆိုတတ်၏။ သမီးနှင့်ကျွန်တော်၊ ကျွန်တော်နှင့်သူဇာချိုတို့ ဟိုဟိုဒီဒီ သွားလာခဲ့ကြ၏။ သွားခဲ့လာခဲ့သည့် နေရာတိုင်း၌ ကျွန်တော်တို့ကို မိသားစုတစ်စုဟု ထင်မြင်ခဲ့ကြသည်ကများ၏။ ထိုအခါ သူဇာချိုရယ်မောသည်။ ကျွန်တော် အရယ်ခက်၏။ ခက်ခက်ဖြင့်သာ အတူတကွ ရယ်မောခဲ့ရသည်။

ﷺ

''နင်က လူမမာနဲ့ မတူပါဘူး၊ နဂိုတိုင်းပဲ ချောတုန်း၊ လှတုန်း၊ အိုက်တင့်များတုန်းပဲ''

အိုက်တင်များတုန်းပဲ… ဟူသည့်စကားက ချောတုန်း … လှတုန်း… ဟူသည့်စကားကို ပေါ့လျော့စွာ တွေးစေလိုသဖြင့် တမင်ထည့်ပြောရခြင်း ဖြစ်၏။

''ငါက အိုက်တင်များရအောင် ဘာလုပ်နေ



www.burmeseclassic.com

www.burmeseclassic.com



လို့လဲ''

''နှုတ်ခမ်းနီ ဆိုးတယ်လေ။ ပြီးတော့ လက်သည်းရှည်ကလည်း ထားတုန်း''

''အံမယ် အဲဒါ... မိန်းကလေးတိုင်း လုပ်နေကျ''

''နှင် မလုပ်သင့်ဘူး။ ဘာဖြစ်လို့လဲ ဆိုတော့ နှင်အပျိုဖျန်းလေးမှ မဟုတ်တော့တာ။ ကလေး အမေဖြစ်နေပြီ။ အလှမပြင်သင့်တော့ဘူး''

''သူများလုတာ မနာလိုဖြစ်နေတာယ်ပေါ့။ ဟုတ်လား မင်းစိုး''

''မနာလိုစရာ ဘာမှမဖြစ်ဘူး။ ကလေးကို ဘွားအေနဲ့ ပစ်ထားပြီး နှင်အပျိုလုပ်နေမှာစိုးလို့''

''ဪ စိုးရိမ်တတ်သေးတာပဲ'' ဟု ခနဲ့စကားဆိုလေ၏။

''နှင့်ကို ငါမေးစရာတွေ အများကြီးရှိတယ်။ နှင် ဖြေမလား သူဇာ''

''ဘာမေးမှာလဲ''

''မတွေ့မဆုံဖြစ်ခဲ့တဲ့ အချိန်တွေတုန်းက နှင်ဘယ်လိုသောကတွေ ကြုံခဲ့ရတာလဲဆိုတာ ငါ့ကို သေသေချာချာ ပြောပြပါလား''

ဘဝင်မကျသည့် မျက်နှာထားဖြင့်...

''ပြောပြဖို့ လိုသေးလို့လားဟယ်။ ဇာတ်လမ်း





က ရှင်းရှင်းလေး။ အိမ်ထောင်ကျပြီးတာနဲ့ တောင်ကြီးမှာ ငါ... နေတယ်။ အဘွားနဲ့ ညီမက ဒီမှာ။

ကိုမောင်မောင်ဌေးက ရန်ကုန်နဲ့ တောင်ကြီး ကူးလမ်းခတ်နေတာ။ အခုဆုံးသွားပြီ။ ဒါပဲလေ''

''နှင်က ဘာဖြစ်လို့ ရန်ကုန်မှာ မနေရတာလဲ။ အဘွားနဲ့ ရောမနေချင်လို့လား''

မျက်စောင်းတိုးသည်။ ပြီးမှ

''မင်္ဂလာဆောင် ရန်ကုန်မှာ မဆောင်ချင်လို့ တောင်ကြီးမှာ သွားဆောင်တာပါဆိုမှ။ ရန်ကုန်ကို ငါ ဘာလာလုပ်ရမှာလဲ''

ကျွန်တော် စကားမဆက်ဘဲ နေလိုက်ရ၏။

''ကိုမောင်မောင်ဌေးကို အေပီအောင်နဲ့ ငါ သမုတ်တုန်းက နှင် ငါကို အပြစ်တင်တယ်။ ဟုတ်တယ်။ အဲဒီတုန်းက သူတို့ ဘာမှ မဖြစ်သေး ပါဘူး။ နောက်တော့မှ...။

အင်း ... သမီး မမွေးခင်ကတည်းက ဆိုပါတော့...''

''လင်မယားဆိုတာ တစ်ဖဝါးမခွာ နေသင့် တယ် သူဇာ။ နှင် တောင်ကြီးမှာ နေရစ်ခဲ့တဲ့ နေ့တွေရက်တွေဟာ မှားမယ့်သူကို မှားခွင့်ပေးတာနဲ့



www.burmeseclassic.com

www.burmeseclassic.com



အဝှူတှူပဲပေါ့''

နှုတ်ခမ်းတွန့်ရုံမျှ၏။

''အိမ်ထောင်ပြုတာ ဘဝလုံခြုံဖို့ပြုတာပဲ။ နွားကျောင်းသလိုတော့ မနေချင်ဘူး။

ပူးနေ ကပ်နေမှ အားနာပါးနာနဲ့ သစ္စာထားတာမျိုးကို ငါ မလိုချင်ဘူး။ ဒါကြောင့် တမင်လွှတ်ထားလိုက်တာ''

''နင်... ကိုယ်တိုင်က မဖွေးထွေးခဲ့တာများလား သူဇာ''

''အင်း... အဲဒါလည်း ပါချင်ပါမှာပေါ့။ ဒါပေမဲ့ ဖွေးထွေးသာယာမှ သစ္စာရှိပြီး မဖွေးထွေး မသာယာရင် သစ္စာမဲ့တတ်ကြသလား။ နင်တို့ ယောက်ျားတွေက၊ အဲဒီလိုမျိုးလား''

''ငါ ဘယ်သိမလဲ။ ငါက လူပျိုလေးလေး။ နင်... ငါ့ကို နားရှုက်စရာတွေ လာမေးနေတာလား''

ကျွန်တော်စကားရှုန်းဆို၏။ သူဇာက ကျွန်တော့်ပခုံးကို လှမ်းပုတ်ပြီး...

''ကောင်စုတ်''

ကျွန်တော် ကိုယ်ကိုယ့်ပြီး...

''ဆက်ပြောလေ။ အဲဒီလို ဘာဘာညာညာ သိရတော့ နင် ဘာလုပ်သလဲ''





''ဘာမှ မလုပ်ဘူး။ ရေငုံနှုတ်ပိတ်နေတယ်။ ပြီးတော့ နင့်ကို သတိရတယ်''

''ငါ့ကို သတိရတယ်။ ဟုတ်လား''

''ဟုတ်တယ်။ သတိရတယ်။ အကောင်းမထင်နဲ့၊ နင့်မျက်နှာကို ကုတ်ဆွဲချင်လို့ သတိရတာ။

နင်သာ ဟိုတုန်းက အေမိအောင်နဲ့ ကိုမောင်မောင်ဌွေးတို့ ဘယ်လိုမှ မငြိစွန်းစေရပါဘူးလို့ အသက်ကိုထပ်ပြီး အာမခံခဲ့ရင် အခုလောက်ဆို နင်... သေပြီးလောက်ရောပေါ့နော် ... မင်းစိုး''

''သေရီးဟာ''ဟု တစ်ခွန်းမျှသာ ကျွန်တော်ပြော ဖြစ်၏။

''မွှန်းမွှန်းကျပ်ကျပ်တော့ ခံစားခဲ့ရတာပေါ့ဟာ။ ဘာဘာညာညာ ကိစ္စတွေကို မူယာကိုပဲ ငါ... ပြောဖြစ်တယ်။ ဘယ်သူ့မှ မပြောဖို့လည်း ငါ... နှုတ်ပိတ်ခဲ့တယ်။ အခု အချိန်အထိ အဘွားတောင် မသိဘူး''

''ဆုံးတော့ အေမိအောင့်အိမ်မှာ ဆုံးတာဆို''

''ဟုတ်တယ်။ လုပ်ဖော်ကိုင်ဖက်တစ်ယောက်ရဲ့ အိမ်မှာ ဆုံးသွားတယ်လို့ပဲ ထင်ကြတာများပါတယ်။ သကြိုဟ်တဲ့နေတုန်းက အေမိအောင်လာတယ်။ ငိုတယ်။ ငါ... သူ့ကို စကားမပြောတော့ ဘယ်သူ့မှ မရိပ်မိဘူး။ သူငယ်ချင်းတွေလာကြတော့



www.burmeseclassic.com

www.burmeseclassic.com



နင်ပါမလာဘူး။ နင်တမင်ရှောင်တယ်ဆိုတာ ငါ... သိတယ်''

''အလုပ်မအားတာလည်း ပါပါတယ်''

''ရပါတယ်။ ငါ ဘယ်လိုမှ သဘောမထားပါဘူး။ အခုတောင် မတော်တဆ ပြန်တွေ့ကြရလို့၊ ခေါ်ပြောနေတာပါ။

မဟုတ်ရင် နောင်ဘယ်နှစ်ကမ္ဘာလောက် ပျက်ပြီးမှ တွေ့ရကြဲ့ရမယ် မသိဘူး။ နင်တော်တော် နေနိုင်တဲ့သူပဲ··မင်းစိုး''

''နေနိုင်တာ မဟုတ်ဘူးဟ။ နေနိုင်အောင် ကြိုးပမ်းခဲ့ရတာ။ နင် ငါ့ဆီကို စာရေးတုန်းက ငါ... စာပြန်ချင်တာပေါ့။

ဒါပေမဲ့ တစ်ချိန်ချိန်မှာ တစ်ခုခု ထိခိုက်မှာစိုးလို့ ငါ... တမင် အဆက်အသွယ်မလုပ်ခဲ့တာ။

နင်တစ်ယောက်တည်း ဖြစ်နေတဲ့အချိန်မှာလည်း ဒီလိုပဲ။ ကောင်း၏ မကောင်း၏ ငါ့မှာ စဉ်းစားပြီး တမင်မရှာခဲ့တာပါ။

ငါ့ကို ထိခိုက်မှာ စိုးတာထက် နင့်ကို မထိခိုက်စေချင်တာက ပိုများပါတယ်''

''သနားအောင် ပြောတတ်သားပဲ''

''မသနားပါနဲ့။ နားလည်ခွင့်လွှတ်ရင်ပဲ ငါ...





ဖြေသာပါတယ်''

''ခွင့်လွှတ်တယ်။ ခွင့်လွှတ်တယ်''ဟု ပြောပြီး၊ သူဇာချို စကားဆက်၏။

''နောက်တော့ အဘွားအိမ်မှာနေတယ်။ တောင်ကြီးအိမ်ကို သော့ပိတ်ထားခဲ့တယ်။ သွားရင်းလာရင်း၊ မောမောလာတယ်။ ရင်ဘတ်ထဲက ရူးခနဲ... ရူးခနဲ ဖြစ်လာတယ်။ အဲဒီလိုဖြစ်တာ ကြာလှပြီ။ အဲဒါ 'ရူးရင်းအောင့်ရင်းနဲ့ ပစ်လဲကျသွားပြီး ဆေးရုံပေါ်ရောက်ခဲ့တာပဲ''

''လုပ်ငန်းကိုင်ငန်းတွေရော... ။ နင်... ဘယ်လိုစီစဉ်ထားသလဲ''ဟု ကျွန်တော် မေးသည်။

''ဒီလိုပါပဲ။ လက်လှမ်းမီသလောက်တော့ ဆက်လုပ်နေတာပေါ့။ ကွန်ပျူတာကိစ္စတွေကို ငါ့... ညီမ ဆက်လုပ်နေတယ်''ဟု ပြောသည်။

''မအေမီအောင်ကရော''ဟု ကျွန်တော်မေး၏။ ''ဆင်ဖြူတွေ ရောက်လာပြီပဲ။ ဆင်မည်းရှောင်ပေး ရမှာပေါ့''ဟု သူဇာချို ပြော၏။

''တစ်ခုတော့... ငါ ဝန်ခံချင်ပါတယ်။ အိမ်ထောင်ရေးဆိုတာ အချစ်မပါရင် မသာယာနိုင်ဘူး။ ငါ... အဲဒါမပါဘဲနဲ့ လက်ထပ်ခဲ့တာဟ''

''နင် ... ချစ်တယ်လို့ ပြောခဲ့သေးတာပဲ



www.burmeseclassic.com

www.burmeseclassic.com



သူဇာရဲ့''

''ဟုတ်တယ်။ ပြောခဲ့တယ်။ ဒါပေမဲ့ ပြောပြီး ပျက်နေတဲ့ အချိန်မှာ ငါ... လက်ထပ်ခဲ့မိတာ။ ဘာပဲဖြစ်ဖြစ်ပေါ့ နင့်ကို ငါ ကတိပေးပြီးသား။ နင့်စကားကို ငါ... အမြဲတမ်းနားထောင်မယ်ဆိုတာလေ။ အဲဒါ ငါ တကယ်ပြောတာ။ ငါ... နင့်စကားကို တကယ်လိုက်နာခဲ့တာ''

''အေးပါ။ စေတနာစကားကို နင်... လိုက်နာခဲ့ပါလျက်နဲ့ ငါ့ စေတနာ အရာမရောက်ခဲ့ဘူး။ ငါ ... မှားသွားတယ်''

''ဟဲ့ မင်းစိုး။ အဲဒီလို မပြောရဘူးလေ။ မှန်တာကို ခိုင်း... မှန်တာကို... ပြော။ မှန်တာကို လုပ်ခဲ့ပါလျက်နဲ့ ကောင်းကျိုးမခံစားရလေခြင်းလို့ တွေးပြီး ပြောခဲ့ဆိုခဲ့သမျှတွေအပေါ် မှားသွားတယ်လို့ ဘယ်တော့မှ နောင်တမရပါနဲ့။

မှန်တာလုပ်တိုင်း ကောင်းကျိုးဖြစ်တယ်လို့ ဘယ်သူ အာမခံနိုင်လို့လဲ။ မှန်ပေမယ့် ကောင်းချင်မှ ကောင်းမယ်။ ကောင်းပေမယ့် မှန်ချင်မှမှန်မယ်။ အကောင်း၊ အဆိုး၊ အမှာ။ အမှန်ဆိုတာ ခဲတစ်ပစ်စာလောက် ကြည့်တတ်





ရုံနဲ့ မပြည့်စုံနိုင်ပါဘူး။ အဲဒါ ... လောကမာယာပဲ''

''နင်... စကားတွေ အမျှားကြီးတတ်နေတယ်နော် သူဇာ''

''စကားတတ်တာ မဟုတ်ဘူး။ ဘဝကို ဘာသာပြန်ပြနေတာ...''

မြတ်နိုးစွာ ငေးကြည့်မိလိုက်သည်။

''သူဇာ''

''ပြော''

''မူယာ့ကို နင်... ငါ့အကြောင်းတွေ ပြောထားဖူးလား''

''အင်း... ပြောဖူးတယ်''

''ဘာတွေ ပြောတာလဲ''

''အမျှားကြီးပဲ။ ငါ့ကို၊ ကိုမောင်မောင်ဌေးနဲ့ ယှူခိုင်းတာ မင်းစိုးပဲလို့ ပြောပြတာပေါ့''

''နောက်ကော ဘာပြောထားသေးလဲ''

''ဒါပဲလေ''

''နင်... ပြောတော့။ အမျှားကြီးပဲဆို''

''အင်းလေ။ အဲဒီ အမျှားကြီးကို အကျဉ်းချုပ်ပြီး ပြောတာပေါ့''

''သူဇာ''



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"ဘာမှ မဟုတ်တော့ဘူး"

သွားဖြူတန်းလေးပေါ်လွင်စွာ ပြုံးလျက်၊ သူဇာ ကျွန်တော့်ကို လှမ်းရိုက်၏။

❀❀❀



[ ၂၉ ]

"ပြန်လည်ဆုံတွေ့ကြပြီပေါ့"ဟု သူချင်းတွေ နောက်ပြောင်ကြသည်။ အစ်ကိုက"မင်း ငါ့ကို ပြိုင်လို့မရဘူး။ ငါက... တူးဖိုးရှိ။ မင်းက... ဝမ်းဖိုးရှိ"ဟု ကျီစယ်၏။

အမေကတော့ ရေငုံနှုတ်ပိတ်နေရှာသည်။ ဘဝင်မကျဟန် မပြ၊ သဘောမကျသောစကား မဆို။ ဆန္ဒထက် သံယောဇဉ်သဘာဝကို အမေ မြင်သာစွာနာပေးဟန်တူ၏။

သူဇာချို့ကို ကျွန်တော်လက်ထပ်တော့မည့် သတင်းသည် ကျွန်တော့်အသိုင်းအဝိုင်း၊ ကျွန်တော့်ဝန်းကျင်တွင် ပျံ့နှံ့နေချေ၏။ သံယောဇဉ်သင်းရန်ကြောင့် သတင်းဖြန့်သူ မရှိဘဲ ဤကဲ့သို့ ပျံ့နှံ့နေခြင်း ဖြစ်ပေမည်။

သမီး ဇာဇာစိုး ဖျားနာသည့်အခါ ကျွန်တော့်ကို ဆက်သွယ်

www.burmeseclassic.com

www.burmeseclassic.com



ပြီ။ အဘွားဒေါ်နန်းမြိုင် နေထိုင်မကောင်းသည့်အခါ ကျွန်တော့်ကို အကြောင်းကြားကြသည်။ ကျွန်တော် နေထိုင်မကောင်းသည့်အခါ သူဇာချိုကိုယ်တိုင်ရောက်လာတတ်သည်။ သမီး ဇာဇာစိုးက ကိုယ်တိုင်လာ၍လည်းကောင်း၊ ဖုန်းဖြင့်လည်းကောင်း လူနာသတင်းမေးလေ၏။ အဘွားဒေါ်နန်းမြိုင်က အလည်လာနေကျ နေ့ရက်မျိုးတွင် ကျွန်တော်မရောက်ဖြစ်ပါက မေးမြန်းစကားဆိုသည်။ သတိရစကားပြော၏။

''အစ်ကိုတို့ နှစ်ယောက်ကို အဘွားက ရည်းစားဟောင်းတွေလားတဲ့။ ကျွန်မကို မေးတယ်''ဟု မှုယာပြောပြသည်။ ''နင် ဘယ်လိုဖြေလိုက်လဲ''ဟု ကျွန်တော်မေးသည်။ ''ဟုတ်တယ်''လို့ ပြောလိုက်တာပေါ့'' မှုယာက ပြော၏။

''ဘာဖြစ်လို့၊ အဲဒီလို ပြောလိုက်ရတာလဲ''

''ကျွန်မ ဖြေတာ မှားလို့လား''

''မှားတာပေါ့။ နင့်အစ်မနဲ့ ငါနဲ့က သမီးရည်းစားမှ မဟုတ်တာ။ သူငယ်ချင်းတွေ''

''အစ်ကိုတို့ ဘယ်လိုငြင်းငြင်း အဘွားကိုတော့ ကျွန်မ ပိုပိုသာသာလေး ပြောပြထားတယ်နော်''

''ဒုက္ခပဲ''ဟု ကျွန်တော် ညည်းတွားဖြစ်၏။

မည်သို့ပင်ဖြစ်စေ၊ ကျွန်တော် ကြည်နူးနေမိသည်။

သူဇာချိုကိုလက်ထပ်ဖို့ ကျွန်တော် စဉ်းစားစရာမလို





ဆုံးဖြတ်ထားပြီးဖြစ်သည်။ သို့သော်... သူ့ကို ကျွန်တော် ချစ်စကားတစ်ခွန်းမျှ မပြောဖြစ်သေး။ သိမ်းထားသိုဝှက်ခဲ့ရသည့်ကာလများစွာ ကြာလွန်းလွန်းခဲ့ပြီ။ ဟောင်းနွမ်းနေပြီ... ဟု သူ ထင်လေမလား။

အချစ်... ဟူသည်ကား မြို့ဟောင်းအတွင်း၌ ကြွင်းကျန်သစ်လွင်လျက်တည်ရှိနေတတ်သည့် နဝရတ်ကိုးသွယ်၊ ကျောက်မျက်ရတနာတစ်ပါး။

❀

ချစ်သူကို ချစ်သောသူက , ကြည့်သော အကြည့်မျိုးဖြင့် ယခုမှ ကျွန်တော်ကြည့်ဖူးသည်။ အင်းလျားပန်းခြံသည် ပိုမိုဝေဆာလျက်ရှိ၏။ ကန်ရေပြင်သည် ဟိုးယခင်ထက်ပို၍ ကြည်လင်သန့်ပြန့်နေ၏။

ချစ်သော သူဇာချိုသည်လည်း ဟိုးယခင်ထက် ပို၍... ပို၍ လှပနေပေသည်။ အသားအရေသည်လည်း ပို၍ ဝင်းပနေသည်ဟု ကျွန်တော်မြင်၏။ ပျို့ခြင်း အိုခြင်း ခွဲခြားရခက်သည်ထက် ပျို့မျစ်နုနယ် သူတို့ထက်ပင် ပို၍ တင့်တယ်နုမျစ်နေလေသည်။

''သူဇာ''

ယိမ်းလှုပ်နေသည့် ဆံပင်ရှည်ရှည်တို့ကို မြတ်နိုးစွာကြည့်လျက် ကျွန်တော် ခေါ်လိုက်သည်။

''သူဇာ''



www.burmeseclassic.com

www.burmeseclassic.com



သူဇာချိုက မေးလေးဆတ်လျက် ငုံ့ကြည့်သည်။ မှဲ့နက်သေးလေးကို နီးကပ်စွာ ငေးကြည့်မိပြန်၏။

"နေကောင်းလားဟင်"

ကျွန်တော့်အမေးကြောင့် သူဇာချိုက သူ့ကိုယ်သူ ခြေဆုံးလက်ဖျားအထိကြည့်သည်။ ပြီးနောက်...

"ငါ ပိန်သွားလို့လား မင်းစိုး"

"ဟင့်အင်း မပိန်ပါဘူး"

"ဆေးရုံက ဆင်းခဲ့တာလည်း ကြာလှပြီ။ ပိန်ပိန်လိန်လိန်လည်း မဟုတ်ပါဘူး။ အဲဒါ... ဘာဖြစ်လို့ ငါ့ကို နေကောင်းလားလို့ မေးရတာလဲ"

ကျွန်တော် သူ့မျက်နှာကို ကြည့်လိုက်ရင်း...

"ငါ နင့်ကို စကားပြောချင်တယ် သူဇာ... ငါ... ပြောမယ့် စကားက အရေးကြီးတယ်... နေထိုင်မကောင်းဘဲ ငါ့စကားကို နားထောင်ရင် နင် နားမဝင်မှာစိုးတယ်... အဲဒါကြောင့် နေကောင်းလားလို့ မေးတာ"

သူဇာချိုက မျက်ခုံးလေး တွန့်ကွေးကာ စဉ်းစားဟန်ပြုလျက်

"နင်... ပြောမယ့်စကားက ကျန်းမာရေးနဲ့ ပတ်သက်နေလို့လား"

ကျွန်တော် ခေါင်းယမ်းပြလိုက်သည်။ သူဇာချို ရယ်ပါ၏။





"သူဇာ"

"ဟော... ခေါ်ပြန်ပြီ" ဟု သူဇာပြောသည်။

ကျွန်တော် သူ့နံဘေးသို့ ပိုမိုတိုးကပ်လိုက်၏။ ပြီးနောက် သူ့မျက်နှာကို တည့်တည့်ကြည့်လိုက်သည်။ ပြောမည့်စကား အားယူစဉ် ရင်ခုန်ခြင်းမရှိ၊ စိုးထိတ်ခြင်းမရှိ၊ တုန်ယင်ခြင်းမရှိ၊ ဟိုစဉ်တုန်းကသာဆိုလျှင် ယခုအချိန်၌ ကျွန်တော်... ရင်ခုန်စိုးထိတ် တုန်ယင်နေပေလိမ့်မည်။

ချစ်ခြင်းသည်... အသက်အရွယ်၊ အခါကာလ၊ အတွေ့အကြုံတို့ကို ကြာမြင့်စွာ ဖြတ်သန်းလာရသည့်အခါ ဣန္ဒြေကြီးသော မိန်းမလှတစ်ယောက်၏ တင့်တယ်ခြင်းကဲ့သို့ ပြောစကား ဆိုစကားတို့၌ တည်ကြည်ခန့်ထည်နေလေ၏။

"စကားတစ်ခွန်းကို နှစ်ရှည်လများ သိမ်းထားခဲ့ရတဲ့ လူတစ်ယောက် နင့်ရှေ့ကို ရောက်နေတယ် သူဇာ"

သူဇာချို ကျွန်တော့်ကို ဖျတ်ခနဲကြည့်၏။

"လေးငါးခြောက်နှစ်မက ငါ့ရင်ထဲမှာ သိမ်းထားခဲ့ရတဲ့ စကားတစ်ခွန်းကို ငါပြောပါရစေ သူဇာ... ငါ... နင့်ကို ချစ်တယ်။ ငါ နင့်ကို လက်ထပ်ပါရစေ"

သူဇာချိုက မျက်လုံးတွေ စုံမှိတ်ပစ်လိုက်၏။

ပြုံးခြင်း၊ ရယ်ခြင်း ကင်းစွာ နားနှစ်ဖက်ကိုပါ လက်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဖိပိတ်လေသည်။ ကြွေကြီးသော နားအာရုံ၊ အရှက်သည်းသော မျက်ဝန်းတို့က ချစ်စကားဒဏ်ကို ခံယူဖို့ မဝံ့ရဲသဖြင့် ပိတ်ဆီးကာရံသည်ဟု ကျွန်တော် ထင်မိ၏။

''ငါ... ရည်းစားစကားမပြောတတ်ဘူး... သူဇာ။ ဒါပေမဲ့ နင့်ကို ငါချစ်ခဲ့တာ ကြာလှပြီ။ တစ်ခွန်းတည်းသော ချစ်စကားကို တစ်သက်မှာ ငါ ဒီတစ်ခါပဲ ပြောဖူးတာပါ၊ နင့်ကို...''

ကျွန်တော့် နှုတ်ခမ်းဖျားသို့ သူ့လက်ဖဝါးလေး ရောက်ရှိလာ၏။

''မပြောနဲ့။ မပြောနဲ့တော့ မင်းစိုးရယ်။ မပြောနဲ့တော့နော်''

အားမဲ့သူ၏ လေသံဖြင့်ပြောသော အားနွဲ့သည့် အဟန့်အတား။

''ဘာဖြစ်လို့ မပြောခိုင်းတာလဲ သူဇာ''

သံယောဇဉ်အကြည့်တို့ဖြင့် သူကြည့်သည်။ ခေါင်းကိုသ... တွင်တွင်ခါယမ်းပြ၏။

''ငါ့ကို မတားနဲ့ဟာ... ငါ... သိမ်းထား... ငါမျိုသိပ်ထားခဲ့တာ ကြာလှပြီဟ။ အဲဒါကို ... သိရဲ့လား''

''သိတယ်... မပြောနဲ့တော့။ နင့်ရင်... ငါ အကုန်မြင်တယ် မပြောနဲ့တော့နော်''





တားဆီးဟန်။ ငိုသံမကောင်း။

''သူဇာ။ ငါ နင့်ကို ချစ်တယ်လို့ ပြောတာလေဟာ၊ လက်ထပ်ပါရစေလို့ ခွင့်တောင်းနေတာ၊ ဘာ့ကြောင့်ဖြစ်လို့ ဝမ်းပန်းတနည်း တားနေရတာလဲ။ ငါ့ကို ပြောပြစမ်းပါ၊ ဘာဖြစ်လို့လဲ''

နှုတ်ခမ်းနှစ်လွှာဖိကပ်၏။ မျက်ရည်တစ်စက် ရင်သို့သက်သည်။ နွေရင်ပြင် တံလျှပ်လှိုင်းကို မြင်တွေ့လိုက်ရသကဲ့သို့ ခံစားရ၏။

''ဘာမှ မဖြစ်ဘူး၊ ဒါပေမဲ့ ဆက်မပြောနဲ့တော့''

ရင်ဘတ်ကို သူဖိ၏။ ဖိလျက် စကားဆက်သည်။

''နင်... ချစ်တာကို ငါ... သိတယ်... ။ နင်ချစ်ခဲ့တာကို ငါသိတယ်၊ ဒါပေမဲ့ ငါ့စကားကို နင်...နားထောင်ပါ။ နင် ဘာစကားမှ ဆက်မပြောပါနဲ့တော့...''

ရင်တွင်းသို့ ထိခိုက်သွားဟန်တူ၏။ မျက်လုံးမှိတ်၊ ရင်ဘတ်ဖိထားသည့်အပြင် ကိုယ်ခန္ဓာသည် အနည်းငယ်ညွတ်ကွေးလာ၏။

''သူဇာ''

ရင်ခွင်ထဲသို့ သူ့ကို ထွေးပွေ့လိုက်သည်။ ရင်မောသွားဟန်တူ၏။ အမောဒဏ်ကို ငြိမ်သက်စွာ ခံယူနေ၏။ မျက်လုံးစင်းထားသည်၊ အသက်ကို ကြိုးပမ်း၍ မှန်မှန်ရှူနေသည်။ အနားမှ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ခေါ်နေသည်ကိုပင်၊ မည်သို့မျှ မတုံ့ပြန်။

ကျွန်တော့် ချစ်စကား၊ သူ့အတွက် ခါးသက်သွားလေသလားမသိ။ ဟိုစဉ်အခါ ရင်နာစရာတို့၏ ကိုယ်စား၊ ကျွန်တော့်ဆိုစကားတို့အပေါ် ခါးသက်နာကြည်းနေသည်ထင့်။

"ကြားချင်တဲ့အချိန်တုန်းက မကြားခဲ့ရဘဲ အခုလိုအချိန်ကျမှ ကြားလိုက်ရလို့ စိတ်မကောင်း ဖြစ်သွားတာထင်တယ်" ဟု ဝင်းထွဋ်ပြောသည်။

သော်က,က ဒိဂရီမျက်မှန်ကို အနည်းငယ်ပင့်တင်ပြီး...

"ဒါဆို သူဇာချိုက မင်းအပေါ် ပြန်ချစ်မချစ်မင်း မမေးရသေးဘူးပေါ့"

"မေးဖို့နေနေသာသာ စကားကို အစမခံတော့လို့ ခက်နေတာ"ဟု ရင်မောစွာ ကျွန်တော်ပြောသည်။

"သူက... မုဆိုးမ... မင်းက လူပျို ။
အဲဒါတွက်ပြီး... သူစိတ်မကောင်းဖြစ်သွားတယ်ထင်တယ်"

သော်က၏ ထင်မြင်ချက်။

ဝင်းထွဋ်က...

"သူ့လက်ရှိအခြေအနေကို မင်းကရော





တကယ်ချစ်နိုင်လို့လား၊ တကယ်လက်ထပ်နိုင်ပါ့မလား"

"ဝင်းထွဋ်။ ငါက အိမ်ထောင်ပြုချင်လို့... လက်ထပ်ချင်လို့... သူ့ကို ချစ်စကားပြောတာမဟုတ်ဘူး။ သူ့ကို ချစ်လို့ လက်ထပ်ချင်တာ၊ သူ့အခြေအနေအားလုံးကို ငါချစ်ပြီးသားပဲ၊ သူ့နဲ့ဘေးမှာ...

နေရာလွတ်သွားပြီ၊ ငါဝင်ဖို့သင့်ပြီဆိုတာမျိုး မဖြစ်ချင်လို့၊ ငါ... သူ့ကို မရှာဘဲ၊ မစုံစမ်းဘဲနေခဲ့တာပါ။

မမျှော်လင့်ဘဲ ပြန်ဆုံရတယ်။ ငါအရမ်းပျော်တယ်၊ တွေ့ တွေ့ချင်းကို ချစ်တယ်လို့ ပြောပစ်လိုက်ချင်တာ။ နေမကောင်းဖြစ်နေတဲ့ အချိန်မို့လို့ငါ့မှာ ထပ်ပြီး မျိုသိပ်နေခဲ့ရသေးတယ်"

သော်က,က ပြုံးလျက်

"ဩော်... မင်းက လူမမာကို နှလန်ထအောင် ပြုစုပြီး နေကောင်းတော့မှ ရည်းစားစကားပြောလိုက်တာကိုး။ မင်း ပြုစုသမျှတွေဟာ ကြိုတင်ကြံစည်မှုပဲ။ မရိုးသားဘူး"

ဝင်းထွဋ် တဟားဟားရယ်လေ၏။



www.burmeseclassic.com

ကျွန်တော် ပြုံးရုံမျှသာ နေဖြစ်သည်။ ဝင်းထွဋ်က အရယ်ရပ်လျက်...

''အခု... လူမမာပြန်ဖြစ်သွားပြီလား''

''ဘုန်းဘုန်းလဲသွားတာတော့မဟုတ်ဘူး၊ စိတ်ထိခိုက်သွားတာ၊ အိမ်ပြန်တဲ့ လမ်းတစ်လျှောက် စကားသိပ်မပြောတော့ဘူး၊ ညဘက်ရောက်တော့ ငါဖုန်းဆက်သေးတယ်၊ ပြီးတော့... ငါပြောတဲ့ စကားကြောင့် စိတ်မဆိုးဖို့ တောင်းပန်လိုက်တယ်''

''တောင်းပန်တော့ ဘာပြန်ပြောလဲ''

''စိတ်မဆိုးဘူးတဲ့... နောက်,မပြောနဲ့တဲ့''

''မင်း... ဘာပြန်ပြောလိုက်လဲ''

''ဘာမှ မပြောဘူး။ အသံမပေးဘဲ နေလိုက်တယ်... သူ ငါ့နာမည်ကို ခေါ်တော့ ငါက... သမီးနဲ့ စကားပြောချင်တယ်လို့ ပြောလိုက်တယ်။ သမီး ဖုန်းလာကိုင်တော့ နေကောင်းလား။ ဦးစိုးကို သတိရလား... ဘာလား... ညာလားနဲ့ စကားလမ်းကြောင်း ပြောင်းပစ်လိုက်တယ်''

''မင်းကို သူ စိတ်ဆိုးနေပုံရလား။ နောက် မပြောနဲ့လို့ ပြောတုန်းက လေသံဘယ်လိုနေလဲ''

''မာတယ်။ နောက်နောင် ဒီလိုပြောရင် မလွယ်ဘူးဆိုတဲ့ လေသံမျိုး''





''မင်းအပေါ် သူ တော်တော်စိတ်နာခဲ့ပုံပဲ''

''နာရင်လည်း နာကျင်စရာတွေချည်းပဲပေါ့ကွာ။ တစ်လျှောက်လုံး ငါက အနိုင်ကျင့်သလို ဖြစ်ခဲ့တာ။ အခု သူ ငါ့ကို ပြန်ပြီး အနိုင်ယူသင့်ပါတယ်။ သူဘာလုပ်လုပ် ငါ ဦးညွတ်ဖို့အဆင်သင့် ပြင်ထားတယ်''

''မင်း... ဘယ်လို ရွေးနားတော်သွင်းမလဲဆိုတာ ငါတို့ သိချင်လိုက်တာ'' ဟု သော်က ပြော၏။ ဝင်းထွဋ်က... နှင်းနှင်းဦးတို့ ခိုင်သဇင်တို့ကို ငါတရားဝင်ပြောပြလိုက်တော့မယ်။ မင်း... သူ့ဇာချို ကို ရည်းစားစကားပြောထားတယ်ဆိုတာ။ နော် မင်းစိုး'' ဟု ခွင့်တောင်း၏။

''သဘောပဲ'' ဟု ကျွန်တော် ပြောလိုက်သည်။ ''လိုအပ်ရင် သူတို့ကိုလည်း အောင်သွယ်ခိုင်းရမှာနော်'' ဟု သော်က ပြော၏။

ချစ်သူ တားဆီးထားသော တံတိုင်းသည် မည်သည့် အင်အား၊ မည်သည့်စည်းမျဉ်း၊ မည်သည့်ထုထည်၊ မည်သည့် အကြောင်း၊ မည်သည့်နှလုံးသားဖြင့် လိုင်းသားကာဆီးထားသည်ကို ကျွန်တော် မခန့်မှန်းတတ်သေး။

အောင်သွယ်တော် မြားနတ်မောင်တို့၏ မြားအတတ်လေး အညို့တို့၏ ပြင်းအားဖြင့် တံတိုင်းအတွင်းသို့ မဖြိုခွင်းလို။ အမုန်းဖြင့် ကာဆီးခဲ့လျှင် အပြုံးဖြင့်သာ ရစ်သိုင်းချင်သည်။ တံတိုင်းအတွင်း ချစ်ခြင်းဖြင့်သာ ဝင်ရောက်ချင်သည်။ ထာဝစဉ်အတွက် ကမ္ဘာအပြင်

www.burmeseclassic.com



ဘက်မှာ ခေတ္တစောင့်ဆိုင်းနေရသူဟုသာ ကိုယ့်ကိုယ်ကို တွေးဆမိပြန်သည်။ ရင်မှပြောသော ချစ်စကားကို ရင်ခွင်ဖြင့် နားဆင်မှ ကြားသိပေလိမ့်မည်။ အောင်သွယ်တော်မလို။



## [ ၃၀ ]

"ငါ့ကို အဲဒီလိုမကြည့်ပါနဲ့ မင်းစိုးရယ်" ပြုံးလျက် ပြောသော၊ အဟန့်အတား။

"မတားပါနဲ့ သူဇာရယ်။ ငါလေ… အခုလို နင့်မျက်နှာကို တမြတ်တနိုး၊ ထိုင်ငေးပြီး ကြည့်ချင်ခဲ့တာ ဟိုးတုန်းကတည်းကပါ။ ဒါပေမဲ့ ငါ မကြည့်မိအောင်နေခဲ့တယ်၊ ထိန်းသိမ်းခဲ့တယ်၊ မျိုသိပ်ခဲ့တယ်။ အခုမှ ဒီအခွင့်အရေးလေးကို ရတာပါ။ ကြည့်ပါရစေနော် ခေါင်းငုံ့မထားပါနဲ့"

"မသိဘူးဟာ"ဟု ပြုံးလျက်ပြောသည်။ ခေါင်းငုံ့လျက် နေ၏။ သူ့မေးဖျားလေးကို ကျွန်တော် မ,ယူလိုက်သည်။ သူ မျက်လုံးမှိတ်ထား၏။

www.burmeseclassic.com

www.burmeseclassic.com



"သူဇာ"

မျက်တောင်ကော့များ လှုပ်ခတ်နေသည်။ မျက်ဝန်းတံခါး မဖွင့်သေး။ မေးစေ့မှ မှဲ့နက်နက်လေးကို ဝင်းပစွာမြင်ရ၏။

"သူဇာ"

မျက်လုံးမဖွင့်သေး။ မျက်ခုံးတွန့်ကွေးသည်။

"ငါပြောတာ ကြားရဲ့လား"

"ကြားတယ်"

"ကြားရင် မျက်လုံးဖွင့်"

"မဖွင့်ချင်ဘူး"

"ဘာဖြစ်လို့ မဖွင့်ချင်တာလဲ"

"ငါ သရဲကြောက်လို့"

"ဘယ်က သရဲကို ကြောက်တယ်"

"ငါ့မေးစေ့ကို ကိုင်ထားတဲ့သရဲလေ။ ငါ မျက်လုံးဖွင့်လိုက်ရင်၊ သူ့မျက်နှာကို မြင်ရမှာ။ ငါ ကြောက်တယ်"

ပြောပြီး ပြုံး၏။

ကျွန်တော့် လက်ချောင်းတွေကို ပြန်လည်ရုပ်သိမ်းလိုက်ရသည်။ ထိုအခါမှ သူ မျက်လုံးဖွင့်လာ၏။

"သမီးနေကောင်းလား" ဟု ကျွန်တော် မေးသည်။

"ကောင်းတယ်။ အခုတောင် လိုက်ခဲ့ဦးမလို့။ ဦးစိုးဆိုသွားမှန်း ဇာဇာ သိတယ်တဲ့။ အဲဒါ မဟုတ်





ဘူးလို့ လိမ်ခဲ့ရတယ်"

"ခေါ်ခဲ့ပြီးရော"

"အမယ်၊ နင်တကယ် ခေါ်ခဲ့စေချင်လို့လား။ တော်ကြာ ကလေးကို ခလုတ်ကသင်းလို့ နင့်စိတ်ထဲက မြင်နေပါဦးမယ်"

"မမြင်ပါဘူး။ ခေါ်လည်း ခေါ်စေချင်တာပေါ့၊ ပြီးတော့ နင်နဲ့လည်း လွတ်လွတ်လပ်လပ် စကားပြောချင်တာပေါ့"

နှုတ်ခမ်းမဖွင့်ဘဲ ပြုံး၏။

မပွင့်ဘဲ ယိမ်းသော ပန်းဖူးလေးတစ်ငုံဟု ရင်မှ ထင်မြင်သည်။

"စကားပြောတာပဲ။ လွတ်လွတ်လပ်လပ် ဖြစ်ဖို့လိုလို့လား"

"လိုတာပေါ့၊ စကားပြောရင်လည်း၊ လွတ်လပ်ဖို့ လိုတယ်။ မျက်နှာလေးကို ထိုင်ငေးဖို့လည်း လွတ်လပ်ဖို့လိုတယ်။ အတူတွဲ လျှောက်ဖို့လည်း လွတ်လပ်ဖို့လိုတယ်။

အဲဒါတွေအားလုံးအတွက် အနားမှာ သမီးလေး ရှိဖို့လည်းလိုတယ်"

"မင်းစိုး"

"ဘာလဲ...။ ပြော"



www.burmeseclassic.com

www.burmeseclassic.com



''နင် ငါ့သမီးကို တကယ်ချစ်တာလား''

ကျွန်တော် မျက်နှာတည်ပစ်လိုက်၏။

'' သူဇာ၊ နင့်မေးခွန်းက ငါ့ကိုအထင်သေးပြီး မေးသလိုပဲ၊ ဘာလဲသူဇာ မအေနဲ့ရင်းနှီးဖို့ သမီးကို ချဉ်းကပ်တယ်လို့ ထင်တာလား''

သူဇာက ကျွန်တော့်လက်ကို ဆုပ်ကိုင်လျက် ...

''အဲလိုတော့ ငါမတွေးပါဘူး မင်းစိုးရယ်။ ဒါဘယ်သူ့ကလေးလဲဆိုတာ နင်အသိပဲလေ။

ဟို..ဘယ်လို ပြောရမလဲ ငါဆိုလိုတာက။ နင့်သွေးရင်း သားရင်းမဟုတ်ဘဲ ငါ့မျက်နှာကြောင့် ငါ့ကိုအားနာပြီး သမီးလေးကို အလိုလိုက်နေတာလားလို့ပါ။ ဒါမှမဟုတ် သမီးလေးကိုယ်တိုင် ကချစ်စရာကောင်းလို့ ချစ်နေတာလား အဲဒါပါ။ ငါသိချင်တာ အဲဒါ၊ အထင်မလွဲနဲ့ စိတ်မဆိုးနဲ့''

ကျွန်တော် မျက်နှာထားပြင်လိုက်၏။

''သမီးကိုယ်တိုင်က ချစ်စရာကောင်းလို့ ချစ်တာပါ။ နင့်သမီးမို့ ချစ်လိုက်တာလည်းပါတယ်။ ငါ့ သွေးရင်းသားရင်း မဟုတ်ပေမယ့် ငါချစ်ခဲ့ရတဲ့ နင့်ရဲ့သွေး သမီးမှာ တစ်ဝက်တိတိ ပါနေတယ်လေ၊ အဲဒီကတည်းက သမီးကို ငါချစ်ပြီးသားပါ''

''တစ်မှတ်''ဟု သူဇာချို့ နောက်ပြောင်၏။





''မနောက်ပါနဲ့ သူဇာ၊ ငါတကယ်ပြောနေ တာ၊ နင့်ကို ချစ်တဲ့ အချစ်စိတ်က၊ နင်နဲ့ ပတ်သက် တာ အားလုံးကိုပါ၊ ချစ်ခင်နှားလည်ဖို့ အဆင် သင့်ပဲ။

ဘယ်အချိန် ဘယ်အခါက၊ ဘယ်လို ဘယ်လောက်ချစ်ခဲ့ပါတယ်ဆိုတာကို၊ ငါမပြောပြ တော့ဘူး။ သိချင်ရင်တော့ သော်ကတို့ ဝင်းထွဋ်ရှိတို့ ကိုသာ မေးကြည့်တော့။

ချစ်တယ်လို့ ပြောတဲ့ ငါ့စကားက နှလုံးသားထဲကလာတာ။ နှလုံးသားထဲက ပြောတာ။ နှလုံးသားထဲက ပြောတဲ့စကားကို နှလုံးသားနဲ့ နားထောင်ပြီး နှလုံးသားနဲ့ စာနာ ခံစားကြည့်မှ ငါ့ ရင်ထဲကို နင် မြင်လိမ့်မယ်။

ချစ်တဲ့ စကားဆိုတာ နှလုံးသားနဲ့ နားထောင်မှ ရင်ထဲကိုရောက်တယ်၊ ရင်ထဲကို မြင်တယ်။ တခြား အတွေးအခေါ်တွေ အသိ ဉာဏ်တွေ သင်ခြင်တုံတရားတွေနဲ့ နားထောင် ရင်တော့ ချစ်တာကို မြင်မှာမဟုတ်ဘူး။ ချစ်သင့် မချစ်သင့် ဆိုတာတွေ ဖြစ်သင့် မဖြစ်သင့်ဆိုတာတွေကိုပဲ မြင်လိမ့်မယ်''

''မင်းစိုး''



www.burmeseclassic.com

www.burmeseclassic.com



သတိပေးဟန့်တားသော ခေါ်သံမျိုးဖြင့် ကျွန်တော့်အမည်ကို တီးတိုးခေါ်၏။

"ဘာလဲ သူဇာ"

"ဘယ်အကြောင်းအရာကိုပဲပြောပြော နင်ချစ်တဲ့အကြောင်းကိုပဲ မပါပါအောင်ထည့်ပြောနေတော့ မှာလား"

"ပြောမှာပေါ့။ ဘုရားသွားလည်း ချစ်တဲ့အကြောင်းကို တိုင်တည်တယ်၊ ပြန်ချစ်ပါစေလို့ ဆုတောင်းတယ်။

အလုပ်လုပ်ရင်လည်း ချစ်သူအတွက်လို့ တွေးတယ်။ ကြိုးစားသမျှ အရာထင်ပါစေလို့ ဆုတောင်းတယ်။

ကုန်ဈေးနှုန်းအကြောင်းပြောရင်လည်း တခြားကုန်ဈေးနှုန်းတွေ ဘယ်လိုတက်တက် ချစ်သူရဲ့ အမုန်းတွေ နာကြည်းမှုတွေ မတက်ဖို့ ထည့်ပြောမယ်။ နိုင်ငံရေးအကြောင်းပြောရင်လည်း ဘယ်ကမ္ဘာမှာ ဘာတွေဖြစ်ဖြစ် အချစ်ရှိရင် ငြိမ်းချမ်းတယ်လို့ ငါပြောမယ်။

ဘာပဲလုပ်လုပ်၊ ဘာပဲပြောပြော၊ ဘာပဲ တွေးတွေး အချစ်နဲ့ မကင်းဝေးစေရဘူးသူဇာ။ ဒါ် လောက်အထိ ငါချစ်တာ"





"ငါက မပြောနဲ့လို့ တားရင်ကော"

"တားပေါ့။ တားတာက တားတဲ့သူရဲ့ အလုပ်ပဲ၊ ပြောတာက ပြောတဲ့သူရဲ့အလုပ်ပဲ။

ဘာသာစကားဆိုတာ အပြောဘာသာစကားတစ်ခုတည်းမှ မဟုတ်ဘဲ။

နင် ငါ့ကို တားနိုင်ရင် မပြောနဲ့လို့ဘဲ အမိန့်ပေးပြီး တားနိုင်မှာပေါ့၊ ပါးစပ်ကိုပဲ လာပိတ်နိုင်မှာပေါ့။

ဒါပေမဲ့ ငါ့စိတ်၊ ငါ့အတွေး၊ ငါ့နှလုံးသားဆန္ဒကို နင် ဘာနဲ့တားနိုင်မှာလဲ။ မုန်းနေတဲ့သူကို မမုန်းနဲ့လို့တားရင် ဟုတ်ကဲ့ မမုန်းတော့ပါဘူးလို့ လိုက်နာတယ်ပဲထား သူ့ရင်ထဲက အမုန်းစိတ်ကို ဘာနဲ့ တားမှာလဲ။

အဲဒီလိုပဲ ချစ်နေတဲ့သူကိုလည်း မချစ်နဲ့လို့ တားကြည့်။ ရေငုံနှုတ်ပိတ်နေဆိုး နေမယ်။ ရင်ထဲက အချစ်စိတ်ကတော့ ရေလည်းမငုံဘူး၊ နှုတ်လည်းမပိတ်ဘူး၊ လိုအပ်ရင် တိတ်တိတ်လေး ချစ်နေနိုင်တယ်။ အဲဒါ နင်သိလား"

"နင် စကားတွေသိပ်တတ်နေပါလား မင်းစိုး" ဟု ပြုံးလျက်ပြော၏။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က...

"တစ်သက်မှာ တစ်ခါပဲပြောတဲ့ ချစ်စကားမှာ အင်အားတွေ ပါသွားတာပါ။ စကားတတ်တာ မဟုတ်ပါဘူး"

သူဇာ ကျွန်တော့်ကို ကြည့်ငေးလျက် သွားတန်းလေးဖွေးလို့ တောက်ပသည်အထိ ရယ်မောလေသည်။

"နင် ငါ့ကို ဘယ်တော့ပြန်ချစ်မှာလဲ သူဇာ"

"ဟော ရထားကလည်း ဒီဘူတာပဲ ပြန်ပြန်ဆိုက်နေတော့တာပဲ" ဟု သူဇာချို ပြုံးရွှင်ကာ နောက်ပြောင်၏။

စာနာခံစားနေသောမျက်လုံးမျိုးကို တွေ့မြင်နေရပါလျက် မျက်ရယ်ပြုံ လှောင်ပြောင်နိုင်ခြင်းအား၊ ကျွန်တော် ဘဝင်မကျ။ ဘာသာမပြန်တတ်။

[ ၃၁ ]

နှစ်ရက်တိတိအဆက်အသွယ်မရ။ အိမ်တိုင်ရာရောက် သွားဖြစ်သည်။ သူဇာချို၏ ညီမဖြစ်သူ မှုယာနှင့် အဘွားဖြစ်သူ ဒေါ်နန်းမြိုင်တို့ကိုသာတွေ့၏။ သူဇာချိုတို့ သားအမိနှစ်ယောက်မရှိ။ သူဇာချိုက ဖုန်းပလပ်ဖြုတ်ထားခဲ့သည်ကို ယခုမှ သိကြောင်း မှုယာပြော၏။

မည်သူ့ကိုမျှ နှုတ်ဆက်အသိပေးသွားခြင်းမရှိကြောင်း အဘွားဒေါ်နန်းမြိုင်ပြော၏။ ကျွန်တော် ဘဝင်မကျ။ တောင်ကြီးရှိ ဆွေမျိုးသားချင်းများထံသို့ ဖုန်းဆက်စေသည်။ မလာရောက်ကြောင်း သိရ၏။

အမှာစကားတစ်ခွန်းမျှပင် မပါးခဲ့။ အမှာစာတစ်ကြောင်းမျှ ပင် မရေးခဲ့။ ကားယူသွားကြောင်း၊ အဝတ်အစား အနည်းငယ်

www.burmeseclassic.com

www.burmeseclassic.com



ယူသွားကြောင်း သိရ၏။ ကျွန်တော် စိတ်ပူလာသည်။ ရင်ထိတ်လာသည်။ လူပျောက်တိုင်ဖို့အထိ ကျွန်တော် တွေးနေသေး၏။

''ပျောက်တာမှ မဟုတ်ဘဲသားရဲ့။ ခြေရာဖျောက်သွားတဲ့ပုံသဏ္ဌာန်။ စိတ်ညစ်လို့ တိတ်တိတ်ကလေးထွက်သွားတဲ့ပုံစံ။ ကောင်မလေးစိတ်ညစ်နေတယ်ထင်ပါရဲ့။ ကလေးထားခဲ့။ ပြီးရော'' ဟု ဒေါ်နန်းမြိုင် မြည်တွန်ပြောဆို၏။

''အဲဒါ သူ့အကျင့်။ ဟိုတုန်းကတည်းက ဒီအတိုင်း။ စိတ်အခန့်မသင့်တာတစ်ခုခုဖြစ်ပြီဆိုရင် ဘယ်သူ့ကိုမှ စကားမပြောတော့ဘူး။ တစ်နေရာရာကို ထွက်သွားရော။ သားနဲ့များ စကားများ ရန်ဖြစ်သေးလား'' ဟု ဒေါ်နန်းမြိုင် မေး၏။ ''မဖြစ်ဘူး အစ်ဘွား'' ဟုကျွန်တော်ဖြေသည်။ ထိုသို့သာ ဖြေလိုက်ရ၏။ ပြောခဲ့ဆိုခဲ့မိသော ကျွန်တော့်စကားများထဲ၌ သူ့ဘဝင်မကျစရာ ဘာများပါသွားပါလိမ့်ဟု တွေးစစ်မိသေးသည်။ အဖြေမရ။

❀

အဖေ၊ အမေ၊ အစ်ကို၊ မဒီး တို့နှင့်တိုင်ပင်သည်။ အဖြေမရ။ ''တောင်ကြီးလိပ်စာတောင်းပြီး လိုက်သွားကြည့်မလား'' ဟု အမေ အကြံပြုသည်။ ''ဖုန်းဆက်ပြီး မေးပြီးပြီ။ မလာဘူးတဲ့၊ လိုက်သွားရအောင်ကလည်း ဆွေမျိုးသားချင်းမဟုတ်တော့ အကြောင်းပြရခက်တယ်'' ဟုပြောပြရသည်။ ကျွန်တော့် အပူရုပ်ကြောင့် တစ်အိမ်လုံး



မရွှင်ပျကြ။

သူငယ်ချင်းတွေလည်း ကျွန်တော်ကဲ့သို့ ပူပန်ကြသည်။ သူဇာချိုသွားတတ်လာတတ်သည့် နေရာတွေကို ကူညီစုံစမ်းပေးကြသည်။ ကြာတော့ အားလုံးအပေါ် ကျွန်တော် အားနာစိတ်ဝင်လာ၏။ ထို့ကြောင့် မေ့မေ့ပျောက်ပျောက်နေတတ်ပြီဆိုသည့် ပုံသဏ္ဌာန်မျိုးကို ကြိုးပမ်း၍ နေထိုင်ခဲ့ရသည်။

အလုပ်ထဲတွင် စိတ်ကို နှစ်သည်။ တစ်ယောက်တည်း မနေဖြစ်အောင် ဖန်တီးသည်။ ညအိပ်ရာအဝင်စိတ်မောသည့်အခါ သက်ပြင်းချသံကိုပင် ညင်သာတီးတိုးချခဲ့၏။ သူဇာချို့အပြင် သမီးဇာဇာစိုးကိုပါ၊ ပူးတွဲ၍ သတိရသည်။ အရှေ့အနောက် တောင်မြောက်ဝဲယာအရပ်မျက်နှာအကုန်လုံးသည် ကျွန်တော့်အတွက် ကျဉ်းကြပ်လာသည်ဟုခံစားရ၏။

အလေ့အထမရှိခဲ့ဘဲ ဘီယာဆိုသည်ကို သောက်ဖြစ်လာသည်။ အဖေ အမေ မသိ။ အစ်ကို သိသည်။ သိသိချင်း တား၏။

''အကြောင်းတစ်ခုခုကြောင့် မပတ်သက်ချင်လို့ ဝေးရာရှောင်သွားပြီဆိုတာ သိသာနေတာပဲ၊ ဘယ်သူမပြု မိမိမှုတဲ့ ကိုယ့်အပြုအမူ အပြောအဆို၊ တစ်ခုခုကြောင့် ဒီလို ကြုံတွေ့ခံစားရတာပါလားလို့ နှလုံးသွင်းပါညီလေးရာ၊ သောက်တာ၊ စားတာ အစ်ကိုမကြိုက်ဘူး၊ ယောကျ်ားပဲ၊ ဖြစ်လာသမျှကို ဘာအထောက်အကူပစ္စည်းမှ မသောက်သုံးဘဲ၊ ရင်စည်းပြီးခံပေါ့၊ အသိနဲ့ ထိန်းလေ ညီလေးရေ၊ သတိမလွတ်စမ်းပါနဲ့'' ဟု အစ်ကို စိတ်မကောင်းသံဖြင့် ဆိုဆုံးမ

www.burmeseclassic.com

www.burmeseclassic.com



သည်။

"သစ်စိမ်းရိုး ချိုးသွားတယ်" ဟုရိုဝေစွာ ညည်းတွားမိသည်။ သွားရာ မသိသဖြင့် ရှာရန်ခက်သည်။

❦

ချစ်သူရှိရာ အရပ်သည် အရှေ့အရပ်ဟုဆိုလျှင် ထို…အရပ်သို့ ကျွန်တော် လွမ်းချင်သည်။ ယခုမူ သူသည် မည်သည့် အရပ်တွင် ရှိမှန်းမသိ။ အရှေ့၊ အနောက်၊ တောင်၊ မြောက် ဝဲယာ ဘယ်ဆီကို ခန့်မှန်းတမ်းတရမည်မှန်းမသိ။ အချိန်တိုင်း လွမ်းဆွတ်နေခဲ့ရသကဲ့သို့ နေရာတိုင်းကိုပါ၊ ခန့်မှန်း၍ လွမ်းဆွတ်ရမည့် အခြေ၊ ကြာသော် ဘယ်ဆီဘယ်အရပ်သို့ လွမ်းရမှန်းမသိ၊ ထို့ကြောင့် အလွမ်းတွေ မျက်စေ့လည်ရတော့မည်။ သတိရခြင်းတွေ ဖွာလန်ကျဲရော့မည်။

တစစဖြင့် တသသစိတ်သည် တနင့်နင့်ခံစားလာရင်းမှ တမြည့်မြည့်ဆွေးကာ နာကျင်စရာဖြစ်လာခဲ့တော့၏။

တမြည့်မြည့် ဆွေးအောင် သူတမင်ပြေးခဲ့လေသလား။

တနင့်နင့်ခံစားရအောင် သူတမင်ရှောင်ခဲ့လေသလား။

တရွှေ့ရွှေ့ ဝေးအောင် သူတမင်ဖန်တီးခဲ့လေသလား။

မည်သည့်အကြောင်းကြောင့်ဖြစ်စေ သူတမင်ဖန်တီးခဲ့ခြင်း ဖြစ်နိုင်သည်။ သူပြုခဲ့သော အပြုအမူသည် ကျွန်တော့်ရင်၌ ပယ်သို့





မည်ပုံ မည်၍ မည်မျှ ခံစားကြေမြည့်ရမည်ကို သူ ထည့်သွင်း မစဉ်းစားခဲ့လေသလား။

ထည့်သွင်းစဉ်းစားခဲ့သည် ဆိုလျှင်လည်း၊ ခံစားကြေမြည့် ရမည်ကို သိပါလျက် တမင်ပြုသောအပြုအမူသည် ရက်စက်လွန်းရာ ကျလေ၏။ နာကျင်စဖွယ် အမှတ်အသားဟု နှလုံးသားမှ နင့်နာစွာ တွေးတောဖြစ်လာသည်။

နောင်သော် …

သူ့အကြောင်းကို မတွေး။ သူ့အကြောင်းကို မပြော၊ သူ့ သတင်းကို မမေးမြန်းတော့ဘဲ နာကျင်စိတ်မွေး၍ ခံစားစိတ်ကို ဖြေခဲ့သည်။

သံသရာအဆက်ဆက်က ပန်ကျချခဲ့သည့် ရေစက်ကြမ္မာ သည် ဤဘဝ၊ ဤမျှသာ ပါလာသည်ပဲဟု နှလုံးသွင်းသည်။ နှောင်းသောကာလ၊ တစ်ခုခုတုန်းက သူ့အပေါ်တွင် နာကျင်ခံစား အောင် ဖန်တီးခဲ့ဖူးသဖြင့် ယခုတွင် သူ့ကဲ့သို့ ပြန်လည်ခံစား နေရခြင်းများလားဟု မရွတ်မလွှန် အတွေးဝင်ပေသည်။

ကျောင်းသားဘဝတုန်းကလည်း စွန့်လွှတ်ခဲ့ရသဖြင့် နှလုံးသားသည် အနာတရာ။ ထိုနောက်ကာလများစွာ ဝေးကွာ မေ့လျော့ထားရပြန်သည်။ ထိုနောက်ကံကြမ္မာက စောစီးစွာ ပြန်လည် ဆုံတွေ့ခွင့်ပေးပြန်သည်။ ထိုနောက်ချစ်သောသူက စွန့်ခွာထားရစ်ခြင်း ကို ခံရသော (အမှိုက်စ တစ်စကဲ့သို့) ကျွန်တော် ကျန်ရစ်ခဲ့လေရ ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရက်စက်လေခြင်းဟု မနာကျင်။ ရက်စက်ရက်လေခြင်းဟု နာကျင်ချင်သည်။ ထားရစ်ခဲ့လေခြင်းဟုစိတ်မနာ။ ထားရက်ခဲ့လေခြင်းဟု စိတ်နာချင်၏။ လွမ်းစရာကြောင့် ဆွေးမိလျှင် နာစရာဖြင့်တွေး၍ ဒေါသကိုပါ ဖြစ်စေတတ်ပြန်၏။ ထိုအခါ သူ့ဇာချိုသည် သစ္စာနှံ့ထားသော ကျွန်တော့်ချစ်သူလည်းမဟုတ်၊ သစ္စာဖောက်ခြင်းလည်းမဟုတ်။ သူလုပ်ပိုင်ခွင့်အတိုင်း သူ့ဘာသာ ပြုလုပ်ခဲ့တာပါလားဟု စဉ်းစားမှတ်ပိုက်ရပြန်သည်။ ကိုယ်ဘယ်လောက်ချစ်ချစ် သူမချစ်ချင်သောကြောင့် အချစ်အပြင်အပသို့ စိတ်ချလက်ချ ထွက်ခွာသွားခဲ့တာပါလားဟု တွေး၍ တွေး၍ စိတ်ဖြေလျှော့ခဲ့ရ၏။

❀

"စိတ်ဆိုးလို့သာ မျက်နှာလွှဲထားတယ်။
ကျောခိုင်းထွက်သွားတဲ့သူ ခလုတ်တိုက်မှာ ဟပ်ထိုးလဲမှာကို စိုးရိမ်မိသလိုမျိုး ရင်ထဲမှာ ကျန်နေသေးတယ်"

တစ်ယောက်တည်းရှိသည့်အခါ တစ်ကိုယ်တည်း ရေရွတ်လျက် ကိုယ့်ကိုယ်ကိုဝန်ခံမိပြန်သည်။

တစ်သက်မှာ တစ်ခါမျှသာ ဖွင့်ပြောခဲ့ရသော ချစ်စကားအတွက်တစ်ခုခုတော့ တုံ့ပြန်ထားခဲ့သင့်သည်။ မုန်းတယ်ဟုပြောရမှာ အားနာသည်ဆိုလျှင်လည်း မဖြစ်နိုင် မချစ်နိုင်ဆိုသည်ကို အကျိုးနှင့်





အကြောင်းနှင့် ဖွင့်ပြောတုံ့ပြန်ထားခဲ့သင့်သည်။

နံ့ရုံတစ်ခုကို တစ်စုံတစ်ခုနှင့် ပစ်ပေါက်လိုက်မိလျှင် ပစ်လိုက်သည့် အားနှင့်တူညီစွာသော တုံ့ပြန်မှုတစ်ခုခုတော့ ရှိလေသည့်။ ယခုမူ ကျွန်တော့်ချစ်စကားသည် မည်သည့်တုံ့ပြန်မှုကိုမျှမရ။ နံ့ရုံသို့ ရွှံ့ဖတ်နှင့် ပစ်ပေါက်လိုက်မိသကဲ့သို့ နံ့ရုံတွင်သာ တွယ်ကပ်ကျန်ရစ်သွားလေသည်။ တုံ့ပြန်စကားမကြားရ။ တားမြစ်ခြင်းသော ပါးသတ်လွှန်းသည့် ဥပေက္ခာ။

❀

"ချစ်လျက်နဲ့ စွန့်ခွာသွားတယ်လို့ မင်းမတွေးမိဘူးလား မင်းစိုး"

သော်က၏စကားကို ကျွန်တော် နားမရှင်း။ ထို့ကြောင့် ကျွန်တော်က …

"ချစ်လျက်နဲ့ စွန့်ခွာရအောင် သူနဲ့ငါအကြားမှာ ဘာ အနှောင့်အယှက်ရှိနေလို့လဲ၊ ပိုးခြင်း၊ အိုးခြင်းဆိုတာကိုတောင် ဘယ်သူကမှ ထည့်မတွက်ထားဘူး၊ သူတမင်သက်သက် ငါ့ကို အစိမ်းခွဲတာ"

"မဟုတ်သေးဘူး မင်းစိုး။ ငါစဉ်းစားမိတာ တစ်ခုရှိလို့ မင်းကိုလာပြောပြတာ"

"ဘာကိုလဲ"



www.burmeseclassic.com

www.burmeseclassic.com



''တစ်သက်မှာ တစ်ယောက်တည်းကိုပဲ ချစ်တယ်လို့ ပြောရမယ်၊ အဲဒီတစ်ယောက်တည်းကိုပဲ လက်ထပ်ရမယ်လို့ မင်း သူ့ဇာချီကို ပြောထားတယ်လေ။ အဲဒီအတိုင်း သူလိုက်နာခဲ့တာပဲ။

အခုအချိန်မှာ မင်းကို သူကပြန်ချစ်ချင်ရင်တောင် ချစ်တယ်လို့ ဘယ်ပြောတော့မလဲ၊ မင်းကို သူက ချစ်တယ်လို့ ပြောလိုက်တာနဲ့ တစ်သက်မှာ နှစ်ခါပြောသလိုဖြစ်သွားပြီ၊ လက်ထပ်ခွင့်ပြုတယ်ပဲထား၊ တစ်ပင်လဲလို့ တစ်ပင်ထူတယ်လို့ မသုံးနှုန်းဘဲ တစ်ဖျက်နာက တစ်ဖျက်နာကို ပြောင်းတယ်လို့ သုံးနှုန်းမှာစိုးပြီး မင်းကို တမင်ရှောင်သွားတာ မဖြစ်နိုင်ဘူးလား''

''မဖြစ်နိုင်ဘူး''ဟု ကျွန်တော် ပြောမထွက်၊ ကျွန်တော် ထည့်မတွေးမိသည့်ကိစ္စ။

''အဲဒီလောက်အထိ ငါ့စကားကို သူစွဲစွဲမြဲမြဲ ရှိနိုင်ပါ့မလားကွာ''

''တစ်သက်လုံး လိုက်နာမယ်လို့ ကတိပေး ထားတယ်ဆို။

လွယ်လွယ်နဲ့ မပေးခဲ့တဲ့ ကတိဟာ လွယ် လွယ်နဲ့ ဘယ်ပျက်ပါ့မလဲ၊ ကတိတည်တယ်ဆိုတာ သီလဆောက်တည်ခြင်း တစ်မျိုးပဲကွ၊ မင်း ငါ့ငါ့





လျှော့လျှော့ မတွေးသင့်ဘူး''

''ဒါဆို ငါ သူနဲ့ ပြန်တွေ့ခဲ့ရင် အဲဒီကတိကို ဖျက်ခိုင်းလိုက်မယ်။ ပြီးတော့ ငါပြောခဲ့တာတွေကို မေ့ပစ်ဖို့''

သော်က လက်ကာ၏။

''မင်းလိုချင်တာတ တစ်ခုတည်းနဲ့ မင်းချမှတ်ခဲ့တာတွေကို မင်းကိုယ်တိုင် ပြန်ဖျက်ဆီးတာဟာ လောကလူရှာ ပျက်စီးအောင် မင်းလုပ်တာနဲ့ အတူတူပဲ။

ပြောပြီးသားစကားလည်း မပြင်စေချင်ဘူး၊ ပေးပြီးသားကတိလည်း မပျက်စေချင်ဘူး။

သူ့ဇာချီကို စိမ်းကားတယ်၊ လုပ်ရက်တယ်လို့ နေ့ရှိသရွေ့ တွေးပြီးနာနေမှာစိုးလို့ မင်းကို ငါတွေးမိတာလေး လာပြောပြတာ။

ပြောပြီးသားစကားပြင်ဖို့ တည်ပြီးသား ကတိ ဖျက်ဖို့ အကြံလာပေးတာမဟုတ်ဘူး''

''ငါ ဘာလုပ်ရမလဲကွာ၊ ငါ မင်းတွေးသလို မတွေးမိဘူး။ မင်းတွေးတာ ဖြစ်နိုင်တယ်။ အခုဆိုရင် မေ့နိုင်အောင် ကြိုးပမ်းနေရပေမယ့် သူ့ကိုလည်း မမေ့ဘူး၊ သမီးကိုလည်း ငါသတိရတယ်၊ ငါ ဘာလုပ်ရမလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ရှာပေါ့"

"ဘယ်မှာ ရှာရမှန်းမသိဘူး ။ သူ့အဘွားနဲ့ သူညီမဆီလည်း ငါ ခဏခဏသွားမေးတယ်။ သူတို့လည်း ဘယ်မှာရှိမယ်ဆိုတာ မတွေးတတ်ကြဘူး၊ ကြာတော့ ငါ့အနေနဲ့ သွားမမေးဖြစ်တော့ဘူး"

သော်က,က

"တွေ့ခဲ့ရင်တောင်မှ ငါတွေးတဲ့အတိုင်း ဟုတ်နေရင် မင်း သူ့အပေါ် သူငယ်ချင်းလိုပဲ ဆက်ဆံသင့်တယ် မင်းစိုး၊ ချစ်တယ်လို့ မပြောပြောအောင်လည်း မင်းနားမူနား ဆာမလုပ်သင့်ဘူးနော်"

"အေးပါကွာ"ဟု ရင်မောစွာပြောလိုက်မိသည်။

"သူ့အဘွားနဲ့ သူညီမကရော လိုက်မရှာကြဘူးလား"

"မရှာဘူး။ စိတ်ပြေလက်ပျောက် ခရီးထွက်သွားတယ်ပဲ ထင်နေတယ်။ ငါ့လောက်မပူကြဘူး"

"ဆွေမျိုးသားချင်းက တောင်ကြီးမှာပဲရှိတာလား၊ တခြားမှာရော"

"ငါသိပ်မသိဘူး" ဟုဖြေရသည်။ ပြီးနောက်

"တောင်ကြီးက သူဦးလေးတွေ အဒေါ်တွေဆီကို ငါ ဖုန်းဆက်တယ်၊ ခဏခဏပဲ။ မလာဘူး



တဲ့"

"သူနာမည်နဲ့မေးရင် မလာဘူး မရှိဘူးလို့ ပြောခိုင်းထားရင်၊ ဘယ်လိုလုပ်မလဲ"ဟု သော်က ထင်မြင်ချက်ပေး၏။

"ငါ လိုက်သွားဖို့ စိတ်ကူးပါသေးတယ်။ သူ့အဘွားရော သူညီမရော ငါ့အရှေ့မှာတွင် တောင်ကြီးကို ဖုန်းဆက်ပြီး မေးမေးဖူးတယ်။ သူတို့မေးပေးတာ မလုံလောက်လို့ လိုက်သွားတယ်လို့ထင်ရင်မကောင်းဘူး။ ပြီးတော့ ဟိုက လူတွေ ငါ မသိဘူး။ ပြီးတော့ မေးမြန်းစုံစမ်းရင်တောင် ဘယ်လို မေးရမြန်းရမှန်းမသိဘူး"

"ကျွန်တော် ရည်းစားစကားပြောလိုက်တာ၊ အဖြေမပေးချင်လို့ ထွက်ပြေးတာ အခုဘယ်ရောက်သွားမှန်းမသိလို့ ဒီမှာလာမေးတာပါလို့ ပွင့်ပွင့်လင်းလင်းရှင်းပြလိုက်ပေါ့"ဟု၊ သော်က ရယ်စရာပြော၏။ နွမ်းနွမ်းနယ်နယ် ပြုံးဖြစ်သည်။

❀❀❀

www.burmeseclassic.com

www.burmeseclassic.com

[ ၇၂ ]

အစ်ကို တင်စိုးက အစည်းအဝေးတစ်ခုသို့ သွားနေသည်။ သူဇာချို၏ ညီမ မှုယာက ကျွန်တော့် ရှေ့တည့်တည့်တွင် ထိုင်နေ၏။ ကျွန်တော့်စိတ်တွေ စိုးရိမ်လှုပ်ရှားလွန်းနေသည်။ သူဇာချို ရေးထားခဲ့သည်ဆိုသော စာတစ်စောင်ကို ဖတ်ပြီးသည်အထိ ကျွန်တော် လက်မှ မချဖြစ်သေး။

စာရွက်ခေါက်ကို တစ်ဖက်၊ တယ်လီဖုန်းကိုတစ်ဖက်ကိုင်ရင်း အစ်ကို့ထံသို့ ကျွန်တော် ဖုန်းလှမ်းဆက်သည်။ ကျွန်တော် ဖုန်းဆက်ချိန်တွင် အစ်ကို အစည်းအဝေးခန်းသို့ မရောက်သေး။

''ကျွန်တော် အပြင်သွားမလို့ အစ်ကို့ကို အကြောင်းကြားတာ၊ သူဇာ့ဆီသွားမလို့''

''ဟာ ဟုတ်လား။ ပြန်ရောက်နေပြီလား''

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်အစ်ကို၊ ပြန်ရောက်နေပြီဆိုပါတော့။ အခု ဆေးရုံပေါ်မှာ အခြေအနေမကောင်းဘူး။ ကျွန်တော် အခုလိုက်သွားချင်တယ်၊ ရုံးခန်းတံခါးတော့ ပိတ်ခဲ့မယ်။ ဝန်ထမ်းတွေကိုတော့ ကျွန်တော် ဘာမှ မှာမသွားတော့ဘူး။ အစ်ကို အစည်းအဝေးပြီးတာနဲ့ အမြန်ပြန်လာနော်"

"အေး။ အေး။ ညီလေး၊ စိတ်ချသွား။ အခြေအနေကို ဖုန်းပြန်ဆက်ဦးနော်၊ အစ်ကို နောက်နှစ်နာရီလောက်ဆိုပြန်ရောက်မယ်"

"ဒါပဲနော် အစ်ကို၊ ကျွန်တော်သွားမယ်။ နောက်မှ ကျွန်တော် အသေးစိတ်ပြောပြတော့မယ်"

"………"

ပြန်လည်တွေ့ဆုံရတော့မည်ဟု သိပါလျက် စိတ်နှလုံးတွင် မရွှင်ပျ။

ကျွန်တော့်ကုမ္ပဏီရုံးခန်း၌ရှိနေစဉ် မှုယာ ရောက်လာသည်။ သူ့ဇာချို ပြန်ရောက်နေပြီဖြစ်ကြောင်း ၊ဆေးရုံပေါ်တွင် ရောက်နေကြောင်း၊ ဆေးရုံတင်ထားသည်မှာ တစ်ပတ်ခန့်ရှိပြီဖြစ်ကြောင်း၊ ပြောသည်။





"ရောက်ရောက်ချင်း ဘာဖြစ်လို့အကြောင်းမကြားတာလဲ" ဟု မှုယာကို ကျွန်တော်မေးသည်။ မှုယာက စိတ်မကောင်းစွာဖြင့် ပြောပြတောင်းပန်သည်။ ယခုကဲ့သို့ နောက်ဆုံးအချိန်ရောက်နေမှ လာရောက်အကြောင်းကြားသည်ကိုပင် သူ့ဇာချို မသိကြောင်း ပြောပြ၏။

"မမက တောင်ကြီးကို သွားတာ၊ အစ်ကို့ကို အသိမပေးဖို့ အဘွားနဲ့ ကျွန်မကို မှာပိတ်သွားတယ်။ အစ်ကို့ကိုရော သူ့ကိုရော တကယ်သနားရင် သူဘယ်မှာရှိတယ်ဆိုတာ အစ်ကို့ကို မပြောပါနဲ့တော့တဲ့။

သွားတဲ့နေ့က စာတစ်စောင်ရေးပေးသွားတယ်။ သူသေမှ ဒါမှမဟုတ်၊ အစ်ကို အိမ်ထောင်ပြုပြီးမှ၊ ဒီစာကို ပေးပါတဲ့။

အခု မမ အခြေအနေက အချိန်ပိုင်းပဲလိုတော့တယ်၊ သူ့စကားအတိုင်း သူမရှိတော့မှ ဒီစာကို ပေးဖို့ ကျွန်မ စဉ်းစားပါသေးတယ်။ ဒါပေမဲ့ မမရဲ့ နောက်ဆုံးအချိန်မှာ အစ်ကို ရှိသင့်တယ်လို့ ကျွန်မထင်တယ်။ အဲဒါကြောင့် မမ မသိဘဲ အကြောင်းလာကြားတာ"

ပြောပြီး အိတ်ထဲက စာတစ်စောင်ကို မှုယာက ကျွန်တော့်ကို လှမ်းပေးသည်။ စာအိတ်ကို လှမ်းယူပြီး…



www.burmeseclassic.com

www.burmeseclassic.com



''သူ့နှလုံးရောဂါက အဲဒီလောက်အထိ ဆိုးလို့လား''

''နှလုံးရောဂါတစ်ခုတည်း မဟုတ်ဘူး အစ်ကို။ သူ့မှာ အဆုတ်ရောဂါပါ ဖြစ်နေတာ။ အခုအဆုတ်ထဲမှာ တီဘီပိုးတွေပြန့်နေပြီ''

''အစ်ကိုသိရင် စိတ်မကောင်းဖြစ်မှာစိုးလို့ နှလုံးရောဂါ တစ်ခုတည်းကိုပဲ မမ အသိပေးတာ၊ စိတ်ပမ်းလူပမ်း ဖြစ်သွားတယ်နဲ့ တူပါတယ်။

တောင်ကြီးမှာပဲ ဆေးရုံတက်ဖို့ ကျွန်မတို့ ပြောသေးတယ်။ ဒါပေမဲ့ မမက ရန်ကုန်မှာပဲ ခေါင်းချချင်တယ်တဲ့၊ သူသေမှ အစ်ကို့ကို အကြောင်းကြားပေးပါတဲ့''

မှုယာ မျက်ရည်ကျ၏။

စာအိတ်ထဲမှ စာရွက်ခေါက်များကို လေးပင်သော လက်ချောင်းများဖြင့် ကျွန်တော်ဖွင့်ဖတ်လိုက်သည်။ နှောင်းခဲ့သော ကာလများ၏ ဖြစ်စဉ်တို့သည် ရင်ခွင်ထဲသို့ ပြန်လည် ထိပါးဝင်ရောက်ပေတော့မည်။





အကျိုးအကြောင်းဘာမျှ မပြောမဆိုဘဲ သစ်စိမ်းချိုးချိုးသွားတယ်လို့ ငါ့ကို နင်ထင်မြင်မှန်းတီးနေမှာစိုးလို့၊ ဒီစာကို ငါရေးပေးခဲ့တာပါ မင်းစိုးရယ်၊ နှလုံးသားထဲက စကားကို နှလုံးသားနဲ့ နားထောင်မှ ကြားနိုင်တယ်လို့ နင်ပြောဖူးသလိုပဲပေါ့။ အခု ငါရေးခဲ့တဲ့ ဒီစာဟာလည်း နှလုံးသားရှိတဲ့ နင့်ဆီကို အယူခံဝင်တင်ပြတဲ့ အစီရင်ခံစာတစ်စောင်လို့ နင် သတ်မှတ်ပေးစေချင်ပါတယ်။ အမှားအမှန်ဆိုတာကို နှလုံးသားနဲ့သာ နင် ဆုံးဖြတ်ခွင့်လွှတ်ပေးပါ။

နင်မေ့တတ်တာလား၊ မေ့ထားတာလား မင်းစိုးရယ်။ ချစ်တယ်ဆိုတဲ့စကားကို ဒီတစ်သက်လုံး ငါ ဘယ်သူ့ကိုမှ မပြောတော့ဘူးလို့ နင့်ကို ငါ ကတိပေးထားတယ်လေ။ ဘယ်သူ့ကိုမှ မချစ်တော့ဘူး။ ဘယ်သူ့ကိုမှလက်မထပ်တော့ဘူးလို့ ငါ နင့်ကို ကတိပေးခဲ့တာ တစ်သက်လုံးအတွက် ကတိပေးခဲ့တာပါ မင်းစိုးရယ်၊ ငါ နင့်စကားကို တစ်သက်လုံးလိုက်နာမယ်လို့ ဆုံးဖြတ်ပြီးမှ ကတိပေးခဲ့တာပါ။

ဘာမှသွေးမတော် သားမစပ်တဲ့ သူငယ်ချင်း ယောကျ်ားလေးတစ်ယောက်ရဲ့စကားကို နားထောင်လိုက်နာခဲ့တာ လူအထင်သေးစရာတော့ မဖြစ်တန်ကောင်းပါဘူးနော်။ ဘာဖြစ်လို့လဲဆိုတော့ နင် ပြောခဲ့တဲ့စကားတိုင်းဟာ ငါ့အတွက်ရော လူတိုင်းအတွက်ပါ ကောင်းလွန်းနေလို့ပေါ့။

တစ်သက်မှာ တစ်ယောက်တည်းချစ်ဖို့ ချစ်တဲ့ တစ်ယောက်တည်းကိုပဲ လက်ထပ်ဖို့ဆိုတာ လိုက်နာဖို့ခက်ပြီး ဖောက်ဖျက်ဖို့



www.burmeseclassic.com

www.burmeseclassic.com



လွယ်ကူတဲ့ကိစ္စပါ၊ ဒါပေမဲ့ ငါအမှန်တကယ် လိုက်နာခဲ့ပါတယ် မဖောက်ဖျက်ခဲ့ပါဘူး။

အဲဒါဘာဖြစ်လို့လဲ သိလား…။

ငါ့ဘဝမှာ ရွယ်တူယောကျ်ားလေး တစ်ယောက်ကိုကြည့်ပြီး ပြုံးမိရယ်မိတာ တစ်ခါမှ မရှိခဲ့ဘူး၊ နှင်နဲ့ငါစတွေ့တဲ့နေ့က နှင့် အပြုအမူလေးတွေကို ကြည့်ပြီး ငါးပြုံးမိတယ်၊ ရယ်မိတယ်၊ သဘော ကျမိခဲ့တယ်။ သံယောဇဉ် စိတ်ဆိုတာ မြင်မြင်ချင်းလည်း ဖြစ်တတ် တာပါလားလို့ ငါသိခဲ့ရတယ်။

အဲဒီအချိန်မှာ ငါရည်းစားရှိနေပြီ မင်းစိုး။ အမှန်တိုင်းဝန်ခံရရင် ချစ်တယ်ဆိုတဲ့စကား တစ်ခွန်းကို၊ ငါ့ဆန္ဒတစ်ဝက် အဘွားဆန္ဒ တစ်ဝက်နဲ့ ငါ သူ့တစ်ပါးကို ပြောခဲ့မိတာပါ။ စကားတစ်ခွန်းဟာ ဘဝတစ်ခုအတွက် အရေးတကြီးမဖြစ်နိုင်ဘူးလို့ ငါထင်မြင်ခဲ့ပါတယ်။

အဲဒါကြောင့်…

ချစ်တယ်လို့ ပြောခဲ့ပြီးသား စကားကို ပယ်ဖျက်ဖို့ ငါ ကြိုးစားခဲ့တာပါ၊ မရှက်မကြောက် ပြောရရင် ချစ်တယ်ဆိုတဲ့စကား ကို တစ်သက်မှာ နှစ်ခါလောက်တော့ပြောပစ်လိုက်မယ်လို့တွေးပြီး ရည်းစားဖျက်ဖို့ ငါကြိုးစားခဲ့တာပါ။

ရည်းစားပျက်တာကို ကမ္ဘာပျက်သလောက် မခံစားဘူး ဆိုကတည်းက အဲဒါ ကမ္ဘာပျက်တာထက်ဆိုးတယ်ဆိုတဲ့ နှင့်စကား လေးကို ငါ သိပ်သဘောကျခဲ့ပါတယ်။

မင်းစိုးရယ် နှင့်ဆန္ဒ၊ နှင့်စကားအရ 'ချစ်တယ်'လို့





ပြောခဲ့မိတဲ့သူ့ကိုပဲ၊ ငါ တကယ်လက်ထပ်ခဲ့တယ်၊ နှင့်စကားကို တစ်သက်လုံး လိုက်နာမယ်လို့ ဆုံးဖြတ်ထားခဲ့တဲ့ ငါဟာ၊ အခု အချိန်၊ အခုအခြေအနေမှာ တခြားတစ်ယောက်ကို ထပ်ပြီး 'ချစ်တယ်'လို့ ပြောဝံ့ပါမလား မင်းစိုး။ ပြောသင့်ပါရဲ့လား။ ပြောဝံ့ ပြောသင့်လို့ ပြောချင်တာတောင်မှ၊ ငါ့ပါးစပ်က ပြောမထွက် တော့ဘူး။

ချစ်စကားလေးတစ်ခွန်းကြောင့် တန်ဖိုးကြီးတဲ့ ကတိစကား ကို မဖောက်ဖျက်ချင်ဘူး။ နှင့် စကားကို တစ်သက်လုံး လိုက်နာပါ့မယ် လို့ ငါပြောပြီးပြီပဲ မင်းစိုးရယ်။

နှင်နဲ့ တွေ့တိုင်း…တွေ့တိုင်း ငါ့ကတိတည်စိတ်တွေ ယိုင်နဲ့ သွားတယ်၊ အဲဒါကြောင့်၊ ငါနှုတ်မဆက်ဘဲ အဝေးကြီးကို ထွက်သွားခဲ့တာပါ၊ သမီးလေးကိုလည်း မခွဲနိုင်လို့ ငါခေါ်သွားတယ်၊ နောက်ထပ် အမှန်စကားတစ်ခုပြောပါရစေ။ ငါဟာနှလုံးရောဂါတင် မဟုတ်ဘူး၊ အဆုတ်ရောဂါပါရှိနေတဲ့သူပါ။ သမီးလေးကိုတောင် ငါ ခပ်ခွာခွာနေနေရသူပါ။

ဒီတော့မင်းစိုးရယ်။

နှင့်အနားမှာ ငါရှိနေရင် ရောဂါသည် တစ်ယောက်ရဲ့ဒုက္ခခြင်း၊ နာခြင်း၊ သေခြင်း ဒုက္ခတွေကို နှင်ထမ်းပိုးနေရလိမ့်မယ်။ အဲဒါကြောင့် ငါခြေရာဖျောက်ခဲ့ရတာပါ။

တစ်သက်မှာတစ်ခါပဲ ပြောသင့်တယ်ဆိုတဲ့ ချစ်စကားကို နောက်ထပ်တစ်ခါမပြောမိအောင် ငါ ကြိုးစားသွားပါ့မယ်၊ တစ်သက်



www.burmeseclassic.com

www.burmeseclassic.com



မှာ တစ်ယောက်တည်းကိုပဲချစ်မယ်…ဆိုတဲ့ နင့်ရဲ့ ရင်ခွင်ကိုလည်း ငါဦးညွှတ်ပါတယ်။

နောင်သံသရာများရှိခဲ့ရင် သံသရာအဆက်ဆက် တစ်သက်မှာ တစ်ယောက်တည်းကိုပဲ သေတပန်သက်တဆုံး ချစ်တဲ့စိတ်မျိုး နင့်ရင်ထဲမှာရော၊ ငါ့ရင်ထဲမှာရော ကိန်းဝပ်နိုင်ပါစေလို့ ဆုတောင်းလိုက်ပါတယ်။

အပြစ်ရှိတယ်လို့ ယူဆထားသမျှတွေအတွက် ငါ့ကို ခွင့်လွှတ်ပေးပါ မင်းစိုးရယ်။ ဒီစာတွေ့နဲ့ပဲ ငါတောင်းပန်ခဲ့ပါတယ်။

(သူဇာချို)

ကားမောင်းသူသည် ကားကို အရှိန်မြှင့်လျက်မောင်းနှင်နေ၏။ ကျွန်တော်က စာရွက်ခေါက်လေးတွေကို ပြန်ခေါက်လိုက် ပြန်ဖွင့်ဖတ် လိုက်ဖြင့် ရင်နင့်ခြင်း ကြေကွဲခြင်းတို့အကြား၌ ကျုံ့ညပ်၍ လိုက်ပါနေခဲ့ရသည်။

"အခု သူ သတိရလား"

မှူယာ့ဘက်သို့ ကျွန်တော် လှည့်ကြည့်ရင်းမေးလိုက်၏။

"အမောဖောက်နေတာ ခေါ်လို့တော့မရဘူး။ အသိစိတ်တော့ ရှိမယ်ထင်တယ်"

"ဆရာဝန်တွေ ဘာပြောလဲ"

မှူယာခေါင်းခါ၏။





"မရတော့ဘူး တဲ့"

ပြိုကျလာသော မျက်ရည်တွေကို တွေ့ရသည်။

"သူ အိမ်က ထွက်သွားသွားချင်း အသိပေးပါတော့လား။ ညီမရယ်၊ ဒါမှမဟုတ် အစ်ကို ဝင်ထွက်နေကတည်းက အမှန်အတိုင်း ပြောပြပါတော့လား"

မှူယာက မျက်ရည်တွေ ရွှဲရွှဲစိုလျက် …

"သူ အတန်တန်မှာသွားလို့ပါ အစ်ကိုရယ်။ သူ့ ဒုက္ခကို အစ်ကိုကိုမပေးချင်ဘူးတဲ့၊ အသိပေးလိုက်တာနဲ့ သူကိုယ်သူ ဒုက္ခပေးမယ်တဲ့။ အဲဒါကြောင့် ကျွန်မရော အဘွားရော နှုတ်ပိတ်ခဲ့ရတာပါ။

ညတိုင်း ဖုန်းဆက်တယ်၊ အစ်ကိုလာသွားသလား။ ဘယ်အချိန်ပြန်သွားတာလဲဆိုတာတွေပေါ့။ အခုနောက်ပိုင်း အစ်ကို လာမမေးတော့ဘူးဆိုတာ သိသွားလို့လား မပြောတတ်ဘူး။ စိတ်ဓါတ်ကျသွားတယ်။ အိပ်ရာထဲ လဲသွားတော့တာပဲ။

ရန်ကုန်မှာပဲ ဆေးရုံတက်မယ်ဆိုပြီး ပြန်လာတာ။ ဦးလေးတွေလိုက်ပို့ကြတယ်၊ ရောက်ရောက်ချင်း ဆေးရုံတန်းတင်တာပဲ။ ဆယ်ရက်ကျော်ပြီ။ သူ့ဆီက ရောဂါကူးမှာစိုးလို့တဲ့၊ အစ်ကို့ကို သူသိပြီးမှ အကြောင်းကြားပါတဲ့။ ကျွန်မ အဲဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



အထိ မဖြစ်စေချင်လို့ အခုလာပြောတာပါ''

''ကျေးဇူးပါပဲ မှူယာရယ်၊ ကျေးဇူးပါပဲ''

ကျေးဇူးတင်စကား တုန်ယင်သွားသည်။

''သမီးရော''

''အိမ်မှာ''

''သမီး နေကောင်းရဲ့လား''

''ကောင်းပါတယ်၊ သမီးကလည်း အစ်ကို့ကို တမေးတည်းမေးနေတယ်''

အရာရာသည်၊ မျက်ရည်ဝေ့ရာ ဝေ့ကြောင်းတွေနှင့်သာ ပြည့်နှက်နေတာပါလားဟု စိတ်မနိုင်စွာ တွေးဖြစ်သည်။ မျက်ရည်နှင့် ကင်းလွတ်ရာ၊ ကမ္ဘာတစ်ခုရှိချင်၏။ ထိုကမ္ဘာတွင် ပိုစရာဟူ၍ မရှိစေရ။

* * *

[ ၃၃ ]

သူဇာချို၏ ဦးလေးဖြစ်သူက သမီးဇာဇာစိုးကို ချီလျက် လူနာဆောင်၏ ပြင်ပတွင် ရပ်နေသည်။ ''ဦးဦးစိုး မေမေ နေမကောင်းဘူးဖြစ်နေတယ်'' ဟု ကျွန်တော့်ကို မြင်လျှင်မြင်ချင်းပြောသည်။ သမီးကို ကျွန်တော် ပွေ့ချီလိုက်ရင်း အခန်းတွင်းသို့ လှမ်းကြည့်လိုက်သည်။ လူနာခုတင်ပေါ်ရှိ သူဇာချို့ကို လှမ်းမြင်ရသည်။ သူ့အနီးတွင် အဘွားဒေါ်နန်းမြိုင်ရှိနေ၏။ မှူယာက အခန်းအတွင်းသို့ ဝင်သွားသည်။

သမီးကို ကျွန်တော်ထွေးပေးရင်း...

''သမီးအပြင်မှာ နေခဲ့ဦးနော်၊ မေမေ့ကို ဦးဦးစိုး သွားကြည့်လိုက်ဦးမယ်''

ပြောပြီး သူဇာချို၏ ဦးလေးဖြစ်သူထံသို့ သမီးကို ထိုးပေး

www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ သမီးက…

"ဦးဦးစိုး မေမေ့ကို နေကောင်းအောင် လုပ်ပေးနော်"

"အေးပါ သမီးရယ်"

စကားသံတုန်ယင်သွားရ၏။ သူဇာချိုရှိရာသို့ လျင်မြန်စွာ ဝင်ရောက်ခဲ့သည်။

❀

ဝင်သက်ထွက်သက်တွေ ပုံမှန်မဟုတ်တော့။ လက်ချောင်းလေးများ ဆုပ်ထားသည်။ နာခေါင်းပေါက်အတွင်း၌ အောက်စီဂျင်ပိုက်သွယ်ထည့်ထား၏။ အနီးရှိ သူနာပြုဆရာမသည်ပင်လျှင် သည့်အတိုင်း ထိုင်ကြည့်နေရသည့် အခြေအနေ။

"သူဇာ"

နားနားသို့ တိုးကပ်၍ ကျွန်တော်ခေါ်သည်။ လွင့်မျောနေသော အာရုံဖြင့်သာ သိကြားပေလိမ့်မည်။ အသက်ကို ခက်ခဲစွာ ရှူရှိုက်နေရသည့် အဖြစ်ဆိုးက ရင်နင့်စရာ။ အဘွားဒေါ်နန်းမြိုင်က…

"ခုနက မျက်လုံးပွင့်လာသေးတယ်။ အဘွားကို တစ်ချက်လှည့်ကြည့်တယ်"

ဇရာကြောင့် အိုမင်းနေပြီဖြစ်သော အဘွားဒေါ်နန်းမြိုင်၏ စကားသံသည် တည်ငြိမ်လွန်းလှ၏။ လောက၏ အဖြစ်အပျက်





ဘဝ၏ အဆုံးအရှုံးတို့ကို ထူးခြားစွာ မတုန်လှုပ်တော့သည့် အရွယ် အပိုင်းအခြား။ မူယာက ရှိုက်သံမထွက်။ မျက်ရည်စက်တို့ကိုသာ ဖယ်သုတ်နေသည်။

"သူဇာ ငါရောက်နေတယ်၊ ပင်းစိုး ရောက်နေတယ်၊ နင့်စိတ်တွေ တစ်ခုခုဖြစ်နေရင် တစ်နေရာရာကို ရောက်နေရင် ကောင်းတဲ့စိတ်ဖြစ်အောင် နှလုံးသွင်းနော်"

မျက်လုံးပွင့်လာ၏။ သူ့မျက်လုံးများနှင့် အနီးကပ်ဆုံးသို့ ကျွန်တော်မျက်နှာမူလိုက်သည်။

"သူဇာ စိတ်ကိုတင်းထားနော်၊ လျော့မပစ်နဲ့နော်၊ ခန္ဓာကိုယ်က ဖောက်ပြန်တာ၊ စိတ်က အဲဒီဖောက်ပြန်တာကိုပဲသိ၊ တခြားဘာကိုမှ မတွေးနဲ့၊ ဖောက်ပြန်နေတဲ့ ခန္ဓာကိုပဲ နှလုံးသွင်း။ ခံစားရတဲ့ ဝေဒနာကို ဝေဒနာလို့ပဲသိ၊ စိတ်ကို လွှတ်မပစ်လိုက်နဲ့နော် သူဇာ"

မျက်လုံးလေး ပို၍ ပွင့်လာသည်။ မောဟိုက်နေသည့်ကြားမှ စကားပြောဖို့ ကြိုးပမ်းနေဟန်တူ၏။

"ဘာပြောချင်လို့လဲ သူဇာ။ မလိုအပ်ရင် မပြောနဲ့ သက်သာအောင်နေနော်"

အသက်ကို ပြင်းစွာရှူသွင်း၏။ ရင်ဘတ်လေးမြင့်တက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းစိုး"

သဲ့သဲ့မျှ ခေါ်သံ။

အနီးသို့ ကျွန်တော် ပို၍ တိုးကပ်လိုက်သည်။

"မင်း… …စိုး…။ သ… မီး အရွယ်ရောက်ရင်…"

စကားသံမဆုံးသေး။ အသက်ကို ထပ်မံရှူနေရရှာ၏။

"ပြော သူဇာ၊ သမီးအရွယ်ရောက်ရင် ဘာဖြစ်လဲ၊ နင် ဘာဖြစ်စေချင်လဲ"

လည်ချောင်းအလယ်မှ ဖျစ်ညှစ်၍ ထွက်ပေါ်လာသော စကားသံငယ်ကို ကျွန်တော် ကြိုးပမ်းနားထောင်လိုက်၏။

"သမီး…အရွယ်ရောက်ရင်။ တစ်သက်မှာ၊ တစ်ယောက်ကိုပဲ ချစ်တတ်အောင်၊ သွန်…။ သွန်သင်ပေးပါ။ နော်… မင်းစိုး"

အသက်ရှူရပ်သွားမတတ် ကျွန်တော်ခံစားလိုက်ရ၏။ လက်ျာဘက် လက်သီးဆုပ်လေး၊ ကျွန်တော့်ထံသို့ ပင့်မြှောက်ပေးသည်။ လက်သီးဆုပ်လေးက ကျွန်တော်ထံသို့ မရောက်နိုင်ဘဲ သူ့ရင်ခွင်ပေါ်သို့ ပြုတ်ကျသွား၏။ မျက်လုံးမမှိတ်သေး။

ထိုလက်သီးဆုပ်လေးကို ကျွန်တော် ဆုပ်ကိုင်ထားလိုက်မိသည်။ ဝမ်းနည်းလိုက်ဖိုသံ၊ ကြေကွဲရင်နင့်သံမျိုး မဖြစ်အောင် လွန်စွာထိန်းသိမ်းလျက်၊ လက်သီးဆုပ်လေးကို ကိုင်ဆုပ်ပြီး ကျွန်တော် သူ့ကို စကားပြောလိုက်သည်။





"စိတ်ချပါ သူဇာ၊ သမီးလေးကို မွန်မြတ်သန့်စင်တဲ့ မိန်းကလေးတစ်ယောက်ဖြစ်အောင် ငါ သွန်သင်ပါ့မယ်၊ အရာရာကို တန်ဖိုးထားတတ်အောင် ငါသွန်သင်ပါ့မယ်။ သမီးလေးရဲ့ တာဝန်မှန်သမျှ ငါ့တာဝန်ပါ သူဇာ။ နင်စိတ်ချပါ"

ရင်ဘတ်သည် နိမ့်ချည်၊ မြင့်ချည်။ ပွင့်နေသော မျက်လုံးသူငယ်အိမ်သည် ပုံမှန်မဟုတ်တော့ တစ်နေရာရာသို့ စိုက်ကြည့်နေသည်နှင့် တူလှသည်။ မျက်နှာက မျက်နှာအုပ်လျက် ငိုနေ၏။ ရှိုက်သံမပြု။

"သူဇာ အာရုံတွေ တခြားမရောက်စေနဲ့တော့လေ၊ ဗုဒ္ဓမြတ်စွာဘုရားက ဟောထားပြီးသား၊ ခန္ဓာအနိစ္စ…တဲ့၊ အမြဲမရှိ… တဲ့။ အမြဲမရှိတဲ့ အရာ မတည်မြဲတဲ့ အရာကို မတည်မြဲဘူးလို့ဘဲ သိလိုက်တော့၊ နှလုံးသွင်းလိုက်တော့နော်"

အသက်ရှူနှုန်းသည် မြင့်တက်လွန့်ခြင်း နိမ့်ကျလွန်းခြင်း မရှိတော့ချေ။ အနည်းငယ် နှေးကွေးသွား၏။ မျက်လုံးလေး ပိတ်သွားသည်။

"ငါ့စကားကို နင် အမြဲတမ်း နားထောင်မယ်လို့ ပြောထားဖူးတယ်နော်၊ အခု ငါ့စကားကို နင် နားထောင်နေတယ်လို့ ငါ



www.burmeseclassic.com

www.burmeseclassic.com



သိတယ်။ ဒီခန္ဓာကိုယ်ကြီး ဖြစ်လာခဲ့တာဟာ ဒုက္ခကြီးတစ်ခုဖြစ်လာတာနဲ့ အတူတူပဲ၊ အဲဒီ ဒုက္ခကြီးငြိမ်းဖို့ သမုဒယတွေ သံယောဇဉ်တွေကို ဖြတ်ပစ်ရလိမ့်မယ်၊ သားသမီးအပေါ်ထားတဲ့ သံယောဇဉ်တွေ၊ ဆွေမျိုးသားချင်းအပေါ်ထားတဲ့ သံယောဇဉ်တွေ၊ သူငယ်ချင်း အပေါင်းအသင်းပေါ်မှာထားတဲ့ သံယောဇဉ်တွေ...၊ အားလုံးကို ဖြတ်[illegible]ရမယ်၊ နောက်ဆုံး ကိုယ့်ကိုယ်ကိုထား[illegible]သံယောဇဉ်မျိုးကိုပါ ဖြတ်ပစ်ရမယ်၊ သံယောဇဉ်ပြတ်မှ၊ နောက်ဆံမတင်းမှ၊ ဒုက္ခငြိမ်းတယ် သူဇာရဲ့။ အားလုံးကို စိတ်နဲ့ ဖြတ်ပစ်လိုက်၊ ဂေါတမမြတ်စွာဘုရားကို အာရုံပြုနော်။ မြတ်စွာဘုရားဟောခဲ့တဲ့ တရားမှန်သမျှ မဟုတ်တာ၊ မမှန်တာ တစ်ခုမှ မရှိဘူး။ သူ့အလိုလို ဖောက်ပြန်ပျက်စီးနေတဲ့ ခန္ဓာကိုယ်ကြီးကို ငါ့ခန္ဓာကိုယ်လို့ မတွေးမိစေနဲ့တော့။ ရုပ်နဲ့ နာမ်နဲ့တွဲနေတဲ့ အရာကြီး၊ အကျိအချွဲတွေနဲ့ ဖွဲ့စည်းထားတဲ့ အရာကြီးလို့ နှလုံးသွင်းနော်။ ငါ့ခန္ဓာကိုယ်လို့ တွေးနေမယ့်အစား၊ ငါမပိုင်တဲ့အရာ...၊ ငါ မပိုင်တဲ့ခန္ဓာ၊ ငါနဲ့မဆိုင်တဲ့ ရုပ်နာမ်ကြီးပါလားလို့၊ အသိ





ဉာဏ်လေးနဲ့ မြင်အောင်ကြည့်နော်။ သံသရာ ရှည်မယ့်အတွေး သံသရာမှာ ကျင်လည်ဦးမယ့် အစွဲအလမ်းမျိုးတွေ မတွေးနဲ့တော့ မစွဲလမ်းနဲ့တော့''

ကျွန်တော် ဆုပ်ကိုင်ထားသော ညာဘက်လက်သီးဆုပ်လေး လှုပ်လာသည်။ ထိုလှုပ်ရှားမှုကြောင့် ကိုင်ဆုပ်ထားသည့် ကျွန်တော့်လက်ကို ပြေလျော့လိုက်သည်။ ထိုအခါ သူ့ရင်ဘတ်ရှိ လက်သီးဆုပ်လေး ပြေ[illegible]၏။ ပြေလျော့သွားသော လက်သီးဆုပ်လေးအတွင်းမှ အရာ[illegible]ခုပွက်ပေါ်လာသည်။ ထိုအရာဝတ္ထုလေးကို မြင်လျှင်မြင်ချင်း ကျွန်တော် အံ့ဩသွားရ၏။ ရင်နင့်ရလေ၏။ ထိုအရာဝတ္ထုလေးကို တုန်လှုပ်လိုက်မောစွာ ကျွန်တော် ကောက်ယူလိုက်မိသည်။

ထိုအရာဝတ္ထုမှာ လွန်ခဲ့သော နှစ်ကာလဆီက သူ့အား ကျွန်တော်ပေးခဲ့ဖူးသော၊ ရွှေရောင်ပုစဉ်းရင်ထိုးလေးဖြစ်နေလေ၏။ အရောင်မပြောင်းသေး။ တောက်ပ ဝင်းဝါနေဆဲရှိချေသည်။ ''သူဇာရယ်''ဟု ရင်ထဲမှ ခေါ်မြည်လိုက်မိသည်။

''သံသရာရှည်မယ့်အတွေး သံသရာမှာ ကျင်လည်ဦးမယ့် အစွဲအလမ်းမျိုးတွေ မတွေးနဲ့တော့ မစွဲလမ်းနဲ့တော့''ဟု ပြောပြနေခဲ့သော ကျွန်တော့်စကားများကို သူ အလုံးစုံကြားသိသွား[illegible]ထင်၏။ ကျွန်တော့်စကားကို နားထောင်လိုက်နာလိုသဖြင့် ရွှေရောင်ပုစဉ်းလေးမှုကိုပင် အစွဲအလမ်းမပြုတော့ဘဲ လွှတ်ချပေး[illegible]ပ်ခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်တော် ထင်မှတ်လိုက်မိသည်။

ပုစဉ်းရင်ထိုးလေးကို ကိုင်ထားလျက်၊ သူ့မျက်နှာကို ကျွန်တော် ကြည့်နေမိသည်။ မေးစေ့ရှိ မှဲ့နက်သေးသေးလေးသည် ဟိုး…ယခင်အတိုင်း တောက်ပနေဆဲ ရှိသေး၏။

ပင့်သက်တစ်ချက်ကို ပြင်းစွာရှူသည်။ ရင်ဘတ်တစ်ခုလုံး မြင့်တက်သွား၏။ မြင့်တက်သွားသော ရင်ဘတ်သည် ပြန်လည် နိမ့်ဆင်းပြီးသည့်အခါ၊ သူ့မျက်လွှာ၊ သူ့နှုတ်ခမ်း သူ့ခန္ဓာကိုယ်၏ သွေးလှည့်ပတ်မှုလမ်းကြောင်းများအ[illegible] ဝင်သက်ထွက်သက် အားလုံး၊ ပြီးဆုံးငြိမ်သက်သွားလေ[illegible]

''သူဇာ…''

တီးတိုးသဲ့သဲ့မျှသာ ကျွန်တော် ခေါ်မိလိုက်သည်။ ကျွန်တော့် ခေါ်မြည်သံကို ရောက်ရာအရပ်မှ သူ ကြားသိသွားလျှင်၊ သွားမည့် ခရီးမဖြောင့်ဖြူးမှာ စိုးရိမ်သဖြင့် တီးတိုးမျှသာ ခေါ်မြည်လိုက်ခြင်း ဖြစ်၏။

''သူဇာ…''

လေသံသဲ့သဲ့မျှသာ ခေါ်လိုက်မိချေသည်။ မျက်တောင်ကော့ တို့ ကျန်နေရစ်၏။ ဆံကေသာရှည်တို့ ခွေခွေ့လျက် ကျန်နေရစ်၏။ မှဲ့နက်နက်လေး ကျန်နေရစ်၏။ ရွှေရောင်ပုစဉ်းရင်ထိုးလေး ကျန်နေ ရစ်၏။ နီထွေးထွေး နှုတ်ခမ်းပန်းနုလေး ကျန်နေရစ်၏။

ချစ်သောစကား တစ်ခွန်းတစ်ပါဒမျှ ပြောမသွားသော သူ့နှုတ်ခမ်းလေးကို ငေးစိုက်ကြည့်လျက်၊ ကျွန်တော့်အား ပြတ်နိုးစွာ



ချစ်ခင်သွားသည့် ကျွန်တော့်ချစ်သူ ''သူဇာရှိ''ဟု သူ့အား ကျွန်တော် ထွေးပိုက်မှတ်ယူလိုက်မိသည်။

''ချစ်သူ''ဟူသည်ကား နှလုံးသား၏ စကားကို နှုတ်ဖျားမှ ဖွင့်ဟ၍ ပြောဖို့မလိုဘဲ နှလုံးသားဖြင့်သာပြောပြီး နှလုံးသားဖြင့်သာ ကြားနာနိုင်စွမ်းရှိကြ၏။

အောင်သွယ်တော်မလို၊ မြားနတ်မောင်မလို၊ ဘာသာစကား မလို၊ ရင်ခွင်ထဲရှိ နှလုံးသားချင်းသာ သိနားလည်ဖို့လိုပါသည်… ချစ်သော[illegible]။

❀❀❀

လေးစားခင်မင်လျက်

မောင်လှမျိုး (ချင်းချောင်းခြံ)

၂၉…၃…၂၀၀၁

ညဉ့် [illegible]

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

မဟာမိုးဝေ

## "အာဗီရင်ခံလွှာ"

နှလုံးသားရှိသူတိုင်းကို "နှလုံးသားခုံရုံးငယ်များ" ဟု ကျွန်တော် ယူဆလိုပါသည်။

ထို့ကြောင့် ဤဝတ္ထုပါ စာမျက်နှာတိုင်းကို စာဖတ်သူ (မိတ်ဆွေ)များ၏ နှလုံးသားရှိရာသို့ ကျွန်တော် [illegible] လိုက်သော၊ အစီရင်ခံစာများ [illegible] ပါသည်။ [illegible] သင့်မသင့်၊ မှန်မမှန် ဆိုသည်ကို [illegible] ညှစ်၍ [illegible] ဖြစ်သော ဆုံးဖြတ်စေလိုပါသည်။

ချစ်သော ကျွန်တော့်မိတ်ဆွေ(စာဖတ်သူ)များ အားလုံး၊ သံသရာအခ [illegible] ကြ [illegible] ခုံသက်တွင် တစ်ယောက် တည်းကိုသာ၊ [illegible] ကဲ့ကောင်းနိုင်ကြ ပါစေဟု ကျွန်တော် [illegible] ခြင်း သည်။ ။

မေ [illegible]

BURMESE CLASSIC .com

www.burmeseclassic.com